www.burmeseclassic.com

# ဒဏ္ဍရေမျှား
# ကျွန်မင်းသား

BURMESE CLASSIC

THE GLADIATORS

by

G.T.WHYTE MELYILLE

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မင်းသား

ဒဂုန်ရွှေမျှား

Gladiators

by

G.T. Whyte-Melyille

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၃၂၂ /၂၀၀၃ (၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂၁၀ /၂၀၀၃ (၁၀)

*

**ပုံနှိပ်ခြင်း**

ဒုတိယ - (၂၀၀၄၊ ဖေဖော်ဝါရီလ)

အုပ်ရေ - (၅၀၀)

*

မျက်နှာဖုံး - ကိုဆန်း

ကွန်ပျူတာစာစီ - *Quality*

အတွင်းဖလင် - *Quality*

*

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)

အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

*

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း၊ ယာယီ (ရ၁၆)

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

*

တန်ဖိုး - ၇၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

အောက်တွင် ရေးသားဖော်ပြအံ့သော ဝတ္ထုမှာ ရောမနိုင်ငံကြီးတွင် မတည်မြဲသော အစိုးရ၏ ပြောင်းလဲမှုများ အမျိုးမျိုးပေါ်ပေါက်ခဲ့သည့် ခရစ်နှစ် အေဒီ–၁ ရာစုနှစ်ကိုနောက်ခံထားလေသည်။ ဘုရင်နှင့် စိုးစံအုပ်ချုပ်ပုံမှာလည်း အလွန်ထူးခြားလျက် ထိုအခါက သမ္မတနိုင်ငံဟူသော အခေါ်အဝေါ်မှာလည်း နာမည်မျှသာရှိ၏။ ရောမပြည်ရှင် ပထမမြောက် 'ဩဂပ်စတပ်'ဘုရင်သည် ထိုသမ္မတ စနစ်အုပ်ချုပ်မှုအခြေခံ သဘောတရားကို မှိုင်ငြိမ်းပြုကာ တန်ခိုးအာဏာရရှိလျက်၊ ထိုတန်ခိုးအာဏာကိုလည်း သူ၏ကိုယ်ကျိုးအတွက် အသုံးပြုခြင်းက ပို၍များလေသည်။ 'ဆီနိတ်'ခေါ် အတိုင်ပင်ခံ ဥပဒေပြုအဖွဲ့ကို ဆက်လက်ထားရှိလျက် သူကိုယ်တိုင် ရာသက်ပန် 'ကွန်ဆာ'လူကြီးတစ်ယောက် ဖြစ်၏။ ထို့ကြောင့်လည်း တန်ခိုးအာဏာကို ကောင်းစွာအသုံးပြုနိုင်ခွင့်ရှိလေသည်။

အစိုးရအုပ်ချုပ်ပုံ စနစ်မှာ အောက်ပါအတိုင်းဖြစ်၏။ ဘုရင်သည် ထိပ်ဆုံးမှ ရှိနေ၍ သူ့အောက်တွင် 'ကွန်ဆာ'ခေါ် နိုင်ငံခြားမှု ဝန်ကြီးချုပ်နှစ်ဦးရှိရာ တစ်ဦးမှာ ဘုရင်ကိုယ်တိုင် ရာသက်ပန်ကွန်ဆာဖြစ်ပြီးလျှင် ကျန်တစ်ဦးကိုသာ တိုင်းသူပြည်သားများ သဘောကျနှစ်စဉ် ရွေးချယ်တင်မြှောက်ရလေသည်။ သို့သော် ထိုဒုတိယကွန်ဆာမှာ နာမည်ခံရုံမျှသာရှိပြီးလျှင် ရုပ်သေးရုပ်ကဲ့သို့ပင်ဖြစ်၏။ ကွန်ဆာနှစ်ဦး၏ အောက်တွင် 'ထရစ်ဗွန်း' (Tribune) ခေါ် ဝန်ကြီး နှစ်ဦးရှိပြန်၏။ ထိုနှစ်ဦးအနက် တစ်ဦးမှာ ဘုရင်ဖြစ်လေသည်။ ကျန်တစ်ဦးမှာမူ သမ္မတ အုပ်ချုပ်မှု အစိုးရအဖွဲ့တွင် အရေးပါအရာရောက်ဆုံးသော ပုဂ္ဂိုလ်ဖြစ်၍ ထိုရာထူးတွင် တည်မြဲနေသမျှ ကာလပတ်လုံး ဘုရားသခင်၏ တိုက်ရိုက်အုပ်ချုပ်ခြင်းခံရသူဟု အယူရှိကာ သူ့အားမည်သည့်အခါမျှ ထိခိုက်နာကျင်အောင် မပြုရချေ။ (ကျွန်ုပ်တို့ မြန်မာဘုရင်လက်ထက်က မင်းကြီးသက်တော်ရှည်ကြီးများကဲ့သို့ပင်ဖြစ်လေသည်) ထိုအောက်တွင်မှ တိုင်းသူပြည်သားများက ရွေးကောက် တင်မြှောက်ရသော 'ဆီနိတ်' အမတ်များရှိ၏။ ထိုသူတို့မှာ အုပ်ချုပ်မှုအားလုံးကို 'ကိုင်'ရပြီးလျှင် အများအားဖြင့် ယခင်က အရာရှိဟောင်းကြီးများ၊ မှူးမတ်အနွယ်ဝင်များ၊ ဘုရင့်ဆွေတော်မျိုးတော်များ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အမှန်အားဖြင့်သော် ထိုအခါက ဘုရင်များသည် တိုင်းပြည်အုပ်ချုပ်ရေးကို သိကျွမ်းနားလည်မှုထက် သူ၏တန်ခိုးအာဏာနှင့် သူပိုင်သော စစ်တပ်ကို မှီခိုအားထားလျက်ရှိ၏။

ခရစ်နှစ် အေဒီ ၆၉ ခုနှစ်တွင် 'ဗီတီးလီးယပ်'သည် ဘုရင်အဖြစ် အုပ်ချုပ်စိုးစံခဲ့ရာ ဘုရင်အဖြစ်သို့ မရောက်မီ သူသည် ရောမစစ်တပ်ကြီး၏ စစ်ဗိုလ်ချုပ်ဖြစ်၍ စစ်ပွဲတိုင်း လိုလိုပင် အောင်မြင်ခဲ့၏။ ထို့ကြောင့်လည်း ဆီဇာအဖြစ် တင်မြှောက်ခြင်းခံရလေသည်။ သို့သော် 'ဗီတီးလီးယပ်'မှာ အပျော်အပါးနှင့် အသောက်အစားကို လိုက်စားခဲ့သဖြင့်တစ်ကြောင်း၊ အင်ပိုင်ယာကြီးကို ကောင်းစွာ မအုပ်ထိန်းနိုင်သဖြင့်တစ်ကြောင်း၊ ပြည်သူလူထုသည် သူ့အပေါ်၌ တစ်စတစ်စအကြည်ညိုပျက်၍လာကာ ထိုအကြည်ညိုပျက်မှုကြီးသည် တစ်နေ့တခြားရင့်ကျက်လာခဲ့ပြီးနောက် ထကြွသောင်းကျန်းသော အခြေသို့ပင် ဆိုက်ရောက်ခဲ့လေ၏။

ကျွန်ုပ်တို့၏ ဝတ္ထုကို ထိုခေတ်က စတင်ဖွင့်လှစ်ခဲ့ရာ ဝတ္ထုကို စတင်ရေးသားခြင်းမပြုမီ ထို'ခေတ်'၏ အကြောင်းကို အနည်းငယ်မျှ ရေးသားဖော်ပြရပေအံ့။

* * *

ယခုအခါ ကျွန်ုပ်တို့သည် မြင်းပွဲများ၊ ဘောလုံးပွဲများ၊ လက်ဝှေ့ပွဲများတွင် ဝါသနာထုံသကဲ့သို့ ထိုခေတ်က လူများမှာ 'အရီနာ'ခေါ် သတ်ကွင်းဇာတ်ရုံကြီးများတွင် လူနှင့်လူချင်းဓားဖြင့် ယှဉ်ပြိုင်၍ သတ်ခြင်းကို ကြည့်ရှုရန် ဝါသနာထုံကြ၏။ အပျော်အပါးအဖြစ်ဖြင့် အဆင့်အတန်း မရွေး၊ လူကြီးလူငယ်မရွေး၊ မိန်းမယောကျ်ားမရွေး ကြည့်ရှုကြ၏။ သို့ဖြစ်၍ ခေတ်နှင့်လိုက်အောင် 'ဂလက်ဒီယေတာ' (Gladiators)ခေါ် သိုင်းသမား၊ ဓားသမား၊ သတ်ပုတ်သမားများ ပေါ်ပေါက်လာခဲ့၏။ ထိုစကား၏ အဓိပ္ပာယ်မှာ သာမန်သိုင်းသမား ဓားသမားမျှသာမက လူနှင့်လူချင်းသော်လည်းကောင်း၊ တိရစ္ဆာန်နှင့် ဖက်ပြိုင်၍သော်လည်းကောင်း၊ အသေအကြေသတ်ရသည့်အလုပ်ကို လုပ်သော လူများဖြစ်လေသည်။ သို့ဖြစ်၍ ဤဝတ္ထုတွင် ထိုအပ်သော အဓိပ္ပာယ်ကို ပိုမိစေရန် 'ဂလက်ဒီယေတာ'ဟူသော စကားကို မြန်မာဘာသာသို့ ပြန်ဆိုခြင်းမပြုဘဲ အသံလှယ်စနစ်ဖြင့် 'ဂလက်ဒီယေတာ'ဟုပင် ရေးသားရပေအံ့။

အများအားဖြင့် 'ဂလက်ဒီယေတာ'များ အသုံးပြုလေ့ရှိသော လက်နက်များမှာ နှစ်ဖက်သွားရှိသော ဓားတိုနှင့် ဒိုင်းဖြစ်၏။ အခြားသတ်ပုတ်နည်းမှာ တစ်ယောက်က ဓားကိုကိုင်၍ မိမိနှင့်ဖက်ပြိုင်မည့်သူက အသွားသုံးခွရှိသော ခက်ရင်းနှင့် ပိုက်ကွန်တို့ ကိုင်ရလေသည်။ ထိုအခါ ဓားသမားကို ခက်ရင်းနှင့်


www.burmeseclassic.com

www.burmeseclassic.com

ပိုက်ကိုင်သူက အများအားဖြင့်နိုင်တတ်၏။ ရှေးအထက်ကျော် ကာရီများအစု အထူးသဖြင့် အမျိုးအနွယ်မြင့်မြတ်သော ရောမလူမျိုးတစ်ယောက်သည် ထို ဂလက်ဒီယေတာ တိုက်ပွဲများတွင် ဝင်ရောက်တိုက်ခိုက်ရိုးထုံးစံမရှိချေ။ သို့သော် ဤသို့ယောက်ျားပီသခြင်းနှင့် သူရသတ္တိကို ပြရသော ပွဲများသည် အထူး ခေတ်စား၍ လာရကား တစ်ခါတစ်ရံ ရောမလူမျိုးများပင် အပျော်တမ်း ဂလက် ဒီယေတာအဖြစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်တိုက်ခိုက်တတ်၏။ အများအားဖြင့် ဂလက်ဒီယေတာများကို ကျွန်များထဲမှသော်လည်းကောင်း၊ စစ်သုံ့ပန်းများမှ သော်လည်းကောင်း ရွေးချယ်ကြလေသည်။ သို့ပင်ဖြစ်လင့်ကစား အပျော်တမ်း တိုက်ခိုက်သူများလည်း မနည်းလှချေ။

ရောမဧကရာဇ်နိုင်ငံကြီးမှာ ရောမသမ္မတနိုင်ငံမှ အမွေအားဖြင့် ဆက် ခံရရှိသော ကျွန်ရောင်းကျွန်ဝယ် စနစ်ပေါ်တွင် အမိုပြုကာ တည်ထောင်ခဲ့ခြင်း ဖြစ်၏။ ရှေးပဝေသဏီ ခေတ်က စစ်အတွင်းတွင် ဖမ်းဆီးရမိသော သုံ့ပန်းများ သည် သူတို့အား နှိမ်နင်းဖမ်းဆီးသူများ၏ အိမ်တွင် ကျွန်အဖြစ်သို့ ရောက် ကြရလေသည်။ သို့ဖြစ်ရာ ရောမမြို့ကြီးသည် နိုင်ငံအသီးသီးကို တဖြည်း ဖြည်းနှိမ်နင်းလာရကား ကျွန်များသည် တဖြည်းဖြည်းပေါများလာလျက် တိုင်း ပြည်၏ လူဦးရေသည်လည်း မြောက်မြားစွာသော ကျွန်များဖြင့် အရေအတွက် တိုးလာခဲ့လေသည်။ ထိုပြင် ကျွန်အဖြစ်သို့ ရောက်ရသော အခြားနည်းလမ်း တစ်ခုလည်း ရှိသေး၏။ ၎င်းမှာ ကြွေးမြီကို မပေးဆပ်နိုင်သော မြီစားများ သည် မြီရှင်များထံတွင် ကျွန်ခံကြရလေသည်။ သို့ဖြစ်ရကား ကျွန်များသည် တဖြည်းဖြည်းအင်အားကောင်း၍ လာခဲ့ရာ တစ်ကြိမ်က သူပုန်ထကြပြီးလျှင် တိုင်းပြည်အစိုးရပင် ပြုတ်ကျလုမတတ်ဖြစ်ခဲ့ဖူး၏။ ထို့အတွက်ကြောင့်လည်း ကျွန်များကို နှိမ်နင်းရာတွင် ရက်ရက်စက်စက် နှိမ်နင်းကြလေသည်။

ကျွန်ဆိုသည်မှာ ယခုခေတ်အိမ်များတွင် ခိုင်းစေထားသော သာမန် အစေခံ ကျေးကျွန်မျိုးမဟုတ်ဘဲ သခင်ဖြစ်သူသည် သူတို့၏ အသက်ဦးကို ပိုင်ကြလေသည်။

ရောမနိုင်ငံက ဂရိအား တိုက်ခိုက်အောင်မြင်သောအခါ ပညာရှိအ များဆုံးထွက်သည်ဟု ကျော်ကြားသော ဂရိနိုင်ငံမှ တရားဓမ္မနှင့် ပတ်သက် သော အဘိဓမ္မာဆရာကြီးများ၊ ပန်းချီပန်းပုနှင့် ပတ်သက်သော သုခုမအနု ပညာသည်ကြီးများသည် ရောမမြို့တွင် ကျွန်များဖြစ်လာကြရ၏။ ထိုအခါမှ စ၍ ကျွန်များကို အဆင့်အတန်းခွဲခြားပေးရန် လိုအပ်လာတော့၏။ အဘယ် ကြောင့်ဆိုသော် ရောမဧကရာဇ်နိုင်ငံကြီး၏ ပညာရေးမှာ များပြားသောအား ဖြင့် ကျွန်များ၏ လက်တွင်း၌ ရှိနေပြီးလျှင် အစိုးရဘက် စာရေးတချို့ ဌာနများ

www.burmeseclassic.com

၌လည်း သူတို့ရှိနေသောကြောင့် ဖြစ်လေသည်။

အကယ်၍ ကျွန်တစ်ယောက်သည် သူ့သခင်အား အကျိုးရှိရာရှိကြောင်း တစ်စုံတစ်ရာပြုလုပ်မည်ဆိုက ထိုကဲ့သို့သော ကျွန်အား သခင်သည် လွတ်ငြိမ်းချမ်းသာခွင့်ပေးလေ့ရှိ၏။ ထိုအခါမျိုး၌ သူသည် 'လွတ်ငြိမ်းချမ်းသာခွင့်ရသူ'အဖြစ်သို့ ရောက်ကာ ထိုသူမျိုး၏ အဆင့်အတန်းသည်လည်း တစ်မျိုးရှိနေ၏။

ဘာသာအယူဝါဒအားဖြင့် ရောမလူမျိုးများသည် ထိုအခါက ခရစ်ယာန်အယူကို ယုံကြည်သက်ဝင်ခြင်းမရှိကြသေးချေ။ သို့သော် ခရစ်ယာန်များအား နှိပ်စက်သည့် အလေ့အထမှာမူ ပျောက်လုမတတ်ရှိခဲ့လေပြီ။

ဤသည်တို့ကား ကျွန်ုပ်တို့ ဝတ္ထုကို စတင်ဖွင့်လှစ်သည့်အချိန်နှင့် ရောမနိုင်ငံကြီးတွင် ဖြစ်ပျက်နေသည့် တိုင်းရေးပြည်ရေးနှင့်တကွ ထိုအခါက ထုံးစံဓလေ့များ ဖြစ်လေသည်။

ဤဝတ္ထုတွင် ပါဝင်မည့်သူများမှာ ရောမလူမျိုးများနှင့် ရဟူဒီလူမျိုးများဖြစ်ရကား သူတို့၏ နာမည်များသည် ဇာတ်လမ်းတွင် ရှုပ်ထွေးနေမည်စိုးသောကြောင့် စာဖတ်သူများ အလွယ်တကူမှတ်သားမိစေရန် ယခုကပင် ကြိုတင်၍ အောက်ပါဇယားကွက်ဖြင့် ဖော်ပြရပေမည်။

| | |
|---|---|
| (၁)ဗလေရီယာ | ရောမမင်းမျိုးမင်းနွယ် အမျိုးကောင်းသမီး(ဆွေမျိုးဂုဏ်၊ ပစ္စည်းဂုဏ်၊ အလှဂုဏ်တို့ကြောင့် ရောမမြို့တွင် ကျော်ကြားသူ) |
| (၂)မရီနာ | ဗလေရီယာ၏ အထိန်းတော်။ |
| (၃)ဂျူလီယပ်ပလေစီဒပ် | ထရစ်ဗွန်းခေါ် ရောမနိုင်ငံဝန်ကြီးဖြစ်၍ ဗလေရီယာအား ပိုးပန်းကြိုးစည်နေသူ (အတိုကောက်အားဖြင့် ပလေစီဒပ်ဟု ရေးသားသည်) |
| (၄)အက်စကာ | ဗြိတိန်လူမျိုး ကျွန်တစ်ယောက်။ |
| (၅)လီစီးနီးယပ် | ရောမစစ်ဗိုလ်ချုပ် (ဗလေရီယာနှင့် ဆွေမျိုးတော်စပ်၍ အကျွမ်းဝင်၏)အက်စကာကို ပိုင်သူသခင်ဖြစ်သည်။ |
| (၆) ဟာစ်ပီးယပ် | ဂလက်ဒီယေတာများ၏ ခေါင်းဆောင်နှင့် စားသိုင်းဆရာကြီး။ |
| (၇)ဗီတီးလီးယပ် | ရောမအင်ပါယာ ဘုရင်။ |
| (၈)ဟာသီးနပ် | ထင်ရှားကျွမ်းကျင်သော ဂလက်ဒီယေတာ လူယောင်းကြီး။ |



www.burmeseclassic.com

www.burmeseclassic.com

(၉)မာရိယမ်နီ — အက်စကာဘ မေတ္တာရှိနေသော ရဟူဒီမကလေး။

(၁၀)အလီဇာ — မာရိယမ်နီ၏ဖခင် ရဟူဒီအမျိုးသား ခေါင်းဆောင်။

(၁၁)ကာလချပ် — အလီဇာ၏ အစ်ကို (ခရစ်ယာန်ဘာသာ ကိုးကွယ်သူ)

(၁၂) စပါဒို — အိုင်ဆစ်နတ်ကွန်း၏ ဆရာတော် ဘုန်းကြီး။

(၁၃) ဒမပ်ဆီးယပ်(နှင့်) အိုအားဆီး

ကျွန်ဘဝမှ လွတ်ငြိမ်းခွင့်ရပြီးသူများ (ဝန်ကြီး ပလေစီဒပ်၏ တပည့်များ ဖြစ်သည်)

(၁၄) ပီးတိုဆီးရစ် — အီဂျစ်လူမျိုးနက္ခတ်နှင့် ဆေးဆရာကြီး။

(၁၅) ဌျန် — အခြား ရဟူဒီခေါင်းဆောင်တစ်ဦး (အလီဇာ၏ ရန်သူ)

ဒဂုန်ရွှေမျှား(မြန်မာပြန်သူ)

www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

နေပူသည့် တစ်နေ့သော နံနက်ခင်းအချိန်၌ ရထားလုံးတွင် ဆင်စွယ်များကို ရွှေဖြင့် ကွပ်ပြီးလျှင် အာရပ်မြင်းဖြူကြီးလေးကောင်ဆွဲလျက်ရှိသော မြင်းရထားတစ်စီးသည် ရှေးရောမမြို့တော်ကြီး၏ တိုက်တစ်တိုက်ရှေ့တွင် ခုံညားစွာ ထိုးရပ်လိုက်လေ၏။ ဤသို့ တိုက်တံခါးပေါက်ဆီသို့ အရှိန်သတ်၍ ရပ်လိုက်စဉ် အရှိန်လွန်လျက် မြင်းရထား၏ ဝင်ရိုးသည် တံခါးပေါက်ရှိ ကျောက်တိုင်နံဘေးတွင် အိပ်နေသောကျွန်တစ်ယောက်၏ ကိုယ်ကျပ်အကျီနှင့် မတော်တဆ ငြိ၍ သွားလေသည်။

ကျွန်က လန့်၍ ထလိုက်သောအခါ မြင်းများသည် နံဘေးသို့ အနည်ငယ်စောင်းသွားသည်နှင့် ရထားသမားသည် ထိုကျွန်အား ကြာပွတ်နှင့် တစ်ချက်ခပ်ပြင်းပြင်းရိုက်လိုက်၏။ ကျွန်သည် ရုတ်တရက်သွေးများ ဆူ၍လာလျက် လျှပ်စစ်၏ လျှင်မြန်ခြင်းဖြင့် လက်သီးကို ပြင်လိုက်လေသည်။ သို့သော် မိန်းမဆန်ဆန်ရထားမောင်းသမားကလေး၏ မျက်နှာကို မြင်လိုက်သဖြင့် မထိုးဖြစ်ဘဲ လက်သီးဆုပ်ကို ပြန်၍ ရုပ်သိမ်းလိုက်ရ၏။ သို့သော် လက်မောင်းတွင် ခစ်ပတ်နေသော ကြာပွတ်ကိုကား ဆွဲယူလိုက်လေသည်။

အရိုက်ခံရသော ကျွန်သည် ရထားမောင်းသမား၏ မျက်နှာကို စြည့်လိုက်ပြီးလျှင် "မိန်းမလို အကောင်ကလေးမျိုး ငါမထိုးချင်ပါဘူးကွယ်" ဟု ပြောကာ ကြာပွတ်ကို ရထားအတွင်းသို့ ပစ်ချလိုက်လေ၏။ ရထားအတွင်း၌ကား အဖိုးတန်အဝတ်အစားများကို ဝတ်ထားသည့် မျိုးမတော်နှင့် သဏ္ဌာန်တူသော လူတစ်ယောက်ကို တွေ့မြင်ရလေသည်။ ထိုသူသည် မကျေမနပ်ဖြစ်၍ နေသော ရထားမောင်းသမားကလေးကိုပင် ပြောင်လှောင်မြက်ရယ်ပြုသော အမူအရာဖြင့် ကြည့်ရှုလျက်ရှိနေ၏။

ရထားတွင်းမှ လူသည် ကြာပွတ်အရိုက်ခံရသော ကျွန်အား

"မှန်လိုက်လေကွယ် ကိုယ့်လူရယ်...ဒါပေမဲ့ ငါသာဆိုရင် ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



သော မိန်းမသော ချမ်းသာပေးမှာ မဟုတ်ဘူး။ ဒါထက် မင့်ကို ဘယ်သူပိုင်သလဲဟ...ပြီးတော့ မင်းက ဒီမှာ ဘာလုပ်နေတာလဲ..."

"ကျွန်တော် ဗြိတိန်လူမျိုး 'အက်စကာ'ဖြစ်ပါတယ်ခင်ဗျာ...ကျွန်တော့်သခင်က အရှင်နဲ့ မိတ်ဆွေဖြစ်ပါတယ်. . ."

"ဘယ်သူလဲ ငါ့မိတ်ဆွေဆိုတာ. . ."

"တခြားသူမဟုတ်ပါဘူးအရှင်...မနေ့ညကပဲ အရှင်နဲ့အတူ ညစာသုံးဆောင်တဲ့ လီစီးနီးယပ်ဖြစ်ပါတယ်. . ."

အက်စကာသည်ကား ...ရောမစစ်ဗိုလ်ကြီး လီစီးနီးယပ်၏ ကျွန်တစ်ယောက်ဖြစ်၍ သူ့သခင်၏ မိတ်ဆွေဖြစ်သော ရထားတွင်းမှ ဝန်ကြီး 'ပလေစီဒပ်'ကို မြင်ရုံနှင့်သိ၏။ ဝန်ကြီးသည် မိမိ၏ မေးခွန်းများကို ရဲဝံ့စွာ ဖြေဆိုလိုက်သော အက်စကာ၏ စကားကို ကြားရသောအခါ သူ၏မျက်နှာတွင် ပြုံးရောင်သန်း၍ သွားလေသည်။ သို့သော် ထိုအပြုံးသည်ကား ကြည်လင်သန့်ရှင်းသော အပြုံးမဟုတ်ဘဲ ပြောင်လှောင်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း မနာလိုဝန်တိုရှိခြင်းတို့ဖြင့် ရောပြွမ်းကာ ရှိနေ၏။ ကြာပန်းအောက်၌ မြွေတစ်ကောင် ခွေ၍နေသောအခါ မြွေကို မမြင်၊ ကြာပန်းကိုသာ မြင်ရသကဲ့သို့ ရှိလေသည်။ ဝန်ကြီးပလေစီဒပ်၏မျက်နှာမှာ အပေါ်ယံအမြင်အားဖြင့် တင့်တယ်ချောမော၏။ သို့သော် စိတ်ပြောင်းလဲသောအခါများ၌ကား လျှပ်ပြက်သကဲ့သို့ ဝင်းခနဲ ပြုံးရောင်သန်း၍ သွားတတ်ရာ အမှန်အားဖြင့်သော် ထိုအပြုံးမျိုးမှာ ကြောက်မက်ဖွယ်ကောင်းသော အပြုံးမျိုးဖြစ်လေသည်။

ပလေစီဒပ်ကား စစ်ဗိုလ်ဘဝမှ ဤမြင့်မြတ်သော ထရစ်ဗျူန်းရာထူးသို့ ရောက်ရှိလာသူဖြစ်၏။ သူသည် တန်ခိုးအာဏာကြီးသော မှူးမတ်မျိုးရိုးမှ ဆင်းသက်လာလျက် ရောမစစ်ဗိုလ်ချုပ် 'ဗစ်စပါဆီယန်'၏ လက်အောက်တွင် အမှုထမ်းခဲ့၏။ ရဟူဒီများအား တိုက်ခိုက်ရာတွင် စစ်ပွဲတိုင်းလိုလို အောင်မြင်ခဲ့၏။ ရဲရင့်သော သတ္တိရှိပြီးလျှင် လောဘရမ္မက်ကြီးသူဖြစ်၏။ သို့နှင့် ဂျူဒါမြို့စစ်မြေပြင်မှ စစ်နိုင်သော ရောမမြို့သို့ ပြန်ခဲ့ရာ ထိုအချိန်၌ကား ရောမမြို့တွင် ဘုရင်တစ်ပါးသည် အခြားဘုရင်တစ်ပါးကို သတ်ကာ နန်းတက်သော အချိန်ဖြစ်၏။ လက်ရုံးအားကိုး စစ်တပ်အားကိုးဖြင့် မင်းတစ်ပါးမှ တစ်ပါးသို့ အကူးအပြောင်း အလွန်မြန်သော ခေတ်ဖြစ်၏။ သို့နှင့် ဆန္ဒရမ္မက်အားကြီးလှသော ပလေစီဒပ်သည် မိမိ၏ အလိုဆန္ဒ အမြန်ပြည့်စုံနိုင်စေရန် ထိုအခါက အင်ပါယာဘုရင်အဖြစ်ဖြင့် ရောမနိုင်ငံတွင် အုပ်စိုးလျက်ရှိသော 'ဗီးတဲလီးယပ်' ထံ ဝင်ရောက်ခစားကာ ထရစ်ဗျူန်းခေါ် ဝန်ကြီးရာထူးကို ရရှိခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ပလေစီဒပ်မှာ ရောမမြို့တွင် လူသိအများဆုံး၊ မြှောက်ပင့်ခြင်း အခံရဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့၏။ သို့သော် လူသိများသလောက်လည်း လူမုန်းများခဲ့သူ ဖြစ်လေသည်။ အထက်ဖော်ပြပါ မြင်းလေးစီးကသော ရထားတွင်၌ လိုက်ပါသူကား သူပင်ဖြစ်၍ အလွန်ဩဇာတိက္ကမကြီးသူ လုပ်ပျိုဖြူ ဗလေရီယာ၏တိုက်ဝ၌ လက်ဆောင်ပဏ္ဏာများ ပေးရန်လာရင်း မြင်းရထားကို ဆိုက်လိုက်ခြင်းဖြစ်လေသည်။

မြင်းခွာသံများနှင့် ငွေဆွဲလဲသံ၊ ချူသံများကို ကြားရသောအခါ အိမ်တွင်းမှ အစေခံ မိန်းမပျိုများနှင့် အထိန်းတော်များသည် တိုက်ဝသို့ ထွက်လာကြ၏။ ပလေစီဒပ်သည် အောက်ခံကိုယ်ကျပ်အင်္ကျီမှ ကျောက်များစီ၍ထားသော ရွှေကြုတ်ကလေးတစ်ခုကို ထုတ်ယူလိုက်ပြီးနောက် မိန်းမပျိုများတွင် ခေါင်းဆောင်နှင့်တူသူအား ရွှေကြုတ်ကလေးကို ပေးအပ်လျက်...

"ဒီကြုတ်ကလေးကို ဗလေရီယာ့ဆီကို ယူသွားပြီး ဒီကနေ့ သူ့မွေးနေ့ ဖြစ်တဲ့အတွက် မွေးနေ့အထိမ်းအမှတ် လက်ဆောင်အဖြစ်နဲ့ ပေးလိုက်စမ်းပါ"

"ကောင်းပါပြီအရှင် . . . ဒါပွဲလား"

"ပြီးတော့ သူ့ရဲ့ သစ္စာအရှိဆုံး အစေခံတစ်ယောက်၏ ဒီကနေ့ သူ့မွေးနေ့ကစပြီး အစစ ဘေးအန္တရာယ်တွေ ကင်းရှင်းအောင် ဆုမွန်တောင်းတဲ့အကြောင်း၊ ဒီအဖိုးမထိုက်တဲ့ လက်ဆောင်ကလေးကို ပေးလိုက်တာလည်း ဘယ်တော့မှ မမေ့တဲ့ အထိမ်းအမှတ်ဖြစ်ကြောင်း တစ်ဆိတ်ပြောလိုက်ပါ"

ဤသို့ပြောဆိုရင်း ဝန်ကြီးပလေစီဒပ်သည် ထိုမိန်းမပျို၏ လည်ပင်းတွင် ရွှေကြိုးကလေးတစ်ကုံးကိုလည်း လက်ဆောင်အဖြစ်ဖြင့် စွပ်ပေးလိုက်သေး၏။

"ကောင်းပါပြီအရှင်"

"ဪ...တစ်ခုကျန်ပါသေးတယ် မရီနာ၊ ဒီကနေ့ ဘယ်အချိန်လောက် ကျုပ်လာရင် တွေ့နိုင်မလဲဆိုတာလည်း မေးလိုက်စမ်းပါ"

"ဒီကနေ့တော့ တွေ့နိုင်မယ် မထင်ပါဘူးအရှင်"

"ဘာဖြစ်လို့လဲ မရီနာရဲ့"

"ဒီကနေ့ အိုင်ဆစ်မယ်တော်ကြီးပွဲနေ့ မဟုတ်ပါလားအရှင်၊ အခုကစပြီး ညနေဝင်အထိ သခင်မဟာ တစ်ဖုံကွက်ကလေးမှ အားမယ်မဟုတ်ဘူး၊ ညစာစားဖို့ ပြင်ရမယ်။ ပြီးတော့ စားသိုင်းဆရာရောက်လာတဲ့အခါ စားသိုင်းလေ့ကျင့်ခန်းယူရမယ်၊ နောက်ရေချိုးအဝတ်အစားလဲ၊ နောက် သူ့လက်ချောင်းကလေးတွေ ပြုပြင်ဖို့ ကျောက်ဆစ်ဆရာလာမယ်။ သည့်နောက် မျက်နှာပြုပြင်ပေးဖို့ ပန်းချီဆရာလာမယ်။ နောက် ဂရိပုံဖိနပ်ချုပ်ဖို့ ခြေတိုင်းယူရမယ်၊ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့မှ သူသုံးနေကျ ပီယဆေးတွေ ပြင်ပေးဖို့ ဗေဒင်ဆရာ လာဦးမယ်…။ ပီယဆေးပြင်တာကတော့ အရှင့်ရဲ့အတွက်ပေလား မပြောတတ်ဘူး"

"ဗလေရီယာမှာ ပီယဆေးဆောင်ဖို့ မလိုပါဘူး မရီနာ၊ သူ့မျက်လုံးကလေးတစ်ချက်လှည့်လိုက်ရင်…ဩော် ဒါထက် မရီနာက ကျုပ်ဘက်က လူဆိုတော့ မေးရဦးမယ်။ မရီနာရဲ့ သခင်မဟာ အရင်ကထက် ပိုပြီး နေရာကျပုံများ ပေါ်ရဲ့လား"

"ဒီဟာတော့ ဘယ်ပြောနိုင်ပါ့မလဲ အရှင်…ဒါပေမဲ့ မိန်းမဆိုတာ မိန်းမပါပဲ။ ကျွန်မတို့ သခင်မဟာ မျက်နှာကလေးချောရုံ နှုတ်ခမ်းလေး ခရာရုံလောက်နဲ့ ရနိုင်မယ့် မိန်းမ မဟုတ်ဘူး၊ သူ့စိတ်က တကယ်အားခွန်ဗလနဲ့ ပြည့်စုံတဲ့လူ၊ တကယ်စွမ်းရည် သတ္တိရှိတဲ့လူ၊ တကယ်ယောကျ်ား ပီသတဲ့လူမှ မေတ္တာရှိမယ့် လက္ခဏာပဲ"

ပလေစီဒပ်မှာ တိုင်းပြည်တွင် ခွန်အားဗလဘက်၌ ကျော်ကြားသူတစ်ယောက်ဖြစ်၍ စိတ်ထဲတွင် အလိုအလျောက် မာနကြီးနေသူဖြစ်ရကား ဤကဲ့သို့ အထိန်းတော်မရီနာက မြှောက်ပင့်ပြောလိုက်ခြင်းကိုပင် သူ၏နားတွင် နားဝင်ချိုလှလေသည်။

"ဩော်…ဒါထက် အားခွန်ဗလအကြောင်း ပြောလို့ ပြောလိုက်ရဦးမယ်။ တိုက်တံခါးဝမှာ အတော်ခွန်အားဗလရှိပုံပေါ်တဲ့ ကျွန်တစ်ကောင် တွေ့ခဲ့ပါကလား။ မရီနာတော့ သဘောကျမှာပဲ။ မင့်လို မိန်းကလေးတစ်ယောက်တော့ မင်းအခု ရွှေကြုတ်ကလေးယူသွားသလို တစ်ခါတည်း ချီခေါ်သွားနိုင်မယ့် အကောင်ပဲ။ ဟော…ပြောရင်းဆိုရင်း လာနေပြီ…ဟော့လူ လာစမ်း"

ထိုခဏ၌ ယခင်က ကျွန်ဖိသည် သူတို့အနီးသို့ ရောက်လာပြီးလျှင် ရှိသေသော အမူအရာနှင့် မရီနာအစား အလွှန်ရှားပါးသော သစ်သီးနှင့်ပန်းများ ထည့်ထားသည့် ငွေခြင်းတောင်းတစ်လုံးကို ပေးလျက်

"ဗလေရီယာရဲ့ မွေးနေ့အတွက် ကျွန်ုပ်တော်သခင်ဟာ အမွှေးဆုံးပန်းတွေနဲ့ အလတ်ဆတ်ဆုံး သစ်သီးတွေကို ဒီဟာတွေထက် လှအောင်ဆင်တဲ့ ဗလေရီယာအတွက် မေတ္တာနဲ့ ပေးလိုခြင်းဖြစ်ပါတယ်"

အထက်ပါ စကားများကို လေးစားသောအသံဖြင့် ပြောဆိုလျက် ငွေခြင်းတောင်းကို မရီနာ၏ လက်ထဲသို့ ထည့်လိုက်သောအခါ သူ့ပြောပုံမှာ လူရိုင်းများ၏ အမူအရာ၊ လူရိုင်းများ၏ လေသံဟူ၍ လုံးဝမပါဘဲ ပကတိယဉ်ကျေးလှပေ၏။ ထိုနေ့ဝတ် ဝန်ကြီး ပလေစီဒပ်၏ မျက်နှာကို ခပ်တင်းတင်းကြည့်ကာ သူ၏ ကိုယ်ကို ခပ်ရိုရိုနေရာမှ မားမားမတ်မတ်ရပ်လိုက်လေသည်။

မရီနာ၏ မျက်နှာမှာ သွေးရောင်များ လွှမ်းသွား၏။ သူ့ရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေသူသည် လူပျိုသော အမျိုးအစားထဲတွင် တကယ်ပေါ်ကျော်ကြားပြီးသော
ရုပ်လက္ခဏာရှိ၍ နုပျိုခြင်း၊ လှပခြင်း၊ ကျန်းမာခြင်း၊ ခန့်ညားခြင်း စသော
ဂုဏ်အင်္ဂါများသည် သူ၏မျက်နှာနှင့် ကိုယ်လုံးကိုယ်ပေါက်ပေါ်တွင် ပေါင်း
ခပ်ထားသကဲ့သို့ရှိ၏။ မရီနာသည် အက်စကာ၏ ထူးခြားသော ရုပ်လက္ခဏာ
နှင့်ပြေပြစ်လှပသော ကိုယ်လုံးကိုယ်ပေါက်ကို တအံ့တသြကြည့်ပြီးနောက်၊
ထိုကျွန်ပေးသော လက်ဆောင်ကို ခပ်ပြုံးပြုံး အမူအရာဖြင့် လက်ခံလိုက်၏။
ထိုနောက် မရီနာက "အိမ်ထဲကို ဝင်ပါဦးလား ရှင်...ဗလေရီယာ့ အိမ်ကို ရောက်
လာတဲ့ ဧည့်သည်မှန်သမျှ ပေါင်မုန့်တစ်ဖဲ့ကိုဖြစ်ဖြစ် စားပြီးမှ ဒါမှမဟုတ်လည်း
ဝိုင်တစ်ခွက်ရင်လည်း သောက်ပြီးမှ ပြန်ရိုးထုံးစံရှိပါတယ်"

သို့သော် အက်စကာသည် ခေါင်းခါလျက် မရီနာအား ရိုသေစွာ
ငြင်းပယ်လိုက်၏။ သူသည် ဆင်ဝင်အောက်၌ပင် ရပ်၍ မနေလိုချေ။
ခန့်ညားလှပသော အိမ်ကြီး၏ အငွေ့အသက်ကိုပင် သူသည် ရှုရှာမုန်းတီးဟန်ရှိ
၏။ 'ထိုပြင် ရထားမောင်းသမားကလေးက ကြာပွတ်နှင့်တစ်ချက် လှမ်း၍
ရိုက်လိုက်သည်ကို ပြန်၍ သတိရကာ "အင်း...အရွယ်ကလည်း မတူ၊ အားခွန်
ဗလချင်းကလည်း မတူလို့သာ အလျှော့ပေးလိုက်ရ၊ အကောင်ကလေးရော
သူ့သခင်ရော နှစ်ယောက်စလုံး ရထားပေါ်က ကိုင်ပေါက်ချလိုက်ရကွယ်..."
ဟု စိတ်ထဲက အောက်မေ့မိ၏။ ပလေစီဒပ်မျက်နှာကို မြင်ရရုံမျှနှင့် မုန်းတီးစိတ်
များ ပေါ်ခဲ့ပြီးလျှင် နောင်အခါတွင် ရန်သူဖြစ်မည့်သူ အချင်းချင်းတွင် ကြိုတင်
ဖြစ်ပေါ်လာလေ့ရှိသော မုန်းတီးစိတ်များသည် သူ၏စိတ်ထဲ၌ အလိုအလျောက်
စာဖွားဖွားပေါ်ပေါက်လာခဲ့၏။

ပလေစီဒပ်သည် အက်စကာ၏ မျက်နှာကို နောက်ဆုံးတစ်ချက်မျှ
လှမ်းကြည့်ပြီးနောက် ထွက်သွားလေ၏။ သို့သော် သူစိုက်၍ကြည့်လိုက်ပုံမှာ
'လူ့တိရစ္ဆာန်'များကို အကဲခတ်အိသကဲ့သို့ ကြည့်သော အကြည့်မျိုးဖြစ်လေ
၏။ သူ၏ ထူးခြားသော ဝါသနာတစ်ခုမှာ သူတွေ့သမျှ လူအပေါင်းအား
တစ်နေ့နေ့တွင် သူ၏ အသုံးချရာ ဝင်ကြောင်း ကိရိယာ တန်ဆာပလာသဖွယ်
အသုံးပြုမည်ဟု စိတ်တွင် အမြဲတွေးခြင်းဖြစ်လေသည်။ ထိုအချိန်၌ လီစီးနီး
ယပ်၏ အိမ်တွင်းသို့ ဝင်ကာ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးမဲ့ ယခုမှပင် ရှေးဦးစွာ
တွေ့ရသောကြောင့် ဤကဲ့သို့ တွေးတွေးကျိုးကျိုး ဖြစ်လေအောင် သဘာဝ
က ဖန်တီးပေးလေသော လူတစ်ယောက်အား မျက်ခြည်မပြတ် ကြည့်ရှုရန်
သင့်သည်ဟူ၍လည်းကောင်း၊ ထိုသူသည် ကစားရုံထဲ၌သော်လည်းကောင်း၊
'သတ်ကွင်း'၌သော်လည်းကောင်း အသုံးကျလိမ့်မည်ဟူ၍လည်းကောင်း
အောက်မေ့မိ၏။ ထိုအချိန်၌ သူ၏စိတ်ထဲတွင် ဤကဲ့သို့ ခွန်အားဗလနှင့်ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com


သူတစ်ယောက်သည် သတ်ပွဲတစ်ခု၌ သွေးငေါက်ငေါက်ပန်းထွက်၍ ဒဏ်ရာအနာတရ ရသည်ဖြစ်စေ၊ မချိတင်ကဲ ဝေဒနာခံစားကာ မိမိမျက်မှောက်တွင် သေသည်ဖြစ်စေ၊ မည်မျှလောက် မျက်စိအရသာခံ၍ ကောင်းလိမ့်မည်နည်းဟု စဉ်းစားလိုက်လေသည်။

ပလေစီဒပ်သည် ခုံပေါ်တွင်ထိုင်ကာ မြင်းရထားနောက်မီကို စည်းစိမ်ဖြင့် မှီလိုက်ပြီးနောက် ရထားမောင်းသမားကလေးအား...

"ဟော့ကောင်လေး...ဟိုအကောင်က မင်းကို ယှဉ်ပြီးသတ်ဖို့မပြောနဲ့...လက်ညှိုးတစ်ချောင်းနဲ့ ထိလိုက်ရင် မင်းနောက်ကို စကားပြောတော့မှာ မဟုတ်တော့ဘူး၊ ပြီးတော့ ငါ့အိမ်မှာလည်း အသုံးမကျတဲ့ အကောင်တစ်ယောက်လျော့သွားပြီးသားပဲ...နံဘေးက မြင်းကို ခပ်သာသာကိုင်ပါကွယ့်. . . ခပ်ဖြည်းဖြည်း. . . ခပ်ဖြည်းဖြည်း အေး. . .ဟုတ်ပြီ. . ."

"အခု ဘယ်ကို မောင်းရမှာလဲ သခင်. . ."

"ရုံးကို မောင်းလေကွယ်. . ."

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

မြင်းရထားထွက်သွားသည်နှင့် တစ်ပြိုင်နက် အထိန်းတော် မရိနှာသည် သူ့သခင်မအလှပြင်ရာအခန်းသို့ လာခဲ့လေ၏။ ဗလေရိယာသည် ကိုယ်လုံးပေါ် မှန်တစ်ချပ်ရှေ့ရှိ ကုလားထိုင်ဝိုင်းတစ်လုံးပေါ်တွင် ထိုင်ကာ ကျွန်မ,ကလေးများအား သူ၏ ဆံပင်ကို မည်သို့ ကိုင်တွယ်ရန် အမိန့်ပေးလျက်ရှိနေလေသည်။

မရိနှာသည် ကျွန်မ,ကလေးတစ်ယောက် ယူလာသော ရွှေသေတ္တာကလေး တစ်လုံးထဲမှ ရွှေမှုန့်များကို ယူကာ ဗလေရိယာ၏ ဆံပင်များထဲသို့ ပက်ဖြန်း၍ ပေးရ၏။ နံ့သာပေါင်းများကို ကြဲ၍ပေးရ၏။ ဆီမွှေးများ၊ နံ့သာဆီများဖြင့် ညင်သာစွာ ပွတ်သပ်ပေးရ၏။ သို့ရှိစဉ် မရိနှာသည် မိမိလည်ပင်းတွင် ပလေစီဒပ်က ဆွဲပေးလိုက်သော ရွှေကြိုးကုံးကလေးကို သတိရသဖြင့် စမ်းသပ်ကြည့်ရှုကာ ၎င်း၏ တန်ဖိုးကို မှန်းဆတွက်ချက်ကြည့်မိ၏။ ပလေစီဒပ်ပေးခဲ့သော ရွှေကြုတ်ကို တစ်စုံတစ်ရာ ဂရုမစိုက်ဘဲ တစ်နေရာ၌ ပစ်ထားခဲ့ရာ၊ ၎င်းအတွင်းမှ ကျောက်သံပတ္တမြားများလည်း ကြမ်းပေါ်၌ ပြန့်ကြဲလျက်ရှိလေသည်။

ဖြူဖွေးသော လည်ကုပ်တို၏ နောက်နှင့်ကျောပြင်ပေါ်သို့ ဖားလျားကျလျက်ရှိသော ဗလေရိယာ၏ ဆံခွေများကို ရွှေမှုန့်တို့ဖြင့် ဖြူးပေးလျက်ရှိစဉ် မရိနှာက...

"ဆံပင်တွေ အခုပုံသစ်တစ်မျိုး ထွင်လာကြပြန်ပြီ သခင်မ"

"ဘယ်လိုလဲ မရိနှာ..."

"ရှေ့က ထိပ်ဆောင်းခေါင်းအုပ်ကို ပြောင်းလိုက်တာပါပဲ၊ ခပ်ဒုံဒုံလုပ်ပြီး နဖူးအထက်က ဝိုင်းပတ်ထားပါတယ်"

"ညည်း...ဘယ်က ကြားလာသလဲ မရိနှာ. . ."

"ဆီဇာ(ဘုရင်)ရဲ့ မိဖုရားတောင် ဒီဖက်ရှင်ကို လုပ်သတဲ့. . . သခင်



www.burmeseclassic.com

www.burmeseclassic.com



မရဲ့ အဝါရောင်အဖုလုံးကလေးတွေကို အနားသတ်ထားတာပါပဲ သခင်မရယ်"

"ဒါဖြင့် အခုလုပ်နေကြတာထက် ပိုပြီး ဒုက္ခမများဘူးလား"

"ဘာဒုက္ခလဲ သခင်မရယ်၊ သခင်မလို ဆံပင်ရှည်တဲ့လူဆိုတော့ အဟုတ်သားပေါ့...သူတို့ ဖက်ရှင်က ဆံပင်ကို ဖွတ်မီးထိုးကျစ်ပြီး သရဖူဆောင်းသလို မောက်မောက်ကြီးလုပ်ထားတော့ ထိပ်လယ်မှာ ဆံပင်မရှိတာလည်း လူမမြင်တော့ဘူးပေါ့ သခင်မရဲ့...သခင်မရဲ့ ဆံပင်ခွေကလေးတွေကတော့ ဒူးခေါက်ခွက်ထိအောင် ကျနေတာပဲ၊ ဒီလိုဆံပင်ကလေးတွေ လှတဲ့အကြောင်းကိုတောင် ဒီကနေ့ မနက်ပဲ ကျွန်မတို့ သခင့်က ချီးမွမ်းသွားသေးတယ်..."

"ဘယ်သခင်လဲ ကျုပ်ရဲ့ အစ်ကိုတော် လီစီးနီးယပ်ကို ပြောတာလား။ သူချီးမွမ်းတာကို ခံထိုက်ပါတယ် မရီနာရယ်။ ပြီးတော့လည်း သူချီးမွမ်းတယ်ဆိုရင် မညှာလှဘူး . . ."

"သူပြောတဲ့ စကားတွေဟာ ဒီကနေ့ သူပို့လိုက်တဲ့ လက်ဆောင်တွေထက်တော့ မလှပါဘူး။ မွေးနေ့လက်ဆောင်ထဲမှာ သည့်ထက်ပိုပြီးလှတာ ကျွန်မဖြင့် မတွေ့ဖူးဘူး သခင်မ . . .သဖန်းသီးခိုင် လတ်လတ်ဆတ်ဆတ်နှစ်ခိုင်ရယ်၊ ပွင့်သစ်စ နှင်းဆီပန်းတွေရယ်။ ဩော် . . .ဒါ့ထက် ပြောရဦးမယ် သခင်မရယ်၊ ဒီလက်ဆောင်တွေကို အပို့လွှတ်လိုက်လို့ ယူလာတဲ့လူကဖြင့် ဒီလိုလှတဲ့မျက်နှာ၊ ဒီလိုယောကျ်ားပီသတဲ့ရုပ်၊ ဒီလိုကျက်သရေရှိတဲ့ မျက်နှာထား၊ ဒီလိုအချိုးအစားကျတဲ့ ကိုယ်လုံးကိုယ်ပေါက်မျိုး ကျွန်မဖြင့် တစ်ခါမှ မမြင်ဖူးပါဘူး သခင်မ . . ."

မရီနာသည် စကားပြောပြီးနောက် သူကိုယ်တိုင်ရှိုးတိုးရှန့်တန့်ဖြစ်နေသဖြင့် သူ၏မျက်နှာကို ဗလေရီယာ မမြင်စေရန် အခြားဘက်သို့ လှည့်လိုက်လေသည်။

ဗလေရီယာသည် ပင်ပန်းနွမ်းနယ်သည့် ဟန်ဖြင့် တွေဝေလျက်ရှိရာမှ ဖျတ်ခနဲ ခေါင်းထောင်၍ ထလိုက်ပြီးလျှင် ဆံပင်များကို နောက်သို့ ဖယ်ရှားချလိုက်လေ၏။ မရီနာက စကားလက်စ ဖြတ်ထားသဖြင့် ဗလေရီယာက...

"ဆက်ပြောစမ်းပါဦး မရီနာရဲ့"

သို့သော် မရီနာသည် သူ၏လည်ပင်းတွင် ဆွဲထားသည့် ရွှေကြိုးကလေးနှင့်တကွ ၎င်း၏ဖာန်ဖိုးကိုလည်းကောင်း၊ ပေးခဲ့သူ၏မှာကြားချက်များကိုလည်းကောင်း စိတ်ကျူးလျက်ရှိလေသည်။

"သခင်မရဲ့ ဆံပင်ကို ချီးမွမ်းတာက တခြားသူမဟုတ်ဘူး။ နေကြီးပလေစီဒပ်ရယ်၊ သခင်မရဲ့ ရွှေရောင်တောက်နေတဲ့ ဆံပင်ခွေကလေးတစ်ချောင်းဟာ ရွှေတွင်းတစ်တွင်းလောက် အဖိုးတန်သတဲ့၊ ပြီးတော့ သူဝတ်စား



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ အဝတ်ကလည်း လှလိုက်တာ သခင်မရယ် မပြောပါနဲ့တော့၊ ခရမ်းရောင် ဝတ်လုံကြီးကို အပေါ်ကခြုံလို့ အောက်ခံကိုယ်ကျပ်အင်္ကျီပေါ်မှာ ဆင်ယားတဲ့ ကျောက်သံပတ္တမြားကလည်း နံနက်ခင်းနေရောင်နဲ့ ပဏာစားပြီး တဝင်းဝင်း တဖိတ်ဖိတ်တောက်နေတော့တာပဲ။ ဆင်စွယ်ကို ရွှေနဲ့ရောပြီး ကွပ်ထားတဲ့ သူစီးလာတဲ့ရထားဟာလည်း ရောမမြို့မှာဆိုတော့ အလှဆုံးပါပဲ၊ ရထားကို ဆွဲတဲ့ အာရပ်မြင်းဖြူကြီး (၄)ကောင်ဆိုတာတော့ မပြောနဲ့တော့၊ တကယ်ကို ရထားနဲ့လိုက်ပြီး ကျက်သရေရှိပါပေတယ်။ ကျွန်မသာ တကယ်လို့ သခင်မ တစ်ယောက်ဖြစ်ခဲ့လို့ရှိရင် ဒီယောကျ်ားကို. . ."

(မရီနာ စကားမဆုံးမီ ဗလေရီယာက ဖြတ်၍) "အောင်မယ် ညည်းက ဒီလူကိုများ ယောကျ်ားလို့ ခေါ်နေသလား၊ ဆံပင်ကို အလိပ်ကလေးလုပ်ပြီး ခွေထားတာရယ်။ အဝတ်ကို ရေမွှေးဆွတ်ထားတာရယ်၊ မုတ်ဆိတ်ကို ပြောင်အောင်-ရိတ်ထားတာရယ်၊ ဒါတွေကို ယောကျ်ားလို့ ခေါ်သလား မရီနာ. . . ဪ ဒါထက် အခုတင်က ပြောတဲ့ လီစီးနီးယပ်က လွှတ်လိုက်တဲ့ လူအကြောင်း ဆက်ပြောပါဦး၊ လီစီးနီးယပ်ဆီမှာရှိတဲ့ သဲကန္တာရလူရိုင်းမျိုးတွေထဲကပဲ မဟုတ်လား။ ကျွန်ုပ်ရဲ့ ထမ်းစင်ကို သယ်ဆောင်တဲ့ လစ်ဗာနီယံ ကျွန်တွေလောက် သူက လှရဲ့လား. . ."

မရီနာကမူ ထိုသူသည် မိမိတို့နှင့်အတူ ဗလေရီယာ၏ လက်အောက်တွင် အမှုထမ်းနေမည်ဆိုပါက မည်မျှလောက်ပျော်ရွှင်ဖွယ်ကောင်းမည်ကို စိတ်ကူးဖြင့် ရူးလျက်ရှိနေသေး၏။

မရီနာသည် ဗလေရီယာ၏ ဆံပင်ကို ရေမွှေးဖြင့်ဆွတ်ကာ ဖြီးပေးရင်း ကျောက်များစီ၍ ထားသော ရွှေဘီးကို ပါးစပ်ဖြင့် ကိုက်ထားရာမှ ဖြုတ်လိုက်ပြီးနောက်. . .

"လှတာပေါ့ သခင်မရယ်. . . သခင်မရဲ့ ထမ်းစင်သမားတွေနဲ့ သူ့ကိုနှိုင်းစာရင် ထိပ်ပြောင်နေတဲ့ ဆင်းတာတွေနဲ့ ရွှေလင်းယုန်ငှက်လောက် ကွာခြားတာပေါ့။ သူ့စကားပြောပုံနဲ့ ချိန်နေသံတွေကို ယောက်တော့ နိုင်ငံခြားသားတစ်ယောက်တော့ မှန်ပေလိမ့်မယ်။ ဒါပေမဲ့ လှုံ့ရှော့ရှူလှတွေပေါတဲ့ ကျွန်မတို့ ရောမမြို့မှာတောင် ဒီလို အချိုးအစားကျတဲ့ ကိုယ်လုံးကိုယ်ပေါက်လှတဲ့လူတော့ ရှားပါတယ်။ လည်ပင်းကျော့ ကြာဝတ်ဖြူနဲ့ ဆောက်ထားတဲ့ မျှော်စင်တိုင် တောင့်တင်းတယ်။ လက်မောင်းအိုးနဲ့ ကြွက်သားကတော့ ဂရိကျောက်ဆစ်ရုပ်အတိုင်းပဲ။ မျက်နှာက သွယ်ပြီး ကျက်သရေရှိလိုက်တာ မပြောပါနဲ့တော့၊ ရွှေရောင်တောက်တဲ့ ဆံပင်ခွေကလေးတွေက သူ့နဖူးကျယ်ကြီးပေါ် ကျနေတာ သိပ်ကြည့်ကောင်းတာပဲ၊ သူ့မျက်လုံးက. . .



www.burmeseclassic.com

www.burmeseclassic.com

မရီနာသည် အသက်ရှူရန် ခေတ္တနားလိုက်သကဲ့သို့ စကားရပ်၍ သွားလေသည်။

"ဆက်ပြောလေ မရီနာ. . ."

ဗလေရီယာသည် အလွန်စိတ်အားထက်သန်သော အမူအရာဖြင့် မျက်လုံးကို မပွင့်တပွင့်ထားကာ မရီနာ၏ စကားကို နားစိုက်လျက်ရှိလေသည်။

"ပြီးတော့ . . .သူ့မျက်လုံးက ကျွန်မတို့ အီတလီနိုင်ငံ စပျစ်သီးတွေ ခူးချိန်မှာ သာယာနေတဲ့ ကောင်းကင်ရောင်လိုပဲ။ ဒါမှမဟုတ်ရင် ပွဲထိုင်မှာ သခင်မဝတ်တဲ့ ပိုးဝတ်ရုံအဖျားမှာ သီထားတဲ့ ကျောက်ပြာကလေးအတိုင်းပါပဲ. . . ဒါပေမဲ့ မြင်းရထားသမားကလေးကို ဒေါသထွက်တဲ့အခါ သူ့မျက်လုံး မြင်လိုက်ရတာ မီးတောက်နေတဲ့မီးပွင့်ကလေးတွေများ ထွက်လာသလားလို့ အောက်မေ့ရတယ်။ သူ့မျက်လုံးမြင်ရတာနဲ့ တစ်ဖက်သား တုန်လောက်ပါရဲ့ သခင်မရယ်. . ."

"နေပါဦး. . .ဒီလူက အစ်ကိုတော် လီစီးနီးယပ်အိမ်က ကျွန်တဲ့လား"

"ဟုတ်တယ် သခင်မ. . ."

"သေချာရဲ့လား မရီနာရယ်. . ."

"သူပြောတာပဲ သခင်မရဲ့. . ."

မရီနာသည် ရှေ့သို့ ဆက်လက်ပြောမည်ပြုစဉ် မိန်းကလေးတစ်ယောက်ဝင်လာ၍ ဓားသိုင်းဆရာကြီး ဟာစ်ပီးယပ်သည် ဗလေရီယာအား ဓားသိုင်းအတတ် သင်ခန်းစာများကို ပေးရန် ရောက်ရှိလာ၍ ညှဲ့ခန်းတွင် စောင့်ဆိုင်းလျက် ရှိကြောင်းပြောကြားလာသဖြင့် စကားလက်စကို ဖြတ်လိုက်ရလေ၏။

ဟာစ်ပီးယပ်ကား ဂလက်ဒီယေတာတို့၏ ခေါင်းဆောင်ဖြစ်သည့်ပြင် ဓားသိုင်းဆရာတစ်ယောက်လည်းဖြစ်ပေ၏။ ထိုအခါက မင်းညီမင်းသားများ မင်းသမီးများသာမက သူဌေးသမီး လူကုံထံသမီးများပါ ဓားသိုင်းဆရာကြီး ဟာစ်ပီးယပ်၏ ဓားသိုင်းလေ့ကျင့်ခန်းများကို ယူနေသော အချိန်ဖြစ်လေသည်။

ဗလေရီယာသည် တစ်စုံတစ်ရာ သော်ကမရှိသော မိန်းမတစ်ယောက်ကဲ့သို့ ကိုယ်လုံးပေါ်မှန်ထဲတွင် သူ၏ပြတ်သားသော ရုပ်ရည်ကို အမှတ်မထင် ကြည့်ရှုလျက် ရှိရာမှ လက်ပါးစေ မိန်းကလေးအား. . .

"ဒီကနေ့ သခင်မ ကောင်းကောင်းနေမကောင်းလို့ ဒီကနေ့အတွက် ဓားသိုင်း သင်ခန်းစာမယူတော့ဘူးလို့ ပြောလိုက်ပါ သူငယ်မရယ်. . ."

"ကောင်းပါပြီ သခင်မ ပြောလိုက်ပါမယ်. . ."


www.burmeseclassic.com

www.burmeseclassic.com

# [ ၃ ]

ဇလေရီယာ၏ အိမ်မှထွက်ခဲ့ပြီးနောက် မရီနာ၏ ချစ်ခင်ခြင်း၊ ဇလေရီယာ၏ အံ့သြခြင်းတို့ကို တစ်ဖက်သတ်ခံရသော အက်စကာသည် အလွန်ရှုပ်ထွေး စည်ကားလှသော ရောမမြို့လမ်းမများပေါ်သို့ ရောက်၍နေ၏။ ထိုနေရာမှာ ရုံး၏ပတ်ဝန်းကျင်၌ ရှိ၍ ပိုမိုစည်ကားလေသည်။ အချိန်မှာ အလုပ်ပြီးချိန်ဖြစ်ရကား ဈေးများအတွင်းမှ ဈေးရောင်းသူများ၊ ဈေးဝယ်သူများ၊ အကြောင်းမဲ့ လူသွားလူလာကို ကြည့်ရှုနေသူများသည် သိုးများကို ခြံအတွင်းမှ စုပြုံလွှတ်လိုက်ဘိသကဲ့သို့ ရှိတော့၏။ ရောမမြို့တစ်မြို့လုံးမှာ ညစာအတွက် ပြန်ချိန်ဖြစ်သဖြင့် လူမျိုးပေါင်းစုံ ကျွန်များသည်လည်း မိမိတို့ အလုပ်ဝတ္တရားများရှိရာသို့ သူ့ထက်ငါ တိုးဝှေ့သွားရောက်လျက် ရှိကြရကား လမ်းမကြီးတစ်ခုလုံးမှာ ရှုပ်ရှက်ခတ်၍ နေ၏။ နိုင်ငံခြားမှ အလည်အပတ် လာရောက်ကြသူများသည်လည်း ပင်လယ်လှိုင်းတမျှ အိခနဲ အိခနဲ လိမ့်၍ လာသော လူအုပ်ကြီးအား ငေးမောကြည့်ရှုကာ ရှိနေကြလေသည်။

ဤသို့ အဆက်မပြတ်သော လူအုပ်ကြီးသည် လှိုင်းလုံးကြီးများကဲ့သို့ တစ်ဖက်မှ တစ်ဖက်သို့ ရိုက်ခတ်လျက်ရှိစဉ် အသွားအလာသည် ရုတ်တရက် ရပ်တန့်သွားသဖြင့် ခရီးသွားနှင့် ကြည့်ရှုသူများသည် အံ့အားသင့်သွားကြလေသည်။ ရပ်တန့်ရခြင်း၏ အကြောင်းရင်းကား ဤသို့ပေတည်း။ ကျောက်ဖြူတုံးများကို တင်လာသော နွားပေါင်းများစွာ [illegible]၏ ဝန်တင်လှည်းကြီးတစ်စီးသည် မျက်နှာချင်းဆိုင်မှလာသော မြင်း[illegible]၏ ရထားဖြင့် ငြိလျက်ရှိလေရာ အခြား လူကြီးလူကောင်းတစ်ယောက် စီးလ[illegible]သော ထမ်းစင်မှာ ရှေ့သို့ တက်မသွားနိုင်ဘဲ ရပ်၍နေရသဖြင့် အပြင်းအထန် စကားများလျက်ရှိလေ၏။

အိမ်သို့ ပြန်ရောက်ရန် အရင်မလိုသေးသဖြင့် လျှောက်မိရောက်ရာ လှည့်ပတ်နေသော အက်စကာသည် ဇလုံးဇထွေးဖြစ်နေသော လူအုပ်နှင့်ဆူညံသံများကိုကြားရသဖြင့် လူအုပ်ကြီးရှေ့သို့ ရောက်အောင် တိုးဝှေ့ကာ စကားများ



www.burmeseclassic.com

www.burmeseclassic.com


နေသူများအား ကြည့်ရှုလျက်ရှိလေ၏။ သို့ရှိစဉ် သူ၏ ပခုံးကို နောက်မှနေ၍ ခပ်ကြမ်းကြမ်းအုပ်၍ ကိုင်လိုက်သည်ကို သိလိုက်ရသဖြင့် ဖျတ်ခနဲ လက်သီးကို ဆုပ်ကိုင်ပြီးလျှင် လက်တုန့်ပြန်မည် ပြုလေ၏။

ထိုခဏ၌ ခွန်အားဗလကြီးမားသော လက်ကြီးတစ်ဖက်သည် သူ၏ ကိုယ်ကျပ်အင်္ကျီကို နောက်မှဆုပ်၍ ဆွဲလိုက်ပြီးနောက် သူ၏နားနားသို့ ကပ်လျက်. . . "ဖြည်းဖြည်းကွယ့် သူငယ်. . .ဖြည်းဖြည်း. . .မင်း အရူးမဟုတ်ရင် ဆီဇာရဲ့ ပုလိပ်တွေကို လက်တုံ့ပြန်မယ် မကြံနဲ့နော် ကြားလား"

ဟု တိုးတိုးသက်သာ ပြောလိုက်သံကို ကြားလိုက်ရသည်။

စကားပြောသူမှာ ခွန်အားဗလနှင့် ပြည့်စုံဟန်တူ၍ ကိုယ်လုံးကိုယ်ပေါက်မှာ အလယ်အလတ်လောက် ဖြစ်သော်လည်း ရင်အုပ်ကြီးမှာ လွန်စွာကျယ်ပြန့်လျက်ရှိလေသည်။ ထိုသူသည် အက်စကာ၏ ကိုယ်ကို သူ၏ လက်များဖြင့် တင်းကြပ်ခိုင်မာစွာ ဆုပ်ကိုင်ထားလေရာ သူပြောသည့်အတိုင်းလည်း မှန်ကြောင်းတွေ့ရလေသည်။ အဘယ်ကြောင့်ဆိုသော် ပုလိပ်သားများသည် ဆီဇာ(ရုရှားပြည်တွင် ဘုရင်ကို 'ဇာ'ဟု ခေါ်သကဲ့သို့ အီတလီပြည်တွင် ဘုရင်ကို 'ဆီဇာ'ဟု ခေါ်သည်) ဘုရင်အတွက် လမ်းရှင်းလာသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။

ဗီတီးလီယပ် ဘုရင်ကြီးသည် သေသောက်ကျူးသော အဘိုးကြီးတစ်ယောက်ကဲ့သို့ မခိုင်မြဲသော ခြေလှမ်းများဖြင့် လှမ်း၍ လာ၏။ မျက်နှာမှာ ဖြူဖတ်ဖြူရော်ဖြစ်၍ နေပြီးလျှင် ပျော့အိလျက်ရှိ၏။ မျက်လုံးများမှာ မှိုင်းမှုန်ရီဝေလျက် ရှိသော်လည်း တစ်ခါတစ်ရံ ဝင်းခနဲ လက်ခနဲ အရောင်ထွက်၍ သွားသည်ကို မြင်ရသဖြင့် ရုတ်တရက် ဉာဏ်ရှိခြင်း၏ သွင်ပြင်ကိုဆောင်လျက်ရှိ၏။ သူသည် အထွတ်အထိပ်သို့ မရောက်မီကပင် ဘုရင်သုံးပါးအနက် အကျော်ကြားဆုံးဖြစ်ခဲ့လေသည်။ လွတ်ငြိမ်းခွင့်ရပြီးသော ကျွန်နှစ်ယောက်က သူ့အားဖေးမတွဲယူကာ အစောင့်အရှောက်ဟူ၍ ပုလိပ်လေးယောက်နှင့် ကျွန်သုံးယောက်သာ နောက်မှ ပါရှိလေသည်။ ဆီဇာဘုရင်ကား ညစာမစားမီ စားသောက်၍ ကောင်းစေရန် ကျန်းမာရေးအလို့ငှာ လမ်းလျှောက်လာခြင်းဖြစ်လေသည်။

အက်စကာ၏ လက်မောင်းကို ကိုင်၍ခေါ်လာသော မိတ်ဆွေသစ်က သူ့အား ဆက်လက်၍ စကားပြောပြန်လေသည်။

"ဒီမှာ. . .သူ့ကို ကြည့်စမ်း. . .မောင်ရင် ဘုရင်မဖြစ်တာ ကံကောင်းတယ်မောင်၊ ထီးနန်းတက်ရတဲ့လူဆိုတာ ရုပ်တစ်မျိုးမောင်ရဲ့၊ သူ့ခေါင်းက သရဖူဆောင်းတဲ့ခေါင်း၊ အင်း. . .အခုတော့ အရွယ်က နှောင်းနေပြီလို့ အသား


www.burmeseclassic.com

www.burmeseclassic.com



အရေတွေလည်း ပျော့ပျောင်းကုန်ပြီ၊ အရင်ကတော့ မြင်းရထားပြိုင်ပွဲမှာလည်း သူပါတာပဲ. . .ဓားနဲ့ ဒိုင်းကိုင်ပြီးတိုက်တဲ့နေရာမှာလည်း သူကျင်လည်တာပဲ၊ သောက်တဲ့နေရာမှာတော့ မပြောနဲ့တော့. . .ဒီဟာတော့ ခုထက်ထိ မဖြတ်သေးဘူး သောက်တုန်းပဲ၊ သူအချိန်အရွယ်ရှိတုန်းကတော့ ရောမဘုရင်နီရိုကိုတောင် သူဘာကြောက်လိမ့်မလဲ မောင်. . .သူ့လိုဆီဇာမျိုးတော့ ရောမနိုင်ငံမှာ အရင်ကလည်းမရှိဘူး. . .နောက်ရှိမှာလည်း မဟုတ်ဘူး၊ ပြီးတော့. . .သူက ကျုပ်တို့အလုပ်မှာ အင်မတန်ဝါသနာပါတဲ့လူ မောင်ရဲ့. . ."

"ခင်ဗျားတို့ အလုပ်ဆိုတာက ဘာအလုပ်လဲ. . ."

"ကျုပ်တို့အလုပ်ဟာ ဂလက်ဒီယေတာ အလုပ်ပေါ့ဗျာ. . .ပြောရမှာ ရှက်တော့ပါဘူး၊ ဂလက်ဒီယေတာ လက်ဟောင်းကြီး 'ဟာပီးနပ်'ဆိုတာ ကြားဖူးတယ် မဟုတ်လား. . .အဲဒါ ကျုပ်ပဲ. . .ဇာတိကတော့ တပ်စကင်နယ်သား ဇာတိမောင်ရဲ့၊ အခုတော့ ရောမမြို့သားတစ်ယောက်ဖြစ်နေပါပြီ၊ တိုက်တဲ့နေရာမှာတော့ ကိုယ်အလေးချိန်ချင်း တူရင် ဘယ်သူ့မှ မရှောင်ဘူး၊ မြင်းစီးပြီး တိုက်ရလား၊ ခြေကျင်တိုက်ရမလား၊ မျက်စိမှိတ်ပြီးတိုက်ရမလား၊ ဖွင့်ပြီးတိုက်ရမလား၊ လက်နက်အပြည့်အစုံနဲ့ တိုက်ရမလား၊ လက်နက်တစ်ဝက်ချင်းတိုက်ရမလား၊ မြင်းရထားထဲက တိုက်ချင်တိုက်၊ အပြင်ထွက် တိုက်ချင်တိုက်၊ လက်နက်ဆိုတာလည်း ဘယ်လိုလက်နက်မျိုးမှ မငြင်းဘူး၊ ဓားနှစ်လက်နဲ့တိုက်ရမလား၊ ဓားနဲ့ဒိုင်းတစ်ဖက်စီ ကိုင်ပြီးတိုက်ရမလား၊ ဓားနဲ့လှံတစ်ဖက်စီ ကိုင်တိုက်မလား၊ ဒါပေမဲ့ သုံးခွ ခက်ရင်းနဲ့ ပိုက်ကိုတော့ ငြင်းရလိမ့်မယ်၊ ဒီဟာကတော့ နှစ်ယောက်ချင်း ယှဉ်တိုက်တဲ့ပွဲမှာ ထုံးစံသာ ဖြစ်နေတာ၊ အင်မတန်ဘာရှားမမျှတတဲ့ နည်းပဲ မောင်ရဲ့. . .သို့သော် ပြောနေလို့ အလကားပဲ၊ ဒါထက်မောင့်ကို အရင်က ကျုပ်မြင်ဖူးတယ် ထင်တယ်၊ မောင့်ရုပ်ရည်က ဂလက်ဒီယေတာတွေကို လေ့ကျင့်ခန်းပေးတဲ့ ကျောင်းမှာနေဖူးတဲ့ လက္ခဏာပဲ"

ဟာပီးနပ်သည် အက်စကာ၏ တောင့်တင်းသန်မာလှသော လက်မောင်းအိုးကြီးများကို ကြည့်ရင်း ပြောလိုက်သဖြင့် အက်စကာက ပြန်၍ ပြုံးလိုက်လေသည်။

"နေ့စဉ် ပေါင်မုန့်စားရဖို့ပဲ မဟုတ်လား. . .ခင်ဗျားတို့အလုပ်က ရောမမြို့မှာရှိတဲ့ အခြားအလုပ်တွေထက် ယောကျ်ားပီသပါတယ်ဗျာ. . .အရီနာ (Arena (သတ်ကွင်း) အရီနာ. . .ရောမမြို့တွင် လူနှင့်လူချင်းသော်လည်းကောင်း၊ လူနှင့် တိရစ္ဆာန်သော်လည်းကောင်း ယှဉ်ပြိုင်တိုက်ခိုက်ရသောတိုက်ရုံကွင်း ကွင်းပြင်။) ပြိုင်ကွင်းထဲမှာ သေရတာထက် ပိုပြီးဆိုးရွားတာတွေ အများကြီးရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သည့်ထက်ဆိုးတဲ့ သေခြင်းများရှိသေးသလား မောင်ရယ်. . .စဉ်းစားပါဦး၊ တိုက်ပွဲတစ်ခါလုပ်ရင် လည်ပင်းက ပြတ်လို့ ပုံထားရတဲ့ ခေါင်းတွေဟာ သစ်တော့သီးတွေလိုပဲ မဟုတ်လား၊ မှူးမတ်တွေကလည်း ကျုပ်တို့ လက်မောင်းမှာရှိတဲ့ ခွန်အားတွေ၊ ကျုပ်တို့ရဲ့ ဓားသွားတွေကို အားပြုပြီး ငွေအမြောက်အမြားလောင်းကစားကြသေးတယ်၊ မောင့်ကို သူတို့က ငွေကြေး အကုန်ခံပြီး ဆင်ကလေးလောက် ခွန်အားဗလကောင်းလာအောင်၊ ကျားသစ်လို အခုန်အပျံပေါ့ပါးလာအောင် လေ့ကျင့်ပေးမယ်၊ ပေးပြီး မောင့်လက်ဝဲဘက်လက်က ဒိုင်းရှည်တစ်ခု၊ လက်ယာဘက်လက်က နှစ်ပေရှည်တဲ့ ဓားတစ်လက်နဲ့အတိုက်ခိုင်းမယ်. . .မသတ်ခင် ဆီဇာရှေ့မှာ ဦးညွှတ်ပြီးလျှင် "အရှင်မင်းမြတ်. . . ဤနေရာသို့ အသေခံရန် လာရောက်သူများက နှုတ်ခွန်းဆက်သပါသည်"လို့ အရိုအသေပြုရမယ်၊ ပြီးတော့ မောင့်ရန်သူကိုလည်း စဉ်းစားစမ်းပါဦး. . . ခြေ ခြေချင်း၊ လက် လက်ချင်း၊ မျက်လုံး မျက်လုံးချင်း၊ ဓား ဓားချင်း အကြိတ်အနယ် ထိုးရ ခုတ်ရမယ်. . .တစ်ယောက်ကို တစ်ယောက်အလစ်ကြည့် ရှောင်တန်ရှောင်၊ တိမ်းတန်တိမ်း၊ ထိုးတန်ထိုး၊ ခုတ်တန်ခုတ်နဲ့ နောက်ဆုံးမှာ ကြောင်လိုအုပ်ပြီး ရင်ဝတည့်တည့်က အရိုးကြားကို မောင့်ဓားသွားနဲ့ လှလှကြီးမိအောင် တအားထိုးနိုင်မှ ရန်သူဟာ ပက်လက်လန်ပြီး ဘိုင်းခနဲ လဲမှာပေါ့... သည့်ထက် ဆိုးတာ ဘယ်ရှိဦးမလဲ. . .ဒီဟာတွေလည်း စဉ်းစားဦးမှပေါ့"

"သူက အရင်ဦးရင်ကော ခင်ဗျာ. . ."

"ဟင် ဘယ်ပြောကောင်းမလဲ. . .ခံတဲ့နေရာမှာ မောင်က တစ်လက်မလောက်ပဲ မြင့်သွားသည်ဖြစ်စေ၊ တစ်စက္ကန့်လောက်ပဲ ပြန်အခုတ်နောက်ကျသွားသည်ဖြစ်စေ၊ မောင့်ကိုယ်ထဲကို နှစ်ပေလောက် သံချွန်ဝင်သွားတာပေါ့ ဟဲ. . .ဟဲ. . .ဒါနဲ့ ဆက်ပြီးပြောလိုက်ရဦးမယ်။ အလုပ်က ကိုယ့်ကိုယ်ကိုယုံကြည်ဖို့ အရေးကြီးတာပဲ မောင်ရဲ့။ ကျုပ်ကိုယ်တိုင်တော့ အခုတင်က ပြောတာမတွေ့သေးဘူး။ တွေ့တဲ့အခါ ဘယ်လိုတွေ့ရမယ်ဆိုတာ ကျုပ်သိမှာပဲ။ လာမောင်ရယ် စကားပြောရတာ အာခြောက်လှပါတယ်။ ချောင်ကျကျ အရိပ်ကောင်းကောင်းနေရာသွားပြီး ဝိုင်အရက်ကလေးတစ်ကျိုက် နှစ်ကျိုက်လောက် သောက်ကြဦးစို့ရဲ့၊ ပြီးတော့မှ အချိန်လည်း ဖြုန်းရင်း ညနေစောင်းမှာ သံကွင်းပစ်ရယ်၊ နပန်းလုံးရယ် သွားပြီး ကစားကြသေးတာပေါ့. . ."

အက်စကာသည် ဟာပီးနပ်ခေါ်ရာသို့ လိုက်တော့မည်ဟု ကိုယ်ကို လှည့်လိုက်စဉ် သူခြံ၍ထားသော ကိုယ်ရုံပေါ်သို့ မိန်းမတစ်ယောက်၏လက်ကလေးတစ်ဖက် လာတင်သည်ကို သတိပြုလိုက်မိ၏။ သို့နှင့် ပြန်၍ လှည့်ကြည့်လိုက်ရာ ဗလေရီယာ၏အထိန်းတော်မရီနာနှင့်မျက်နှာချင်းဆိုင်၍နေလေသည်။

www.burmeseclassic.com


"သင့်ကို ကျွန်ုပ်တို့ရဲ့ သခင်မက ချက်ချင်းတွေ့ချင်တို့တဲ့၊ လာလေ မြန်မြန်၊ သူ ကြာကြာစောင့်မနေနိုင်ပါဘူး . . ."

မရိနှာသည် ကန့်လန့်ကာများ ကာ၍ထားသော 'ဝေါ' (ထမ်းစင်)တစ်ခုကို ညွှန်ပြလေ၏။ ထမ်းစင်မှာ အရုပ်အမောင်းမြင့်မားသော ကျွန်(၄)ယောက်က ထမ်းလျက်ရပ်နေရာ လူသွားလူလာများကိုပင် ပိတ်ဆို့လျက်ရှိလေသည်။

အက်စကာသည် မရိနှာနောက်သို့ လိုက်သွားရာ ထမ်းစင်အပေါ်က်ရှိ ကန့်လန့်ကာ အကြားမှ ဖြူဖွေးသော လက်ကလေးတစ်ဖက် ပြူထွက်လာပြီး လျှင် ကန့်လန့်ကာကို အတန်ငယ်လှစ်၍ ကြည့်ပြီးနောက် တစ်ဖန်ပျောက်ကွယ်၍ သွားသည်ကို မြင်လိုက်ရလေ၏။ ထိုအခါ၌ကား အက်စကာသည် ထမ်းစင်နှင့် နီးကပ်လျက်ရှိပြီဖြစ်ရာ ကန့်လန့်ကာသည် ပွင့်၍သွားသည်နှင့်တစ်ပြိုင်နက် အက်စကာက အရိုအသေပြုလိုက်လေသည်။

ဗလေရီယာက ကြည်လင် အေးမြသော အသံဖြင့် . . .

"ဒီကနေ့ မနက် လီစီးနီးယပ်ဆီက ငွေပန်းခြင်းကလေးကို လာပို့တာ သင်ပဲလို့ မရိနှာကပြောလို့ သိတယ်။ ကျွန်ုပ်ရဲ့ အစ်ကိုတော် လီစီးနီးယပ်ကို ကျေးဇူးတင်စကား ပြန်ပြောလိုက်ဖို့ သင်ဘာဖြစ်လို့ စောင့်မနေတာလဲ. . ."

"သခင်မကသာ ဒီလိုစောင့်ပြီး နေစေချင်မှန်းသိရင် အခုအချိန်ထိ ကျွန်ုပ်စောင့်နေပါတယ်. . ."

"မရိနှာဟာ ဒီလောက်များတဲ့ လူအုပ်ကြီးထဲမှာ သင့်ကို ချက်ချင်း မှတ်မိတာပဲ၊ တကယ်ပါ သင့်မျက်နှာနဲ့ သင့်ကိုယ်လုံးကိုယ်ပေါက်ဟာ ရောမမြို့မှာ မှားနိုင်စရာမရှိပါဘူး၊ ကျွန်ုပ်ကိုယ်တိုင်ဆိုရင်လည်း ဘယ်မှာမဆို မှတ်မိမှာပဲနော်. . .ဪ. . .ဒါထက် သင်က ကျွန်ုပ်ရဲ့ အစ်ကိုတော် လီစီးနီးယပ်ရဲ့ ကျွန်ယုံတော်ကြီးလား"

ဗလေရီယာသည် အက်စကာအား ပိုမို ကြည့်နိုင်ခွင့်ရရန် စကားကို အချိန်ဆွဲ၍ ပြောလိုက်ခြင်းဖြစ်သည်။

"မှန်ပါတယ် သခင်မ၊ လီစီးနီးယပ်အတွက် ကျွန်ုပ်ရဲ့အသက်ကို ဆးနိုင်ပါတယ်"

(တိုး၍ ရွှင်မျလျက်) "သင့်ကြည့်ရတာ ဆွေကောင်းမျိုးကောင်းထဲကနဲ့ တူတယ်။ ဒီဘဝကို ဘယ်လိုရောက်လာသလဲဆိုတာ ပြောစမ်းပါဦး၊ လီစီးနီးယပ်ဟာ သူ့အိမ်မှာ သင်ရှိတဲ့အကြောင်း တစ်ခါမှ မပြောဖူးဘူး၊ သင့်နာမည် သောင် မသိရဘူး၊ သင့်နာမည်က ဘယ်သူတဲ့လဲ. . ."

(ဂုဏ်ယူလျက်ပင် ရှိသည့်ဟန်ဖြင့်) "အက်စကာလို့ ခေါ်ပါတယ်"

"အက်စကာတဲ့ဟုတ်လား. . .နေပါဦး အက်စကာဆိုတာ ကျွန်ုပ်


www.burmeseclassic.com

www.burmeseclassic.com



တို့ ယက်တင်နာမည်လည်း မဟုတ်ပါဘူး။ သင်က ဘယ်သူလဲ၊ ဘာလူမျိုးလဲ. . . "

ထိုအခါ အက်စကာသည် မျက်နှာကို အောက်သို့ချကာ အတန်ငယ် စိတ်မကောင်းဖြစ်သွားသည့်ဟန်ဖြင့် . . .

"ကျွန်ုပ်ရဲ့ နိုင်ငံမှာတော့ မင်းသားတစ်ပါးပါပဲ၊ လူပါစ်သောင်းကို အုပ်ချုပ်ရတဲ့ ခစ်ဗိုလ်ဖြစ်တယ်။ ဒါပေမဲ့ ဒီရောမမှာတော့ နိုင်ငံခြားသား ကျွန်တစ်ယောက်ပါပဲ. . ."

"ကောင်းပါပြီ၊ သိရတာ ဝမ်းသာပါတယ်. . ."

ဗလေရီယာသည် သူတို့လူမျိုး ထုံးစံအတိုင်း သူ၏လက်ကလေးကို အက်စကာအား နမ်းရှုပ်ရန်ပေးလေ၏။

ပေါ်(တမ်းခင်) ထွက်သွားသောအခါ အက်စကာသည် ဗလေရီယာနှင့် အခက်မသင့် တွေ့လိုက်ရသည့်အကြောင်းကိုလည်းကောင်း၊ မိမိအပေါ်တွင် အထူးဆော်ရွှေသော အထိန်းတော်မရီနာကိုလည်းကောင်း၊ မိမိ၏ ရှေးဟောင်း နောင်ဖြစ်များကိုလည်းကောင်း စဉ်းစားကာ တွေဝေ၍ ကျန်ရစ်ခဲ့လေ၏။ သို့ရှိစဉ် ဟာပီးနပ်သည် သူ၏ ကြီးမားလေးလံသော လက်ကြီးဖြင့် ဟက်ဖက် ခေါက်ရယ်အလျှော် ရှိလေသည်။

"ဟဲ. . .ဟဲ. . .ဟဲ ဘယ့်နှယ်လဲ မိတ်ဆွေ၊ အမှုကတော့ အမှုမှန်ပဲ၊ ကျွန်ုပ်သိပါတယ်. . .ကျွန်ုပ်မြင်ပါတယ်၊ အနိုင်ရတဲ့ စစ်ဗိုလ်ကြီးလောင်းလာက် ပြောတဲ့ စကားလိုပဲ မဟုတ်လား. . . ဒီဟာတွေကို ကျွန်ုပ်အခါတစ်ရာ သိပါတယ်၊ ဒီဟာ မောင်တို့ ကျွန်ုပ်တို့လို လားခါးခမ်းမှာ ကြွက်သားကောင်းကောင်း ရှိတဲ့လူတွေမို့ မဟုတ်လား၊ သူငယ်မ,ကတော့ မောင့်ကို ဂလက်ဒီယေတာတစ်ယောက်ထင်သွားပြီ၊ သူတို့မှာ အခုနေအခါမှာ ဂလက်ဒီယေတာက လွဲရင် ဘာမှ ဂရုမစိုက်ဘူး နားလည်လား. . ."

သို့နှင့် သူတို့သည် အရိုင်အာဘါသကောင်းသော နေရာသို့ ရောက်လာကြလျက် ပျော်ပွဲစားရုံတစ်ရုံသို့ ရောက်သွားသောအခါ ဟာပီးနပ်သည် အက်စကာအား ဝိုင်အရက်များဖြင့် ဧည့်ခံ၍ ဂုဏ်ပြုသဖြင့် အက်စကာသည် မငြင်းပယ်နိုင်တော့ချေ။

ထိုနောက် ကစားရုံသို့ ရောက်သွားပြီးလျှင် ကစားနည်းမျိုးစုံ ကစားကြလေရာ အက်စကာသည် သံကွင်းပစ်ရာ၌လည်းကောင်း၊ နပန်းလုံးရာ၌လည်းကောင်း၊ လုံထိုး၌လည်းကောင်း၊ ဓားသိုင်း၌လည်းကောင်း၊ မိမိတစ်ယောက်ပင် ဖြစ်သော်လည်း အလေ့အကျင့်ရပြီးသူများနှင့်ပင် ယှဉ်ပြိုင်နိုင်သဖြင့် လူအများချီးမွမ်းခြင်းကို ခံရ၏။



www.burmeseclassic.com

www.burmeseclassic.com




နောက်ဆုံး၌ ဟာပီးနုပ်သည် ဩဇာကောင်းဟန်ရှိသော သူ၏လေသံကို အတန်ငယ်လျှော့လျက် . . .

"ကိုင်း . . .မိတ်ဆွေ ကျွန်ုပ်တို့အထဲသာ ဝင်ပေတော့။ မောင့်ကို ကြည့်ရတာ ပင်ကိုဇာတိက ပါလာတဲ့ ဓားသိုင်းသမားတစ်ယောက်လိုပါပဲ။ ဓားသိုင်းဆရာကြီး ဟစ်ပီးယပ်က သင်ကြားပေးပါလိမ့်မယ်။ တစ်ပတ်လောက် သင်လိုက်ရရင် တောင်ကောင်းကောင်းကြီးတတ်ပါတယ်။ ရောမမှာ အကောင်းဆုံးဆိုတဲ့ ဓားသမားကို မောင်ခံနိုင်ပါတယ်၊ ကျွန်ုပ်ကိုယ်တိုင်လည်း မောင့်ကို ဂရုစိုက်မှာပဲ။ စားဖို့သောက်ဖို့ လေ့ကျင့်ခန်းယူဖို့ တာဝန်တွေတော့ ကျုပ်တာဝန်ထားလိုက်ပေတော့။ စိတ်မပျက်နဲ့ မောင် သင်ဖြစ်အောင် သင်ပါ။ တစ်ခါနှစ်ခါ မောင်အနိုင်ရလိုက်ရင် မောင်ရဲ့ ကျွန်ဘဝက ကောင်းကောင်းကြီးလွတ်နိုင်တယ်။ စိတ်ကို ဒုံးဒုံးချပြီးရင် ဟောဒီက မြင်ရတဲ့ လေ့ကျင့်ခန်းပေးတဲ့ ကျောင်းကိုသာ လာခဲ့။ ဟိုရောက်ရင် ကျွန်ုပ်နာမည် 'ဟာပီးနုပ်'လို့သာ မေးပေတော့"

"ကောင်းပါပြီ"

"ကိုင်း . . .အခုတော့ လူချင်းခွဲကြဦးစို့၊ မကြာခင် တွေ့ကြဦးမှာပဲ"

. . .



www.burmeseclassic.com

www.burmeseclassic.com

# [ ၄ ]

အက်စကာနှင့် ဟာပီးနပ်တို့ လမ်းခွဲလာခဲ့သော အချိန်မှာ အတော် ပင်မှောင်၍ နေလေပြီ။ ယခင် ညနေပိုင်းက အလုပ်သမားများ၊ လမ်းလျှောက်သူများ၊ ရေချိုးခန်းသို့ သွားသူများ၊ ကျွန်များဖြင့် ပြည့်လျက်ရှိသော လမ်းမကြီးများမှာ ထိုအချိန်၌မူ လူသွားလူလာပါးလျက် ရှိနေလေပြီ။

အက်စကာသည် လမ်းမကျယ်ကြီးမှ အိမ်ဘက်သို့ အပြန်၌ အတော်အတန်ကျဉ်းမြောင်းသော လမ်းကလေးတစ်ခုသို့ ရောက်လာခဲ့ရာ လမ်းကွေ့ထောင့်တစ်ခု၏ အခြားဘက်မှ လင်ကွင်းသံများ၊ ဟစ်အော်သံများ၊ ဗုံသံများကို ကြားရပြီးနောက် ထိုအသံများသည် တဖြည်းဖြည်းနီးကပ်လာလျက် မကြာမီ လှည့်၍လာသော လူအုပ်ကြီးကို မြင်ရလေ၏။ ထိုနေ့မှာ ရောမတို့ ကိုးကွယ်သည့် 'အိုင်ဆစ်'မယ်တော်ကြီးအား သူ၏နတ်ကွန်းမှ ပင့်ဆောင်ကာ မြို့တွင်းသို့ နှစ်စဉ်လှည့်လည်သော ပွဲတော်နေ့ဖြစ်၍ လူအုပ်ကြီးမှာလည်း လှည့်လည်သော ထိုအခမ်းအနားတွင် ပါလာသူများဖြစ်ကြလေသည်။ မယ်တော်ကြီးနတ်ကွန်းအနီးတွင် ဝိုင်းရံလျက် ဝတ်ရုံဖြူကြီးများ ဝတ်ထားသည့် ဘုန်းကြီးများပါလာရာ နောက်မှ တီးမှုတ်သူများ လိုက်ပါလာ၏။ရှေ့ဆုံးမှ လူများသည် မီးတုတ်များကို ကိုင်ဆောင်လာကြကုန်လျက် အချို့မြို့သူ မြို့သားများမှာ ကလေးလူကြီးမကျန် နံဘေးမှ စုရုံးလိုက်ပါလာကြလေသည်။

အက်စကာသည် လှည့်လည်သော အစီအစဉ်ကို လူအုပ်ကြီးနောက်မှ ကြည့်ရှုနေရာ ကျွန်လေးယောက်ထမ်း၍လာသော ဗလေရီယာ၏ ထမ်းစင်ကို လှမ်း၍မြင်ရ၏။ ထမ်းစင်မှာ လူအုပ်အလယ်တွင် ရောက်နေသဖြင့် ရေစီးသန်သော ချောင်း၌ လိမ့်၍လာသော ရေလုံးကြီးများအကြားတွင် ပါလာသော ဒိုက်သရောသဖွယ် ရှိနေ၏။

သို့ရှိစဉ် လှည့်၍လာသော လူအုပ်သည် ရှေ့ဆီမှ အဆီးများကြောင့် ရုတ်တရက် ရပ်တန့်သွားလေ၏။ အက်စကာသည် ထိုနေရာသို့ ရောက်သွားရာ


www.burmeseclassic.com

www.burmeseclassic.com



ဆူညံလျက်ရှိသော လူထုကြားမှ စူးရှစွာ ဟစ်အော်လိုက်သည့် မိန်းမသံတစ်သံကို ကြားရသဖြင့် ရှေ့သို့တိုး၍သွားပြန်ရာ အလွန်ဝ၍ ဝတ်ရုံဖြူကြီးကို ဝတ်၍ထားသော ဘုန်းကြီးတစ်ပါးသည် မိန်းမတစ်ယောက်အား အတင်းချုပ်နှောင်ဖမ်းဆီးလျက်ရှိနေသည်ကို မြင်ရလေသည်။ မိန်းကလေး၏ မျက်နှာကို မမြင်ရသော်လည်း ၎င်းမှာ ယော်ရွယ်နုပျိုဟန်ရှိ၍ ကိုယ်ရုံအနက်ကို ဝတ်ထားပြီးလျှင် မျက်နှာကိုလည်း ထူထပ်စွာ ဖုံးအုပ်ထား၏။ ဘုန်းကြီး၏ပတ်ဝန်းကျင်ရှိလူတစ်စုသည် အရက်၏ အရှိန်ဖြင့် "ဒီမိန်းမ လူရိုင်းမ၊ စပိန်သူမ၊ ပါရှန်မ၊ ရဟူဒီမ" စသည်ဖြင့် မိမိတို့ထင်မြင်ရာ ဟစ်အော်လျက် ဆူညံစွာ ရှိနေကြကုန်၏။

အက်စကာသည် လူအုပ်ကြီးကို တိုးဝှေ့ဖယ်ရှားကာ မိန်းကလေးရှိရာသို့ သွားလေ၏။ ထိုနောက် ဘုန်းကြီး၏ ပခုံးတစ်ဖက်ကို ခပ်နာနာညှစ်၍ ကိုင်လိုက်ပြီးလျှင် အသာတကြည်လွှတ်လိုက်ရန် တောင်းပန်လေသည်။ ဝတ်ရုံဖြူကြီးကို ဝတ်ထားသူကား အိုင်ဆစ်နတ်ကွန်းစောင့် ဆရာတော်ဘုန်းကြီး 'စပါဒို'ပင်ဖြစ်၏။ စပါဒိုသည် တစ်စုံတစ်ရာပြန်၍ မပြောသော်လည်း အက်စကာအား ပြောင်လှောင်သည့်ဟန်ဖြင့် ပြုံးရယ်လိုက်လေသည်။ သို့သော် သူ၏ ပြုံးရယ်ခြင်းကား ဝမ်းမြောက်၍ ပြုံးသော အပြုံးမျိုးမဟုတ်ဘဲ ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင်ကို ဆောင်သည့်အပြုံးဖြစ်လေသည်။ ဗလေရီယာသည်လည်း ရုတ်ရုတ်သဲသဲ အသံများကြားရသည်နှင့် အက်စကာကဲ့သို့ပင် သိလိုဇောနှင့် ရှေ့သို့ တိုး၍လာခဲ့၏။

(ကာ)"မိန်းကလေးကို လွှတ်လိုက်ပါလေ၊ သွားပါစေ"

(ဒို)"ဘာပြောတယ်ကွယ့်၊ ငါကလွှတ်ရမယ်ဟုတ်စ . . .ဟဲ. . .ဟဲ"

(ကာ) "သွားပါစေဆိုတာ မကြားဘူးလား. . .ဟင်"

ဤသို့ပြောဆိုရင်း ဘုန်းကြီး၏ ပခုံးကို ဆုပ်ထားသော အက်စကာ၏ လက်သည် အမဲသားကို ပြုတ်တူဖြင့် ညှပ်သကဲ့သို့ စပါဒို၏ အသားထဲသို့ နစ်မြုပ်ဝင်သွားသဖြင့် စပါဒိုလည်း မိန်းကလေးကို လွှတ်လိုက်ရလေ၏။ ထိုခဏ၌ အဝတ်နက်ဝတ်ထားသော မိန်းကလေးသည် အက်စကာအနီးသို့ရောက်လာကာ တဆတ်ဆတ်တုန်လျက်ရှိလေသည်။

သို့သော် စပါဒိုသည် ငြိမ်၍မနေဘဲ "ကယ်ကြပါဗျို့. . .ကယ်ကြပါ။ ခင်ဗျားတို့ ဘုန်းကြီးလက်ထဲက နတ်သမီးတစ်ယောက် လွတ်ထွက်သွားတာ ဒီလိုပဲ ကြည့်နေကြတော့မှာလား. . .ဟင် ရိုက်ကြ. . .ရိုက်ကြ. . .ဒီအကောင်ဝိုင်းကြ"ဟု အော်ဟစ်လေ၏။

ထိုအချိန်၌ ဘုန်းကြီးများသည် သွေးငတ်၍နေသော ဝံပုလွေများကဲ့သို့ ပြူးကြောင် ကြောက်မက်ဖွယ်ကောင်းသည့် မျက်လုံးများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အက်စကာအား ဝိုင်းရံလျက် ရှိကြကုန်၏။ စပါဒိုသည် ဤအချင်းအရာကို မြင်လတ်သော် ယခင်ကထက် အားတက်လျက် အက်စကာအား ရိုက်နှက်လေတော့၏။ သို့သော် အက်စကာသည် ရိုက်သူထက် လျင်မြန်လေသည်။ မိန်းမကလေးအား ကိုယ်နှင့်ကွယ်၍ တားလိုက်ပြီးလျှင် သူသည် ကျားသစ် တစ်ကောင်၏ ပေါ့ပါးလျင်မြန်ခြင်းဖြင့် ကိုယ်ကိုအတန်ငယ်ညွတ်၍အားယူလိုက်ပြီးနောက် သူ၏ညာဘက်လက်သီးကို လွှတ်လေ၏။ သန်မာတောင့်တင်းသော လက်မောင်းမှ လက်သီးဆုပ်သည် သားရေပတ်ဖြင့် ပစ်လိုက်သော လောက်လေးကဲ့သို့ စပါဒို၏မျက်နှာကို လုလုကြီးမိ၍သွားရကား ပါးပြင်ပေါ်တွင်ဓားနှင့်ခွဲလိုက်သကဲ့သို့ ကွဲ၍သွားသောဒဏ်ရာကြီးဖြင့် မြေပေါ်သို့ ပြင်းထန်စွာ လဲကျသွားလေသည်။

ထိုအခါ အထက်ပါအဖြစ်အပျက်များကို ကြည့်နေသော ဗလေရီယာက

"လက်သီးတစ်ချက်ကဖြင့် ကောင်းကောင်းကြီးမိသွားတာပဲဟေ့၊ ကြည့်စမ်း ဘုန်းကြီးကြီးဟာ နွားတစ်ကောင်ကို ရိုက်လှဲလိုက်သလို လဲသွားတယ်"

ဟုတစ်ကိုယ်တည်း ပြောမိ၏။

စပါဒိုသည် မြေပေါ်တွင်လိမ့်ကာ ညည်းညူလျက်ရှိလေသည်။

ကယ်ဆယ်ခြင်းခံရသော မိန်းကလေးသည် အက်စကာအား တွယ်ကပ်လျက်ရှိလေရာ ထိုအချိန်မှစ၍ ဝိုင်းဝန်းလာသော ဘုန်းကြီးများသည် သူ၏အနီးသို့ မကပ်ဝံ့ဘဲ ရှိလေ၏။ သို့ရှိစဉ် အက်စကာသည် မိန်းကလေးအား ပွေ့ချီဆွဲယူကာ လူအုပ်ကြားမှ ထွက်သွားလေ၏။ လူအုပ်၏ အပြင်သို့ ရောက်သောအခါ အက်စကာသည် မိန်းကလေးအား ယုယကြင်နာစွာ ငုံ့ကြည့်နေသည်ကို ဗလေရီယာသည် နောက်ဆုံးလှမ်း၍ မြင်လိုက်ရလေသည်။

ထိုအချိန်၌ ဗလေရီယာ၏ စိတ်ထဲတွင် ဟာခနဲ ဖြစ်သွားပြီးနောက်၊ လွတ်လပ်လျက်ရှိသော မိမိ၏ အသည်းဆိုင်သည် မေတ္တာရည်ဖြင့် ပြည့်ကာ စိမ့်၍အေးသွားသကဲ့သို့ မှတ်ထင်ရလေ၏။ သူသည် မျက်စိအောက်မှ အက်စကာနှင့် မိန်းကလေးပျောက်ကွယ်သွားသည်အထိ ကြည့်ရှုလျက်ရှိရာ သူ၏မျက်နှာတွင် ယခင်က တစ်သက်နှင့်တစ်ကိုယ်မဖြစ်ခဲ့ဖူးသော အချစ်၏အရိပ်အယောင်များသည် ဝင်းခနဲ လက်ခနဲ သန်း၍ သွားလေသည်။

သန်မာသော လက်ရုံးအောက်၌ ပါလာသော မိန်းကလေးသည် သတိမရတစ်ချက် ရတစ်ချက်ရှိခဲ့ရာမှ ကောင်းစွာ သတိရ၍လာခဲ့လေ၏။ ထိုအခါ သူသည် မိမိအား ကယ်ဆယ်သူအက်စကာ၏ မျက်နှာကို ကျေးဇူးတင်



www.burmeseclassic.com

www.burmeseclassic.com


သော မျက်လုံးများဖြင့် ကြည့်ရှုလျက်ရှိလေသည်။ ထိုနောက်ချိုအေးသာယာ လှသော အသံကလေးဖြင့်. . .

"ကျွန်မ ရှင့်ကို ယုံကြည်ပါပြီရှင်၊ အိမ်ကိုသာ ကျွန်မကို လိုက်ပို့ပါ တော့. . ."

"အိမ်အရောက် လိုက်ပို့ပါ့မယ်ခင်ဗျာ၊ စိတ်ချပါ. . ."

သို့နှင့် အက်စကာသည် မိန်းကလေးအား ယုယစောင့်ရှောက်ကာ မြစ်ဘက်သို့ လျှောက်လာခဲ့ကြရာ မိန်းကလေး၏ ဖခင်ရဟူဒီလူမျိုး၊ အလီဇာ ၏ အိမ်သို့ ရောက်ခဲ့လေ၏။ ထိုအချိန်၌ အိမ်တွင် အလီဇာ၏ အစ်ကို "ကား လချုပ်" ရှိနေ၍ မာရီယမ်နီက မိမိအား မည်သို့မည်ပုံဘုန်းကြီးများလက်တွင်း မှ ကယ်ယူခဲ့ကြောင်း အလုံးစုံပြန်ပြောသောအခါ ရဟူဒီညီအစ်ကို နှစ်ယောက် တို့မှာ အက်စကာအား ကျေးဇူးတင်၍ မဆုံးနိုင်အောင်ရှိနေကြကုန်၏။

အလီဇာသည် အက်စကာ၏ ပခုံးကို ပုတ်လျက် "ကျေးဇူးတင်လိုက် လေ မောင်ရယ်. . .ဒီကျေးဇူးက မောင့်ဆီက ငွေနဲ့ဝယ်လို့ရတဲ့ ကျေးဇူးမဟုတ် ပေဘူး။ သည်တော့ ဟောဒီလည်စည်းကလေးကို ရဟူဒီလူမျိုး အလီဇာနဲ့ သူ့သမီးမာရီယမ်နီကို မမေ့တဲ့ အထိမ်းအမှတ်အဖြစ်နဲ့ မောင့်လက်မောင်းမှာ အမြဲစည်းထားပါ. . ."

အလီဇာသည် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်သည့် လက္ခဏာဖြင့် ကျောက်စီလက်စည်းကလေးကို ပေးလေသည်။

"ပြီးတော့လည်း ကျုပ်တို့ဟာ ကိုယ်က အနာခံခဲ့ရတာကိုလည်း ဘယ်တော့မှ မမေ့ဘူး၊ ကိုယ်က ကျေးဇူးတုံ့ပြန်ဖို့လည်း ဘယ်တော့မှ မေ့တဲ့ လူမျိုးမဟုတ်ဘူး. . ."

အက်စကာ၏ မျက်နှာမှာ သွေးရောင်လွှမ်း၍ သွားလေရာ သွေး ကြောများသည် နဖူးပြင်သို့ပင်တက်၍သွား၏။ သူ၏မျက်နှာမှာ နာကျည်း ခြင်း၊ စိတ်ထွက်ခြင်း၊ မခံချင်ခြင်းတို့ဖြင့် ရောပြွမ်းလျက်ရှိလေသည်။ ထိုနောက်

"ကျွန်တော်လုပ်ခဲ့တဲ့ အလုပ်က ကျေးဇူးတင်ဖို့ရော ဆုပေးဖို့ရော မရှိပါကလားခင်ဗျာ၊ ဒီလက်စည်းကို ပြန်ယူပါ။ တခြားလူလည်း ကျွန်တော့် လို ဆောင်ရွက်နိုင်ပါတယ်. . ."

ထိုနောက် အက်စကာသည် အလီဇာပေးသော ဝိုင်အရက်ကိုပင် ငြင်း ပယ်လျက် ငင်းအစား ရေတစ်ခွက်ကို တောင်း၍သောက်၏။ ထိုအခါ၌ မာရီ ယမ်နီသည် ရေကရားတစ်လုံးကို ယူ၍ လာပြီးလျှင် အက်စကာအား ခွက်ကိုယ် တိုင် ထည့်ပေးလေသည်။ ဤအခါတွင် ဒုတိယအကြိမ်နှစ်ယောက်သား မျက် လုံးချင်းဆုံကြပြန်၏။


www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် အက်စကာသည် မာရီယမ်နီ ကိုယ်တိုင်လက်ဖြင့် ခပ်ပေးသော ရေတစ်ခွက်ကို သောက်လေရာ ထိုသောက်ရသောရေမှာ ဆိုက်ပရပ်ကျွန်းထွက် ဝိုင်အရက်ထက်ပင် ရင်ထဲ၌ အေး၍သွားသကဲ့သို့ ထင်မှတ်ရ၏။ ထိုအခိုက်အတန့်၌ သူသည် နိုင်ငံခြားသားဖြစ်၍ ကျွန်တစ်ယောက်မျှသာ ဖြစ်ကြောင်းကိုပင် မေ့လျော့၍ သွား၏။ သူ၏စိတ်ထဲ၌ကား မာရီယမ်နီ၏ တောင်းပန်နေသော မျက်လုံးများအနက်များမှတစ်ပါး အခြားမည်သည့်အရာကိုမျှ သတိမရတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

ဗြိတိန်လူမျိုး ကျွန်တစ်ယောက်ဖြစ်သော အင်္ကလော့ကို ပိုင်ဆိုင်သူ လီစီးနီးယပ်အကြောင်းကို ဤနေရာတွင် ကျွန်ုပ်တို့အကျဉ်းချုပ်မျှ ရေးသားဖော်ပြရပေအံ့။

လီစီးနီးယပ်၏ အိမ်မှာ ညစာစားချိန်ဖြစ်၏။ အိမ်ကြီးမှာ အလွန်ခမ်းနားကြီးကျယ်သော ဗိမာန်တစ်ခုဖြစ်၍ အဆင်အပြင်မှာလည်း ရိုးရိုးနှင့်အဆင်ပြေလှ၏။ အိမ်ရှေ့ပိုင်းရှိ ခန်းမဆောင်ကြီးမျက်နှာစာတွင် အထက်မှဆောင်းရစ်များ၊ တိုင်ဖုံးများဖြင့် တန်ဆာဆင်ထားသော တိုင်လုံးကြီးများရှိ၏။ ခန်းမဆောင်၏ နောက်၌ကား အခန်းငယ်တစ်ခန်းသည် မှန်စီ၍ထားသော ဆောင်တော်ကူးလမ်းကြားသို့ ပေါက်လျက်ရှိရာ အဆိုပါခန်းငယ်၏ အဝင်တွင် ကျောက်ဖြူကို ဆစ်၍ ထုလုပ်ထားသော ခွေးရုပ်က စောင့်လျက်ရှိလေသည်။ တံခါးကြီးများမှာ အရောင်တဖိတ်ဖိတ်ထွက်အောင် ပွတ်တိုက်ထားသော ကြေးဝါဖြင့် ပြီး၏။

မူလခန်းမဆောင်ကြီးရှိ ဧည့်ခံသော အခန်း၊ အလုပ်လုပ်သော အခန်းများ၌ကား နံရံများသည် သာမန်အင်္ဂတေပန်းများ မဟုတ်ဘဲ ကျောက်ဖြူနှင့်ပြုလုပ်ထား၏။ ခုံကြီးမှာ အလွန်မြင့်၍ ခမ်းနားပြီးလျှင် အပေါ်တွင် ဟင်းလင်းပွင့်နေသည့် စက်ဝိုင်းပုံအပေါက်ရှိ၍ ကောင်းကင်သို့ ထုတ်ချင်းခတ်မြင်နိုင်လေသည်။

၎င်း၏ အောက်တည့်တည့်၌ကား ရေပန်းတစ်ခုရှိ၍ ထိုရေပန်းရေအိုင်ကို ဝိုင်းရံကာ ‘မြေ’ ‘ရေ’ ‘လေ’ ‘မီး’တို့ကို အုပ်စိုးသည့် နတ်ရုပ်လေးရုပ်သားရှိ၏။ ထိုအရုပ် လေးရုပ်အပြင် ရှေးဘေးဘိုးဘီဘင်များ၏ ကိုယ်အထင်ပိုင်း ရုပ်လုံးပုံများဖြင့် ခုံမြင့်ပေါ်တွင်စီကာ အစီအစဉ်အတိုင်း ကမ္ဗည်းထိုး၍ထားလေသည်။ ထိုကျောက်ရုပ်တို့မှာ ရောမတိုင်း ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည့် ကျောက်ဆစ်သုခုမအနုပညာ၏ စံပြလက်ရာများဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



စားသောက်ခန်းကြီးမှာ အလွန်လှပစွာ ဆင်ယင်ထားလျက် အလယ်ခန်းမှ တိုးလျှိုပေါက် ပွင့်လျက်ရှိ၏။ ၎င်း၏နံရံများမှာ အင်္ဂတေမခြောက်သေးမီ ရောင်စုံခြယ်လှယ်၍ထားသော ပန်းနွယ်ပန်းခက်တို့ဖြင့် ရောမမြို့၏ စစ်ရေးစစ်ရာ သေနင်္ဂဗျူဟာကို ရုပ်လုံးဖော်ထားလေသည်။ တစ်ဖက်၌ကား . . .အလှထားသော ပန်းစည်းများနှင့် ဓားလုံလေးမြားများကို လှပစွာ ဆွဲချိတ်ထား၏။ ဗီရိုကြီးပေါ်၌ကား . . .ရွှေခွက်၊ ငွေခွက်နှင့် ကျောက်စီခွက်များကို အစီအရီထားရှိလေသည်။

ထိုည၌ကား. . .မည်သည့် ချည့်သည်ကိုမျှ ဖိတ်ကြားထားဟန်မတူချေ။ အဘယ်ကြောင့်ဆိုသော်. . .နံရံနှင့် ကပ်လျက်ရှိသော ညောင်စောင်းရှေ့တွင် စားပွဲတစ်လုံးကို ပြင်ထားလျက် ၎င်းအပေါ်၌ အိမ်တွင် အကြီးအမှူးဖြစ်သူအတွက် ငွေချိုင့် ငွေခွက်နှင့် လက်သုတ်ပဝါများကို ပြင်ထား၏။ အိမ်ရှင်လီစီးနီးယပ်ကား စကြံတွင် နေဝင်ပြီးစ လေညှင်းများကို ခံယူရင်း ယခင်ယခင်က အဖြစ်အပျက်များကို ပြန်ပြောင်းအောက်မေ့ကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိလေသည်။

လွန်ခဲ့သည့် ၂၅ နှစ်ခန့်က လီစီးနီးယပ်သည် ဗြိတိန်တွင် (အင်္ဂလန်ကျွန်း) အင်္ဂလိပ်တို့အား တိုက်ခိုက်လျက်ရှိသော ရောမစစ်တပ်တစ်တပ်ကို အုပ်ချုပ်သည့် စစ်ဗိုလ်မှူးကလေးတစ်ဦးဖြစ်ခဲ့၏။ ထိုအခါက ဗြိတိန်ကျွန်းရှိ ဗြိတိန်လူမျိုး (အင်္ဂလိပ်များမှာ) လူရိုင်းသာသာမျှ ရှိသေး၏။ ဓားလုံလေးမြားပုဆိန်များကို ကိုင်ကာ မိမိတို့ကျွန်းပေါ်သို့ တက်ရောက်လာသော ရောမတို့အား အင်တိုက်အားတိုက် ခုခံကြ၏။

ဤသို့ အင်္ဂလန်ကျွန်းတွင် လီစီးနီးယပ်သည် စစ်ဗိုလ်ဘဝဖြင့် ရှိစဉ်ဗြိတိန်ကျွန်းသူ 'ဂွင်နီဗရာ'ဆိုသူမိန်းမချောလေးကို တွေ့ပြီးလျှင် နှစ်သက်မြတ်နိုး မေတ္တာပျိုးခဲ့မိ၏။ ဂွင်နီဗရာကား သာမန်ဆင်းရဲသားတစ်ယောက်မဟုတ်ပေ။ မြင့်မြတ်သော အမျိုးအနွယ်မှ ဆင်းသက်ခဲ့၍ ယဉ်ကျေးချောမွေ့သူတစ်ယောက်ဖြစ်လေသည်။ လီစီးနီးယပ်ကား ဂွင်နီဗရာကို အသက်ပေး၍ ချစ်ခဲ့၏။ ကမ္ဘာပေါ်တွင် ဂွင်နီဗရာမှတစ်ပါး အခြားမိန်းမမရှိသလောက် ထင်မှတ်ခဲ့မိ၏။ ဂွင်နီဗရာကလည်း ထိုနည်းအတူ လီစီးနီးယပ်၏ မေတ္တာကို ဖလှယ်တုံ့ပြန်ခဲ့လေသည်။

သို့သော် . . .သူတို့၏ ဖူးစာကား ဤမျှသာ ပါခဲ့၏။ အဘယ်ကြောင့်ဆိုသော် တစ်နေ့တွင် ဗြိတိန်တို့သည် ရောမတို့အား တော်လှန်ကြရာ ဂွင်နီဗရာ၏ မိဘများသည် တော်လှန်သောင်းကျန်းသူများထဲတွင် ပါဝင်လျက် ထိုနေရာမှ အလွန်ဝေးလံသော အရပ်သို့ ပြောင်းရွှေ့သွားကြ၏။ ထိုနောက်တစ်



www.burmeseclassic.com

www.burmeseclassic.com


ဖက်နှင့်တစ်ဖက် ပြေငြိမ်းသောအခါ လီစီးနီးယပ်သည် ဝွင်နီဗရာအား ရှာ‌ေ မတွေ့တော့ချေ။

လီစီးနီးယပ်သည် ငြိမ်းချမ်းသော အချိန်၌လည်းကောင်း၊ တစ်ခါ တစ်ရံလည်း စစ်တိုက်နေစဉ်လည်းကောင်း၊ နယ်ခြားစခန်းများ၌သာ တစ်နှစ် ပြီးလျှင် တစ်နှစ် အချိန်ကုန်လွန်၍ လာခဲ့၏။ သို့နှင့်. . .နောက်ဆုံး၌ လီစီးနီး ယပ်သည် ဂွင်နီဗရာ၏ မျက်နှာကိုတစ်ကြိမ်မျှ မြင်ခွင့်ရရန် စစ်ဗိုလ်ချုပ်ဖြစ် ပြီးနောက်မှ ဗြိတိန်ကျွန်းသို့ တစ်ခေါက်ပြန်၍လာခဲ့၏။

သူမျှော်လင့်သည့်တိုင်းလည်း တွေ့ရလေသည်။ တွေ့ရပုံက သောင်း ကျန်းသော ဗြိတိန်များကို နှိမ်နင်းရာတွင် ရောမတပ်မှ တပ်ဦးကင်း တပ်က လေးတစ်တပ်သည် စုရုံးလျက်ရှိသော ဗြိတိန်တို့အား အလစ်တွင် ချောင်း မြောင်းတိုက်ခိုက်ရာ ဗြိတိန်တို့သည် ကစဉ့်ကလျား ထွက်ပြေးကြရလေသည်။ တပ်မကြီးကို ဦးစီးအုပ်ချုပ်သော လီစီးနီးယပ်သည် တပ်မကြီးနှင့်ဘက္ကု ရောက် လာကြသောအခါ အားလုံးထွက်ပြေးကြပြီဖြစ်၍ သုံ့ပန်းများကိုပင် မတွေ့ရ တော့ချေ။ အပျက်အစီးများနှင့် ကျဆုံးသူများက မြောက်မြားလှ၏။ ထိုအခါ တပ်မှူးတစ်ဦးက သူ့အနီးသို့ ချဉ်းကပ်၍. . .

"အရှင်. . .ရန်သူ၏ နယ်နိမိတ်အတွင်းတွင် တဲတစ်လုံးရှိ၍ ထိုတဲ အတွင်း၌ အလောင်းတစ်လောင်းရှိနေသောကြောင့် ကျွန်ုပ်သည် ထိုအလောင်း ကို မမြှုပ်သေးမီ ထိုတဲကို ဖျက်ဆီးရန် အမိန့်မပေးသေးပါ။ အလောင်းမှာ အလွန်နုပျိုလှပသော မိန်းမတစ်ယောက်၏ အလောင်းဖြစ်၍ မင်းသားတစ်ပါး ပါး၏ ဇနီး၊ မင်းသမီးတစ်ပါးဖြစ်ဟန်တူပါသည်။ အရှင်ကြည့်ရှုလိုက ကြည့်ရှု ပါလော့. . ."ဟု ပြောဆိုရာ လီစီးနီးယပ်က "တပ်မှူး . . . ကျွန်ုပ်အား လမ်း ပြလော့. . .အလောင်းကိုကြည့်ပြီးနောက် ကျွန်ုပ်အမိန့်ချမှတ်မည်. . ."ဟု ဆိုလေသည်။ လီစီးနီးယပ်ကား . . .ဂွင်နီဗရာအတွက် မိန်းမများကိုများစွာ အရေးပေးခဲ့ရာ ဗြိတိသျှလူမျိုးမိန်းမများကိုမူ သာ၍ပင် အရေးပေးခဲ့လေသည်။

သို့နှင့် စစ်ဗိုလ်ချုပ်လီစီးနီးယပ်သည် သူ့အရာရှိလမ်းပြသည့်အတိုင်း လိုက်ပါသွားရာ. . .သစ်ကိုင်းသစ်ခက်များ၊ မြက်ခြောက်များနှင့် ပျဉ်ချပ်အ နည်းငယ်ဖြင့် အလျင်စလို ဆောက်လုပ်ထားရဟန်တူသော တဲပျက်တစ်ခုသို့ ရောက်လာခဲ့ကြ၏။ အမိုးမှာလည်း မလုံ့တလုံ့ရှိနေ၍ ကောင်းကင်မှ နေရောင် သည် တဲအတွင်းရှိ အလောင်း၏မျက်နှာပေါ်သို့ တိုက်ရိုက်ကျရောက်လျက်ရှိ လေသည်။

တဲအတွင်း ကြမ်းပြင်ပေါ်၌ကား . . .ဖြူသော ဝတ်ရုံကို ဝတ်ဆင်၍ ထားသော မိန်းမတစ်ယောက်၏ အလောင်းရှိနေ၏။ ဦးခေါင်းနှင့် မေးကို



www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဖြူစတစ်ခုဖြင့်လည်း ရစ်ပတ်ချည်နှောင်ထားရာ အညိုရောင်ရှိသော ဆံပင်ကို ချောမွေ့သောနဖူးထက်တွင် အလယ်တည့်တည့်မှ သပ်ရပ်စွာ ခွဲထားသေး၏။ မျက်နှာကလေးသည်ကား အခြားသူမဟုတ် မိမိစွဲလန်းချစ်ခင်ခဲ့သည့် ဝွင်နီဗရာ၏ မျက်နှာဖြစ်လေသည်။

လီစီးနီးယပ်သည် ဣန္ဒြေမဆည်နိုင်ဘဲ မျက်ရည်များတဖြိုင်ဖြိုင်ကျကာ . . .သူ၏နှုတ်ခမ်းဖြင့် လူသေ၏နဖူးကို တစ်ကြိမ်မျှ ထိပြီးနောက် တဲအပြင်သို့ သွားလေ၏။ ထိုအခါမှစ၍ လီစီးနီးယပ်သည် အကောင်းကို တပ်မက်သည်ဟူ၍လည်း မရှိ၊ အဆိုးကို ကြောက်ရွံ့သည်ဟူ၍လည်း မရှိတော့ချေ။

လီစီးနီးယပ်ကား အချစ်ဘက်တွင် ကံဆိုးသလောက် စစ်ပွဲများတွင် ကုသိုလ်ကံကောင်းလှပေ၏။ သူ၏စစ်တပ်များသည် ဗြိတိန်ကျွန်းတွင် တစ်မြို့ပြီးလျှင် တစ်မြို့၊ တစ်နယ်ပြီးလျှင် တစ်နယ်အောင်မြင်လျက် ရှိကြကုန်၏။ ထိုနောက်. . .သူသည် အောင်ပွဲခံကာ ရောမမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။

ထိုအချိန်သည်ကား. . .ဘီစီ ၁ ရာစုခေတ်ဖြစ်၍ ရောမမြို့ကို ကွန်ဆာလူကြီးများက အုပ်စိုးသည်ဆိုသော်လည်း ပြင်ပလူမျိုးများက စစ်ဖက်ပြိုင်ဖန်များသောအခါ စစ်သူကြီးများသည် တန်ခိုးကြီးမားလာ၏။ အလွန်မျက်နှာပွင့်လန်းကြ၏။ အောင်ပွဲရလာသော စစ်သူကြီးများကို ရောမလူမျိုးများသည် မြို့တံခါးဝမှ တက်ကာ သောင်းသောင်းဖြဖြ ဆီးကြိုကြ၏။ ရောမရဲအဖွဲ့သည် စစ်သူကြီးများ သွားမည့် လမ်းကို ရှင်းလင်းစွာ သွားနိုင်စေရန် ရှေ့မှ လမ်းရှင်းပေး၏။ ထိုနောက်မှ စစ်သူကြီးများသည် အမောက်တပ်ထားသော သံခမောက်ကို ဆောင်းလျက် တောက်ပြောင်သော သံကိုယ်ကျပ်အင်္ကျီကို ဝတ်ပြီးလျှင် မြင်းဖြူကိုစီးကာ မြို့တွင်းသို့ ထည်ဝါခံ့ညားစွာ ဝင်လာ၏။ စစ်သူကြီး၏ နောက်တွင်မှ မြို့များကို သိမ်းစဉ် ရရှိသောပစ္စည်းများနှင့် သံခြေကျဉ်းခတ်ထားသော သုံ့ပန်းများသည် တသီတတန်းကြီး ပါလာလေသည်။ ဤနည်းဖြင့် လီစီးနီးယပ်သည် ဗြိတိန်ကျွန်းမှ စစ်အောင်ကာ ရောမမြို့သို့ ပြန်လည်ဆိုက်ရောက်ခဲ့လေသည်။

သို့သော် လီစီးနီးယပ်ကား စစ်ကို ငြီးငွေ့ခဲ့ပြီဖြစ်၍ တိုင်းရေးပြည်ရေး အရှုပ်အထွေးများ၌လည်းကောင်း၊ တန်ခိုးအာဏာကို အသုံးပြုသော ရုံးကိစ္စတို့၌လည်းကောင်း၊ ဝင်ရောက်စွက်ဖက်ခြင်း မရှိတော့ဘဲ အေးချမ်းစွာ နေထိုင်ခဲ့၏။ ထို့ကြောင့်လည်း ရောမမြို့တွင် သူနှင့်ရာထူးတူညီသူများအနက် မနာလို မရှုစိမ့်သူအနည်းဆုံးနှင့်လူချစ်လူခင် အများဆုံး ပုဂ္ဂိုလ်ဖြစ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောမမြို့သို့ ပြန်၍ရောက်ခဲ့ပြီးနောက် မကြာမီ စစ်သူကြီး လီစီးနီးယပ်သည် ကုန်များရောင်းချသော ဈေးသို့ ရောက်ခဲ့ရာ ကျွန်ကုန်သည်ကြီးတစ်ဦးက ဗြိတိန်ကျွန်းမှ အသစ်ရောက်လာသော ကျွန်တစ်စုကို ရွေးချယ်ဝယ်ယူရန် တိုက်တွန်းလေ၏။ ကျွန်များကို ထိုအခါက ကျွဲနွား တိရစ္ဆာန်များ ဝယ်သကဲ့သို့ သဘောရှိရွေးချယ်ဝယ်ယူနိုင်ရာ လီစီးနီးယပ်သည် ထိုဗြိတိန်လူမျိုးကျွန်များအနက် ရုပ်ရည်အသွင်အပြင် ကြန်အင်လက္ခဏာထူးခြားသည့် ကျွန်တစ်ယောက်ကို ဆီစတာဒင်္ဂါး ၁၅၀၀ (Sesterces ဆီစတာ ငွေဒင်္ဂါးတစ်ကျပ်သည် ဆီစတာ(၈)ပြား (၁၀)ပြားခန့်နှင့် ညီမျှလေသည်။) ပေး၍ ဝယ်ယူလိုက်၏။

ထိုကျွန်ကား ကျွန်ုပ်တို့ ရေးသားဖော်ပြခဲ့သော အက်စကာပင်ဖြစ်၍ သူသည် ထိုအခါမှစ၍ စိတ်သဘောထား အနူးညံ့ဆုံးသော သခင်လီစီးနီးယပ်၏ ကိုယ်ပိုင်ပစ္စည်း ဖြစ်လာခဲ့လေသည်။ တစ်ခါတစ်ရံ လီစီးနီးယပ်သည် မိမိ၏ ကျွန်အက်စကာအား ဤသူသည် မိမိသားဖြစ်လျှင် ကောင်းလေစွဟု အောက်မေ့မိ၏။

www.burmeseclassic.com

www.burmeseclassic.com

# [ ၆ ]

ရောမမြို့တည်ရှိရာ 'တိုင်ဗာ'မြစ်ကမ်းနဘေး တစ်နေရာ၌ကား ပျက်စီးယိုယွင်းလျက်ရှိသော ကျောက်တိုက်ဟောင်းကြီးတစ်ခုရှိ၏။ အချိန်မှာ နေဝင်လုနီးပြီဖြစ်၍ လွန်ခဲ့သော တစ်နှစ်ခန့်က ရောမမြို့တွင် အကြီးအကျယ်လောင်ခဲ့သော မီးကြောင့် ပျက်စီးခဲ့ရသော ထိုအဆောက်အဦးပျက်ကြီးမှ ကျိုးတိုးကျဲတဲထောင်လျက်ရှိသော ကျောက်တိုင်ငုတ်တိုများသည် ကျဆင်းလျက်ရှိသော နေရောင်တွင် ရှားစောင်းပင်ကြီးများကဲ့သို့ မည်းနက်သော အရိပ်ကြီးများထင်လျက်ရှိ၏။ ထိုအဆောက်အဦးပျက်၏ ကျောက်တုံးတစ်တုံးပေါ်တွင် အက်စကာသည် ဝင်လုဆဲသော နေမင်း၏ နီရဲဖျော့တော့သော ရောင်ခြည်များကို ကြည့်ကာ မလှုပ်မယှက်ထိုင်လျက်ရှိနေလေသည်။

မကြာမီ အဝတ်နက်ကို ထူထပ်စွာ ခေါင်းမြီးခြုံ၍ ထားသော မိန်းမတစ်ယောက်၏ ပုံသဏ္ဍာန်သည် ရေကရားတစ်လုံးကို လက်မှကိုင်ကာ တစ်နေရာမှ ထွက်လာပြီးနောက် ထိုအဆောက်အဦးပျက်ကြီးရှေ့သို့ ဖြတ်၍ မြစ်ဆီသို့ လျှောက်သွားလေ၏။ အက်စကာသည် ထိုသဏ္ဍာန်ကို မျက်တောင်မခတ်စိုက်၍ကြည့်နေသော်လည်း မိန်းမသည် သူ့အားမြင်ဟန်မတူဘဲ ရေကရားဖြင့် ရေခပ်ရန် ရေစပ်ဆီသို့သာ လျှောက်မြဲတိုင်း လျှောက်သွားလေသည်။

ထိုမိန်းမရေခပ်ပြီးသောအခါ အက်စကာသည် ၎င်း၏ လက်မှ ရေကရားကို လှမ်းယူလိုက်သည်တွင် ထိုမိန်းမသည် ဖျတ်ခနဲ လန့်၍သွားဟန်ဖြင့်

"သြော် . . .အသင်ဟာ . . ."

"ဟုတ်ပါတယ် . . .မာရီယံမိနီ . . .ကျွန်ုပ်ပါပဲ"

သို့ပြောဆိုရင်း မာရီယမ်နီ၏ ပါးနှစ်ဖက်သည် ကြက်သွေးရောင်မှ ပန်းနုရောင် နှင်းဆီသွေးအဖြစ်သို့ ပြောင်းသွား၏။ ဘုန်းကြီးစပါရို၏ လက်မှ ကယ်လိုက်စဉ်ကလည်း မျက်နှာတွင် တစ်ကြိမ်သွေးရောင်ပြောင်း၍ သွားခဲ့ဖူးရာ ယခုတစ်ကြိမ်၌မူ ယခင်ကထက်ပို၍ အပြောင်းအလဲမြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်ဒီနေရာကိုလာမှာ သင်ဘယ်လိုသိသလဲ. . ."

စပါဒို၏ လက်တွင်းမှ ကယ်ဆယ်ပြီးနောက် အိမ်သို့ပြန်ပို့စဉ် မာရီယမ်နီသည် အက်စကာအား မိမိသည် နေဝင်ကာနီးအချိန်၌ တိုင်ဗာမြစ်ကမ်းသို့ ညနေတိုင်းလာ၍ ရေခပ်လေ့ရှိကြောင်း မိမိပြောခဲ့ဖူးသည်ကို အမှတ်ရလျက်နှင့် မေးလိုက်ခြင်းဖြစ်လေသည်။

"ပြောပါဦး. . .အက်စကာ. . .ကျွန်ုပ်ဒီကိုလာမှာ သင်ဘယ့်နှယ်သိတာလဲ. . ."

"ကျွန်ုပ်ကမှုဆိုးပဲ မာရီယမ်နီရဲ့၊ အင်မတန်ရှက်တတ်တဲ့ တောကောင်လှလှကလေးတွေဟာ နေဝင်ချိန် ရေဆိပ်ကို ဆင်းမယ်ဆိုတာ သိတာပေါ့၊ မုဆိုးက မနေ့ကတောင် နှစ်နာရီလောက်လာ စောင့်နေပါသေးတယ် မာရီယမ်နီရယ်၊ ဒါပေမဲ့ အလကားပဲ"

"ကျွန်ုပ်ကို တွေ့ရအောင်လို့လား. . ."

"ဒါပေါ့ မာရီယမ်နီ. . ."

"ကျွန်ုပ်မနေ့က လုံးလုံးကို အိမ်ကမထွက်ဘူး။ သင်ဒီလိုစောင့်နေမှန်းသိရင်တော့. . ."

မာရီယမ်နီသည် မိမိပြောသော စကားလွန်၍သွားသည်ကို သိသဖြင့် အသံတုန်တုန်နှင့်ပင် စကားကို ရပ်လိုက်လေသည်။

အက်စကာသည်ကား မာရီယမ်နီ၏ တုန်တုန်ရီရီရှိလှသော အမူအရာကို သတိမထားမိတော့ချေ။ အဘယ့်ကြောင့်ဆိုသော် သူကိုယ်တိုင်ပင်မည်ကဲ့သို့ ပြောဆိုရမည်မသိဘဲ တုန်တုန်ရီရီဖြစ်နေသောကြောင့်ပေတည်း။ ထို့နောက်အတော်ပင် အားယူလျက်. . .

"မာရီယမ်နီ . . . ကျွန်ုပ်ဘာဆိုတာ သိတယ်မဟုတ်လား၊ ကျွန်ုပ်ရဲ့အချိန်ကို ကျွန်ုပ်မပိုင်ဘူး မာရီယမ်နီ၊ ကျွန်ုပ်တို့ကိုယ်ကိုတောင် သည့်ပြင်လူကပိုင်တာပဲ၊ ကျွန်ုပ်သခင်ဟာ ဘယ်လိုပဲ သနားကြင်နာတတ်တယ်၊ ဘယ်လိုပဲသဘောကောင်းတယ်ပြောပြော အဆုံးမှာတော့ ကျွန်ဟာ ကျွန်တစ်ယောက်ပဲ"

(အလွန်နူးညံ့သော အသံဖြင့်) "ကျွန်ုပ်သိပါတယ် အက်စကာ၊ ကျွန်ုပ်ရဲ့ ဦးကြီးကားလ်ချုပ်ဟာ သင်ထွက်သွားပြီးတဲ့နောက် ဒီအကြောင်းတွေ ပြောနေပါတယ်. . ."

"ဒါနဲ့တောင် ကျွန်ုပ်ကို ဘာဖြစ်လို့ တွေ့ချင်ရသေးတာလဲ"

မာရီယမ်နီသည် ပြုံးရုံမျှ ပြုံးလိုက်ပြီးနောက်. . .

"ဘာဖြစ်လို့ မတွေ့ချင်ရမှာလဲ အက်စကာ၊ ကျွန်တစ်ယောက်ရဲ့ လက်ပဲဆိုပါဦးတော့၊ ဒီလက်ရဲ့ ခွန်အားဟာ စစ်သားတစ်ရာရဲ့အင်အား



www.burmeseclassic.com

www.burmeseclassic.com


လောက်ရှိပါတယ်၊ ဟိုသူရဲ့ သူဘက်ကြီးလက်ထဲက လွှတ်အောင် ကယ်တာ လည်း ဒီလက်ပဲမဟုတ်လား။ အားနွဲ့တဲ့ မိန်းကလေးတစ်ယောက်ကို စောင့် ရှောက်တဲ့အနေမျိုးနဲ့ အိမ်အထိလိုက်ပို့တာလည်း ဒီလက်ပဲမဟုတ်လား၊ အက်စ ကာသင်ဟာ ကျွန်တစ်ယောက်ဖြစ်တယ်ဆိုရုံနဲ့ သင့်အပေါ် ကျွန်ုပ်က အထင် အမြင်သေးရတော့မှာလား. . ."

(စိတ်အားထက်သန်စွာ) "အို. . .ဒီလို မထင်စေရပါဘူး မာရီယမ် နီ နားထောင်စမ်းပါဦး၊ ဗြိတိန်ကျွန်းကို ရောမတွေတိုက်တုန်းက ကျွန်ုပ်ဟာ တခြားလူတွေနဲ့အတူ အဖမ်းခံရပါတယ်၊ သည့်နောက် ဒီရောမမြို့ကို ယူလာ ပြီး ကျွဲတွေ၊ နွားတွေကို ရောင်းစားသလို ကျွန်ုပ်တို့ကို ကျွန်အဖြစ်နဲ့ ရောင်း စားပါတယ်။ ဒီအခါမှာ ကျွန်ုပ်သခင်ဖြစ်နေတဲ့ စစ်သူကြီးလီစီးနီးယပ်က ကျွန်ုပ်ရဲ့အသွင်အပြင်ကြည့်ပြီး အဖိုးသားနားပေးဝယ်တော့တာပါပဲ၊ အဲဒီအချိန် ကစပြီး ကျွန်ုပ်ဟာ သူ့ဆီမှာ ကျွန်တစ်ယောက်ဖြစ်နေပါတယ်. . ."

"ဒီလူဟာ အင်မတန်ကြင်နာတတ်ပြီး စိတ်သဘောထားလည်း ကောင်းတဲ့ လူတစ်ယောက်ဆိုပါကလား. . .အရင်တစ်ခါ သင်နဲ့တွေ့တုန်းက သင်ပြောတာပဲ"

"ဟုတ်ပါတယ်. . ."

"ဒီလိုကြားရတာ ကျွန်ုပ်သိပ်ပြီး ဝမ်းသာပါတယ်။ ဒါပေမဲ့ ဟော . . .ကျွန်ုပ်ကြာကြာနေလို့ မဖြစ်ဘူး သွားရဦးမယ်၊ နှုတ်ဆက်ခဲ့ပါတယ် အက် စကာ ဟိုမှာ ကျွန်ုပ်တို့ စကားပြောနေတာ ဘယ်သူမှန်းမသိဘူး။ ချောင်းပြီး နားထောင်နေတယ် ထင်တယ် ဟော. . ."

ထိုနောက် ရဟူဒီမကလေး မာရီယမ်နီသည် ရေပြည့်ပြီး ကရားကို ဆွဲယူလိုက်ပြီးလျှင် အဆောက်အဦးပျက်ကြီးအကြားမှ လျင်မြန်စွာ ပျောက် ကွယ်သွားလေ၏။

အက်စကာသည် မာရီယမ်နီ၏ လှပသော သဏ္ဌာန်ကလေးနောက် သို့ လိုက်ကာ ကြည့်ရှုလျက်ရှိရာ ကျောက်တုံးတစ်ခုနောက်မှ ချောင်းမြောင်း ကြည့်နေသည့် မည်းနက်သော မျက်လုံးအစုံကိုကား သတိမပြုမိချေ။ သို့သော် မကြာမီ ထိုမျက်လုံးများပိုင်ရှင် ချောင်းမြောင်းကြည့်နေသူသည် ကျောက်တုံး နောက်မှ ရုတ်တရက် ခုန်ထွက်လိုက်ပြီးလျှင် အက်စကာ၏ မျက်နှာကိုကြည့် ကာ ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

"ဟား. . .ဟား. . .ဟား. . .နောက်ဆုံးတော့ ဟောဒီမှာ မိနေပြီ မဟုတ်လား။ ဘယ့်နှယ်လဲ အက်စကာ၊ ကျွန်ုပ်ချောင်းပြီး ဖမ်းပုံကလေး နေရာကျတယ်မဟုတ်လား၊ ဟဲ. . .ဟဲ၊ နေဝင်ရီးရီမှာ ရေခပ်လာရင်း ဒီရဟူဒီမကို မတော်တဆတွေ့တယ်ဆိုတာ ကျွန်ုပ်ပြောဝံ့ပါတယ်၊ အခုပဲ ထွက်ပြေးသွားတဲ့ ရဟူဒီမလေး၊ သင်ကြည့်တာတော့ ကြည့်နိုင်ပါတယ်၊ ဒါပေမဲ့ သင်ရဲ့ ဖူးစာက ဒီလို မြို့စွန်မြို့ဖျားမှာနေတဲ့ စုန်းမမျိုးထက်ပိုပြီး အဖိုးတန်တဲ့ အဆင့်အတန်းအတွက် သီးသန့်များထားလေရော့သလား မပြောတတ်ဘူး. . .ဟဲ, . .ဟဲ"

"သင်ဘာကို အလိုရှိပါသလဲ"

(ပြုံးရယ်လျက်) "ကျွန်ုပ်အခုလို ရောက်လာတာ သဘောမကျဘူးဆိုတာတော့ ကျွန်ုပ်ရိပ်မိပါတယ်။ ဒါပေမဲ့ သင့်သဘောကိုတူသည်ဖြစ်စေ မတူသည်ဖြစ်စေ အခု ကျွန်ုပ်နဲ့အတူလိုက်ရလိမ့်မယ်။ ကျွန်ုပ်တို့ ရောမတိုင်းသူဆိုတာ ငြင်းပယ်လို့ရတဲ့ အစားမျိုးမဟုတ်ဘူး. . ."

"သင်တို့ သဘောကျလုပ်ပေးဖို့ ကျွန်ုပ်မှာ အချိန်မရှိပါဘူးဗျာ။ အိမ်ကိုပြန်ရပါဦးမယ်။ သခင်အတွက် ညနေစာတည်ခင်းဖို့ အချိန်ရောက်နေပါပြီ"

(ပို၍ဒေါသထွက်သည့် မျက်နှာဖြင့်) "သင်ဟာ ကျွန်တစ်ယောက်ဆိုတာ ကျွန်ုပ်မသိဘဲနေပါ့မလား။ သိပါတယ်။ ဒါပေမဲ့ အခုလို သာယာကြည်နူးဖွယ်ကောင်းတဲ့ ညနေခင်းအချိန်ကလေးမှာ သင့်လို ရုပ်ရည်နဲ့ သင့်လို ခွန်အားမလနဲ့ ကိုယ့်အချိန် ကိုယ်မပိုင်ဘူးလို့ မခေါ်နိုင်ပါဘူး. . ."

"ဒီဟာ ကျွန်ုပ်သိပါတယ်ဗျာ။ ကျွန်ုပ်သိပါတယ်။ ဒါပေမဲ့ ကျွန်ဆိုတာ သခင်ရဲ့ ခွက်ကို စင်ကြယ်အောင် ဆေးပေးရမယ်၊ အရက်ခွက်ကို ဖြည့်ပေးရမယ်။ ဒါကြောင့် သင်ခေါ်တဲ့ဆီကို ကျွန်ုပ်မလိုက်နိုင်ဘူး ပြောတာပေါ့။ ကျွန်ုပ်သွားမယ့်လမ်းက တခြားပဲ။ ပြီးတော့ ကျွန်ုပ်ဟာ မိမိရဲ့ အချိန်ကို မပိုင်ဘူးဆိုတဲ့အကြောင်းကို အခုသင်ပြောတဲ့စကားမှာပဲ ပါနေတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မရီနာက စိတ်အားထက်သန်စွာ "ဒါကြောင့်မို့ ကျွန်ုပ်ပြော တာပေါ့။ သင့်အချိန်ကို သင်ပိုင်အောင် ကျွန်အဖြစ်က လွတ်မြောက်မယ့် လမ်း ကို ကျွန်ုပ်ပြနိုင်ပါတယ်။ ကိုင်းလေ မြန်မြန်လိုက်ခဲ့ပါ။ အချိန်ကုန်လှပါတယ်၊ အဝတ်ကို ကောင်းကောင်းပြင်ဝတ်ပြီး ကျွန်ုပ်နောက်ကသာ လိုက်ခဲ့ပေတော့"

လွန်ခဲ့သော နှစ်ရက်လောက်မှစ၍ အက်စကာ၏ စိတ်တွင် ကျွန် အဖြစ်မှ လွတ်မြောက်လိုသော ဆန္ဒပြင်းထန်စွာ ပေါ်ပေါက်ခဲ့လေ၏။ သူ၏ရင် ထဲတွင် လွတ်မြောက်သော ဘဝ၏ အရသာကို ခံယူစားသောက်လိုသော အာ သာငမ်းငမ်းတက်ရှိခဲ့၏။

သို့နှင့် မရီနာသည် အက်စကာအား အဆောက်အဦးပျက်ကြီးကို ဖြတ်ပြီးလျှင် အလွန်မှောင်မိုက်သော လမ်းများမှ ခေါ်သွားလေ၏။ လမ်းတွင် မရီနာက. . .

"သင်ဟာ ကျွန်ုပ်တို့ရဲ့ သခင်မကို မြင်ဖူးပြီမဟုတ်လား၊ ရောမမြို့ မှာတော့ သူ့ထက်ချောတဲ့ မိန်းမ၊ သူ့ထက်တန်ခိုးအာဏာရှိတဲ့ မိန်းမမရှိတော့ ဘူး။ ပြီးတော့ သင့်သခင် လီစီးနီးယပ်နဲ့လည်း ဆွေမျိုးတော်တယ်၊ ဒီတော့ သူ့နှုတ်က စကားတစ်လုံးထွက်လိုက်ရင် ဘယ်လောက်ခရီးရောက်မလဲဆိုတာ သင်စဉ်းစားပေတော့၊ သင့်အတွက် သူခြယ်လှယ်ချင်သလို ခြယ်လှယ်နိုင်တယ် မဟုတ်လား၊ ဒီဟာတွေကို ကျွန်ုပ်တို့ သခင်မက သင်ကိုယ်တိုင်သိစေချင် တယ်၊ ငြင်းတာကို သူမခံနိုင်ဘူး။ ရှူး. . .တိတ်တိတ်နေ၊ ခြေနင်းတာလည်း ဖြည်းဖြည်းနင်းနော်၊ ကျွန်ုပ်ရဲ့နောက်က ကပ်လိုက်စမ်းပါ။ အဲ. . .ဟုတ်ပြီ... သစ်ပင်တွေအောက်မှာ အင်မတန်မှောင်တယ်နော်. . ."

သို့နှင့် မရီနာသည် ကွေ့ကောက်သော လမ်းများမှ အက်စကာအား လမ်းပြခေါ်သွားရာ တံခါးတစ်ခုမှ ဝင်ခဲ့ကြလျက် နောက်ဖက်တွင် အိမ်ကြီး တစ်ဆောင်ရှိနေသည့် ဥယျာဉ်ထဲမှ ဖြတ်၍ ခေါ်ခဲ့လေ၏။ ထိုနောက် ခြေကျော့ တစ်ခုကို ဖြတ်ပြီးလျှင် ပိုးကန့်လန့်ကာများ ကာထားသော နေရာသို့ ရောက် လေရာ မရီနာသည် အက်စကာအား ရှေ့သို့ အနည်းငယ်တွန်း၍ ပို့လိုက်ပြီး နောက်. . .

"ဝင်လေ. . .ဘာလုပ်နေတာလဲ၊ အထဲမှာ စားစရာတွေရော အရက် ရောရှိတယ်၊ သင်သဘောရှိပဲ. . ."

အခန်းတွင်း၌ကား ပိုးကန့်လန့်ကာများ၊ ရွှေထည်ငွေထည်များ၊ ဆင် စွယ်ဖြင့်လုပ်သော အိမ်အသုံးအဆောင်များ၊ ကတ္တီပါကော်ဇောများဖြင့် ခမ်းခမ်း နားနားစွာ ပြင်ဆင်ထားရာ ခပ်ဖျော့ဖျော့ ထွန်းညှိထားသော မီးရောင်မှသည် တစ် ခန်းလုံး ဖုံးလွှမ်းလျက်ရှိမလေ၏။ အက်စကာသည် အံ့သြ၍ မနေ့ကသေးမိ တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



ဘစ်ယောက်သည် ပိုးကန့်လန့်ကာကို ဖယ်ရှားပြီးနောက် တံခါးဆီမှ ရုတ်တရက်ထွက်ပေါ်လာသဖြင့် ကြည့်လိုက်မိရာ ထိုသူကား အခြားသူမဟုတ်၊ ဗလေရီယာပင်ဖြစ်ကြောင်းတွေ့ရှိရလေသည်။

ဗလေရီယာကပင် စတင်၍ "အသင့်ကို ခေါ်တာ တခြားမဟုတ်ဘူး အက်စကာ၊ သင်ဟာ နှုတ်လုံတဲ့နေရာ၊ သစ္စာရှိတဲ့နေရာမှာ တကယ်အားကိုးရတယ်ဆိုတဲ့အကြောင်း သူတို့က ပြောကြလို့ပဲ၊ ပြီးတော့ သင့်ကိုလည်း ယုံကြည်လို့ အပ်နှံထားရင် သင့်ကို ဘယ်တော့မှ လိမ်လို့ မရဘူးလို့ ပြောကြတယ်။ သည်အတိုင်း မှန်တယ်မဟုတ်လား. . ."

အက်စကာမှာ ညနေခင်းတွင် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကြောင့် တွေဝေငေးမှိုင်လျက်ရှိနေရာ ဗလေရီယာ၏ စကားအဆုံးတွင် ဦးခေါင်းကိုသာ ရိုသေစွာ ငုံ့လိုက်လေသည်။ (ဗလေရီယာက ဆက်လက်၍) "ကျွန်ုပ်မှာ သင့်ကိုပြောဖို့ အင်မတန် လျှို့ဝှက်ရမယ့် ကိစ္စတစ်ခုရှိနေတယ်။ ဒီဟာကို သင်ကလွဲပြီး ဘယ်သူမှမသိရဘူး။ အင်မတန် ရာထူးဂုဏ်ထူးမြင့်မြတ်တဲ့ အမျိုးကောင်းမိသားတစ်စုရဲ့ ဂုဏ်သရေရော၊ ကျော်စောကီတ္တိရှိခြင်းရော၊ ဒီကိစ္စရဲ့မပေါက်ကြားမှုပေါ်မှာ တည်နေတယ်၊ အသင့်အကြောင်းကို ကျွန်ုပ်နည်းနည်းပါးပါးသိပေမဲ့ သင့်ကိုတော့ ဒီလျှို့ဝှက်ချက်ကို ပြောရလိမ့်မယ်၊ ကျွန်ုပ်ဟာ လူတစ်ယောက်ရဲ့အတွင်းစိတ်ကို ဖျတ်ခနဲ မျက်နှာမြင်ရုံနဲ့ သိတတ်ပါတယ်။ လမ်းပေါ်မှာ သင်ဟာ ဂလက်ဒီယေတာ ဟာပီးနပ်နဲ့ စကားပြောနေတုန်းက ကျွန်ုပ်က ထမ်းစင်ကို ရပ်ပြီးအခေါ်ခိုင်းတော့ သင်လာတာကို မှတ်မိသေးတယ် မဟုတ်လား. . ."

ဗလေရီယာသည် ဤစကားကို ပြောရာတွင် ရက်သွေးရောင်လွှမ်း၍ အန်းသွားလေရာ အက်စကာကမူ ထူးဆန်းသော စိတ်၏ လှုပ်ရှားမှုတစ်မျိုးကို ခံစားရပြီးလျှင် အံ့ဩလည်း အံ့ဩလျက်ရှိလေ၏။

"ကျွန်ုပ်မမေ့ပါ အရှင်မ၊ ဤသို့ ပြုမူခြင်းမှာ ကျွန်ုပ်ကဲ့သို့သော သူတစ်ယောက်အတွက် ဂုဏ်ယူစရာပင် ဖြစ်ပါတော့သည်. . ."

ဗလေရီယာသည် မျှော်လင့်ခြင်း၊ တောင်းပန်ခြင်းတို့ဖြင့် ရောပြွမ်းလျက်ရှိသော မျက်လုံးများဖြင့် အက်စကာအား ကြင်နာစွာ ကြည့်လိုက်လေသည်။ သို့သော်. . .အက်စကာသည်ကား ငယ်ရွယ်သေး၏။ ရိုးသား၏၊ ပွင့်လင်းစွာပြောတတ်၏။ သို့နှင့်. . .သူသည် မည်သို့မျှ ဆက်လက်မပြောဘဲ ဗလေရီယာ၏ အပြောကိုသာ စောင့်ဆိုင်းပြီးလျှင် ငြိမ်၍နေ၏။ ဗလေရီယာကား မချင့်မရဲဖြစ်ကာ ပထမဆုံးအကြိမ် စိတ်ပျက်၍ သွားသဖြင့် ခပ်အေးအေးပင် စကားလက်စကို ဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာ အက်စကာ. . .ဒီအထုပ်ကလေးကို သင်ကိုယ်တိုင် လီစီးနီး ယပ်လက်ထဲရောက်အောင် ပေးရလိမ့်မယ်၊ ဒီဟာကို ကျွန်ုပ်ဆီက ရတယ်ဆို တာရယ်၊ သင်ဒီကနေ့ည ဒီကို ရောက်လာတာရယ် ဘယ်သူမှ မသိစေရဘူး။ တကယ်လို့ လိုအပ်လျှင် သင်အသက်နဲ့ လဲပြီး ကာကွယ်ရမယ်။ ဘယ့်နှယ်လဲ အက်စကာ. . .သင့်အပေါ်မှာ ကျွန်ုပ်အားထားရပါ့မလား"

အက်စကာကား. . .မိမိကိုယ်ကိုမျှ မိမိအားမထားနိုင်သူတစ်ယောက် ဖြစ်သည့်အကြောင်းကို စဉ်းစားမိ၏။ သူသည်အတွေးနယ်ချဲ့လျက်ပင်ရှိတော့ ၏။ လှပသောမီးရောင်များ၊ ထုံသင်းမွှေးကြိုင်သည့် ရနံ့များနှင့်တကွ၊ နူးညံ့ သိမ်မွေ့သော ဗလေရီယာ၏မျက်နှာ၊ ချိုအေးသော တူရိယာသံနှင့်တူသည့် စကားလုံးများသည် သူ၏အတွေးနယ်ကို ချဲ့၍ပေးသကဲ့သို့လည်းကောင်း၊ သူ ၏ စဉ်းစားဉာဏ်ကို အကြည်ဓာတ်ဖြင့် မွှေနှောက်၍ ပေးလိုက်သကဲ့သို့လည်း ကောင်း ရှိလေ၏။ သူသည် စိတ်ကို ခဲယဉ်းစွာ ချုပ်တည်း၍ ထားလိုက်၏။

သို့နှင့်သူသည် ဗလေရီယာ အလိုရှိသည့်အတိုင်း စာကိုပေးရန် ရိုး သားစွာ တာဝန်ယူလိုက်လေသည်။ ဗလေရီယာကား မည်သို့ပြုလုပ်ရမည်မသိ၊ မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ရှိနေ၏။ သူသည် အက်စကာအား ရုတ်တရက် ထွက်မသွားစေရန် တား၍ထားလိုသေး၏။ တစ်ခါထွက်သွားက နောက်ထပ် တွေ့မြင်ရတော့မည် မဟုတ်ကြောင်းကိုလည်း သိ၏။ မနာလိုစိတ်ကြောင့်ပေ လော. . .မသိ။ အက်စကာအား တစ်နည်းနည်းဖြင့် စကားပြောရအောင် လုပ် မည်ဟု စိတ်ကူး၏။ ဤသို့ ပြုလုပ်ခြင်းပင်လျှင် သူကြံသော အကြံကိုပျက်စီး စေခြင်းဖြစ်လေသည်။

"ဒီမှာ အက်စကာ . . . ဒီဟာအပြင် ဘုန်းကြီးတွေက မိန်းကလေး တစ်ယောက်ကို ဆွဲလားငင်လားလုပ်လို့ လမ်းမှာ ဆူဆူပူပူဖြစ်သွားတုန်းက လည်း သင့်ကို ကျွန်ုပ်တစ်ခါတွေ့ဖူးသေးတယ် မဟုတ်လား. . .ဒီသနားစရာ ကောင်းတဲ့ သတ္တဝါမကလေးကို သင်ကယ်ဆယ်သွားပြီး လင်းယုန်ငှက်က ဆိတ်ကလေးကို ချီသွားသလို ဒီဟာမကလေးကို ပွေ့ခေါ်သွားတာ ကျွန်ုပ်မြင် လိုက်သားပဲ၊ ဒါထက်နောက်ဆုံး ဒီကလေးမ ဘာဖြစ်သွားသလဲ. . ."

"သူ့ဖခင်ဆီကို ကောင်းကောင်းမွန်မွန်ပို့လိုက်ရပါတယ် အရှင်မ... ဒါထက် ကျွန်ုပ်ကို ပြန်ဖို့ အမိန့်ပေးပါတော့. . ."

ဤကဲ့သို့ မမျှော်လင့်သော စကား၊ မကြားဖူးသော စကားကို ကြား လိုက်ရသောအခါ. . .ဗလေရီယာသည် အက်စကာ၏ စိတ်ပြောင်းလဲမှုကို မသိနိုင်အောင် ရှိတော့၏။

ဗလေရီယာသည် ကတ္တီပါညောင်စောင်းတစ်ခုပေါ်တွင် ကိုယ်ကို


www.burmeseclassic.com

www.burmeseclassic.com



ပစ်လှဲချလိုက်ပြီးနောက်. . .အက်စကာ၏မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ပြီးလျှင် စာရေးရန် ကိရိယာများကို သွား၍ယူစေ၏။

"လီစီးနီးယပ်ကို ပေးဖို့စာက အခုထက်ထိ မရေးရသေးဘူး အက်စကာရဲ့. . ."

ဗလေရီယာသည် ဦးခေါင်းကို ငုံ့လိုက်သောအခါ သူ၏နှင်းဆီသွေးရောင် ပါးကလေးသည် ဖြူဖတ်ဖြူရော်ဖြစ်၍ သွားပြီးလျှင် လက်များလည်း ကတုန်ကရီဖြစ်၍ နေလေ၏။

ဗလေရီယာက အလွန်တုန်လှုပ်သော အမူအရာဖြင့် "အို. . .ကျွန်ုပ် မရေးနိုင်တော့ဘူး. . .တစ်ခုခုက တားထားသလိုပဲ၊ အလို. . .အလို. . .ဘယ်လိုဖြစ်ပါလိမ့်၊ အသက်တောင် ကောင်းကောင်းမရှူနိုင်တော့ပါကလား။ ဒီစာကို နက်ဖြန်မှ မရီနာက ပေးလိမ့်မယ် အက်စကာ၊ ဒီနေရာမှာ အခုသင်နဲ့ ကျွန်ုပ်နဲ့ နှစ်ယောက်တည်းရှိတယ်နော် ပြောစမ်းပါ အက်စကာ၊ သင်ဟာ ကျွန်ုပ်ကို ဘယ်တော့မှ သစ္စာမဖောက်ဘူးဆိုတာလေ၊ သင့်ကိုလည်း ကျွန်ုပ်တစ်သက်လုံး အားကိုးရမယ်ဆိုတာလေ၊ သင်ဟာ တခြားလူရဲ့ကျွန်မဟုတ်ဘူး၊ ကျွန်ုပ်ရဲ့ ကျွန်၊ ဒါကြောင့် သင့်ကို ကျွန်ုပ်လက်ထိပ်ခတ်ရမယ်၊ ဒါဟာ သင့်အတွက် လက်ထိပ်ပဲ. . ."

ဗလေရီယာသည် ပြောပြောဆိုဆိုနှင့် သူ၏ လက်မောင်းတွင် ပတ်ထားသော ကျောက်စီလက်ပတ်ကလေးကို ဖြုတ်ပြီးလျှင် အက်စကာ၏ လက်ကောက်ဝတ်ကို ပတ်ပေးလေ၏။ သို့သော်. . .ဗလေရီယာ၏ ပြောင်လက်သော ရွှေလက်ပတ်ကလေးမှာ အက်စကာ၏တောင့်တင်းသော လက်ကောက်ဝတ်တွင် ကျဉ်း၍နေသဖြင့် တစ်ဖက်နှင့်တစ်ဖက် ဆေ့၍မရချေ။ ဗလေရီယာသည် ကျောက်စီရွှေလက်ပတ်ကလေး၏ ထိပ်နှစ်ဖက်ကို တင်းကျပ်စွာ ဖိနှိပ်ကာ အက်စကာ၏မျက်နှာကို အယဉ်ကျေးဆုံးသော ဟန်ပန်၊ အသိမ်မွေ့ဆုံးသော အမူအရာဖြင့် လှမ်း၍ ကြည့်ပြီးလျှင် ပြုံးလိုက်လေသည်။

ဤနေရာတွင် အက်စကာကသာ သူကြည့်သည့်နည်းအတိုင်း တစ်ချက်မျှ ပြန်၍ ကြည့်လိုက်ခဲ့ပါမူ. . .ဗလေရီယာသည် သူ့စိတ်ထဲတွင် ရှိသမျှ အလုံးစုံဖွင့်ပြောမည်မလွဲတည်း။ သို့သော် . . .အက်စကာကား မကြည့်ချေ၊ အက်စကာသည် လက်ပတ်ကလေးကို ဖြုတ်ချလိုက်လေ၏။ ဤသို့ ပြုလုပ်လိုက်သည့်အခါမှ ဗလေရီယာသည် သူ့အဖြစ်ကို ပြန်၍ သတိလည်လာဟန် ရှိလေသည်။

ဗလေရီယာသည် ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီးနောက် အသံခပ်မာမာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဒီက. . .သစ္စာရှိသလား မရှိဘူးလားဆိုတာသာ စမ်းကြည့်တာပါ ရွှေနဲ့မှ သွေးဆောင်လို့ လူကို ကောင်းကောင်းကြီး စိတ်ချရတာပေါ့"

ဗလေရီယာသည် ဦးခေါင်းကို မသိမသာညွတ်ရုံမျှ ညွတ်ပြီးလျှင်

"ကိုင်း. . .သွားနိုင်ပါပြီ၊ နက်ဖြန်သာ ဒီကအလိုရှိရင် မရီနာကို အခေါ်ခိုင်းလိုက်ပါ့မယ်"

အက်စကာသည် ပိုးကန့်လန့်ကာကို မ,၍ထွက်သွားလေရာ ဗလေရီယာလည်း မျက်စေ့တစ်ဆုံး ကြည့်၍ကျန်ရစ်ခဲ့၏။ သူ့မျက်နှာမှာ နီခနဲ. . .ရဲခနဲ အရောင်သန်းလာပြီးနောက် လက်သီးကလေးများကို တင်းကြပ်စွာ ဆုပ်၍ထား၏။ ထို့နောက် နဂိုစိတ်ကို ပြန်၍ရစေရန် နှုတ်ခမ်းကို သွေးထွက်လုမတတ် ကိုက်ထားလိုက်လေသည်။

သို့ရှိစဉ် မျက်စေ့များသည် ညောင်စောင်းပေါ်ရှိ အက်စကာဖြုတ်၍ ထားခဲ့သော ကျောက်စီလက်ပတ်ကလေးကို ကြမ်းတမ်းစွာ ငုံ့၍ ကောက်ယူလိုက်ပြီးလျှင် ကြမ်းပြင်ပေါ်သို့ ပေါက်ချလိုက်ပြီးနောက် ညက်ညက်ကြေအောင် ခြေဖြင့်ဆောင့်၍ နင်းချေပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

ဗလေရီယာသည် အက်စကာ၏ အေးစက်စက်ရှိလှခြင်း၊ ဂရုမစိုက်ခြင်းတို့ကို အလွယ်တကူမေ့နိုင်သည့် မိန်းမမဟုတ်ချေ။ အက်စကာထွက်သွားပြီးနောက် ရွှေနှင့်ဆင်စွယ်များ ကွပ်ထားသည့် ညောင်စောင်းပေါ်မှ မထသေးဘဲ အတန်ကြာ အကြံထုတ်စဉ်းစားလျက်ရှိလေ၏။ မိမိကဲ့သို့သော မိန်းမတစ်ယောက်အား ဂရုမစိုက်သူကို မည်သည့်အခါတွင် မည်ကဲ့သို့ တုံ့ပြန်လက်စားချေရမည်ကို အကြံထုတ်နေခြင်းဖြစ်၏။ လက်စားချေရန် လက်နက်ကိုသာ ရွေးချယ်ရန် ရှိတော့၏။

ထိုအခါ ဗလေရီယာက ဝန်ကြီးဂျူလိယယ်ပလေစီဒပ်ကို တွေးမိ၏။ ပလေစီဒပ်ကား ဗလေရီယာကို အသည်းစွဲချစ်ခင်စုံမက်သူဖြစ်ရာ ဤအကြောင်းကို ဗလေရီယာ သိသည်မှာ ကြာမြင့်ခဲ့လေပြီ၊ ပလေစီဒပ်သည်ကား မိမိကိုယ်တိုင် ချစ်ရှုံ့မှုမက ဗလေရီယာအပေါ်တွင် တခြားတစ်စုံတစ်ယောက် ပိုးပန်းသည်ကိုပင် မခံနိုင်သူဖြစ်လေသည်။ ထို့အတွက်ကြောင့်ပင် သူ့အား ဗလေရီယာက လိုချင်လေသည်။ သို့နှင့် ဗလေရီယာမှာ လက်နက်ကောင်းတစ်ခု သူ၏လက်လှမ်းမှီရာတွင် ရှိနေခဲ့လေပြီ။

နေမွန်းမတည့်မီ ဗလေရီယာထံမှ စာတစ်စောင်ရရှိရာ သူသည် ထိုစာအတွက် အထူးကြောင်လျက်ရှိနေခဲ့၏။ ထိုစာရသည့်အချိန်မှစ၍ သူ၏မျက်နှာမှာ တစ်နေ့လုံး တပြုံးပြုံးတရွှင်ရွှင်ဖြစ်နေခဲ့လေသည်။

သို့နှင့်သူသည် ထိုညက ဆီဇာကတည်ခင်းကျွေးမွေးသော ညစာစားပွဲတွင် အလိုပြည့်သော မျက်နှာနှင့်ထိုင်ကာ စစ်သားဟောင်းကြီးများ၊ ဝန်ကြီးများ၊ ဂိုဏ်းအုပ်ဘုန်းကြီးများ၊ ဆီနိတ်အမတ်များနှင့် အတူရှိနေလေသည်။

ဆီဇာဗိုတီးလီးယပ်၏ ညစာစားပွဲကြီးကား သာမန်မဟုတ်ချေ။ အလွန်ပင်ကြီးကျယ်ခမ်းနားလှပေ၏။ ဘုရင်အပါအဝင် လူ ၁၂ ယောက်တို့သည် ရွှေချည်ထိုး ကတ္တီပါခုံကြီးများ၊ ဆိုဖာများပေါ်တွင်ထိုင်ကာ ဆင်နွှယ်စားပွဲပေါ်

www.burmeseclassic.com



တွင် စားသောက်ကြ၏။ နံ့ဘေးရှိ ပိုးလိုက်ကာများ၊ ခန်းဆီးများ၊ ကာလပ်များမှာ နံ့သာနှင့် ရေမွှေးအမျိုးမျိုးတို့ ပက်ဖျန်းထားသဖြင့်လည်းကောင်း၊ ငွေကလပ်များ၊ ရွှေကျည်တောက်များတွင် အမွှေးတိုင်များကို ထွန်းညှိထားသဖြင့်လည်းကောင်း တစ်ခန်းလုံးမှာ အမွှေးနံ့သာတို့ဖြင့် တသင်းသင်းလှိုင်လျက်ရှိ၏။ စားပွဲ၏ အလယ်၌ ကျောက်စီ၍ထားသော ရွှေညောင်ရေအိုးကြီးတွင် လှပမွှေးကြိုင်သော ပန်းမျိုးစုံတို့ကို ထိုးထားသည်။

အမဲဟင်းလျာများမှာမူ ကမ္ဘာပေါ်ရှိ ကုန်းသတ္တဝါမှန်သမျှ၊ ရေသတ္တဝါမှန်သမျှအပြင် ပျံသည့်ငှက်များပင် မကျန်အောင် စုံလင်လှပေ၏။ မြောက်ဝင်ရိုးစွန်းဒေသမှ ရသည့် စားကောင်းသော ရေညှိပင်များ၊ အင်္ဂလန်ကမ်းခြေမှရသည့် ခရုကမာများပါ မကျန်ချေ။ တိရစ္ဆာန်များ၏ လျှာများ၊ ဦးနှောက်များလည်းပါ၏။ ဤညစာစားပွဲအတွက် 'နိုက်တင်ဂေး'ခေါ် ညဥ့်တွင် သီချင်းဆိုသည့် ညဥ့်ငှက်ကလေးပေါင်း ၁၀၀၀ ကျော်ကို ထောင်ဖမ်းရပြီးလျှင် ဦးနှောက်များကို ထုတ်ယူ၏။ ဤမျှလောက် ခမ်းနားကြီးကျယ်သော ဆီဇာ၏ ညစာစားပွဲကြီးတွင် ပလေစီဒပ်သည် ဆိုဖာတစ်ခု၌ထိုင်ကာ ဗလေရီယာထံမှ ပေးလိုက်သော စာကိုတွေးမိတိုင်း စိတ်ထဲတွင် အကျေနပ်ကြီး ကျေနပ်ကာ မျက်နှာရွှင်ရွှင်နှင့် နေလေသည်။

ဟင်းလျာများကို တစ်သန့်စီ တစ်သန့်စီ တည်ခင်းလေရာ ထိုအချိန်စပ်ကြားတွင် မိန်းမပျိုကလေးများကလည်း သာယာငြိမ့်ငြောင်းသော စောင်းညှင်းဖတ်သာ တူရိယာများဖြင့် ကခုန်အသုံးတော်ခံကြရ၏။ အာဖရိကတိုက်သား အသားမည်းကျွန်များသည် အနီရောင်အဝတ်များနှင့် ရွှေလက်ပတ်များကို ပတ်ကာ သခင်များလိုရာကို အနားမှ စောင့်၍ လုပ်ကိုင်ပေးကြရကုန်၏။

စားပွဲ၌ရှိသော လူ ၁၂–ယောက်ထဲ၌ ဂိုဏ်းချုပ်ဘုန်းကြီးစပါဒိုလည်း တစ်ယောက်အပါအဝင်ဖြစ်လေသည်။ စားသောက်ပွဲအပြီးသတ်တွင် ဝိုင်အရက်များကို ရေကဲ့သို့ သောက်ကြပြီးနောက် အရက်များ မူးလာသောအခါ စကားကို ရောက်တတ်ရာရာပြောဆိုလျက်ရှိကြကုန်၏။ စပါဒို၏မျက်နှာတွင် အိုင်ဆစ်မယ်တော်ကြီးပွဲနေ့ လုည့်စဉ်က ရရှိခဲ့သော ဒဏ်ရာမှာ မကျက်သေးသည့်ပြင် ဖုံးအုပ်၍ရသော နေရာလည်း မဟုတ်သဖြင့် လူများကြည့်ရှုပြောင်လှောင်ရန် ဖြစ်နေလေသည်။ ဧည့်များအနက် တစ်ယောက်က စပါဒို၏မျက်နှာကိုကြည့်လျက်. . .

"အရှင့်မျက်နှာက အမှတ်ကြီးနဲ့ပါကလား. . ."

(အခြားတစ်ယောက်) "ဟုတ်ပါရဲ့. . .လူများမှာစိုးလို့ ငင်ပါရဲ့"

(ပထမလူ) "ကြဲကြဲဖန်ဖန်ဗျာ ခင်ဗျားတို့ကလည်း. . ."



www.burmeseclassic.com

www.burmeseclassic.com



(အခြားတစ်ယောက်) "ဘယ်သူနဲ့မှလည်း စားချင်းယှဉ်ခုတ်တယ် မကြားပါဘူး. . ."

ထိုအခါ 'ကလေးရှက်လျှင် ငို၊ လူကြီးရှက်လျှင်ရယ်'ဆိုသကဲ့သို့ စပါဒိုသည် မိမိအရှက်ကို မျိုသိပ်လျက် ထိုသူများနှင့် ရောနှောကာ ရယ်မောလိုက်ရလေသည်။ ဆီဇာကိုယ်တိုင်ပင် သူ၏မျက်နှာကို ကြည့်ကာ ရယ်မောလျက်ရှိလေသည်။ ထိုအခါ စပါဒိုက

"ဆီဇာကသာ နားထောင်မယ်ဆိုရင် ဒီအမာရွတ်ကြီးကြည့်ပြီး ကျွန်ုပ်တွေ့ခဲ့တဲ့ အဖြစ်အပျက်ကလေး ပြောပြချင်စမ်းပါဘိဗျာ. . ."

ဆီဇာသည် သဘောတူသည့် လက္ခဏာဖြင့် ဦးခေါင်းကို ဖြည်းညှင်းစွာ ညိတ်လိုက်၏။ သို့နှင့် စပါဒိုက ဆက်လက်ပြောပြလေသည်။

"အိုင်ဆစ်မယ်တော်ကြီး ပွဲနေ့တုန်းက ကျုပ်တို့ဟာ နတ်ဗိမာန်က မယ်တော်ကြီးကို ကန်တော့ပြီး ပြန်လာကြတယ်။ လမ်းမှာ တွေ့တဲ့လူတွေဟာ ခင်ဗျားတို့သိတဲ့အတိုင်းပဲ၊ ကျုပ်တို့အတွက် လမ်းဖယ်ပြီး ပေးကြတယ်၊ ဒါပေမဲ့ တစ်ကိုယ်လုံး ကိုယ်ရုံအနက်ကြီး ခြုံထားတဲ့ မိန်းကလေးတစ်ယောက်ကတော့ လမ်းပေါ်တည့်တည့်မှာ ရပ်နေတာကိုး။ ကြောက်လွန်းအားကြီးလို့ အံ့အားသင့်နေတာနဲ့တူတယ်။ လူတွေကလည်း ကျုပ်တို့ပြန်လာကြရော၊ လိုက်ပြီးကြည့်တဲ့လူရော၊ အိမ်ကထွက်ပြီး ကြည့်ကြတဲ့လူရော ပြည့်နေတယ်ဗျ။ သူက လမ်းလယ်မှာ ရပ်နေတော့. . .ကျုပ်သာ သူ့ကို လမ်းဘေးဖယ်ပြီး မ,ချလိုက်ခဲ့လို့ရှိရင် တစ်ခါတည်း တက်နင်းသွားပြီးသားပဲ. . .ဒါကြောင့် ကျုပ်လည်း သနားတာနဲ့ ဒီမိန်းကလေးကို လမ်းဘေးကို အတင်းဆွဲချမိတယ်။

"ကျုပ်ဖြင့် ဖက်ယားပင်ကို လက်နဲ့ ခူးမိတာနဲ့ အတူတူပဲဗျို့. . . ကျုပ်က စိတ်ကောင်းနဲ့ ကယ်တာ၊ တစ်ခါတည်းအော်ပြီး ရုန်းတော့တာပါပဲ ကျုပ်လည်း မိန်းမတွေအကြောင်း သိပါတယ်ဗျာ. . .ကြောက်လန့်ပြီးနေတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်လိုချော့မော့ပြီး ငြိမ်အောင် လုပ်ရမယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒီတော့ မိန်းကလေးကလည်း သတိရပြီး ကျုပ်ကို အင်မတန် ကျေးဇူးတင်တဲ့မျက်နှာနဲ့ ပြန်ကြည့်နေတုန်း ဖြုန်းဆို. . .ဆံပင်ဝါဝါနဲ့ နိုင်ငံခြားသား အကောင်ကြီးတစ်ကောင် ပေါက်လာတယ်၊ ထွားကျိုင်းလိုက်တဲ့ ကိုယ်လုံးကိုယ်ပေါက်ကလည်း တကယ့် လူ့ဘီလူးကြီးကျနေတာပါပဲ၊ ဒီအကောင်ကြီးက တစ်ခါတည်း မိန်းကလေးကို ဝင်ဆွဲတော့တာပဲဗျို့. . .ကျုပ်လည်း ခင်ဗျားတို့သိတဲ့အတိုင်း အတော်သန်တဲ့လူတစ်ယောက်ပဲ၊ ဘာခံပါမလဲ ကျုပ်က ပြန်ချတာပေါ့. . .တစ်ချက်သာ ချလိုက်ရတယ်၊ ဒီအကောင် တစ်ခါတည်း လဲသွားတာပဲ၊ ဒါနဲ့ သူလည်း စိတ်ဆိုးမာန်ဆိုးနဲ့ တစ်ခါပြန်ထ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျုပ်က မိန်းကလေးကို ကာကွယ်နေတဲ့ နောက်အလစ်မှာ ကျုပ်ကို ပြန်ပြီး တစ်ချက်ထိုးလိုက်တာ ကျုပ်မျက်နှာထိသွားပြီး မေ့ခနဲ သတိလစ်သွားတော့တာ ပါပဲဗျာ. . .နောက်သူလည်း တစ်ခါတည်း ယူကြားထဲက ပျောက်ပြေးတော့ တာပဲဗျို့. . .ဒီအကောင် ဒီတစ်ခါ ကံကောင်းသွားတယ်ဗျာ၊ ဒါပေမဲ့ နောက် တွေ့ရင်တော့ ကျုပ်ဘယ်နည်းနဲ့မှ ချမ်းသာမပေးဘူး. . ."

စပါဒိုသည် အထက်ပါအတိုင်း ကြွားလုံးထုတ်ပြီးလျှင် ရွှေခွက်တစ် ခုထဲမှ အရက်ကိုသောက်ချလိုက်၏။ ထို့နောက် ဂလက်ဒီယေတာတစ်ယောက် ၏ ဟန်ပန်ဖြင့် သူ၏လက်မောင်းကြီးကို သပ်လျက်ရှိလေသည်။

ထိုအခါ နားထောင်နေသူများအနက် တစ်ယောက်က . . .

"ဒါနဲ့. . .မိန်းကလေးကော ဘာဖြစ်သွားသလဲဗျ. . ."

"ကောင်မလေးကတော့. . .သဘောတူလို့ ဟုတ်မယ်မထင်ပါဘူးဗျာ၊ ဟိုဗြိတိန်ကောင်က ခေါ်သွားတာပေါ့. . ."

ထိုအချိန်ထိ တင်စုံတစ်ရာ စကားမပြောဘဲနေသော လီစီးနီးယပ်မှာ သူ့ကျွန်ပြောပြီးဖြစ်၍ အကျိုးအကြောင်းကို သိပြီးဖြစ်သောကြောင့် ဝမ်းထဲက ကြိတ်၍ ရယ်မိ၏။ ထို့နောက်. . .

(ယပ်) "ဘာပြောတယ်ဗျ. . .ဒီအကောင်က ဗြိတိန်လူမျိုးဟုတ်စ"

(စပါဒို) "ဗြိတိန်လူမျိုးအစစ်ပါဗျာ. . ."

(ယပ်) "သူတို့ ဗြိတိန်လူမျိုးတွေဟာတော့ ကျုပ်တို့အင်ပါယာထဲမှာ တကယ့်ထွားထွားကျိုင်းကျိုင်း လုလုပပကြီးတွေပဲဗျို့. . ."

ဤစကားကိုပြောလိုက်ခြင်းမှာ လီစီးနီးယပ်သည် သူတွေ့ဖူးသော လုပကျော့ရှင်းသည့် ဗြိတိန်ကျွန်းသူကလေးများကို သတိရ၍ ပြောလိုက်မိခြင်း ဖြစ်လေသည်။

သို့သော်. . .ဆိဓာကမှ တစ်ဖက်သတ်လေမျိုးဖြင့် "သူတို့ကျွန်းက ထွက်တဲ့ ခရုကမာတွေကတော့ သိပ်ကောင်းတာပဲ. . ."

ထိုအခါ ဝန်ကြီးပလေစီဒပ်က ကြားဖြတ်၍. . .

"ခရုကမာတွေ ကောင်းတာတော့ ကျုပ်ဝန်ခံပါတယ်. . .။ ဒါပေမဲ့ လူကိုတော့ ကျုပ်ဝန်မခံဘူး၊ ရောမတွေဟာ သဘာဝကိုက ကမ္ဘာကို အုပ်စိုးတဲ့ လူတွေဗျ။ ပြီးတော့လည်း အရီနာသတ်ကွင်းထဲကျရင် ခင်ဗျာ့ဗြိတိန်တွေဟာ ကျုပ်တို့ရောမတွေကို မနိုင်ပါဘူး. . ."

(လီစီးနီးယပ်) "ကျုပ်အိမ်မှာ အခုဗြိတိန်သား ကျွန်တစ်ယောက်ရှိ တယ်ဗျ။ ခင်ဗျားရောမမှာရှိတဲ့ လူတွေထက် ခွန်အားဗလမှာရော၊ ရုပ်ရည်မှာ ရော သာတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



(ပလေစီဒပ်) (မုန်းတီးသော မျက်နှာဖြင့်) "ခြေတံရှည်ရှည်၊ ဆံပင်ဝါဝါနဲ့ ဘီလူးအကောင်ကြီးဟာလား. . ."

(ယပ်) "ဟုတ်တယ်. . .အပြေးရော၊ အခုန်ရော၊ နပန်းလုံး၊ ကြိုးကွင်းပစ်၊ ရေကူး၊ ဘယ်သူနဲ့ပြိုင်ရမလဲ ပြိုင်မယ်. . ."

(ပလေစီဒပ်) (ဂရုမစိုက်သည့်ဟန်ဖြင့်) "ဟာ. . .ဒီဟာတွေက ကလေးကစားတာတွေပါ။ သတ္တိမရှိလို့ပဲလား. . .အစွမ်းအစမရှိလို့ပဲလား. . . နှစ်ခုစလုံးမရှိလို့ပဲလား မပြောတတ်ဘူး။ ဒီကျွန်းသားတွေဟာ ဓားကျတော့ အသုံးမကျပါဘူး။ ဆီဇာကသာ အခွင့်ပြုမယ်ဆိုရင် အရီနာမှာ ကျုပ်နဲ့ သတ်စမ်းချင်လှသဗျာ. . ."

ပလေစီဒပ်ကား အခြားရောမလူရွယ်များကဲ့သို့ အရီနာသတ်ကွင်းတွင် ဂလက်ဒီယေတာအဖြစ် တစ်ကြိမ်မက တိုက်ခိုက်ခဲ့ဖူးလေပြီ။ သူသည် ပိုက်နှင့် ခရင်းခွကိုင်၍ တိုက်ခိုက်သည့် နေရာတွင် နာမည်ကျော်ခဲ့သူဖြစ်၏။ သို့နှင့် ရန်သူက ဦးခေါင်းကို သံခမောက်ဆောင်းကာ လက်တွင် ဓားတိုနှင့် သုံးမြှောင့်ဒိုင်းကို ကိုင်၍ တိုက်သောအခါများ၌ သူသည် အနိုင်ရခဲ့သည်ကများလေသည်။ ပလေစီဒပ်က အလွန်ခြေသွက်၏။ မျက်လုံးအလွန်လျင်၍ အမှန်းကောင်း၏။ ပိုက်ပစ်သည့်နေရာတွင်လည်း အလွန်အချိန်ကောင်း၍ လက်ဖြောင့်လေသည်။

လီစီးနီးယပ်သည် အကယ်၍ ထောင်ချောက်သာ ဖြစ်ခဲ့သော် ထိုထောင်ချောက်တွင်းသို့ ကျခဲ့လေပြီ။

(ယပ်) "လေ့ကျင့်ပြီးသား ဂလက်ဒီယေတာ တစ်ယောက်သာမဟုတ်ခဲ့လို့ရှိရင် ကျုပ်လူအက်စကာအပေါ်မှာ ကျုပ်က နယ်တစ်နယ်လောင်းမယ်။ တစ်လလောက်သာ လေ့ကျင့်ဖို့အချိန်ရပါစေ။ ဘယ်သူနဲ့မဆို ပြိုင်ဝံ့တယ်"

(ဒပ်) (သူ၏စိတ်အားထက်သန်ခြင်းကို ဂရုမစိုက်သည့်ဟန်ဖြင့် ဖုံးအုပ်လျက်) "ဒါဖြင့် ကျုပ်ပြောတာ ခင်ဗျားလက်ခံပြီဆိုပါတော့. . ."

ထိုအခါ ဆီဇာက ဝင်၍ "ကိုင်းလေ. . .လောင်းကြေးကိုတော့ ဒီတစ်လှည့်သောက်ပြီးမှ ပြောကြသေးတာပေါ့"

သို့နှင့်ဧည့်သည်များသည် ဝိုင်ကို တစ်လှည့်သောက်ကြပြန်လေ၏။ ထိုနောက် ပလေစီဒပ်က. . .

(လီစီးနီးယပ်၏ မျက်နှာကို စေ့စေ့ကြည့်လျက်) "ကျုပ်ဘာမှ မလိုချင်ဘူးဗျာ။ သုံးခွမှိန်းနဲ့ ပိုက်ပဲပေးတော့ တော်ပြီ။ ခင်ဗျားလူ အက်စကာတို့ သံခမောက်နဲ့ ဓားကိုင်ပေစေ. . ."

(ယပ်) "ဒိုင်းကော မပေးတော့ဘူးလားဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



စစ်သားဟောင်းကြီးတစ်ယောက်ပင် ဖြစ်လင့်ကစား. . .လီစီးနီးယပ်သည် စကားကို မစဉ်းစားဘဲ အလွန်အကျွံပြောလိုက်မိလေပြီ။

(ဒပ်) "ကိုင်ပါဗျာ၊ ခင်ဗျားလူက အသက်လည်း ငယ်တယ်။ အလေ့အကျင့်လည်း မရှိဘူးဆိုတော့ ကျွန်းသား လူရိုင်းတစ်ယောက်ကို ပေးဖို့ ဝန်မလေးပါဘူး။ ဒိုင်းလည်းပေးပါတယ်၊ ကိုင်ပါစေတော့. . ."

လီစီးနီးယပ်ကား. ဒေါသအလျှောက် မခံချင်သည့်အတွက် မိမိအလျင်စလို ပြုလုပ်မိသည်ကို နောင်တရမည်ကဲ့သို့ ရှိလေ၏။ ပလေစီဒပ်၏ မျက်လုံးများကား သားငယ်တစ်ကောင်ကို ရတော့မည့်အခါ ကြည့်လိုက်သော ကျား၏ မျက်လုံးများနှင့်တူ၍နေ၏။ ထိုနောက် အက်စကာ၏ ခွန်အားဗလနှင့် စွမ်းရည်သတ္တိကို သတိရသောအခါ အားတက်တော့မည်ကဲ့သို့ရှိသော်လည်း မရိုးဖြောင့်ခြင်း၊ အကောက်ကြံခြင်း၊ ရက်စက်ခြင်းများဖြင့် ရောပြွမ်းလျက်ရှိသော ဝန်ကြီးပလေစီဒပ်၏ မျက်လုံးများကို မြင်ရပြန်သောအခါ စိတ်ပျက်မိ၏။ သို့သော် ဣန္ဒြေမပျက်စေဘဲ အားတင်းလျက်. . .

"ကောင်းပြီ၊ ခင်ဗျားပြောတဲ့အတိုင်း ရှိစေတော့။ ခင်ဗျားက ပိုက်သမား၊ ကျုပ်လူက ဓားသမားပဲထား၊ တစ်သောင်းကိုးထောင်နဲ့တော့ မရဘူး"

ဤသို့ပြောရင်း လီစီးနီးယပ်သည် ဝန်ကြီးပလေစီဒပ်၏ ပြောင်လက်တောက်ပသော အဝတ်အစားများကို အကဲခတ်သော မျက်နှာမျိုးဖြင့် ကြည့်လိုက်လေသည်။

(ဒပ်) "ဟား. . .ဟား. . .ဟား ကျုပ်အကျႌ လက်ဖျားမှာ ကွပ်ထားတဲ့ ရွှေချည်နားတောင် ကျွန် ၁၂-ယောက်ထက် အဖိုးတန်ပါသေးတယ်ဗျာ။ ကိုင်း . . .ကျုပ်ပြောမယ် နားထောင်၊ ကျုပ်ရထားမှာ တပ်ထားတဲ့ မြင်းဖြူကြီးတွေ အကုန်လုံးရော၊ ရွှေကွပ်ထားတဲ့ ကျုပ်မြင်းရထားရော ခင်ဗျား ကျွန်အက်စကာနဲ့ ကျုပ်လောင်းတယ်၊ တကယ်လို့ ခင်ဗျားလူက ရှုံးပြီး ပွဲကြည့်တဲ့ ပရိသတ်ကလည်း သူ့အသက်ကိုချမ်းသာပေးဖို့ တောင်းမယ်ဆိုရင် ခင်ဗျားကျွန်အက်စကာကို ကျုပ်အပိုင်ယူမယ်။ ဘယ့်နှယ်လဲ. . ."

လီစီးနီးယပ်ကား ထိုအခါမှသာ၍ မိမိစကားလွန်နေပြီကို ယူကျုံးမရဖြစ်မိ၏။ အကယ်၍ အက်စကာမှာ အသက်ပင်ချမ်းသာရာရမည်ဆိုစေကာမူ အခြားသူ၏ ပစ္စည်းဖြစ်ရပေတော့မည်။ မိမိ၏ အချစ်ဆုံး ကျွန်တစ်ယောက် ဆုံးရှုံးရမည်ကို လီစီးနီးယပ်သည် တွေး၍မကြည့်ဝံ့အောင် ရှိတော့၏။ ပလေစီဒပ်၏ အတွင်းရေးများသည် ထိုနေ့ ဗလေရီယာထံမှ စာရသဖြင့် ပြောင်းလဲနေကြောင်း သူမသိရှာချေ။ ဗလေရီယာနှင့် စာကို လက်ခံရရှိသော ဝန်ကြီးပလေစီဒပ်သာလျှင် အက်စကာရှုံးခဲ့သော် မည်သို့မည်ပုံဖြစ်မည်ကို သိကြပေမည်။



www.burmeseclassic.com

www.burmeseclassic.com

## [ ၉ ]

ရာပေါင်းထောင်ပေါင်းများစွာသော ပါးစပ်များမှ ဟစ်အော်လိုက်သော အသံများ၊ ဩဘာပေးသံများ၊ လက်ခုပ်သံများသည် အရီနာ (Arena) ခေါ် ပြိုင်ပွဲကွင်းကြီးတွင် ကြည့်ရှုနေကြသော ပရိသတ်များ၏ အသံဖြင့် နားကွဲလုမတတ် ဆူညံ၍ သွားလေသည်။

ဆပ်ကပ်အဝိုင်းကြီးတွင် ပရိသတ်ထိုင်ရန် ခုံတန်းများသည် တံတိုင်းနောက်မှစ၍ တဖြည်းဖြည်းမြင့်တက်သွား၏။ အလယ်တွင် ယှဉ်ပြိုင်ရန် မြေလပ်ထား၍ ထိုကွက်လပ်ကို တံတိုင်းဖြင့် ဝိုင်းရံထားလေသည်။ ထိုအဆင့်ဆင့်မြင့်တက်သွားသော ထိုင်ခုံများပေါ်တွင် မိန်းမများပါ ပြည့်နှက်လျက်ရှိ၏။ တစ်နေရာ၌ သီးသန့်စင်မြင့်တစ်ခုရှိ၍ ထိုစင်မြင့်ပေါ်တွင် ရာဇပလ္လင်ရှိရာ ဆီဇာသည် မင်းခမ်းမင်းနားအဆောင်အယောင်ဖြင့် ခန့်ညားစွာထိုင်လျက်ရှိ၏။

ဤနေရာ၌ ကျွန်ုပ်တို့သည် ရောမတို့ ကျင်းပလေ့ရှိသော သတ်ပွဲများအကြောင်းနှင့်တကွ ရာဇဝင်ကိုပါ အနည်းငယ်ရေးသား ဖော်ပြရပေမည်။

ထိုအခါက ရောမတို့၏ ရက်စက်ကြမ်းကြုတ်သော သဘောထားကို သတ်ဖြတ်ခြင်းများ ကျင်းပခြင်း၊ ထိုပွဲများကို ခုံခုံမင်မင် အားပါးတရ ကြည့်ရှုလေ့ရှိခြင်းတို့ဖြင့် ထင်ရှားစွာ သိရ၏။ **အီတြပ်စကင် (The Etruscans)** အီတြပ်စကင်လူမျိုး။ ဘီစီသက္ကရာဇ် ၁၀၀၀ ခန့်က အီတလီကျွန်းဆွယ်ရှိ တိုင်ဗာမြစ်၏ မြောက်ဘက်တွင်နေသော လူမျိုး။ တောင်ဘက်တွင် လက်တင်တို့နေကြ၍ လက်တင်တို့ထက် ယဉ်ကျေး၏။ မြို့နှင့်နန်းနှင့်အခြေတကျ နေထိုင်ကြလေသည်။)တို့၏ လက်အောက်၌ နေစဉ်က ရောမတို့သည် မိဘသေဆုံးသောအခါ၌ဖြစ်စေ သေသူအား အရိုအသေပြုသည့်အနေဖြင့် သေသူကို ကြည်ညိုသူနှစ်ဦးသည် ဓားချင်းယှဉ်ပြိုင်ခုတ်ကာ အသက်ကို လှူကြ၏။ ဤသို့ အသက်ပူဇော်ပွဲများကို ရောမတို့ မြင်ဖန်များလတ်သော် သတ်ပွဲများ ပေါ်ပေါက်ပါ၍လာကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သမ္မတခေတ်သို့ရောက်လာသည့်အခါတွင် 'ကွန်ဆာ'လူကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံလိုသူတို့သည် မဲဆန္ဒအများဆုံးရရှိရန် ရည်ရွယ်၍ မြို့သူမြို့သားများအကြိုက် သတ်ဖြတ်ပွဲများကို ငွေကုန်ကြေးကျခံကာ ကျင်းပပေးကြ၏။ သတ်ဖြတ်ပွဲများမှာလည်း လူကြီးမိဘသေမှ မဟုတ်ဘဲ အပျော်သက်သက်ပွဲလမ်းသဘင်တစ်ခုသဖွယ် ကျင်းပကြ၏။ ရှေးဦးစွာ သေဒဏ်ပေးထားသော အကျဉ်းသမားများကို အချင်းချင်း ထိုးခုတ်သတ်ဖြတ်စေ၏။ နောင်ဤပွဲမျိုးအလွန်အမင်း ခေတ်စားလာသောအခါ စစ်မြေပြင်မှ ဖမ်းဆီးလာသော သုံ့ပန်းများ၊ ကျွန်များကို ပွဲပေါင်းမည်မျှ သတ်ဖြတ်အစွမ်းပြနိုင်လျှင် သုံ့ပန်းအဖြစ်မှ လွတ်မည်ဟူသော ကတိခံဝန်ချုပ်များဖြင့် လူကြီးများက ဝင်ရောက်သတ်ဖြတ်စေ၏။

စစ်သူကြီးများ တန်ခိုးအာဏာကြီးလာသောအခါလည်း စစ်ဗိုလ်သူရဲသူခက်များ၊ တစ်ခါတစ်ရံ စစ်သူကြီးများကိုယ်တိုင်ပင် ဝင်ရောက်ယှဉ်ပြိုင်ကြ၏။ တစ်ခါတစ်ရံလည်း မိန်းမအချင်းချင်း သတ်ဖြတ်ရုံမျှမက လူနှင့် ခြင်္သေ့ကျားသစ်စသော သားရဲတိရစ္ဆာန်များနှင့် ယှဉ်ပြိုင်သတ်ဖြတ်ကြ၏။ ဤသို့လျှင် ထိုးခုတ်သတ်ဖြတ်ပွဲ အမျိုးမျိုးများကို တဖြည်းဖြည်းအသစ်အဆန်းထွင်ကာ ကျင်းပကြ၏။ ယခင်ဘုရင်ခေတ်က ထိုပွဲများကို တစ်ရက်မျှသာ ကျင်းပသော်လည်း နှောင်းခေတ်များတွင် ရက်ပေါင်းများစွာ ကျင်းပလေ့ရှိကြကုန်၏။

ထိုနေ့၌ကား ကျားနှင့် ကြွဲတိုက်ပွဲကို ရှေးဦးစွာ စလေ၏။ သို့သော် ပရိသတ်များ တာရှည်ကြည့်ရန် အချိန်မရလိုက်တော့ချေ။ အဘယ်ကြောင့်ဆိုသော် ကျားသည် ရန်သူကို ခုန်အုပ်ရန် အရှိန်ယူလျက်ရှိစဉ် ကြွဲသည် ကျား၏ ဝမ်းဗိုက်အောက်သို့ လျင်မြန်သော အဟုန်ဖြင့် ပြေးဝင်၍ ဆောင့်ပြီးလျှင် အထက်သို့ မြှောက်ကော်လိုက်ရာ ကျားကြီး၏ ဝမ်းဗိုက်သည် ကြွဲ၏ ဦးချိုတွင် တစ်ခဏမျှ စိုက်နေပြီးနောက် ကြွဲ၏နောက်ဘက်သို့ တစ်ခါတည်း ပုံ၍ကျသွားလေ၏။ ထိုနောက် ဝမ်းဗိုက်မှ အူများထွက်ကာ သွေးများသည် ဒလဟော ပန်းထွက်ပြီးနောက် ကျားသည် နေရာမှမထဘဲ ရှိနေတော့၏။ ထိုအခါ ပရိသတ်များသည် လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြလေ၏။

တစ်ဖန်ရှည်လျားစူးရှသည့် ခရာမှုတ်သံများကို ကြားရပြီးနောက် ဂလက်ဒီယေတာ ၄၀၀ တို့သည် နှစ်စုခွဲပြီးလျှင် ကွက်လပ်တွင်းသို့ ဝင်လာရာ ပွဲကြည့်သူများသည် သောင်းသောင်းဖျဖျလက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြ၏။ တစ်စုမှာ လည်ပင်းတွင် အနီလည်စည်းများကို ဝတ်ဆင်လျက်လည်းကောင်း၊ အခြားတစ်စုမှာ အစိမ်းလည်စည်းများကို ဝတ်ဆင်လျက်လည်းကောင်း ရှိကြကုန်ရာ၊ ပွဲကြည့်ပရိသတ်များအနက် အလောင်းအစားဝါသနာ



www.burmeseclassic.com

www.burmeseclassic.com


ပါသူများလည်း အစိမ်းနှင့်အနီကို မိမိတို့ ကြိုက်နှစ်သက်ရာဘက်မှ လောင်းကစားကြကုန်၏။

တိုက်ပွဲမစမီ ဂလက်ဒီယေတာ ၄၀၀ တို့သည် ကွင်းကိုလှည့်ပတ်ကာ ဒီတန်းလျက် ဆီဇာဘုရင်အား အရိုအသေပြုရ၏။ ရာဇပလ္လင်ရှေ့တည့်တည့်သို့ ရောက်ကြသောအခါ သူတို့၏ ပြောင်လက်တောက်ပသော လက်နက်များ၊ ဒိုင်းများကို မြှောက်ကာ "အို. . .ဆီဇာဘုရင်မင်းမြတ် . . . အသေခံလာရောက်သော ကျွန်ုပ်တို့သည် သင့်အား အရိုအသေပြုပါ၏"ဟု ဟစ်အော်ကြလေသည်။

သူတို့၏ ပြောဆိုခြင်းသည်လည်း ကြွားဝါခြင်းမဟုတ်ချေ။ အသေခံလာသူများသည် အကယ်ပင် သေကြကျေကြလေသည်။ တိုက်ပွဲကား စစ်မြေပြင်တစ်ခုကဲ့သို့ ရှိနေ၍ အရှင်ဖမ်းမိသော သုံ့ပန်းဟူ၍လည်းမရှိ။ အသေသတ်ရမြဲ ထုံးစံအတိုင်း အသေပင်သတ်ကြရကုန်၏။ တစ်ခါတစ်ရံမှ သူတကာထက် ရုပ်ရည်ချောမော၍သော်လည်းကောင်း၊ အားခွန်ဗလနှင့် ပြည့်စုံ၍သော်လည်းကောင်း၊ ထူးထူးကဲကဲ သတ္တိပြ၍သော်လည်းကောင်း၊ ပရိသတ်များက တောင်းပန်သောအခါ ထိုရှုံးသူမှာ အသက်ချမ်းသာရာရလေသည်။ ပရိသတ်များ သဘောကျ၍ ဤသို့ ချမ်းသာပေးလိုသောအခါ ပွဲကြည့်သူများသည် လက်ကိုအပြင်သို့ ဆန့်တန်းပြီးလျှင် လက်မကို အောက်သို့စိုက်၍ပြရ၏။ ထိုအခါ အနိုင်ရသူသည် နောက်ထပ်ထိုးခုတ်သတ်ဖြတ်ခြင်းကို မပြုတော့ဘဲ အသက်ကို ချမ်းသာပေးလိုက်ရလေသည်။ ရှုံးသူက သာမန်တောင်းပန်ရုံမျှနှင့်မည်သည့်အခါမျှ ချမ်းသာပေးရိုးထုံးစံမရှိချေ။ ပရိသတ်များသည် တစ်ပြိုင်နက် 'ချ' 'ချ'ဟု ဟစ်အော်ပြီးနောက် တရားသူကြီးများ၏ လက်သည် အပေါ်သို့ မြှောက်ပြသည်နှင့် တစ်ပြိုင်နက် ထိုရှုံးသူမှာ 'သေရအောင်သာ ပြင်ပေတော့'ဟု ဆိုဘိသကဲ့သို့ ရှိလေသည်။

သို့နှင့်တစ်ဖက်နှင့်တစ်ဖက် သတ်ကြဖြတ်ကြထိုးကြခုတ်ကြရာ ကွင်းပြင်တစ်ခုလုံးမှာ သွေးချင်းချင်းနီလျက် ပွဲကြည့်ပရိသတ်များ၏ 'ထိုးပါတော့လား၊ 'ခုတ်ပါတော့လား၊ ချပါတော့လား၊ သတ်ပါတော့လား'ဟူသော အသံများနှင့်တကွ ဒဏ်ရာရသူများ၏ အော်ဟစ်ညည်းညူသံများမှာ ပွဲရုံကြီး၏အပြင်သို့ ထိုးထွက်ကာ ကောင်းကင်သို့ပင် တက်၍ သွားလုမတတ် ဆူညံ၍နေလေ၏။ နိုင်သူများသည် ဆီဇာအား အရိုအသေပြု၍ အပြင်သို့ ထွက်သွားကြသောအခါ အသေကောင်များကိုမူ ကျွန်များက ဖယ်ရှားပစ်ကြရလေသည်။

နောက်တစ်ခဏ၌ 'ဂျူလီယပ် ပလေစီဒပ်'သည် လှပခံ့ညားစွာ ပြိုင်ကွင်းထဲသို့ ဝင်လာရာ ပရိသတ်များက သောင်းသောင်းဖျဖျ ဩဘာပေးကြလေသည်။ သူသည် ဒူးသို့ ရောက်အောင် ဆွတ်ဆွတ်ဖြူသော ကိုယ်ကျပ်အင်္ကျီ


www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်လျက် အသွားသုံးခွရှိ၍ (၇)ပေရှည်သော မိုန်းကြီးတစ်ချောင်းကိုလည်း လက်ယာဘက်တွင် ကိုင်ထား၏။ လက်ဝဲဘက် ပခုံးပေါ်၌မူ ပစ်ဖမ်းသောအခါ ချိန်သားကိုက်စေရန် အဖျားတွင် ခဲသီးကိုက်လေးများတပ်ထားသည့် ပိုက်ကွန်ကို တင်ထားလေသည်။

"ကျွန်ုပ်တို့ ကြိုဆိုပါ၏ ပလေစီဒပ်. . ."

"ရဲရင့်ပါပေ၏ ပလေစီဒပ်"အစရှိသော အသံများသည် ထောင်ပေါင်းများစွာသော ပရိသတ်များ နှုတ်ဖျားမှ ဆူညံစွာ ထွက်ပေါ်လာလေသည်။

ထိုအခါ ပလေစီဒပ်သည် ပရိသတ်များအား ကိုယ်ကို ညွတ်ကာ ညွတ်ကာ ဦးခေါင်းကို ငုံ့၍ အရိုအသေပြုလျက်ရှိလေ၏။ အထူးသဖြင့် လီစီးနီးယပ်နှင့်အတူ ထိုင်နေသော ဗလေရီယာရှိသည့် ခုံဘက်သို့ မကြာမကြာ ဦးညွတ်အရိုအသေပေးလျက်ရှိလေသည်။ ဝန်ကြီး ပလေစီဒပ်ကား သူချစ်သော မိန်းမရှေ့တွင် အစွမ်းပြရန် အသေအကျေတိုက်ရမည့် တိုက်ပွဲကို ဝင်နွှဲယှဉ်ပြိုင်တော့မည်ဖြစ်ရာ ထိုမိန်းမ၏ စိတ်ရှုးပေါက်ခြင်းကို သူသည် နားမလည်ရှာချေ။ သို့နှင့် သူသည် မိတ်ဆွေများဘက်သို့ လှည့်၍ နှုတ်ဆက်ကာ ဟန်ရေးပြရင်း ကွင်းကိုပတ်လျက် တဖြည်းဖြည်းလျှောက်နေလေသည်။

ထိုအချိန်၌ ဗလေရီယာသည် အက်စကာ၏အကြောင်းကို သူ၏သခင်လီစီးနီးယပ်အား ဆယ်ကြိမ်ထက်မနည်း ထပ်တလဲလဲမေးမြန်းလျက်ရှိလေသည်။

"အစ်ကိုကြီးရဲ့ လူက ရုပ်လှသလောက် သတ္တိကောင်းရဲ့လား. ."

"ကောင်းပြီလား ဗလေရီယာ"

"သတ္တိကောင်းတယ်ပဲ ထားဦး။ ပလေစီဒပ်က ကျင့်သားရပြီးသားလူ၊ တိုက်ပွဲတွေမှာ နိုင်ပေါင်းလည်း များလှပြီ အစ်ကိုကြီးရဲ့"

"အက်စကာလည်း မညံ့ပါဘူး ဗလေရီယာရယ်. . .သူ့နိုင်ငံမှာတော့ သူဟာ မင်းသားတစ်ပါးပဲ၊ ပြီးတော့ ဓားသိုင်းကိုလည်း ဟီပီးယပ်က လေ့ကျင့်ပေးနေတာ အချည်းနှီးမဖြစ်နိုင်ပါဘူး"

"အစ်ကိုကြီးပြောသလိုတော့ နိုင်ပုံပေါ်ရဲ့ ဆိုပါတော့"

"စိတ်ချပါ ဗလေရီယာ. . .ကျွန်ုပ်လူအကြောင်း ကျွန်ုပ်မသိဘဲ အတိုက်မခိုင်းပါဘူး"

ပလေစီဒပ်သည် ကွင်းကိုပတ်၍ ပရိသတ်များအားလည်းကောင်း၊ ဆီဇာအားလည်းကောင်း၊ အထူးသဖြင့် ဗလေရီယာအားလည်းကောင်း အကြိမ်ကြိမ်ဦးညွတ်၍ အရိုအသေပြုလျက် မိုန်းကြီးတဝင့်ဝင့်ဖြင့် လူလုံးပြလျက်ပင် ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com


နောက်ဆုံးသူသည် ဗလေရီယာနှင့် မျက်နှာချင်းဆိုင်မိလေရာ ဗလေရီယာ၏ မျက်နှာမှာ ရုတ်တရက်ပြောင်းလဲသွားပြီးလျှင် သွေးရောင်လွှမ်းသည့် မိမြန်းသော မျက်နှာမှာလည်း ကျောက်ဖြူရုပ်ကဲ့သို့ ဖွေးခနဲ ဖြူ၍သွားသည်ကို မြင်လိုက်ရ၏။ သို့နှင့်သူသည် လှည့်၍ကြည့်လိုက်ရာ သူ၏ ရန်သူဖြစ်သော ဗြိတိန်ကျွန်းသား အင်္ဂလိပ်လူမျိုးအက်စကာသည် သံခမောက်ကို ဆောင်းလျက် လက်ယာဘက်တွင် ဓားကိုလည်းကောင်း၊ လက်ဝဲဘက်တွင် ဒိုင်းကိုလည်းကောင်း စွဲကိုင်ကာ ဆီဇာအား အကြိမ်ကြိမ်ဦးညွှတ် အရိုအသေပြုနေသည်ကို တွေ့ရလေသည်။

ထိုအချိန်၌ ဗလေရီယာနှင့် မနီးမဝေးတွင် ရဟူဒီမကလေး မာရီယမ်နီသည် ထိုင်လျက်ရှိ၏။ အက်စကာသည် ပရိသတ်များကို လှည့်လည်ကြည့်ရှုရင်း . . . မာရီယမ်နီနှင့်မျက်နှာချင်းဆိုင်မိရာ အက်စကာ၏ အကြည့်ကိုခံရသည့် အခိုက်အတန့်၌ မာရီယမ်နီ၏ အသည်းနှလုံးများသည် ဝမ်းထဲ၌မနေဘဲ အပြင်သို့ ခုန်ထွက်လာပြီးလျှင် မျက်လုံးအိမ်၌ တည်နေဘိသကဲ့သို့ ရှိလေ၏။ သူသည် လှပတောင့်တင်း၍ ကျော့ရှင်းပြေပြစ်သော အက်စကာကို မြင်ရသောအခါ. . .ထိုမျက်လုံးများဖြင့် စူးစူးဝါးဝါးစားတော့မည်ကဲ့သို့ ကြည့်ရှုနေမိ၏။ ထိုအပြုအမူပင်လျှင် မနီးမဝေးတွင် ထိုင်နေသူဗလေရီယာ၏ မစ္ဆရိယစိတ်ကို ယိုဖိတ်ပေါက်ကွဲ၍ ထွက်စေတော့၏။

အချိန်စေ့ရောက်သောအခါ ခရာတုတ်သံ ကြားရပြီးနောက် ပလေစီဒပ်နှင့်အက်စကာတို့သည် ကွင်း၏အလယ်ဗဟိုတွင် မိမိတို့နေရာကို မိမိတို့ယူကြရ၏။ ကွင်း၏ ဗဟိုအမှတ်အသားနှင့် လူချင်း ၁၀-ကိုက်မျှ ခွာ၍ထားပြီးနောက် အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် သူတို့သည် စက္ကန့်ပေါင်းအတော်ကြာမျှ မတုန်မလှုပ်ကျောက်ရုပ်ကဲ့သို့ ရှိကြလေ၏။

ရန်သူနှစ်ယောက်တို့သည် တစ်ယောက်၏ အရိပ်အကဲကို တစ်ယောက်ခတ်ကာ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ရင်း ကိုယ်အင်္ဂါခြေလက်တစ်စုံတစ်ရာကိုမျှ လှုပ်ရှားခြင်းမပြုဘဲ ရင်ဆိုင်လျက်ရှိကြရာ မျက်တောင်ပင် ခတ်မှ ခတ်ပါ၏လောဟု ထင်မှတ်ရ၏။ နေရာမှ မရွေ့လျားဘဲ ကျောက်ရုပ်ပမာ ရှိနေကြသောသူနှစ်ဦးအား ပရိသတ်များ၏မျက်လုံးအစုံတို့သည် ကျရောက်ကာ ရှိနေကြကုန်၏။

သူတို့၏မျက်နှာပုံပန်းကို အကဲခတ်ရသော်. . . တစ်ဦးနှင့်တစ်ဦး မတူချေ။ အက်စကာ၏ ကျယ်ပြန့်သော နဖူးကြီးမှာ စိတ်၏ တည်ငြိမ်ခြင်း၊ စိတ်ကိုပိုင်းဖြတ်ထားခြင်း နိမိတ်လက္ခဏာများကို ဆောင်လျက်ရှိရာ ဝန်ကြီးပလေစီဒပ်၏မျက်နှာ၌မူ မလိုမုန်းတီးခြင်းကို အောက်ခံထားသည့် ပြုံးရယ်


www.burmeseclassic.com

www.burmeseclassic.com



နည်းမျိုးဖြင့် ပြုံးရောင်သန်းလျက်ရှိလေသည်။ ပထမလူကား. . .သတ္တိနှင့် ခွန်အားဗလကို အားကိုး၊ ဒုတိယလူမှာမူ ပရိယာယ်နှင့် ကျင်လည်ခြင်းကို အားကိုးမည့် အသွင်အပြင်ပေါ်၍ နေလေသည်။

ထိုအခိုက် ဗလေရီယာသည် သူ့အနီးတွင် ထိုင်နေသော သူ့အစ်ကို တစ်ဝမ်းကွဲ လီစီးနီးယပ်အား ဆက်လက်၍. . .

"အစ်ကိုကြီးလူက ဟန်ပါ့မလား အစ်ကိုကြီး . . ."

"စိတ်သာချပါ ဗလေရီယာ . . . ဒီကနေ့ မုချအက်စကာ နိုင်ပါတယ်။ နိုင်ရင်လည်း သူ့ကို ကျွန်အဖြစ်မှ လွတ်လပ်ခွင့်ပေးရလိမ့်မယ်။ ဒီဝန်ကြီးစုတ်တော့ အခုတစ်ခါ သင်ခန်းစာ ကောင်းကောင်းရသွားမှာပဲ။ သူ့ကို ဒီလိုသင်ခန်းစာပေးရလို့လည်း ဘယ်သူမှ ဝမ်းမနည်းပါဘူး. . ."

ဗလေရီယာ၏မျက်နှာမှာ မသိမသာပြုံး၍ သွားလေသည်။ ထို နောက် ဗလေရီယာသည် စကားပြောနေသူ လီစီးနီးယပ်ကို ကြည့်နေရာမှ သူ့အောက် ခုံတန်းများပေါ်တွင် ထိုင်နေသော ဆံပင်နက် မိန်းမလေးများဆီသို့ မျက်စိများ ရောက်သွားလေ၏။ ဗလေရီယာသည် ပရိယာယ်ဖြင့် စကားကို လှည့်လိုက်လျှင် ဂရုမစိုက်သည့်ဟန်ဖြင့် လီစီးနီးယပ်အား. . .

"ဒီဟာကတော့ ဘယ်သူကနိုင်နိုင် အရေးမကြီးပါဘူး။ သူတို့ နှစ်ယောက်စလုံး နာမည်ဟာ စာရင်းထဲမှာ ပါနေတာပဲ၊ အမှန်ပြောရရင် အစ်ကိုကြီးလူက အားခွန်ဗလကောင်းတယ်ဆိုပေမဲ့ နောက်ဆုံးမှာတော့ သတ္တိညံ့ပြီး ခံလိုက်ရမှာ စိုးရိမ်လို့သာ ပြောတာပါ. . .ဟိပ်ီးယပ်အပြောကတော့ သူလေ့ ကျင့်ပေးတဲ့ တပည့်တွေထဲမှာ ဝန်ကြီးပလေစီဒပ်ဟာ ပိုက်ကွန်နဲ့တိုက်တဲ့နေရာမှာ အတော်ဆုံးလူတစ်ယောက်ပဲလို့ ပြောသံကြားဖူးတယ်. . ."

လီစီးနီးယပ်သည် ဗလေရီယာအား အံ့ဩသောမျက်နှာဖြင့် ကြည့်လိုက်၏။ သို့သော် ဗလေရီယာမှာ တစ်စုံတစ်ယောက်ကို ကြည့်နေသဖြင့် ဗလေရီယာ ကြည့်ရာဘက်သို့ လိုက်၍ ကြည့်လိုက်ရာ မာရီယမ်နီ၏ စိုးရိမ်ကြောက်ရွံ့လျက်ရှိသော မျက်နှာကို သတိပြုမိလေသည်။ မာရီယမ်နီ၏မျက်နှာကား ပွပန်သောကဖြစ်ခြင်း၊ ကြောက်ရွံ့စိုးရိမ်ခြင်း၊ ဝေခွဲမရအောင်ရှိခြင်း အစရှိသော စိတ်၏ ဂနာမငြိမ်မှုများဖြင့် ပြွမ်းလျက်ရှိ၏။

အက်စကာသည် သူ၏ရန်သူအား မျက်တောင်မခတ်ဘဲ စူးစူးစိုက်စိုက်ကြည့်ကာ ခုန်၍ အုပ်တော့မည့် ကျားတစ်ကောင်ကဲ့သို့ တစ်လှမ်းချင်း တစ်လှမ်းချင်း တစ်လက်မချင်း တစ်လက်မချင်း တိုး၍လာလေ၏။ သို့တိုး၍ လာရာတွင် မျက်နှာအောက်ပိုင်းနှင့်တကွ သူ၏တစ်ကိုယ်လုံးသည် ဒိုင်းဖြင့် ကာကွယ်ပြီးဖြစ်နေလျက် လက်ယာဘက်လက်၌မူ လက်ကို မြှပ်ကွေးကွေးပြု၍



www.burmeseclassic.com

www.burmeseclassic.com



အားယူကာ အသွားနှစ်ဖက်ရှိသော ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား လေသည်။

သူသည် တစ်ပေခန့်မျှ သူ၏အရပ်ကို နိမ့်အောင် ကိုယ်ကိုကြုံ့၍ အရှိန်ယူလျက်ရှိရာ အသေးငယ်ဆုံးသော အခွင့်အရေးကိုရသည်နှင့်တစ်ပြိုင်နက် ရန်သူအား လျှပ်စစ်၏ လျင်မြန်ခြင်းဖြင့် ထိုးစစ်တိုက်ခိုက်ရန် တစ်ကိုယ်လုံးရှိ သူ၏ကြွက်သားများမှ အားများကို သူဓားကိုင်သော လက်ဆီသို့ရှုံးပို့လွှတ်နေလေသည်။

တစ်ချက်မျှ ခြေလှမ်းမှားလျှင် မိမိမုချအရေးနိမ့်ရမည့်အကြောင်းသိသည့်ပြင် အခက်အခဲတစ်ခုမှာ လူချင်းလည်း နီးကပ်စွာ မပူးဝံ့ဘဲ အတော်လှမ်းလှမ်းကပင် မျက်ခြည်မပြတ်အောင် စောင့်ဆိုင်းကြည့်ရှုနေရခြင်းဖြစ်လေသည်။

ပလေစီဒပ်သည်ကား မလှုပ်မယှက်ရပ်တည်ကာ အချိန်ကျ၍ မိလောက်သောအခါမှ သူ၏ပိုက်ကို ပစ်ရန် အသင့်ရှိနေ၏။ သို့နှင့်သူသည် စိတ်အေးလက်အေး အမူအရာနှင့်ပင် နေရာ၌ ရပ်တည်မြဲရပ်တည်ကာ သူ၏မှိန်းကြီးကို လက်ဝဲဘက်လက်တွင် ပြောင်း၍ကိုင်လိုက်ပြီးနောက် လက်ယာဘက် ခြေထောက်ကို လှမ်းလေ၏။ သူ၏ ညာဘက်လက်တွင်ကား ခေါက်၍ထားသော ပိုက်ကို အလိုက်သင့်ပြင်၍ ကိုင်ထားသဖြင့် ပိုက်ထွေးများသည် သူ၏လက်ဝဲဘက်လက်မောင်းနှင့်တကွ လက်ဝဲဘက်နံဘေးကို တစ်ခါတည်း ဖုံးအုပ်လျက်ရှိလေသည်။ တစ်ကြိမ်မျှ သူသည် ခပ်ဖြူးဖြူးလုပ်ကာ သူ၏ရန်သူအား ခြေလှမ်းပျက်စေရန် ခြောက်လိုက်သေး၏။ သို့သော် အချည်းအနှီးပင်တည်း။

ရန်မူနိုင်သည့် နေရာအပြင်ဘက်သို့ တစ်လက်မမျှကပ်ကာ အတ်စကာသည် ရပ်လိုက်လေ၏။ သို့နှင့်လူနှစ်ယောက်တို့သည် မဆုတ်သာ မရှောင်သာ နေရာတွင် စက္ကန့်ပေါင်းအတော်ကြာမျှ ရပ်တည်လျက်ရှိကြရာ ထောင်ပေါင်းများစွာသော ပရိသတ်တို့၏ မျက်လုံးများသည် တစ်နေရာတည်းသို့ ကျရောက်ပြီးလျှင် ဇာတ်ရုံတစ်ခုလုံးတွင် ပွဲကြည့်သူတစ်ယောက်တည်းမျှသာ ရှိနေဘိသကဲ့သို့ အသက်မျှ မရှူဘဲ ကြည့်ရှုလျက်ရှိကြလေသည်။

နောက် အတ်စကာသည် တစ်ချက်မျှတိုးဝင်၍ ရန်သူကို ခုတ်လိုက်၏။ သို့သော် ရန်သူကို မထိဘဲ သူသာလျှင် ပိုက်တစ်ကမ်းလွတ်အောင် လျင်မြန်စွာ ခုန်ထွက်လိုက်ရလေသည်။ ပလေစီဒပ်ကိုကား ဤသို့ လှည့်ဖျားမရချေ။ သူသည် ခြေလှမ်းမပျက်ဘဲ ရှေ့သို့ လက်တစ်လှမ်းမျှ ကြံခိုင်စွာ တိုးလာခဲ့လေပြီ။

ထိုအခါ အတ်စကာသည် တစ်ချက်မျှ တိုး၍ ဝင်ပြန်၏။ ထိုအကြိမ်



www.burmeseclassic.com

www.burmeseclassic.com



၌ကား လက်ရော၊ ခြေရော၊ မျက်လုံးရော၊ စုပေါင်းကာ တရှိန်တည်း ခုန်၍ဝင်လေရာ ပလေစီဒပ်က ရန်သူ့ဦးခေါင်းပေါ်သို့ ပိုက်ပစ်လိုက်ပုံမှာ မည်သို့လျှင်မြန်သနည်းဟူမူ ပြန်၍ ခုန်ထွက်လိုက်သော အက်စကာနှင့်တစ်လက်မခန့်သာ လွဲ၍သွားလေ၏။ ထိုအချိန်၌လည်း ပလေစီဒပ်သည် ကပ်၍ ခုတ်လိုက်သော အက်စကာ၏ ဓားချက်ကို ကြောင်ကဲ့သို့ လျှင်မြန်ခြင်းဖြင့် နံဘေးသို့ တိမ်းရှောင်လိုက်နိုင်သေး၏။ ထိုနောက် ပလေစီဒပ်သည် အသက်ဘေးမှ လွတ်မြောက်ရန် ကွင်းကို လှည့်ပတ်ပြေးသွားလျက်ရှိလေရာ ဤသို့ပြေးသွားရင်း ပိုက်ကို နောက်တစ်ကြိမ်ပစ်နိုင်ရန် ပြင်ဆင်သွားလေသည်။

"လူကြောက် သူရဲဘောကြောင်တဲ့ အကောင်"ဟု ဗလေရီယာ၏ နှုတ်မှအပြင်သို့ ထွက်လာ၏။

ဗလေရီယာသည် အံကြိတ်လျက်ရှိရာ မာရီယမ်နီမှာမူ အောင်မြင်ခြင်းကို မြင်သကဲ့သို့ သူ၏မျက်လုံးများတွင် အရောင်တောက်လျက်ရှိလေသည်။

သို့သော် အရှုံးအနိုင်အရေးကား ဝေးလှစွာသေး၏။ ကြောက်၍ ထွက်ပြေးသကဲ့သို့ မှတ်ထင်ရသော်လည်း ပလေစီဒပ်သည်ကား အရီနာကွင်းထဲသို့ ပထမဆင်းလာခဲ့စဉ်ကကဲ့သို့ပင် အခြေမပျက် မျက်နှာမပျက် အေးဆေးလှသော အမူအရာရှိလေသည်။ ပိုက်ကို နောက်တစ်ကြိမ်ပစ်ရန် အသင့်ကိုင်ထားပြီး ဖြစ်လေသည်။

ပလေစီဒပ်သည် လျှင်သလောက် အက်စကာလည်း မြန်လှ၏။ အက်စကာသည် ရန်သူနောက် တဖြည်းဖြည်းကပ်၍ လာရာ လက်တစ်လှမ်းအလိုသို့ ရောက်လာခဲ့လေပြီ။ ထိုနေရာမှာ မာရီယမ်နီနှင့် သူ၏ ဦးကြီးတော်ကာလချပ်တို့ ကြည့်ရှုနေသော နေရာရှေ့တည့်တည့်ဖြစ်၏။

အက်စကာသည် တစ်ကိုယ်လုံးရှိ အင်အားကို ညာဘက်လက်ရုံးသို့ စုပေါင်းကာယူ၍ ကိစ္စကို တစ်ခါတည်းအဆုံးသတ်တော့မည်ဟု ဓားကိုင်သော လက်ယာဘက်လက်ကို တအားမြှောက်လေ၏။

ထိုအခိုက်အတန့်၌ မိန်းမတစ်ယောက်၏ ငယ်သံပါအောင် ဟစ်အော်လိုက်သော အသံတစ်သံသည် ဆိတ်ငြိမ်လျက်ရှိသော ပွဲရုံကြီးတစ်ခုလုံးကို လွှမ်းမိုးသွားလေ၏။ ဘုရင်ဗီတီးလီးယပ်ပင် သူ၏ရာဇပလ္လင်မှ ထ၍ကြည့်လေ၏။ ခုတ်မည့်ဓားသည် သူ၏လက်မှ လေထဲသို့ မြောက်တက်သွားပြီးလျှင် အက်စကာသည် ရှေ့သို့ အလျားမှောက်ပြီး သဲပြင်ပေါ်သို့ လဲကျသွားလေ၏။

အက်စကာ၏ အခွင့်အရေးကား. . .ဆုံးခန်းတိုင်ခဲ့လေပြီ။ သူသည် တစ်စုံတစ်ရာ မလုပ်နိုင်မီ ပလေစီဒပ် ပစ်လိုက်သော ပိုက်ကွန်သည် သူ၏တ

www.burmeseclassic.com



ကိုယ်လုံးကို အုပ်၍မိသွားပြီးလျှင် အက်စကာမှာ ထောင်ချောက်တွင်းတွင် မိသော သားကောင်ကဲ့သို့ ရှိနေတော့၏။ မာရီယမ်နီသည် ပိုက်ထဲ၌မိနေသော အက်စကာကို ကြည့်ကာ မျက်နှာမှာ ကျောက်ရုပ်ကဲ့သို့ ဖြူဖွေးလျက် မလှုပ်မယှက်ကြည့်နေ၏။ ဗလေရီယာမှာမူကား မိမိရောက်နေသည့် နေရာကိုမျှ သတိရဟန်မတူဘဲ နေရာမှ ခုန်၍ ထလိုက်လေသည်။

ပလေစီဒပ်သည် လဲကျသွားသော ရန်သူပေါ်သို့မိုးကာ မနာလိုမုန်းတီးသော ပြုံးခြင်းမျိုးဖြင့် ပြုံးလျက် ခက်ရင်းခွကြီးကို မြှောက်လိုက်လေ၏။ သို့မြှောက်လိုက်စဉ် အက်စကာ လဲကျသွားရခြင်းအကြောင်းရင်းကို တွေ့ရလေသည်။ အက်စကာ ခြေမှ သွေးများ ယိုစီးလျက်ရှိ၏။ သူသည် ပလေစီဒပ်အားမားနှင့်ခုတ်ရန် နောက်ဆုံးအားယူလိုက်စဉ်ဆဲဆဲတွင် ထက်ဝက်မျှ နစ်မြုပ်နေသော ဓားသွားကြီးတစ်ချောင်းကို မတော်တဆနင်းမိသဖြင့် ဤကဲ့သို့ ရုတ်တရက် လဲကျသွားရခြင်းဖြစ်လေသည်။

ဝန်ကြီးပလေစီဒပ် ကိုယ်ကို မတ်မတ်ရပ်လိုက်ကာ ရန်သူကို အဆုံးစီရင်ရန် ခက်ရင်းခွကြီးကို မြှောက်လိုက်ရင်း ဗလေရီယာထံမှ ပြမည့် အထိမ်းအမှတ်ကို ကြည့်လိုက်လေ၏။

ဗလေရီယာမှာ မစ္ဆရိယစိတ်ရောလျက်ရှိသော ဒေါသခိုးမွှန်နေသဖြင့် မိမိဘာကို ပြုလုပ်မိသည်ကိုမျှ သတိမရဘဲ အသေသတ်ရန် အထိမ်းအမှတ်ကို ပြတော့မည့်ဆဲဆဲ ရှိလေ၏။ သို့သော် လီစီးနီးယပ်သည် ဗလေရီယာ၏ လက်မောင်းကို အတင်းဖမ်း၍ ကိုင်ထားလိုက်လေသည်။ လီစီးနီးယပ်သည် သူ၏မိတ်ဆွေများနှင့်တကွ နောက်ပါ အခြွေအရံများကိုပါ ရှုံးသူအား ညှာတာခွင့်ပေးရန် တောင်းပန်၏။ အက်စကာ၏ ခြေမြန်ပုံ၊ ရဲရင့်ပုံနှင့်တကွ ယခုကဲ့သို့ မတော်တဆဖြစ်ရပုံတို့ကလည်း ညှာတာခွင့်ပေးရန် ပရိသတ်များအား အသနားခံဘိသကဲ့သို့ ရှိနေ၏။

သို့နှင့် ပရိသတ်များသည် လက်များကို အပြင်သို့ ဆန့်တန်းကာ လက်မကို မြေကြီးသို့ စိုက်ပြကြလေ၏။ ဝန်ကြီးပလေစီဒပ်သည် အက်စကာအား မသတ်နိုင်တော့ဘဲ ချမ်းသာပေးလိုက်ရ၏။ သို့နှင့်. . .စိတ်ထဲတွင် မချင့်မရဲရှိနေသော ပလေစီဒပ်သည် ကွင်းပြင်ထဲသို့ ဝင်လာသော လက်ပါးစေတစ်ယောက်အား သူ၏လက်နက်များကို လှမ်း၍ ပေးလိုက်ပြီးလျှင် အခြားတစ်ယောက်ထံမှ သူ၏ဝတ်ရုံကြီးကိုယူ၍ဝတ်ကာ ပရိသတ်အား အကြိမ်ကြိမ်အညွှတ်ပြီးနောက် ရှုံ့ရှာမုန်းတီးသော မျက်နှာဖြင့် ကွင်းထဲမှ ထွက်သွားလေသည်။

အက်စကာကား သေဖို့အပြင် အခြားတစ်စုံတစ်ရာ လမ်းမမြင်သဖြင့် ငို၍နေသော မာရီယမ်နီကိုသာ နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ရှုလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် မာရီယမ်နီကမူ အက်စကာ လဲကျသွားသည့်အချိန်မှစ၍ မျက်လုံးများပြာလျက် တစ်စုံတစ်ရာ မမြင်ရတော့ချေ။ သူသတိလစ်၍ မသွားမီခဏ၌ ဗုံးခနဲလဲကျသွားသော အက်စကာ၏ ကိုယ်ကြီးကိုလည်းကောင်း၊ ထောင်ချောက်သဖွယ် ပစ်၍အုပ်လိုက်သော ပိုက်ထွေးကြီးကိုလည်းကောင်း၊ လဲနေသူအား တစ်ခါတည်းထိုးသတ်ရန် ကိုင်မြှောက်လိုက်သော ခက်ရင်းခွကြီးကိုလည်းကောင်း မြင်လိုက်ရလေသည်။ ထို့နောက် မိမိရှေ့၌ရှိနေသော ထိုင်ခုံဝိုင်းကြီးများ၊ တိုင်များ၊ သဲပြင်များ၊ ဖြူဖွေးသော အဝတ်များနှင့် ကျယ်ပြန့်သော မိုးကောင်းကင်ကြီးပါမကျန် မိမိရှေ့၌ ချာလည်လည်ကာ မျက်လုံးတွင် တဖြည်းဖြည်းမဲမှောင်သွားပြီးနောက် သူ၏ဦးရီးတော် ကာလချပ်၏လက်ထဲတွင် သတိမေ့လျော့ကာ ပျော့ခွေကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၀ ]

အက်စကာမှာ ကျွန်အဖြစ်မှ လွတ်မြောက်ရန်ကား ဝေးလေစွ၊ ပြင်အွင်းရှိ ပရိသတ်ဗိုလ်ပုံအလယ်တွင် အရေးရှုံးနိမ့်၍ အပြင်းအထန် ဒဏ်ရာရရှိရှုံမြူမက ကြင်နာသနားတတ်သော လီစီးနီးယပ်လက်ထဲမှ သူ၏ ရန်သူဖြစ်သော ဝန်ကြီးပလေစီဒပ်လက်တွင်းသို့ ရောက်၍နေရချေပြီ။ ပလေစီဒပ်သည် ဝန်ကြီး တစ်ဦးပီပီ ကြင်နာခြင်းကင်းမဲ့စွာဖြင့် အက်စကာအား မိမိအိမ်တွင်းရှိ အလုပ်များကို ရက်စက်စွာ ခိုင်းစေလျက်ရှိလေ၏။

တစ်နေ့သ၌ ပလေစီဒပ်သည် အလွန်ခမ်းနားစွာ ပြင်ဆင်ထားသော အိမ်ရှေ့ဧည့်ခန်း၌ ဓားသိုင်းဆရာကြီးဟာစ်ပီးယပ်၊ ထို့ပြင် ကျွန်အဖြစ်မှ လွတ်ငြိမ်းခွင့်ပေးပြီးဖြစ်သော ဒမပ်ဆီပီးယပ်၊ အိုအာဆီးတို့နှင့်အတူ စကားပြောရင်း ပျော်ရွှင်စွာ စားသောက်လျက်ရှိလေသည်။ ထိုအချိန်၌ အက်စကာသည် သူ၏သခင် ပလေစီဒပ်အတွက် ရေချိုးရန် ရေချိုးခန်းထဲတွင် ရေလောင်းခြင်း၊ ရေပူရေအေးစပ်ခြင်း၊ အခန်းကို သုတ်သင်ခြင်း၊ ရေချိုးအဝတ်များကို ပြင်ဆင်ပေးခြင်းစသည်ဖြင့် ဗာဟီရကိစ္စများကို ဆောင်ရွက်လျက်ရှိရာ၊ ဧည့်ခန်းမှ 'မာရီယမ်နီ'ဟူသော စကားတစ်လုံးကို သဲ့ခနဲ ကြားလိုက်ရ၏။ ရေချိုးခန်းမှာ ဧည့်ခန်းနှင့် ကပ်လျက်ရှိလေသည်။

"မာရီယမ်နီ. . .ဟုတ်လား. . ."

အိုအာဆီးသည် တစ်စုံတစ်ရာကို ဆက်လက်၍ တီးတိုးပြောလိုက်ရာ ပလေစီဒပ်ကမူ "ဟဲ. . .ဟဲ. . .ဟဲ. . ."ဟု အဆံကို ခပ်အုပ်အုပ်ထားကာ ပြောင်လှောင်သော ရယ်မောခြင်းမျိုးဖြင့် ပြန်လှန်ရယ်မောလိုက်သံကို ကြားရပြန်၏။ နုပျိုလှပသော ရဟူဒီမကလေး၏ ထူးခြားသော အသွင်အပြင်ကို သတိပွဲ့မြင် လိုက်စဉ်ကပင် ပလေစီဒပ်မှာ မျက်စိကျသွားဟန် လက္ခဏာရှိလေသည်။

(ပလေစီဒပ်အသံ) "ဟို. . .ဆံပင်နက်နက်နဲ့ ဟာကလေးမဟုတ်လား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . .အိမ်ကို ခိုးယူလာပြီး ကျွန်လုပ်ခိုင်းထားရင် ကိစ္စပြီးတာပဲ အရှင်. . ."

"ခိုးဖို့က အခက်သားပဲ. . ."

"ခိုးဖို့ရာ လွယ်ပါတယ်အရှင်၊ ဒီကိစ္စ ကျွန်တော်မျိုးတို့ တာဝန်ထားပါ. . ."

ပလေစီဒပ်သည် ဒမပ်ဆီပီးယပ်နှင့် အပြန်အလှန်ပြောလျက်ရှိလေသည်။ ဒမပ်ဆီပီးယပ်က အားပေးစကားပြောကြားတိုင်း အိုအာဆီးက ထောက်ခံလေသည်။ သူတို့သည်ကား ဝန်ကြီး ပလေစီဒပ်အားကိုးသော တပည့်ကြီးများပေတည်း။ မိမိတို့ အကြံအစည်ကို မည်သူမျှ မကြားဘဲ လုံလုံပြီအထင်နှင့် အိမ်ရှေ့ဧည့်ခန်းတွင် တိုင်ပင်နေကြခြင်း ဖြစ်လေသည်။

'မာရီယမ်နီ'ဟူသော အသံသဲ့သဲ့ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် အက်စကာသည် စိုးရိမ်ခြင်း၊ အံ့အားသင့်ခြင်းတို့ဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လှုပ်ကာ အသက်ရှုမှားမလောက်ပင် ရှိခဲ့လေသည်။ ပထမနားစွင့်၍ ထောင်နေရာမှ ကောင်းစွာ မကြားရသဖြင့် အခန်းနှစ်ခုကို ခြားထားသည့် ကန့်လန့်ကာ အနီးသို့ ခြေဖျားထောက်၍သွားကာ ဧည့်ခန်းမှ စကားသံများကို ထပ်မံနားစွင့်လျက်ရှိပြန်၏။

ဝန်ကြီးသည် စကြံသွားနေရာမှ ရွှေချိုင့်ဖြင့်ထည့်၍ထားသော အရက်ကို ရပ်၍သောက်နေပြီးနောက် စကားပြောရင်း ပြန်၍ လျှောက်နေပြန်၏။ သို့နှင့် စကားပြောလိုက်၊ စကြံလျှောက်လိုက်၊ အရက်သောက်လိုက်နှင့် လှောင်ချိုင့်ထဲတွင် အစာကျွေးကာနီးအချိန်၌ ရှိနေသော ကျားကဲ့သို့ ဂနာမငြိမ်နိုင်အောင် ရှိလေသည်။

သူတို့သည် မာရီယမ်နီအကြောင်းကို ပြောနေရာမှ ပလေစီဒပ်သည် စကားကိုပြောင်း၍ပစ်လိုက်၏။

သူသည် 'ဗက်စပါဆီယန်'(လက်ရှိဘုရင်ဖြစ်သော 'ဗီတီးလီးယပ်'သည် အေဒီ ၉၆–ခုနှစ် ဧပြီလတွင် နန်းတက်၍ အပျော်အပါးနှင့် အစားအသောက်လိုက်စားသော ဘုရင်ဖြစ်သည့်အတိုင်း တိုင်းပြည်ကို ကောင်းစွာ မအုပ်ချုပ်နိုင်သဖြင့် တိုင်းသူပြည်သားများက အကြည်ညိုပျက်ခဲ့၏။ သို့နှင့် သူပုန်များ ထကြွလာပြီးလျှင် 'ဗက်စပါဆီယန်'က ထိုနှစ် ဒီဇင်ဘာလ၌ပင် ထီးနန်းကို သိမ်းပိုက်လိုက်လေသည်) ၏ ပါတီသို့ လိုက်ပါမည့် စစ်တပ်များကို ရေတွက်ပြပြီးနောက် . . .

"စစ်တပ်တွေ သုံးပုံနှစ်ပုံကတော့ ဗက်စပါဆီယန်ဘက်ကို ပါနေပြီ ဒမပ်ဆီပီးယပ်ရဲ့၊ စပိန်ပြည်မှာရော၊ ဂေါလနိုင်ငံမှာရော၊ ဗြိတိန်ကျွန်းမှာရော



www.burmeseclassic.com

www.burmeseclassic.com



စစ်သားတွေဟာ ဗိတိုးလီးယပ်ကို သစ္စာဖောက်ပြီး ကျွန်ုပ်တို့ ဖက်စပေါဆီယန် ဘက်ကို ပါကုန်ကြပြီ။ ဗိတီးလီးယပ်မှာ ဆီဇာဆိုတဲ့ နာမည်လောက်သာ ကျန် တော့ပြီး . . .ရေတပ်မှာရှိတဲ့ သင်္ဘောတစ်စင်းမှ သူ့ဘက်မှာ မရှိတော့ဘူး၊ ဒီသတင်းတွေဟာ ဒီကနေ့ပဲ၊ ကျွန်ုပ်တို့ ရွှေမြို့တော်ကို ရောက်လာတယ်၊ သည်တော့ ရှုံးဖို့စကားကို မပြောနဲ့၊ ဘယ်နည်းနဲ့မှ ကျွန်ုပ်တို့ မရှုံးဘူး . . အချိုးအစားနဲ့တွက်ရင် ကျုပ်တို့က ၁၀–ယောက်၊ သူတို့က တစ်ယောက်ဖြစ်နေ တာပဲ. . ."

"ဒါဖြင့်လည်း ကျွန်ုပ်နဲ့ ကျွန်ုပ်လူများ အကူအညီလိုတော့မယ် မထင် ပါဘူး. . ."

ပလေစီဒပ်သည် စူးရှတောက်ပသော မျက်လုံးများဖြင့် ဓားသိုင်း ဆရာ ဟာစ်ပီးယပ်အား ဖျတ်ခနဲ လှမ်း၍ ကြည့်လိုက်၏။

"ဒီမှာကြည့်စမ်း ဟာစ်ပီးယပ်. . .အခု ဖက်စပါဆီယန်ဘက်ကို ပါ နေတဲ့ လူတစ်ဝက်နဲ့ပဲ ကျွန်ုပ်ရဲ့ ရထားမောင်းသမားကိုတောင် ရာဇပလ္လင်ပေါ် မှာ တင်ထားနိုင်တယ်။ ဟာစ်ပီးယပ် သင်လုပ်နေတဲ့ အလုပ်က လူအများစက် ဆုပ်ရာ အလုပ်ကို လုပ်နေတာ. . .စစ်သေနာပတိက ဖြစ်လာတဲ့ ကျွန်ုပ်တို့ရဲ့ ဆီဇာဗိတီးလီးယပ်ဟာ ကံကောင်းထောက်မလို့ အခုဘုရင်ဖြစ်နေတာတော့ မှန်တယ်၊ ဒါပေမဲ့. . .ထစ်ခနဲဆိုရင် တစ်ချက်အတိမ်းမခံဘူးဆိုတာ မှတ်ထား ပါ၊ လူထုဆိုတာ အင်မတန် စိတ်ပြောင်းလဲတာမျိုးပဲ. . .ဘယ်အချိန်ဘယ်အခါ မဆို စိတ်ဆိုတာ ပြောင်းသွားနိုင်တယ်၊ ပြီးတော့ ဆီဇာကို အရင်ကိစ္စတုန်း အောင် လုပ်မှဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူတွေမှာ အရင်တုန်းက စိတ် ဟောင်းမျိုးတွေ ပေါ်လာမှာ စိုးရတယ်။ ဒီလိုများ ပေါ်လာမယ်ဆိုရင် ကျွန်ုပ်တို့ မှာ ဘာမှ ဒုက္ခခံရကျိုးမနပ်ဘဲ အဆိပ်ပုလင်းပဲ ရွေးမလား၊ လည်ပင်းမှာ တပ်ဖို့ ကြိုးတစ်ကွင်းစာပဲ ရွေးမလား၊ ဒါမှမဟုတ်ရင် ဓားထက်ထက်နဲ့ ရင်ဝမှာ သုံးလက်မလောက် စိုက်တာပဲ ရွေးမလား၊ ဒီဟာတွေပဲ ရွေးဖို့ ပြင်ပေတော့၊ ဟုတ်တယ်မဟုတ်လား ဟာစ်ပီးယပ်၊ ဒါကြောင့် အခုနေအခါမှာ စိတ်ကို တစ်ဝက်တစ်ပျက်ထားလို့ မကိုက်တော့ဘူး၊ လုပ်ရင် လုံးလုံးပဲ. . ."

ဟာစ်ပီးယပ်သည် ဝန်ကြီး၏မျက်နှာကို ဖြည်းညင်းစွာ မော်၍ ကြည့် လိုက်လေသည်။

"ဒါဖြင့် အေရီနာကွင်းမှာ တိုက်ပွဲတွေအများကြီးဖြစ်ဦးမယ် သွေးရူး ကိုဆောင်းချင်တဲ့ ပါတီဆိုတာ မသက်သာဘူး။ သွေးဆိုတာ ချောင်းစီးသလို စီးဦးမှာပဲ။ ဒါပေမဲ့ ရောမမြို့ကြီးဟာ တည်မြဲနေသမျှ ကာလပတ်လုံး ဂလက် ဒီယေတာတွေမှာတော့ ပေါင်မုန့်ပြတ်ဖို့ မရှိပါဘူး အရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပြောတော့လည်း သင့်မှာ ညာဏ်အရှိသားပဲ၊ နောက်ဆုံးမှာတော့ ဒီကိစ္စတွေဟာ ငွေရှိရင် ပြီးနိုင်တယ်မဟုတ်လား၊ ဟာစ်ပီးယပ်က အပျော်အပါးလည်းကြိုက်တယ်။ အလှအပနဲ့ အရက်ကိုလည်း ခုံမင်တယ်။ ပြီးတော့ ဂလက်ဒီယေတာတွေမှာသာ ငွေရှိရင် နောက်အရီနာထဲကိုတောင် ဝင်တိုက်ဖို့ မလိုတော့ဘူး။ အဆုံးမှာတော့ လောကမှာ ငွေပဲမဟုတ်လား၊ သတ်ရမယ့်အလုပ်က တစ်နာရီလောက်လုပ်ရင် ကိစ္စပြီးနိုင်တာပေါ့။ ရမယ့်ငွေက မက်လောက်အောင် ဖြစ်ပါစေမယ်. . ."

"အရှင်ရဲ့ မျှော်လင့်ချက်က စိတ်ပျက်စရာကောင်းပါဘိသနဲ့၊ ဒီဟာနဲ့တောင် ကျွန်ုပ်က ကျွန်ုပ်ရဲ့ တပည့်တွေရောကိုပါ ငှားချင်သေးသလား အရှင် . . .ကျွန်ုပ်ကို စကားပြောရင် တည့်တည့်ပြောတာ ကောင်းပါတယ်. . ."

(သူတော်ကောင်း၏ လေသံဖြင့်) "တကယ်ဆိုတော့ ဘုရင်ရဲ့ ကိုယ်ရံတော်တပ်သားများကလွဲရင် ကျွန်ုပ်မှာ အားကိုးစရာမများလှပါဘူး။ ဒီဟာလောက်နဲ့ ကျွန်ုပ်ရဲ့ အကြံအစည်မှာ မဖူလုံသေးဘူး ဟာစ်ပီးယပ်၊ သင်ရဲ့သတ္တိခဲလူ ၂၀၀ နဲ့ဆိုရင်တော့ ရောမမြို့ကြီးကို ၂၄ နာရီအတွင်း သိမ်းပိုက်နိုင်ပါတယ်၊ ပြီးတော့ တစ်ခုလည်း စဉ်းစားကြည့်စမ်းပါ။ ပလေစီဒပ်သာ ကောင်းကင်ကို ပျံတက်နိုင်ရင် သူ့တပည့် ဟာစ်ပီးယပ်ကို အတောင်ပံပေါ်တင်ပြီး ခေါ်သွားမှာပဲမဟုတ်လား။ ကိုင်းလေ. . .အဖိုးသားနားသာ ပြောစမ်းပါဦး။ ဒီကိစ္စကြီးကို ဆောင်ရွက်ဖို့ ငွေဒင်္ဂါးကလေး တစ်ဆုပ်တစ်ကျင်းနဲ့ မပြီးနိုင်ဘူးဆိုတာ သိပါတယ်. . ."

(အေးဆေးစွာ စဉ်းစားပြီးသည့်ဟန်ဖြင့်) "ကျွန်ုပ်လူထဲက လူ ၂၀၀ လိုချင်တယ်ဟုတ်စ. . .နေဦး. . .လူတစ်ယောက်ကို ဆီစတာဒင်္ဂါး ၅၀၀၀ ရယ် သူ့ရဲ့လွတ်လပ်ခွင့်ရယ်။ အဲဒါကလည်း မနည်းဘူး။ ငါးထောင်လောက်ပဲ ထပ်ပြီးကုန်ဦးမလား မပြောတတ်ဘူး. . ."

"တိုက်ပွဲမှာ ကျလို့ သေတဲ့လူကို ထည့်မြီးမရေရဘူးနော်. . ."

"မရေပါဘူး. . .ကိုင်းပါ အရှင် အဖိုးသင့်မြတ်အောင် ကျွန်ုပ်ပြောပါရစေ၊ တစ်ယောက်အတွက် ၈၀၀၀ ဆိုရင်တော်ပါပြီ. . .ဈေးမှာ အကျင်လည်ဆုံး ဓားသမား ၂၀၀ ရှိပါတယ်၊ တိုက်တဲ့နေရာမှာ သူတို့ သုံးဆသာပါစေ မကြောက်ပါဘူး။ ဒီလူ ၂၀၀ ဟာ ကျွန်ုပ်ရဲ့လက်ထဲမှာ အသင့်ရှိပါတယ်. . ."

ထိုစကားကို ကြားလိုက်သည်နှင့် သူ၏အကြံအထမြောက်ရေးသို့ တွေးမိသဖြင့် ဝန်ကြီး၏ မျက်လုံးများမှာ ကြည်လင်၍ လာလေသည်။

"ကောင်းပြီ ဟာစ်ပီးယပ်၊ အခုပြောတဲ့ အကျင်လည်ဆုံး ဓားသိုင်းသမား ၂၀၀ ကို ကျွန်ုပ်အတွက် ထားလိုက်ပါတော့၊ ကျွန်ုပ်တို့သာ သတိရှိရှိနဲ့



www.burmeseclassic.com

www.burmeseclassic.com



သိုသိုသိပ်သိပ်ကြံစည်ရင် ကျွန်ုပ်ရဲ့ အကြံအောင်ပြီးသားပဲ၊ ကိုင်း. . .ဒါဖြင့် သင်ရယ် အဲဒီအထဲက လက်ရွေးစဉ် ၁၀ ယောက်ရယ်၊ ကျွန်ုပ်နဲ့ ညစာစားဖို့ ဖိတ်ကြားပါတယ်။ ကျန်တဲ့လူတွေက ၂၀၀ စီပြီးနန်းတော်သွားတဲ့လမ်းတွေမှာ စောင့်ရမယ်။ ဒီလိုဆိုရင် ကျွန်ုပ်တို့ကို ဘယ်သူမှ မကြံစည်ဝံ့တော့ဘူး. . . အချက်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ဥယျာဉ်အလယ်ပေါက်ဆီကို တစ်ခါ တည်းသွားရမယ်။ ဒီဥယျာဉ်ပေါက်လည်း အဆင်သင့်ပွင့်နေတာ တွေ့ရလိမ့် မယ်။ ဒီအခါမှာ သူတို့က ဘုရင့်ကိုယ်ရံတော် တပ်သားတွေကို ခေါင်းဆောင် သွားပြီး နန်းတော်ကို အတင်းဝင်တိုက်ရမယ်. . .သာမန်အစောင့်တွေတော့ ရှိတယ်၊ ဒါပေမဲ့ ဒီအကောင်တွေဟာ ခွေးသာသာ အကောင်တွေပါ။ အပြင်ခန်း မဆောင်တွေ စီးမိတာနဲ့ တစ်ပြိုင်နက် ဒီအကောင်တွေအားလုံးကို ဓားစာ ကျွေး လိုက်တာပေါ့ . . .သို့သော် တစ်ခုရှိတာက တကယ်လို့ တတ်နိုင်ခဲ့လို့ရှိရင် နန်းတော်ကို မီးမရှို့စေချင်ဘူး။ အဲဒီ ကျွန်ုပ်ရဲ့ အလုပ်ကိစ္စတွေပြီးလျှင်တော့ ပစ္စည်းဆိုတာ သူတို့ ပခုံးပေါ် ပါနိုင်သလောက် သယ်ပါစေ၊ သူတို့ကိုလည်း ဒီဟာသေသေချာချာ ပြောထားပါ. . ."

ဟာစ်ပီးယပ်သည် နောက်ဆုံးပြောချက်ကို သူကိုယ်တိုင်သဘောကျ သဖြင့် အားရနှစ်ခြိုက်စွာ မှတ်သားလိုက်လေသည်။ သို့နှင့်သူသည် ဝန်ကြီး၏ မျက်နှာကို မော်ကြည့်လိုက်ပြီးလျှင်

"ဒါထက် အရှင် ဖိတ်ထားတဲ့ ညစာစားပွဲကို လာတော့ ဧည့်သည် တွေက သူတို့ရဲ့ဓားတွေကို ယူလာစေချင်သလား အရှင်"

ပလေစီဒပ်၏မျက်နှာမှာ သွေးရောင်လွှမ်း၍သွားပြီးလျှင် ဟာစ်ပီး ယပ်ကို မကြည့်ဘဲ အခြားတစ်ဖက်သို့ လှည့်ကာ ခပ်အေးအေးအမူအရာဖြင့်

"အသွားနှစ်ဖက်ရှိတဲ့ ဓားတိုထက် ကောင်းတဲ့လက်နက်တော့မရှိပါ ဘူး။ စိတ်လည်း အချရဆုံးပဲ၊ ကျွန်ုပ်တို့လူစုကတော့ နန်းတော်ထဲမှာ အတော် ပဲ အလုပ်များကြလိမ့်မယ်။ ကချော်ကချွတ်တော့ မလုပ်ရဘူးနော်၊ ဒါထက် လူဝကြီးတစ်ယောက်ကို သတ်လိုက်ဖို့ဟာ သည်လောက်ပဲ ဝန်လေးသလား ဟာစ်ပီးယပ်ရဲ့. . ."

ဟာစ်ပီးယပ်၏မျက်နှာမှာ မနှစ်သက်သော အမူအရာဖြင့် ခပ်မဲ့မဲ့ဖြစ် ၍ သွားလေသည်။

"သွေးအေးအေးမှာတော့ မသတ်နိုင်ဘူး အရှင်၊ အလုပ်သဘောနဲ့တတ် သက်လို့ တိုက်ရ၊ ခိုက်ရ၊ ထိုးရ၊ ခုတ်ရတာ အရေးမကြီးပါဘူး။ ကျွန်ုပ်ရော ကျွန်ုပ်ရဲ့လူများရော အခစားနဲ့ ငှားထားတဲ့ လူသတ်သမားတွေမဟုတ်ဘူး ဆီဇာတစ်ယောက်ကို ရာဇပလ္လင်ပေါ်ကချ၊ တခြားတစ်ယောက်ကို အစားတင်



www.burmeseclassic.com

www.burmeseclassic.com



တာဟာ ဒီညခင်းအတွက်တော့ အတော်ပျော်စရာကောင်းတဲ့ အလုပ်ကလေး တစ်ခုပါပဲ။ ကျွန်ုပ်ဘာမှ မပြောလိုဘူး။ ဒါပေမဲ့ အဘိုးကြီးကို အိပ်ရာက နှိုးပြီး သိုးဝဝကြီးတစ်ကောင် ခုတ်သတ်သလို သတ်ရမှာတော့ ကျွန်ုပ်မလုပ်လိုဘူး။ နွားကိုလည်လှီးတဲ့ လူသာခေါ်ပါ အရှင်။ ဒီဟာ ကျွန်ုပ်တို့အလုပ်မဟုတ်ပါဘူး"

ပလေစီဒပ်သည် သူ၏နှုတ်ခမ်းများကို ကိုက်လိုက်၏။

"ဟာစ်ပီးယပ်. . .ကျွန်ုပ်ဟာ ဂလက်ဒီယေတာတွေရဲ့ ယဉ်ကျေးမှုရော၊ စာရိတ္တတွေရော သိပါတယ်။ သူတို့ရဲ့ ဂုဏ်ကိုလည်း ရှိသေပါတယ်။ အခုတစ်နာရီအတွင်းမှာ ငွေတစ်ဝက်သင့်ရဲ့လက်ထဲ ရောက်ပါစေမယ်။ ကျန်တဲ့ငွေကိုတော့ အလုပ်ပြီးလျှင် ပြီးချင်း ကျွန်ုပ်ချေမယ်၊ အခုပြောတာ ဘယ့်နှယ်လဲ အပေးအယူ မညီမျှဘူးလား"

သို့နှင့်ပင် ဟာစ်ပီးယပ်မှာ စိတ်မကျေနပ်သေးချေ။ တင်းမာသောမျက်နှာဖြင့်. . .

"ညသည်တွေအတွက်ရော၊ ကျွန်ုပ်တို့က ညစာအတွက် ပေးရမှာလား"

ပလေစီဒပ်သည် ဓားသိုင်းဆရာကြီး၏ ပခုံးကို လက်ဖြင့် ပုတ်ကာ အလွန်ရှင်ပျသော အမူအရာဖြင့်ရယ်မောလိုက်ပြီးနောက်. . .

"အမယ်လေး. . .မိတ်ဆွေဟောင်းကြီးရဲ့ သင်နဲ့ ကျွန်ုပ်နဲ့ဟာ တစ်ယောက်နဲ့တစ်ယောက် ဖုံးကွယ်နေစရာမလိုတော့ပါဘူး။ ဘွင်းဘွင်းပြောကြပါစို့ရဲ့။ ကျွန်ုပ်စီစဉ်ထားတာကတော့ ကျွန်ုပ်တို့ရဲ့ ညစာစားပွဲကပဲ တန်းပြီး နန်းတော်ကို သွားမယ်။ နန်းတော်ဝင်တဲ့အခါ တိုက်ခိုက်မယ့်အဖွဲ့က ခေါင်းဆောင်ပြီး ဝင်မှာပဲ။ ကျွန်ုပ်ဟာ နန်းတော်ထဲက လျှို့ဝှက်တဲ့အခန်းတွေ မှန်သမျှ မသိတာ မရှိဘူး။ အားလုံးသိတယ်။ ကျွန်ုပ်ရဲ့ လူစုကို ဘုရင့်ရှေ့တော်ရောက်အောင် ကျွန်ုပ်ကိုယ်တိုင် ခေါင်းဆောင်ပြီးသွားမယ်။ နောက်ဗီတီးလီးယပ်ကို ဝိုင်းပြီး လက်ရဖမ်းရုံပေါ့ ဟာစ်ပီးယပ်ရဲ့။ အခုပြောတဲ့ လက်ရွေးစင် ၁၀ ယောက်ကတော့ တစ်ယောက်ကို ဆီစတာ ဒင်္ဂါး ၁၀၀၀၀ ထားမယ်၊ သင့်အတွက် အလိုရှိတဲ့အတိုင်း တောင်းတာပေါ့၊ သို့သော် တစ်ခုတော့ ရှိတယ်နော်၊ ဘုရင်ကို ဘယ်နည်းနဲ့မှ မလွတ်စေရဘူး။ ကြပ်ကြပ်ကြီးသတိပြုပါ။ အခုပြောတာ နားလည်ပြီမဟုတ်လား ဟာစ်ပီးယပ်"

"ပေးတဲ့တန်ဖိုးကတော့ သင့်ပါတယ်။ ဒါပေမဲ့လည်း ကျွန်ုပ်တော့ မကြိုက်သေးဘူး. . .။ နန်းတော်ထဲမှာ သူတို့က ခုခံတယ်ဆိုရင်ကောင်းမယ်။ လူတစ်ယောက်ကို သူကိုယ်တိုင်က သံခမောက်ဆောင်းပြီး ဓားကိုကိုင်နေတုန်း သတ်ဖို့ရန် သာပြီးလွယ်ဟယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဟား. . .ဟား. . .ဟား. . .သည်လောက်လည်း အယူမသည်းစမ်းပါနဲ့ ဟာစ်ပီးယပ်ရဲ့။ အရက်စွန်းတော့ ရှော့ပစ်လိုက်ရင် ပျောက်သလို သွေးစွန်းရင်လည်း ပျောက်တာပါပဲ။ လူတစ်ယောက်ရဲ့ လည်ပင်းကို ဖြတ်လိုက်လို့ သွေးပန်းထွက်တာနဲ့ အရက်ဘူးကို ရိုက်ခွဲလို့ အရက်တွေ ဖိတ်ကုန်တာ ဘာများ ထူးသေးသလဲ။ ကျွန်ုပ်ပြောတာ မဟုတ်ဘူးလား။ ဒမပ်စပီးယပ်. . .အလိုသင်ဘာကြည့်နေတာလဲ။ သင့်မျက်နှာကြည့်ရတာ သင်ဝတ်ထားတဲ့ အဝတ်လိုဖြူနေပါကလား. . .ဟင်"

မကြာမီက လွတ်လပ်ခွင့်ရခဲ့သော ကျွန်တစ်ယောက်ဖြစ်သည့် ဒမပ်စပီးယပ်သည် လူသေကဲ့သို့ ဖြူဖတ်ဖြူရော်ဖြစ်နေသည့် ပါးပြင်များဖြင့် ပါးစပ်အဟောင်းသား ရှိနေ၏။ သူသည် ဆံပင်များပင် ကြောက်ရွံ့ခြင်းဖြင့် ထောင်လျက်ရှိ၏။ သူသည်ကျောက်ဖြူပြားပေါ်တွင် စီးဆင်း၍လာသော အနီကြောင်းတစ်ခုကို လက်ညှိုးဖြင့် ညွှန်ပြကာ "ကျွန်ုပ်တို့အား ဘုရားသခင် ကယ်တော်မူပါ" ဟု ပါးစပ်မှ မပီတပီ ရေရွတ်လိုက်လေ၏။

မတ်တတ်ရပ်နေသူများသည် သူညွှန်ပြသောနေရာသို့ လိုက်၍ကြည့်လိုက်သောအခါ ကြမ်းခင်းထားသည့် အလွန်ဖြူနုသော ကျောက်ပြားများအကြားမှ ဝန်ကြီး၏ ယုတ်မာညစ်ညမ်းသော အကြံအစည်များကို ကန့်ကွက်သည့် သဘောဖြင့် သွေးများစီးဆင်းကာ နိမိတ်ပြနေဘိသကဲ့သို့ ကျောက်ဖြူချပ်ပေါ်တွင် နီရဲသော သွေးကြောင်းတစ်ခုကို အံ့ဩစွာ တွေ့မြင်ကြရလေ၏။ ထိုခဏ၌ အားလုံးပင် အံ့အားသင့်လျက် မလှုပ်မယှက်ရှိနေရာ ပလေစီဒပ်သည် ကန့်လန့်ကာရှိရာသို့ ခုန်လိုက်ပြီးနောက် ကန့်လန့်ကာကို ဆုတ်ဖြဲ၍ ချလိုက်လေသည်။

ဖြစ်ရပုံမှာ အက်စကာသည် 'မာရီယမ်နီ'ဟူသော အသံကို သဲ့သဲ့မျှကြားလိုက်သည့်အခါမှစ၍ သူတို့ပြောသော စကားများကို သဲသဲကွဲကွဲကြားနိုင်စေရန် ကန့်လန့်ကာအနီးသို့ ချဉ်းကပ်၍ လာခဲ့၏။ ထိုနောက်. . .ကျောက်ပြားပေါ်၌ ဒူးတစ်ဖက်ထောက်ကာ ကန့်လန့်ကာကို မိမိနားနှင့်ကပ်နိုင်သမျှ ကပ်ပြီးလျှင် သူတို့ပြောသော စကားများကို နားထောင်လျက်ရှိ၏။ သို့ရှိစဉ် အနာရှိသော ခြေတစ်ဖက်ကို ကွေး၍ထားရသဖြင့် သွေးများကို ညှစ်၍ထုတ်သကဲ့သို့ ရှိရကား. . .သူ၏အနာမှ သွေးများသည် တဖြည်းဖြည်း ယိုစီးကာ ကန့်လန့်ကာ အပြင်ရှိ ဒမပ်စပီးယပ်၏ ခြေရင်းသို့ ရောက်သွားခြင်းဖြစ်လေသည်။ ဤအကြောင်းကို အက်စကာကိုယ်တိုင် သိဟန်မတူချေ။

ကန့်လန့်ကာ ပွင့်သွားသည်နှင့်တစ်ပြိုင်နက် အက်စကာသည် သူ၏ မြင့်မားသော ကိုယ်ကြီးကို မားမားမတ်မတ် ရပ်လိုက်လေ၏။ ဝန်ကြီးသည်ဆော


www.burmeseclassic.com

www.burmeseclassic.com

ဒပ်၏ အကြောင်းကို သိသဖြင့် ထိုခဏတွင် သူ၏ကိုယ်တွင်း၌ သွေးများ ရုတ်တရက်ခဲသွားသကဲ့သို့ ထင်လိုက်ရ၏။ သူ့အတွက်ကား ဇွဲလျှော့လင့်ရန် မရှိတော့ချေ။ ပလေစီဒပ်သည် ရက်စက်ကြမ်းကြုတ်သော ရယ်မောခြင်းဖြင့် ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။

"ဒီအကောင်ကိုချုပ်လိုက်"ဟု သူ၏ လွှတ်လပ်ပြီး ကျွန်နှစ်ယောက်အား ဟစ်အော်ပြောလိုက်ပြီးလျှင် သူကိုယ်တိုင် အသွားနှစ်ဖက်ရှိသည့်ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်လေသည်။ ထို့နောက် ခြသေ့်ဟောက်သကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော အသံဖြင့်. . .

"ဒီလူရိုင်းကောင်ဟာ တို့ဘာသာစကားနားလည်တာ သူ့အတွက် ကံဆိုးတာပဲဟေ့၊ ဒါပေမဲ့ နှုတ်ပိတ်ဖို့နည်းလမ်း မခဲယဉ်းလို့ တော်ပါသေးရဲ့ဟေ့. . .သူ့ရဲဘောကြောင်တဲ့အကောင်တွေ ချုပ်လေ၊ ငါအမိန့်ပေးတာ မကြားဘူးလား။ ဒီအကောင် မင်းတို့ကို ကိုက်မစားပါဘူးကွယ့်"

ဒမပ်စပီးယပ်သည်လည်းကောင်း၊ အိုအားဆီးသည်လည်းကောင်း မည်သူမျှ မလှုပ်ချေ။ တစ်ယောက်နှင့်အများပင် ဖြစ်လင့်ကစား၊ မိမိတို့ရှေ့တွင် ရပ်နေသော အလွန်သန်မာထွားကျိုင်းလှသည့် ကျွန်ကြီးကို ချုပ်ကိုင်ရန် မဝံ့သကဲ့သို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တွန့်ဆုပ်လျက်ရှိနေကြလေသည်။

ဤသို့ တစ်ခဏမျှ တွန့်ဆုတ်သွားလိုက်ခြင်းပင်လျှင် အက်စကာ၏ အသက်ကို ကယ်လိုက်လေသည်။ ဓားသိုင်းဆရာကြီး ဟစ်ပီးယပ်သည် လူတိုင်းလူတိုင်း၏ ကိုယ်တွင်း၌ရှိသော ရင့်ကျက်ပြီးသတ္တိကို ချီးကျူးကာ မိမိကိုယ်နှင့် နှိုင်းစာ ထောက်ထားတတ်သူတစ်ယောက်ဖြစ်၏။ ထို့ပြင် ပြေပြစ်လှပသော ကိုယ်လုံးကိုယ်ပေါက်ရှိသည့် အက်စကာသည်လည်း သူ၏ တပည့်ရင်းတစ်ယောက်ဖြစ်ခဲ့ဖူးသဖြင့် ချစ်ခင်ခဲ့၏။ သို့နှင့် သူသည် ဝန်ကြီးပလေစီဒပ်နှင့် အက်စကာတို့အကြားတွင် ဝင်၍ ရပ်လိုက်လေသည်။

"တစ်ရက် နှစ်ရက်လောက် အခွင့်ပေးပါအရှင်. . .ဒီကျောက်ပြားဖြူဖြူတွေပေါ်မှာ သူ့ခေါင်းကို ဖြတ်ချလိုက်လို့ သွေးစွန်းသွားမှာထက် တစ်နေ့ရာမှာ သူ့ကိုအသုံးချဖို့ ပိုပြီးကောင်းပါတယ်၊ လွှတ်မသွားဖို့ကတော့ ကျွန်ုပ်ကိုယ်တိုင် တာဝန်ယူပါတယ်. . ."

(ခက်ထန်စွာ) "ဟော့ လူမိုက်. . .မဖြစ်နိုင်ဘူး။ ငါတို့ ပြောတာအားလုံး သူကြားပြီမဟုတ်လား။ သူ့ကို ဒီအခန်းထဲက အရှင်မထွက်စေရဘူး"

(တစ်ရက်မျှသော အချိန်သည် ရောမမြို့ကြီးအား မည်သို့ပြောင်းလဲနိုင်သည်ကို သိပြီးဖြစ်သဖြင့်) "၂၄ နာရီတည်း အခွင့်ပြုပါတော့အရှင်. . .


www.burmeseclassic.com

www.burmeseclassic.com



အရှင်နဲ့ အနီးဆုံးနေရာမှာ သူ့ကိုချုပ်ထားပါ့မယ်။ ဒါပေမဲ့ နက်ဖြန်အထိတော့ သူအသက်ရှင်နေပါစေ. . .ဒါဟာ ဟစ်ပီးယပ်ကိုယ်တိုင်က အရှင့်ဆီမှာ အသနားခံယူတဲ့ ဆုတစ်ခုပါပဲ. . ."

ပလေစီဒပ်သည် သူ၏မေးကို အကြိမ်ကြိမ်ပွတ်သပ်ကာ အတန်ကြာစဉ်းစားလျက်ရှိပြီးနောက် ဟစ်ပီးယပ်၏ ပခုံးကို သူ၏ညာဘက်လက်ဖြင့် ပုတ်လျက်. . .

"ကောင်းပြီ. . .ကျွန်ပ်သဘောတူတယ်။ သင့်ဘက်က ၂၄ နာရီအချိန်ထပ်ပေးဖို့ ကျွန်ုပ်ဘက်က ရောမမြို့မှာ အထက်ဆုံးဈေးသွား၊ ဒါပဲမဟုတ်လား. . .ကိုင်း. . .ဒမပ်စမီးယပ် ကျွန်ုပ်ရဲ့ လူတချို့ကို သွားခေါ်ချေစမ်း။ ဒီအကောင်ကို လည်ပင်းမှာ သံကြိုးနဲ့ သံကော်လာတပ်ပြီး ကျွန်ုပ်အဆောင်ရဲ့ အတွင်းခန်း အလယ်ကျောက်တိုင်မှာ သံကြိုးနဲ့သော့ခတ်ထားလိုက်. . ."

မကြာမီ ပလေစီဒပ်၏ ခါးပိုက်ဆောင်တပ်သားများနှင့် ကိုယ်ရံတော်များ ရောက်လာ၍ အက်စကာအား လည်ပင်းတွင် သံလည်ပတ်တပ်ကာ အတွင်းခန်းသို့ သံကြိုးဖြင့် ဆွဲခေါ်သွားလေ၏။

သို့နှင့်အက်စကာ၏ နလုံးသည်းပွတ်တို့မှာ ရောမမြို့ကြီးအား အချိန်မီ ကယ်တင်လိုခြင်းကိစ္စကြီးနှင့် မိမိချစ်သူမာရီယမ်နီအတွက် ကြောင့်ကြစိုးရိမ်ခြင်းတို့ဖြင့် ပြုတ်၍ ကျလုမတတ် လေးလံထိုင်းမှိုင်းလျက် ကျောက်တိုင်ခြေရင်းတွင် ခိုကိုးမဲ့ အကူအညီမဲ့ ဖြစ်၍ နေရှာလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

ခြေတစ်ဖက်က နာလျက် လည်ပင်းတွင် တပ်ထားသော သံကော်လာကို သံကြိုးဖြင့် ကျောက်တိုင်တွင် ချည်ကာ အစာရေစာမပေးဘဲ ထားခြင်းခံရသော အက်စကာအား ကျောက်တိုင်၏ နောက်ခန်းတွင် ပစ်ထားခဲ့ပြီးနောက်၊ ပလေစီဒပ်သည် အကောင်းဆုံးသော ဝတ်စားတန်ဆာများကို ဝတ်ကာ မြင်းရထားကို ခံ့ညားစွာ စီးနှင်းလျက် သူပိုးပန်းနေသော ဗလေရီယာထံ လာခဲ့လေ၏။

ထိုအချိန်၌ ဗလေရီယာသည် သစ်လွင်သော အဝတ်အစားများကို သေသပ်စွာ ဝတ်စားဆင်ယင်ကာ တစ်ခန်းလုံးမှာလည်း သူ၏ကိုယ်နှင့်ပိုးဝတ်များကို ဆွတ်ဖျန်းထားသော ရေမွှေးနံ့တို့ဖြင့် တသင်းသင်း၊ တကြိုင်ကြိုင် လှိုင်လျက်ရှိ၏။ လက်ပါးစေမိန်းကလေးများသည် သူ့နေရာနှင့်သူ သင့်လျော်စွာ ခ,စားလျက် ရှိကြရာ အထိန်းတော် မရီနာမှာမူ သူနှင့်အနီးဆုံးနေရာ၌ ရှိလေသည်။

ပလေစီဒပ်သည် ဗလေရီယာ အိမ်သို့ ဆိုက်ရောက်လာ၏။ မြင်းရထားပေါ်မှ ဆင်း၍ လက်ပါးစေမိန်းကလေးတစ်ယောက်က လမ်းပြခေါ်ခဲ့သဖြင့် ဗလေရီယာ၏ အခန်းသို့ ရောက်လာသောအခါ၊ သူသည် ဗလေရီယာထိုင်သော ညောင်စောင်းနှင့် မျက်နှာချင်းဆိုင် နေရာတွင် ထိုင်လေ၏။

"ဘယ့်နှယ်လဲ ဗလေရီယာ အချစ်ရယ်. . .အချစ်ရဲ့ အမိန့်ကိုလည်း နာခံပြီးပါပြီ. . .အခုလာခဲ့တာ အချစ်ရဲ့ ကျေးကျွန်တစ်ယောက်ဟာ သူ့အလုပ်ပြီးစီးတဲ့အတွက် သူရထိုက်တဲ့ ဆုလာဘ်ကို လာပြီးတောင်းတာပါပဲ. . ."

'ရထိုက်သော ဆုလာဘ်' ဟူသော ပလေစီဒပ်၏ စကားများသည်ပင် ထိုကြားရသော ခဏ၌ ယခင်က ဒေါသဟောင်းများကို ပြန်၍ ဖြစ်ပေါ်စေ၏။

ထိုခဏ၌ ဗလေရီယာသည် အရီနာခေါ် သတ်ကွင်းထဲတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ပြန်၍ စဉ်းစားမိ၏။ ခုံပိုင်များပေါ်တွင် ထိုင်နေ

www.burmeseclassic.com



သော ပရိသတ်၏ မကွဲပြားသောမျက်နှာများ၊ လူနှစ်ယောက်သတ်ကြသော သဲပြင်များ၊ ပရိသတ်၏ ဆူညံစွာ ဟစ်အော်လိုက်သံများ၊ ထို့နောက် အလျား လိုက် လဲကျနေသော အက်စကာ၏ ကိုယ်လုံးကိုယ်ထည်ကြီးနှင့်တကွ သူ၏ ဦးခေါင်းဆီမှ ခပ်ဖွားဖွားကျနေသော ရွှေရောင်တောက်နေသည့် ဆံခွေကလေး များ၊ အကူအညီကင်းမဲ့လျက်ရှိသော အက်စကာ၏ မျက်နှာ၊ ထို့နောက်. . . လဲနေသော ရန်သူအား ထိုးသတ်ရန် ကိုင်မြှောက်ထားသည့် ခက်ရင်းခွကြီး စသည်တို့သည် သူ၏အတွေးအခေါ်ထဲသို့ တဖြည်းဖြည်းဝင်လာတော့၏။ ထိုစဉ်က ပလေစီဒပ်အား မုန်းတီးခဲ့သော အမုန်းစိတ်သည် ယခုတစ်ဖန် မီးဖြင့် အသစ်မွေးလိုက်ဘိသကဲ့သို့ ပေါ်လာပြန်၏။

သို့နှင့် ဗလေရီယာ၏ မျက်လုံးများသည် အမိပ္ပာယ်မရှိသော အရိပ် အရောင်တို့ဖြင့် သန်းကာ အေးအေးစက်စက်ရှိနေလေသည်။

"ကျွန်ုပ်ဖြင့် ဒီဟာတွေ မေ့သွားပြီ အရှင်. . .ကျွန်ုပ်က အရှင့်ကို ကျေးဇူးဆပ်စရာ ရှိသေးတယ်ဆိုတဲ့ အကြောင်းတစ်ခုကို လာပြီးသတိပေးတာ ကျေးဇူးတင်ပါတယ်. . ."

ပလေစီဒပ်မှာ မခံချိမခံသာသော စိတ်တွင် အတော်ပင် အောင့် သက်သက်ဖြစ်၍သွားဟန်ရှိ၏။

"သင်က သခင် ကျွန်ုပ်က ကျွန်ပါ ဗလေရီယာရဲ့၊ သခင်မတစ် ယောက်က သူ့ကျွန်ကို ကျေးဇူးဆပ်စရာရှိတာ မဖြစ်နိုင်ပါဘူး။ ကျွန်ုပ်ရော ကျွန်ုပ်ပိုင်သမျှ ပစ္စည်းရော၊ အို. . .ကျွန်ုပ်ရဲ့ အသက်ပါ သင်အလိုရှိရာ အသုံး ပြုဖို့ သင့်သဘောအတိုင်းပါပဲ. . ."

"အလို. . .အို. . .ဟုတ်ကဲ့"

ပလေစီဒပ်ကား မည်သည့်စကားကို ပြောမိသည်မသိ. . .ဦးခေါင်း ရှုပ်လျက်ရှိနေလေပြီ။

"သင်က ကျွန်ုပ်ကို အင်မတန်ဘေးအန္တရာယ်များတဲ့ အလုပ်လုပ်ခိုင်း တာပဲ။ ဒါဟာ မိန်းမများရဲ့ စိတ်ရှုပ်ပေါက်တာပဲ မဟုတ်လား။ သင်က ဆန္ဒ ရှိတဲ့အကြောင်းပြောတော့ ကျွန်ုပ်မှာလဲ ဒီအလုပ်ကို မလုပ်ရမနေနိုင်အောင် ဖြစ်တော့တာပဲ ဗလေရီယာ. . ."

"ဟို ကျွန်ရဲ့အကြောင်းပြောနေတာလား. . .ဒါပေမဲ့ အရှင်ကတစ်ခါ တည်းမှ မသတ်လိုက်ပဲကိုး. . ."

သို့ပင် ပြောလိုက်ရသော်လည်း ဗလေရီယာ၏ မျက်နှာမှာ သွေး ရောင်လွှမ်းကာ ရဲခနဲ ဖြစ်သွားလေသည်။

ထိုကိစ္စပင်လျှင် သူ့အား ဗလေရီယာက မနှစ်သက်ခြင်းဖြစ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com


ပလေစီဒပ်က ယူဆ၏။ အက်စကာသည် တစ်နည်းနည်းဖြင့် ဗလေရီယာအား စိတ်အခန့်မသင့်အောင် ဖြုလုပ်ခဲ့ရာ သူက နိုင်ပါလျက် အနိုင်ခံသူအား အသေသေဖော်လိုက်သည်ကို စိတ်ဆိုးမိ၏။ ပလေစီဒပ်သည် ဗလေရီယာ၏ နူးညံ့ပျော့ပျောင်းသော လက်ကလေးကို ယုယစွာ ဆွဲကိုင်ပြီးလျှင် သူ၏နှုတ်ခမ်းများနှင့် ဖိနှိပ်လိုက်လေ၏။

ထိုနောက် သူ၏ဝမ်းထဲမှ အချစ်စိတ်သည် အပြင်သို့ ယိုဖိတ်ပေါက်ထွက်လာသည့်အလား တုန်တုန်ရီရီရှိလှသော အသံဖြင့်. . .

"သင်သဘောကျအောင် ဘယ်လိုလုပ်ရပါ့မလဲ ဗလေရီယာ။ ကျွန်ုပ်မှာတော့ သင်ခြေနဲ့ နင်းသွားတဲ့ မြေကြီးတောင် ချစ်ရပါတယ်. . ."

ဗလေရီယာသည် အထိန်းတော် မရီနာအား သူ့အနီးသို့ လာ၍နေရန် မျက်ရိပ်ပြလိုက်ပြီးနောက် ပလေစီဒပ်အား ခပ်ပြုံးပြုံးကြည့်လျက်. . .

"အရှင်ပြောစရာရှိတာ အကုန်ပဲမဟုတ်လား. . .လေနဲ့ ပြောတဲ့ စကားဆိုတာ အနှစ်သာရမရှိပါဘူး အရှင်။ ကျွန်ုပ်နှစ်သက်တာက လက်နဲ့ လုပ်ရတဲ့ စွမ်းဆောင်မှုကို နှစ်သက်ပါတယ်. . ."

"ဒါဖြင့် ဒီအကောင်သေရစေမယ်။ ကျွန်ုပ်ဒီနေရာကနေပြီး သစ္စာပြုလိုက်တယ်။ သင်ဘာကို သဘောကျတယ်ဆိုတာ မသိရသေးတဲ့အတွက် သူ့အသက်ကို ချမ်းသာပေးလိုက်တာပဲ။ သူ့အသက်ဟာ ကျွန်ုပ်လက်ခုပ်ထဲမှာပါ ဗလေရီယာရဲ့၊ နောက်တော့သာ ဒီကျေးဇူးပြန်ဆပ်တဲ့ သဘောနဲ့ သင့်မျက်နှာကလေးတစ်ချက်တည်း ပြုံးရုံပြုံးလိုက်ပါ. . ."

ထိုစကားကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ဗလေရီယာသည် ကိုယ်တွင်းမှ သွေးများ ရုတ်တရက်ခဲသွားသကဲ့သို့ တစ်ကိုယ်လုံး အေးခနဲဖြစ်၍သွား၏။ သို့သော် မျက်နှာ၌ ဣန္ဒြေမပျက်စေရန် စိတ်ကိုအနိုင်နိုင်ချုပ်တည်းထားလိုက်ရလေသည်။

မိမိအကြံအစည်ကို မပေါ်စေဘဲ မိမိလိုရာသို့ ရောက်အောင် ပလေစီဒပ်အား လှည့်ပတ်ရန်လို၏။ မိမိ၏ မာယာကို ဣန္ဒြေရစွာနှင့် လိမ်မာပါးနပ်စွာ အသုံးပြုရပေမည်။ မာယာဖြင့် လှည့်ပတ်ဖျားယောင်းခြင်းခံရသော ယောက်ျားများကား အကန်း၊အဆွံ့၊အအများ ဖြစ်၍ သွားမြဲတည်း။

"ယောက်ျားများဟာ လျှာမှာ အရိုးမရှိတိုင်း ပြောကြတာပဲ။ ကတိဒွေကဖြင့် ထားလိုက်တာ လွန်ပါလေရော။ ထားမှာပေါ့ ကတိထားလို့ ပိုက်ဆံကုန်တာမှ မဟုတ်ဘဲ. . ."

"လောကမှာ ယောက်ျားဆိုတာ သူချစ်တဲ့ မိန်းမကသာ ခိုင်းရင် ဘာမှ မလုပ်နိုင်တာ မရှိပါဘူး ဗလေရီယာရဲ့. . ."


www.burmeseclassic.com

www.burmeseclassic.com



"အရှင် အမိန့်ရှိတာ တကယ်မှန်ပါပေရဲ့လားအရှင်. . ."

"ဒါတော့ သင်ကိုယ်တိုင် တစ်ခါစမ်းသပ်ကြည့်ပါတော့ ဗလေရီယာ"

ထိုအခိုက်အတန့်၌ ပလေစီဒပ်၏ စိတ်ထဲတွင် အချစ်နှင့်ပတ်သက်၍ မိမိကိုယ်ကို အနစ်နာခံလိုခြင်း၊ သစ္စာရှိခြင်း၊ စွန့်စားလိုခြင်း အစရှိသော စိတ်ကောင်းများ ဝင်လာ၏။ ထိုနောက် သဘာဝတရားက ထိုစိတ်များကို လွှမ်းမိုးသွားကာ တစ်ဖက်က ထိုစွန့်စားမှုများအတွက် ကုန်ကျမည့် တန်ဖိုးကို လည်း တွက်ချက်မိပြန်သည်။

တစ်ခဏမျှ ရပ်ဆိုင်းနေပြီးနောက် ဗလေရီယာသည် ဂရုမစိုက်သည့် ဟန်ဖြင့် လေအေးစွာ. . .

"တခြားမဟုတ်ပါဘူး. . .အရှင့်အိမ်မှာ အခုရှိတဲ့ လူရိုင်းကျွန်ကို ဟောဒီ ကျွန်ုပ်ရဲ့ အထိန်းတော် မရီနာက မေတ္တာရှိနေတဲ့အတွက် ကျွန်ုပ်အိမ်ကို ခေါ်ယူချင်ပါတယ်အရှင်. . ."

ပလေစီဒပ်သည် သူ၏ စူးရှသော မျက်လုံးများဖြင့် အထိန်းတော် မရီနာအားကြည့်လိုက်ရာ မရီနာက မျက်နှာပျက်၍သွားဟန် ပြုလိုက်လေ သည်။ ဗလေရီယာ ပြောပုံကိုလည်း သူသည် မကျေနပ်လှချေ။ ထိုနောက် ဗလေရီယာက ဆက်လက်၍. . .

"ကျွန်ုပ်ဟာ တစ်ခါတစ်ရံမှသာ သူများဆီက တောင်းတာပါတယ်။ ကိုယ်ကချည်းပေးတာ များတာပဲ။ ဒါပေမဲ့ ဘာဖြစ်လို့မှန်းမသိဘူး။ ဒီကနေ့ တော့ အရှင့်ဆီက တစ်ခုခုတောင်းရမှာပဲ. . ."

ပလေစီဒပ်သည် ဗလေရီယာအား သာမန်ယောကျ်ားတစ်ယောက် သည် သာမန်မိန်းမတစ်ယောက်အားချစ်သည့် သဘာဝအချစ်မျိုးဖြင့် အနက်နဲ ဆုံး ချစ်ခင်သည် မှန်၏။ သို့သော် အက်စကာမှာ သူ၏ပုန်ကန်လှုံ့ဆော်မှုများ ကို အစအဆုံးသိနေပြီဖြစ်ရကား တစ်နာရီအတွင်း သူ၏သခင်တို့ ဒုက္ခရောက် စေနိုင်မည့်အခြေတွင် ရှိကြောင်းသိ၏။ ဤအရေးများမှာ သေရေးရှင်ရေးတမျှ အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်နေသည် မဟုတ်ပါလော။

ဝန်ကြီးပလေစီဒပ်သည် မိန်းမတစ်ယောက်အတွက် မည်သည့်အရာ ကိုမဆို ပြုလုပ်ပါမည်ဆိုသော်လည်း အကယ်၍ ထိုမိန်းမမှာ ဗလေရီယာပင် ဖြစ်စေကာမူ သူ့အသက်ရှင်နေသည့် ဘဝကိုကား စွန့်လွှတ်မည့် လူတစ် ယောက်မဟုတ်ချေ။ သို့နှင့် ပလေစီဒပ်သည် အဖြေကို ရုတ်တရက်မပေးသေး ဘဲ ခပ်ဆိုင်းဆိုင်းရှိနေရာ ဗလေရီယာ၏ မျက်နှာမှာ ဖြူလျော်၍ သွားပြီးနောက် ဒေါသလည်း ထွက်၍ လာလေသည်။

ဗလေရီယာက ဒေါသအရှိန်ဖြင့် အသံများတုန်လျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဟာ. . .ကျွန်ုပ်တောင်းခံတာကို ငြင်းတယ်နော်. . .၊ ငြင်းတယ်. . .ဟုတ်လား၊ ကျွန်ုပ်ဟာ အရှင်တစ်ယောက်သာ ဦးနိမ့်ခယတောင်းပန်ဖူးတယ်။ ကျွန်ုပ်ရဲ့ တောင်းပန်ခြင်းခံရတာ ဒီကမ္ဘာမှာ အရှင်တစ်ယောက်ပဲ ရှိတယ်။ အို မှားပြီ. . .ကျွန်ုပ်မှားပြီ၊ မှားပြီ. . ."

ဗလေရီယာသည် ချုံးချကာ ငိုယိုလေ၏။ ပလေစီဒပ်သည် မိန်းမများနှင့် ဆက်ဆံရာ၌ မည်သည့်အခါမျှ မေတ္တာကို တောက်တောက်ခါးခါး မဖြတ်လိုပေ။ ကြိုးများထုံးနေလျှင် ဖြတ်၍ပစ်ခြင်းထက် အထုံးကိုဖြေ၍ ယူခြင်းက ကောင်းမွန်သည်ဟု ထင်မြင်ယူဆသူဖြစ်လေသည်။ သို့နှင့်. . .

"ဒီလူကိုတော့ ၂၄ နာရီအတွင်း သတ်ပစ်မယ်လို့ ကျွန်ုပ်ကိုယ်တိုင် ကျမ်းကျိန်ထားတဲ့အတွက် ဒီဟာကလွဲရင် ဘယ်ဆုမျိုးမဆို အလိုရှိရာ တောင်းပါ ဗလေရီယာ။ ဘယ့်နှယ်လဲ စိတ်ကျေနပ်ပြီ မဟုတ်လား"

မိမိစိတ်ထဲက မူးမူးရူးရူးစွဲလမ်းမိသော သူတစ်ယောက် ဒုက္ခရောက်မည်ကို သိခြင်းသည် ဗလေရီယာအား ရှေ့သို့ တိုး၍ လှည့်ဖြားစေရန် သွေးဆောင်၍ ပေးလေသည်။ နဖူးပြင်နှင့် နားထင်ပေါ်တွင် ကျနေသော ဆံခွေကလေးများကို နောက်သို့ ခါချလိုက်ပြီးနောက် ဗလေရီယာသည် ဝန်ကြီးမျက်နှာကို စိုစွတ်သော မျက်လုံးများဖြင့် လှမ်း၍ ကြည့်လိုက်လေသည်။

"ဒီလူရိုင်းကို ကျွန်ုပ်က ဂရုစိုက်တယ်လို့ အရှင်က ထင်သလား... ဒီလို ကျွန်မျိုး တစ်ထောင် သတ်ပစ်လို့ကော ဗလေရီယာက ဘာဂရုစိုက်ရဦးမှာလဲ. . .ဝမ်းနည်းတာက မရီနာအတွက် ဝမ်းနည်းတာပါ၊ ပြီးတော့လည်း ကျွန်ုပ်တောင်းတဲ့ ဆုတစ်ခုထဲကိုမှ အရှင်က ငြင်းပယ်နေတာကို ဗလေရီယာ ဝမ်းနည်းတာပါပဲ"

ပလေစီဒပ်သည်ကား မလှုပ်မယှက် ရှိနေ၏။ သူသည် ဗလေရီယာ၏ လက်များကို ဆွဲယူကာ နှုတ်ခမ်းဖြင့် ထိကပ် နမ်းရှုပ်လိုက်ပြန်ပြီးနောက်

"ကိုင်း. . .ဒီလိုဖြင့် ရှိပါစေတော့ ဗလေရီယာ။ သင့်သဘောအတိုင်း အသုံးပြုဖို့ သူ့ကို ကျွန်ုပ်ပေးအပ်ပါပြီ. . .ဒီကနေ့ ဒီနာရီကစပြီး အက်စကာဟာ ယောဒိက အချစ်ရဲ့ ပစ္စည်းဖြစ်ပါပြီ"

ပလေစီဒပ်ကား ဉာဏ်များလှ၏။ ဤသို့ပြောလိုက်စဉ် သူ၏ ဦးနှောက်ထဲသို့ ကြောက်မက်ဖွယ်ကောင်းသော အကြံဆိုးကြီးတစ်ခု ဝင်လာခဲ့လေသည်။ အက်စကာသို့ပေးမည့် နောက်ဆုံးအစာထဲသို့ တစ်ဂရမ်မျှ အလေးချိန်စီးသော အဆိပ်ကို ထည့်လိုက်ကာ အဆိပ်မိသော အက်စကာသည် ဗလေရီယာ၏ အိမ်သို့မည်သူမျှ မသိဘဲ အေးချမ်းစွာ လိုက်ပါသွားပေလိမ့်မည်။ ဗလေရီယာအိမ်သို့ရောက်၍ အဆိပ်တက်ပြီး မသေမီ သူဖွင့်ပြောမည်ကို စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com


ရန် ရှိသော်လည်း ဤအချက်ကြီးကို စွန့်စား၍ ပြုလုပ်ရပေတော့မည်။

သို့သော် မျှော်လင့်အားရစရာ ကောင်းသော အချက်တစ်ခုမှာ အကယ်၍ မိမိ၏ လျှို့ဝှက်သော အကြံအစည်ကို ထုတ်ဖော်ပြောစေကာမူ သေကာနီးလူတစ်ယောက်၏ ကယောင်ကတမ်းပြောခြင်းကို မည်သူမျှ ယုံကြည်မည် မဟုတ်။ မည်သူမျှလည်း အရေးစိုက်မည် မဟုတ်ချေ။ ထိုနောက်မှ ဗလေရီယာ၏ စိတ်ကို ငြိမ်သက်အေးချမ်းအောင် တဖြည်းဖြည်းချော့မော့၍ အခြားလွတ်ငြိမ်းခွင့်ရပြီး ကျွန်တစ်ယောက်အပေါ်တွင် အပြစ်ကို ပုံချမည်။ သို့နှင့် ပလေစီဒပ်သည် ဗလေရီယာ၏ အလိုကို ဖြည့်ရင်း စိတ်ထဲတွင် အထက်ပါ ဆိုးယုတ်ညစ်ပတ်သော အကြံဆိုးကြီးကို ကြံမိလေသည်။

ဗလေရီယာကား အလျှင်လိုလှချေသည်။ ဗလေရီယာသည် အလွန်အကြူးဝမ်းမြောက်သွားသည့်ဟန်ဖြင့် လက်ခုပ်များတီးကာ. . .

"မြန်မြန်လုပ်ပါ မရီနာ၊ သခင်မရေးတဲ့ စက္ကူချပ်တွေကို အမိန့်စာရေးဖို့ အရှင့်အတွက် ယူခဲ့ပါ။ အရှင်မပြန်ခင် ဒီအမိန့်စာကို ဒီအိမ်ကလူတွေ သွားပေးပြီး သူ့ကို ခေါ်ခဲ့ပါလိမ့်မယ်"

"နေဦး. . .ဗလေရီယာ၊ ဒီလိုနဲ့ မဖြစ်သေးဘူး၊ ကျွန်ုပ်အိမ်ကို ချက်ချင်းပြန်ဦးမှာပဲ၊ ဒီရောက်နေတာလည်း အတော်ကြာသွားပြီ၊ နေလည်း အတော်စောင်းသွားပြီ၊ နေမကျခင် ပြန်ရလိမ့်မယ်. . .ပလေစီဒပ်ဟာ ဗလေရီယာ တောင်းတဲ့ဆုကို ပေးပြီး ဗလေရီယာရဲ့အလိုကို ဖြည့်စွမ်းလိုက်ရတဲ့အတွက် အထူးပဲ ဝမ်းမြောက်ပျော်ရွှင်သွားတယ်ဆိုတဲ့အကြောင်းသာ မမေ့ပါနဲ့၊ ကိုင်း. . .သွားပြီ၊ ဗလေရီယာ. . .သွားပြီ"

သို့နှင့် အိမ်ရှင်က မတားဆီးနိုင်မီ ပလေစီဒပ်သည် ဗလေရီယာအား ဦးညွှတ်နှုတ်ဆက်ပြီးနောက် အပြင်ခန်းသို့ ထွက်ကာ သူ၏မြင်းရထားရှိရာသို့ လျှောက်သွားလေ၏။ ဗလေရီယာသည် ပလေစီဒပ်၏ မြန်ဆန်လွန်းသော အပြုအမူအတွက် အံ့အားသင့်၍ နေမိ၏။ သို့သော် ရထားဘီးများလိမ့်၍သွားသံ မကြားမီ အကြံတစ်ခုရသည့်ဟန်ဖြင့် မျက်လုံးကလေးများသည် ဝင်းခနဲ အရောင်တောက်၍ သွားလေသည်။

ဗလေရီယာသည် ပလေစီဒပ်နှင့် စကားပြောနေစဉ်က မိမိတို့အနီးတွင် ငိုက်မျဉ်း၍နေသော ကပ္ပလီလူမျိုး ကျွန်ကလေးတစ်ယောက်ကို ခေါ်ပြီးလျှင် မည်သည့်ဘက်သို့ ပလေစီဒပ်၏ ရထားမောင်းသွားသည်ကို အမြန်လိုက်၍ ကြည့်စေ၏။

ထိုနောက် ဗလေရီယာသည် မရီနာ၏ မျက်နှာကို ခက်ထန်စွာကြည့်လိုက်ပြီးလျှင် မရယ်ချင့် ရယ်ချင်ပြင်းစွာ ရယ်မောလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

တစ်ခဏမျှ ကြာလတ်သော် ဗလေရီယာ လွှတ်လိုက်သော ကပ္ပလီကျွန်ကလေးသည် အသက်ကိုမျှ မရှူနိုင်ဘဲ သူ့သခင်မထံ ပြေးလာပြီးနောက် "မြင်းရထားသည် 'ဖလင်မင်နီယန်'လမ်းဘက်သို့ မောင်းသွားပါသည် သခင်မ" ဟု ပြောကြားလေ၏။

"ဘယ့်နှယ်လဲ မရီနာ၊ ဖလင်မင်နီယန် လမ်းဘက်ကို မောင်းသွားတယ်ဆိုပါကလား၊ ကျွန်ုပ်တို့ မြန်မြန်သွားရင်တော့ အချိန်မီရောက်နိုင်ပါသေးတယ်"

"ကိုင်း. . .သခင်မအတွက် ဆံပင်ပုံနဲ့ ရုပ်ဖျက်တဲ့ ကြိယာတွေ ဝတ်ရုံတွေ မြန်မြန်ယူခဲ့စမ်း၊ မရီနာလည်း ကျွန်ုပ်နဲ့အတူ လိုက်ရလိမ့်မယ်၊ ဆင်းရဲသား အဝတ်အစားတွေ ယူခဲ့စမ်း"

"ကောင်းပါပြီ သခင်မ"

သို့နှင့် မိန်းကလေး နှစ်ယောက်တို့သည် ၅–မိနစ်အတွင်း မျက်နှာတွင် ဆိုးဆေးအနည်းငယ် ဆံပင်ပုံမျက်နှာဖုံးတို့ဖြင့်လည်းကောင်း၊ ကိုယ်တွင် အဝတ်အစားနှင့် ဝတ်ရုံများဖြင့်လည်းကောင်း ရုပ်ဖျက်ပြီး ဖြစ်ကြလျက် ၁၀–မိနစ်မျှ အကြာတွင် လမ်းပေါ်သို့ ရောက်နေကြလေပြီ။

ညိုမောင်း၍ ပျော့ပျောင်းသော ဗလေရီယာ၏ ဆံပင်လိပ်ကလေးများမှာ ယခင်ကအတိုင်း မဟုတ်တော့ဘဲ၊ အဝါရောင် ဆံပင်ကြမ်းကြီးဖြစ်၍ နေပြီး လျှင် မျက်နှာအောက်ပိုင်းကိုလည်း လုံးလုံးဖုံးထား၏။ မရီနာမှာမူ အဝတ်စုတ်သာသာမျှ အဝတ်များကိုဝတ်ကာ ချည်ကြမ်း ကွက်ကြားတဘက်ကြီးဖြင့် ကိုယ်အထက်ပိုင်းနှင့်မျက်နှာကို ခြုံ၍ထား၏။

ရုပ်ဖျက်ထားပုံမှာ အလွန်ပင် စေ့စပ်သေချာရှိရကား. . .ခရီးသုတ်သုတ်သွားလျက်ရှိသော မိန်းကလေး နှစ်ယောက်အား အမျိုးအနွယ်မြင့်မြတ်၍ အချောအလှတွင် ထင်ရှားကျော်ကြားသော ရောမအမျိုးသမီး ဗလေရီယာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ၏အထိန်းတော် မရီနာဟူ၍ မည်သူမျှ မထင်ချေ။ အနီးစပ်ဆုံး မိတ်ဆွေများပင် သူတို့အား မှတ်မိတော့မည် မဟုတ်ချေ။

အတန်ဝေးဝေး လျှောက်သွားမိကြသောအခါ လမ်းမကြီးမှ ကွေ့ပြီးနောက် ညစ်ညမ်းပေကျံသော လမ်းတစ်ခုသို့ ရောက်လာလေ၏။ အနည်းငယ်မျှ ဆက်လက်သွားမိပြန်လေသော် အတော်ပင် ဟောင်းနွမ်းနေသည့် အဆောက်အဦးတစ်ခုရှေ့တွင် ရပ်ထားသော ပလေစီဒပ်၏ မြင်းရထားကို တွေ့ရလေသည်။ ရထားသမားသည် သူ၏သခင်ကို စောင့်ဆိုင်းနေဟန်ဖြင့် ရထားခုံပေါ်တွင် ငိုက်မျဉ်းလျက်ရှိရာ ထိုသူသည် မိန်းကလေး နှစ်ယောက်ကို မြင်သောအခါ မျက်လုံးများကို တစ်ခဏမျှ ဖွင့်၍ ကြည့်လိုက်ပြီးနောက် ငိုက်မြဲငိုက်ကာရှိပြန်လေ၏။ ဗလေရီယာနှင့် မရီနာတို့လည်း ထိုအဆောက်အဦးရှေ့မှဖြတ်၍ သွားကြလေသည်။

"ဒီတိုက်ပျက်ကြီးမှာ ဘယ်သူနေသလဲ မရီနာ"

"ပီတိုးဆီရစ်ရဲ့တိုက် ဖြစ်ပါတယ် သခင်မ"

"ပီတိုးဆီရစ်. . .ဒီနာမည် ကြားဖူးပါတယ်"

"ရောမမြို့တော်မှာ အတော်ပဲ ကျော်ကြားတဲ့ အီဂျစ်လူမျိုး နက္ခတ်နဲ့ ဆေးဆရာကြီးဖြစ်ပါတယ် သခင်မ၊ လူတစ်ယောက်နဲ့တစ်ယောက်မုန်းအောင်၊ မိန်းကလေးနဲ့ ယောကျ်ားကလေး ချစ်ကြိုက်အောင်၊ ဆေးဝါးများ စီရင်တတ်ပါတယ်၊ ပီယဆေးဖော်ပြီး မင်းညီမင်းသားလူကုံတန်များကိုလည်း အဖိုးမြောက်မြားစွာနဲ့ ရောင်းလေ့ရှိပါတယ်. . .ဘယ်ဆေးဝါးမဆို လိုချင်တဲ့ ဆေးဝါးကို ဒီဆရာကြီးဆီမှာ ရနိုင်ပါတယ်"

"ဒါဖြင့် ပလေစီဒပ်ဟာ ဒီနေရာမှာ လာပြီး ဘာများ လုပ်နေရသလဲ မပြောတတ်ဘူး"

"မပြောတတ်ပါ သခင်မ"

သို့နှင့် ဗလေရီယာနှင့် မရီနာတို့သည် သေရေးရှင်ရေးတစ်မျှ အရေးကြီးသော ကိစ္စတစ်ခုကို ဆောင်ရွက်ရန်ရှိသကဲ့သို့ ယခင်ကထက် လျင်မြန်စွာ ရှေ့သို့ ဆက်လက်သွားကြပြန်လေ၏။

တိုက်ပျက်ကြီးအတွင်း၌ ကျဉ်းမြောင်းသော လှေကားကလေးတစ်ခုမှ တက်၍ သွားသောအခါ အထပ်ထပ်ရှိ ချောင်တစ်ချောင်တွင် အခန်းကလေးတစ်ခု ရှိ၍ ထိုအခန်းအတွင်း၌ အီဂျစ်လူမျိုးဆေးဆရာကြီးပီတိုးဆီးရစ်သည် ထိုင်လျက်ရှိ၏။ ဆရာကြီးမှာ မင်းညီမင်းသားများ၊ နန်းတွင်းသူ နန်းတွင်းသားများ၊ သူဌေးသူကြွယ်နှင့် လူကုံတန်များပါမကျန် ဆေးဝါးအတွက် ဆည်းကပ်ရသော ဆရာကြီးဖြစ်ရာ၊ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာလှပေ ရှိသော်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ၏ တိုက်ကိုကြည့်ခြင်းဖြင့်လည်းကောင်း၊ သူဝတ်သော အဝတ်အစားများကို ကြည့်ခြင်းဖြင့်လည်းကောင်း၊ မည်သည့်နည်းနှင့်မျှ ချမ်းသာခြင်း၏ အရိပ်အရောင်မပေါ်ပေါက်ချေ။ တိုက်ပျက်အတွင်းရှိ နံရံများမှာ အုတ်အင်္ဂတေများ ကွာကျလျက်၊ အချို့နေရာများ၌သာ မထင်ရှားသော ရှေးဟောင်းရုပ်တုပုံများ၊ ထူးဆန်းသော သင်္ကေတာန်ရှိသည့် သင်္ကေတဝါများ စသည်တို့ဖြင့် ရေးခြယ်ထား၏။ ဆေးသုတ်ခြင်း၊ အသစ်ပြုပြင်ခြင်း ကင်းမဲ့လျက် နေရာတိုင်းတွင် နှစ်ပေါင်း ကြာရှည်လှပြီဖြစ်၍ အိုမင်းဟောင်းနွမ်းနေသည့် အဆောက်အအဦးတစ်ခုရှေ့တွင် ရပ်ထားသော ပလေစီဒပ်၏ မြင်းရထားကို တွေ့ရလေသည်။ ရထားသမားသည် သူ၏ သခင်ကို စောင့်ဆိုင်းနေဟန်ဖြင့် ရထားခုံပေါ်တွင် ငိုက်မြည်းလျက်ရှိရာ၊ ထိုသူသည် မိန်းကလေး နှစ်ယောက်ကို မြင်သောအခါ၊ မျက်လုံးများကို တစ်ခဏမျှ ဖွင့်၍ကြည့်လိုက်ပြီးနောက် ငိုက်မြဲငိုက်ကာ ရှိပြန်လေ၏။ ဗလေရီယာနှင့် မရီနာတို့လည်း ထိုအဆောက်အဦးရှေ့မှ ဖြတ်၍ သွားကြလေသည်။

"ဒီတိုက်ပျက်ကြီးမှာ ဘယ်သူနေသလဲ မရီနာ"

"ပီတိုးဆီရစ်ရဲ့တိုက်ဖြစ်ပါတယ် သခင်မ"

"ပီတိုးဆီရစ်. . .ဒီနာမည်ကြားဖူးပါတယ်"

"ရောမမြို့တော်မှာ အတော်ပဲ ကျော်ကြားတဲ့ အီဂျစ်လူမျိုးနက္ခတ်နဲ့ ဆေးဆရာကြီးဖြစ်ပါတယ် သခင်မ၊ လူတစ်ယောက်နဲ့ တစ်ယောက် မုန်းအောင်၊ မိန်းကလေးနဲ့ ယောကျ်ားကလေးချစ်ကြိုက်အောင်၊ ဆေးဝါးများ စီရင်တတ်ပါတယ်၊ ပီယံဆေးဖော်ပြီး မင်းညီမင်းသားလူကုံထံများကိုလည်း အဖိုးမြောက်မြားစွာနဲ့ ရောင်းလေ့ရှိပါတယ်. . .ဘယ်ဆေးဝါးမဆို လိုချင်တဲ့ဆေးဝါးကို ဒီဆရာကြီးဆီမှာ ရနိုင်ပါတယ်"

"ဒါဖြင့် ပလေစီဒပ်ဟာ ဒီနေရာလာပြီး ဘာများ လုပ်နေရသလဲ မပြောတတ်ဘူး"

"မပြောတတ်ပါ သခင်မ"

သို့နှင့် ဗလေရီယာနှင့် မရီနာတို့သည် သေရေးရှင်ရေးတမျှ အရေးကြီးသော ကိစ္စတစ်ခုကို ဆောင်ရွက်ရန်ရှိသကဲ့သို့ ယခင်ကထက် လျင်မြန်စွာ ရှေ့သို့ ဆက်လက်သွားကြပြန်လေ၏။

တိုက်ပျက်ကြီးအတွင်း၌ ကျဉ်းမြောင်းသော လှေကားကလေးတစ်ခုမှ တက်၍ သွားသောအခါ အထက်ထပ်ရှိ ချောင်တစ်ချောင်တွင် အခန်းကလေးတစ်ခု ရှိ၍ ထိုအခန်းတွင်း၌ အီဂျစ်လူမျိုးဆေးဆရာကြီး ပီတိုးဆီရစ်သည် ထိုင်လျက်ရှိ၏။ ဆရာကြီးမှာ မင်းညီမင်းသားများ၊ နန်းတွင်းသူနန်းတွင်းသား



www.burmeseclassic.com

www.burmeseclassic.com


များ၊ သူဌေးသူကြွယ်နှင့် လူကုံထံများပါမကျန် ဆေးဝါးအတွက် ဆီးကပ်ရသော ဆရာကြီးဖြစ်ရာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာလျက် ရှိတော့၏။ သို့သော် သူ၏တိုက်ကို ကြည့်ခြင်းဖြင့်လည်းကောင်း၊ သူဝတ်သော အဝတ်အစားများကို ကြည့်ခြင်းဖြင့်လည်းကောင်း၊ မည်သည့်နည်းနှင့်မျှ ချမ်းသာခြင်း၏ အရိပ်အယောင်မပေါ်ပေါက်ချေ။ တိုက်ပျက်အတွင်းရှိ နံရံများမှာ အုတ်အင်္ဂတေများ ကွာကျလျက်၊ အချို့နေရာများ၌သာ မထင်ရှားသော ရေးဟောင်း ရုပ်တုပုံများ၊ ထူးဆန်းသော သင်္ကေတန်ရှိသည့် သတ္တဝါများစသည်တို့ဖြင့် ရေးခြယ်ထား၏။ ဆေးသုတ်ခြင်း၊ အသစ်ပြုပြင်ခြင်းကင်းမဲ့လျက် နေရာတိုင်းတွင် နှစ်ပေါင်းကြာရှည်လှပြီဖြစ်၍ အိုမင်းဟောင်းနွမ်းသော အရိပ်အရောင်ကို ဆောင်လျက်ရှိလေသည်။ အမိုးတွင်ကား ပန်းနွယ်ပန်းဆိုင်းများအစား ကြပ်ခိုးနှင့် ပင့်ကူအိမ်များဖြင့် ပြည့်လျက်ရှိ၏။ တံခါးမှာ တစ်ဖက်က ဆွေးမြည့်လျက် အခြားတစ်ဖက်ကို မီးလောင်၍ထား၏။ တစ်ခန်းလုံးမှာ မီးခိုးနံ့များဖြင့် မွန်လျက်ရှိလေသည်။

ဆေးဆရာကြီး ဝတ်ထားသော ဝတ်ရုံကြီးမှာ ပထမက အလွန်ကောင်းသော ပိုးသားထည်ဖြစ်ပါလျက် အချိန်ကာလအားဖြင့် ရှည်ကြာလှပြီးလျှင် ဆေးကြော လျှော်ဖွပ်ခြင်းမရှိသဖြင့် အရောင်မထွက်ဘဲ လေးလံလျက်ရှိလေသည်။ ရွှေကြိုးဖြင့် ချုပ်ထားသော အနားပတ်မှာ ဝါညစ်ညစ်မည်းဖတ်ဖတ်မျှသာ ကျန်တော့သဖြင့် နေရာပေါင်းများစွာတွင် အဖာအထေးတို့ဖြင့် ပြည့်လျက်ရှိ၏။ ချည်ဖြူဖြင့်ရက်ထားသော ခေါင်းပေါင်းကြီးမှာ နှစ်ပေစန့်မြင့်ပြီးလျှင် အဝါရင့်ရောင်ဖြစ်ကာ၊ ဖုံများသည် နေရာတကာတွင် အကွက်အစွန်းများဖြစ်လျက်ရှိ၏။ ထိုခေါင်းပေါင်းကြီးအောက်တွင်မှ သေးငယ်သော မျက်နှာကလေး၏ အထက်ပိုင်းတွင် စူးရှသော မျက်လုံးကလေးနှစ်လုံးသည် တောက်ပလျက်ရှိလေသည်။

ဆရာကြီးသည် ဆေးများဖျော်စပ်လျက်ရှိရာမှ ဆေးခန်းရှေ့တွင် ရပ်လာသော ပလေစီဒပ်အား ရိုသေလေးစားသော အမူအရာဖြင့်

"ခေတ္တဆိုင်းငံ့ပါဦးအရှင်၊ ကျွန်ုပ်ဆေးများ ဖျော်ပြီးလုပါပြီ"

"ဆရာကြီး ခါတိုင်းကဲ့သို့ ကျွန်ုပ်ကြာကြာ မစောင့်နိုင်ပါ။ ကျွန်ုပ်ကား ကိစ္စများသော သူတစ်ယောက်ဖြစ်သည့်ပြင် အရေးကြီးသော ကိစ္စတစ်ခုကို ချက်ချင်းဆောင်ရွက်ရန် ရှိနေပါသည်"

ဝန်ကြီးပလေစီဒပ်ကား မိမိသဘောဆေးများကို ရလျှင် ငွေတို့ရက်ရက်ရောရော ပေးတတ်သော ဖောက်သည်တစ်ဦးဖြစ်လေသည်။

"အရှင်. . .အို ကျွန်ုပ်၏ မြင့်မြတ်သောအရှင် ခေတ္တဆိုင်းငံ့ပါဦးသော



www.burmeseclassic.com

www.burmeseclassic.com



အရှင်ကသာ အမိန့်ပေး၍ ကျေးကျွန်ဖြစ်သော ကျွန်ုပ်မှာ အရှင်၏ အမိန့်ကို နာခံရုံမျှသာ ရှိပါသည်။ ကျွန်ုပ်သည် အရှင်အား ယခင်ကတည်းကပင် သစ္စာရှိစွာဖြင့် အသုံးခံခဲ့သည်မဟုတ်ပါလော။ ကျွန်ုပ်၏ လက်ဖွဲ့များသည် အရှင်အား မကောင်းသော ဘေးဒဏ်ရန်မာန်အပေါင်းမှ ကာကွယ်လျက် ကျွန်ုပ်ပေးသော မျက်နှာပွင့်ဆေးများသည်လည်း ကောင်းစွာ အောင်မြင်သည်မဟုတ်ပါလော အရှင်"

"တော်ပါတော့ ဆရာကြီး။ ဒီမြှောက်တဲ့ပင့်တဲ့ စကားတွေ ရပ်ပါတော့။ ကျွန်ုပ်မှာ ကြာကြာနေဖို့ အချိန်မရှိဘူး။ ကျွန်ုပ်အလိုရှိတာသာ မြန်မြန်ပေးစမ်းပါ။ ဟောဒီမှာ သူ့တန်ဖိုးအတွက် ရွှေအိတ်"

ဤသို့ပြောဆိုပြီးနောက် ဝန်ကြီးပလေစီဒပ်သည် ရွှေဒင်္ဂါးအိတ်တစ်အိတ်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်လေသည်။ ဆရာကြီးသည် ကြမ်းပြင်ပေါ်တွင် 'ပွမ်'ခနဲ မြည်၍ ကျသော ရွှေဒင်္ဂါးအိတ်ကို လောဘထွက်သော မျက်လုံးများဖြင့် ကြည့်ရှုလျက်ရှိလေသည်။

"အရှင်ရဲ့ ဇာတာစန်းလဂ်ဟာလဲ"

(စကားမဆုံးမီ စိတ်ထွက်လျက်) "တယ်ခက်တဲ့ လူအ,ကြီးပဲ။ သင်ဘာတွေ လျှောက်ပြောနေပြန်တာလဲ။ ကျွန်ုပ်ရဲ့ ဇာတာစန်းလဂ်ကလေးကြည့်ရုံ၊ နက္ခတ်ကလေးတစ်လုံးနှစ်လုံး ကြည့်ရုံနဲ့ ဒီရွှေအိတ်ကို ကျွန်ုပ်က ပေးရမှာလား. . ."

ဆေးဆရာကြီးမှာ ရွှေဒင်္ဂါးအိတ်ကို မြင်နေပြီဖြစ်၍ ပလေစီဒပ် ပြောသော စကားကို မည်သို့မျှ မနာနိုင်ချေ။

"ကျွန်ုပ် အကဲခတ်မိပါပြီအရှင်. . .အရှင်ဟာ အစားအစာထဲ ခပ်ဖို့ ပီယဆေးရည်ပုလင်းကို အလိုရှိတာပဲ မဟုတ်လား. . .ကျွန်ုပ်ရဲ့ ဆေးတွေကတော့ သေချာပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် ဘယ်လောက်မြင့်မြတ်တဲ့ အမျိုးအနွယ်ထဲက ဖြစ်ဖြစ်၊ ဒီဆေးနဲ့ ပစ်လိုက်ရင် မခံနိုင်ပါဘူး။ မိန်းမရဲ့ အချစ်မှ ဒီရွှေအိတ်နဲ့ တန်တာမဟုတ်ပါလားအရှင်"

ပလေစီဒပ်သည် ဆေးဆရာကြီးအား ကြည်စားရင်း လှည့်ပတ်ပြောပြီးနောက် ဆက်လက်အချိန်ကုန် မခံလိုတော့သဖြင့် အနီးသို့ သွားကာ သူ၏ နားနားတွင် ကပ်၍ တစ်စုံတစ်ရာကို တီးတိုးပြောလိုက်လေ၏။ ထိုအခါဆရာကြီး၏ မျက်နှာမှာ ထူးဆန်းခြင်း၊ ကြောက်ရွံ့ခြင်း၊ အံ့သြခြင်းတို့ဖြင့် ရှေ့သို့မိုးကာ ပလေစီဒပ်အား မော်၍ ကြည့်လိုက်လေသည်။ သူ၏ မျက်လုံးနက်ကလေးများမှာ ဝင်းခနဲ. . .အရောင်တောက်၍ သွားပြီးလျှင် မျက်နှာမှာ ကောင်းမှုကို နိုးကြောင်နိုးဝှက်ပြုလုပ်တော့မည့် ကျောင်းသားတစ်ယောက်ကဲ့သို့ မသိမသာ

www.burmeseclassic.com


ပျက်၍သွားလေသည်။ ထိုနောက် သူ၏ စားပွဲမှ လျှို့ဝှက်သော အံဆွဲတစ်ခုကို ဖွင့်ကာ တစ်ခဏကြာမျှ ရှာဖွေစစ်ဆေး၍

“ပလေစီဒပ်သည် ပုလင်းလေးကို သူ၏အင်္ကျီအိတ်ထဲသို့ ယုယစွာ ထည့်လိုက်ပြီးနောက်၊ အီဂျစ်ဆေးဆရာကြီး ပီတိုးဆီရစ်၏ ဆေးခန်းထဲမှ လျင်မြန်စွာ ထွက်သွားလေ၏။ ပုဆင်းကလေးတစ်ခုထုတ်ယူလိုက်ပြီးလျှင် ဝန်ကြီးထံသို့ ထည့်လိုက်လေ၏။ ဆေးပုလင်းကလေးပေါ်၌ကား. . .အီဂျစ်စာလုံးများဖြင့် ‘သတိပြု’ဟူသော စကားရေးသားထားလေ၏။ ထိုနောက် ကြမ်းပေါ်မှ ထိုဒင်္ဂါးအိတ်ကလေးကို ကောက်ယူကာ သိမ်းဆည်းလိုက်လေသည်။

ထိုအချိန်၌ ဗလေရီယာနှင့် သူ၏အထိန်းတော် မရီနာတို့သည် ဝန်ကြီးပလေစီဒပ်၏ တိုက်သို့ ရောက်ကြပြီဖြစ်၍ ဗလေရီယာသည် အိမ်ရှေ့တံခါးပေါက်မှပင် ရဲတင်းစွာ ဝင်သွားလေ၏။ အပြင်ဧည့်ခန်း၌ကား. . .ကျွန်မည်းသုံးလေးယောက်နှင့် ကျွန်အဖြစ်မှ လွတ်မြောက်ပြီးဖြစ်သော ဒမတ်ဆီပီးယပ်ရှိလေသည်။ သူတို့သည် မိန်းမနှစ်ယောက် ဝင်လာသည်ကို ကောင်းစွာ ဂရုမစိုက်မိကြချေ။

ဒမတ်ဆီပီးယပ်သည် ခေါင်းဆောင်မိန်းမအား ခပ်ကြမ်းကြမ်းပြောင်လှောင်လိုသည့်ဟန်ဖြင့် မျက်နှာဖုံးကို ဆွဲ၍ ချွတ်ရန်ဟန်ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဗလေရီယာသည် သူ၏လက်ကို ပြင်းထန်စွာ တစ်ချက်ဆောင့်၍ ရုန်းလိုက်ပြီးနောက် ဒမတ်ဆီပီးယပ်၏ ရင်ဘတ်ကို အားနှင့်တွန်းပစ်လိုက်ရာ၊ ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်လျက် ကျသွားလေ၏။ နပျိုလုံးကျစ်၍ ဖြူဖွေးသော မိန်းကလေးတစ်ယောက်၏ လက်ပင်ဖြစ်လင့်ကစား၊ မည်မျှလောက်ခွန်အားရှိသည်ကိုလည်း သိ၍သွားလေသည်။

ဗလေရီယာသည် သူ၏ရုပ်ဖျက်ကိရိယာများကို ကြမ်းပေါ်သို့ ပစ်ချလိုက်ပြီးနောက် သူ၏မြင့်မားတောင့်တင်းသော ကိုယ်လုံးကိုယ်ထည်ကလေးကို ဒမပ်ဆီပီးယပ်ရှေ့တွင် ဟန်ပါပါ မတ်မတ်ရပ်လိုက်လေ၏။

“ဟဲ့. . .ကျွန်စုတ်. . .ဒီမှာကြည့်စမ်း. . .ဘယ်သူလဲဆိုတာ. . .ငါ ဗလေရီယာဆိုတာ နင်မသိဘူးလား၊ နင်လွတ်ငြိမ်းခွင့်ရတယ်ဆိုပေမဲ့ ကျွန်ဟာ. . .ကျွန်ပဲ။ နောက်ဆုတ်. . .ဒီဟာ နင့်အရာမဟုတ်ဘူးဆိုတာ နားလည်ရဲ့လား။ ဟိုကျွန်မည်းတစ်ယောက်က နင့်သခင်ရဲ့ အခန်းကို လိုက်ပြစမ်း။ မရီနာက ဒီမှာစောင့်နေရစ်၊ ဒါပေမဲ့ ခေါ်ရင် ကြားပေစေနော်. . .”

မဒပ်ဆီပီးယပ်သည် ဗလေရီယာ အမိန့်ကို ကျိုးနွံစွာနာခံလေ၏။ သို့နှင့် ကျွန်တစ်ယောက်က ပလေစီဒပ်၏ အခန်းသို့ လိုက်ပို့ပြီးလျှင် သူ၏သခင်သည် မကြာမီ ပြန်ရောက်လာမည့်အကြောင်း ပြောပြလေသည်။


www.burmeseclassic.com

www.burmeseclassic.com



အချိန်ကား လွန်စွာပင် တိုးတောင်းလှ၏။ အချိန်မီလုပ်နိုင်မှသာလျှင် မိမိချစ်သူသည် လွတ်မြောက်ရန် လမ်းရှိ၏။ မည်သို့ပင်ဖြစ်စေ မည်သည့်နည်းနှင့်ဖြစ်စေ၊ မည်မျှစွန့်စားရသည်ဖြစ်စေ၊ ဆောင်ရွက်ရတော့အံ့။

ဗလေရီယာသည် ပလေစီဒပ်၏ အခန်းတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း အထက်ပါအတိုင်း စဉ်းစားလျက်ရှိလေ၏။ အက်စကာ၏ လွတ်မြောက်ရေးအတွက် အမျိုးမျိုးအဖုံဖုံ စိတ်ကူးမိ၏။ အကြံအစည်အမျိုးမျိုးထုတ်မိခဲ့၏။ သို့သော် အက်စကာအား ချုပ်နှောင်ထားသည့် အခန်းကိုပင် မသိရသေးချေ။ သို့ရှိစဉ် ဗလေရီယာသည် တစ်ခုသော နေရာမှ သံကြိုးချင်းထိသော အသံကဲ့သို့ အသံတစ်ခု ကြားလိုက်ရသဖြင့် နားစွင့်၍ ထောင်မိလေသည်။

ရောမအိမ်များမှာ အိမ်ရှေ့ညှိခန်း၊ အတွင်းခန်း၊ အိပ်ခန်း၊ ရေချိုးခန်းမှစ၍ ဆောက်လုပ်ပုံခြင်းတူသဖြင့် ဗလေရီယာသည် အသံကြားရာ အတွင်းဘက်သို့ ဝင်ခဲ့လေ၏။ အတွင်းခန်းများ၌ လူစလူနဟူ၍ မတွေ့နိုင်ဘဲ ရှိနေရာ ဗလေရီယာသည် နောက်ဘေးဆောင်ဘက်တွင် တစ်ခန်းပြီးလျှင် တစ်ခန်းလိုက်လံရှာဖွေလျက်ရှိလေသည်။

သို့နှင့် ဗလေရီယာသည် လူမရှိသော စင်္ကြံလမ်းများကို ကျော်ဖြတ်ကာ တစ်ခန်းပြီးလျှင် တစ်ခန်းရှာဖွေလျက်ရှိစဉ် အနီရောင် ကတ္တီပါအခန်းဆီးဖြင့် တာထားလျက် နံရံတွင် ကျောက်ဖြူပြားများဖြင့် ပြုလုပ်ထားသည့် အခန်းကျယ်ကြီးတစ်ခုသို့ ရောက်လာ၍ ခန်းဆီးကို ဖယ်ရှားလိုက်လေ၏။

အက်စကာသည် နေရောင်ထိုးနေသည့် နေရာမှ နေရိပ်သည့် ဘက်သို့ရောက်အောင် ကျောက်တိုင်တွင် ချည်ထားသည့် သံကြိုးကို အဆုံးရွှေ့လျက်ရှိလေသည်။ သူ၏နံဘေး၌ကား ရေကုန်၍နေပြီဖြစ်သော ရေကရားတစ်ခုသည် ကျောက်ပြား ကြမ်းပြင်ပေါ်တွင် လဲလျက်ရှိနေ၏။ ၎င်းအနီး၌ကား မည်းနက်သော အရောင်ရှိသည့် ပေါင်မုန့်တစ်ခုရှိလေသည်။

သူ၏လည်ပင်းတွင် ထူထဲသော သံကော်လာကြီးကို သော့ခတ်ကာ ကျောက်တိုင်မှ ကွင်းဖြင့် ချည်ထား၏။ သံကြိုးကြီးမှာ လူကိုပင် မဆိုထားဘိ ဆင်ပင်လျှင် ရုန်း၍ရမည်မဟုတ်ပေ။ အက်စကာမှာ ကောင်းစွာလည်း မရပ်နိုင် ထိုင်၍ပင် မထိုင်နိုင်ရှာချေ။ သံကြိုးကြီးနှင့် သံကော်လာကို သော့ခလောက်ဖြင့် ခတ်ထား၏။ ဗလေရီယာကား ဤနည်းဖြင့် မိမိချစ်သူကို တွေ့ရလေပြီ။ တွေ့ပင် တွေ့ရသော်လည်း ကယ်ဆယ်ရန်ကား မျှော်လင့်ဖွယ်မရှိချေ။ ဗလေရီယာသည် ခေါသဖြင့် သူ၏ဖြူဖွေးသော လက်သီးကလေးများကို တင်းကျပ်စွာ ဆုပ်တိုင်လိုက်လေသည်။

ထိုအချိန်၌ကား အက်စကာသည် နေရောင်လွတ်သောနေရာကျောက်

www.burmeseclassic.com



ပြား ကြမ်းပြင်ပေါ်တွင် အပြစ်ကင်းမဲ့သော ကလေးတစ်ယောက်ပမာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်လျက်ရှိ၏။ အိပ်ရာမှနိုးမည်စိုးသဖြင့် ဗလေရီယာသည် အသံမကြားအောင် ခြေဖျားထောက်ကာ အက်စကာအနီးသို့ တစ်လှမ်းချင်း သွားလေ၏။ မိခင်သည် ကလေးငယ်အား ယုယသကဲ့သို့ အိပ်ပျော်နေသူ မနိုးစေရန် ဤကဲ့သို့ သွားရောက်စဉ် ဗလေရီယာ၏ မျက်နှာမှာ အလွန်နူးညံ့သိမ်မွေ့သော မေတ္တာစေတ် အရိပ်အရောင်တို့ဖြင့် လွှမ်းလျက်ရှိ၏။

သို့သော် အက်စကာမှာ အအိပ်ဆတ်လှသည့်ပြင် သတိဝီရိယနှင့်နေသူတစ်ယောက်ဖြစ်ရကား သူသည် ဗလေရီယာအား ဖျတ်ခနဲ ခေါင်းထောင်၍ ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၃ ]

အက်စကာသည် ဗလေရီယာအား အံ့ဩသော မျက်လုံးများဖြင့် ကြည့်ရှုလျက်ရှိလေသည်။ သို့ရှိစဉ် အပြင်ခန်းဆီမှ စကားတီးတိုးပြောသံများ ခြေသံများကို ကြားရသဖြင့် ပလေစီဒပ်ပြန်လာကြောင်းကို သိရလေသည်။

တစ်ခဏချင်း၌ပင် ခြေသံကြားရပြီးနောက် ပလေစီဒပ်သည် အတွင်းခန်းသို့ ရုတ်တရက်ဝင်လာလေ၏။ ထိုအချိန်သည်ကား ဗလေရီယာ၏ အရေးအကြီးဆုံး အချိန်ပေတည်း။ ဗလေရီယာကားရဲရင့်သည့်ပြင်၊ လျှင်မြန်ဖျတ်လတ်သော ဉာဏ်နှင့်လည်း ပြည့်စုံ၏။ သို့နှင့် သူသည် နဂိုကတိအတိုင်း ရိုးသားသောမျက်နှာ၊ တည်ကြည်ခံ့ညားသော ဣန္ဒြေဖြင့် ပလေစီးဒပ်အား မခို့တရို့ကြည့်ပြီးနောက်. . .

"အရှင်က ဒီလူကို ပေးမယ်ဆိုတဲ့အတွက် ခေါ်မလို့လာတာပဲ၊ အရှင်ပေးတဲ့ ဆုကလေးကို ဗလေရီယာဟာ အမြဲလေးစားပါတယ်။ အိမ်ရှင် မဖိတ်ကြားဘဲလာလို့ ကျွန်ုပ်အပေါ်မှာ အရှင်ကတော့ ဘယ်လိုထင်မလဲ မပြောတတ်ဘူး"

ဗလေရီယာသည် ချစ်ယောင်သန်းလျက်ရှိသော မျက်လုံးများဖြင့် မပြုံးတပြုံးကြည့်ကာ ရှက်၍သွားသည့် အမူအရာဖြင့် မျက်နှာကို အောက်သို့ချလိုက်လေသည်။ ပလေစီဒပ်ကိုယ်တိုင်မှာ အလွန်ဉာဏ်များသူတစ်ယောက်ဖြစ်သော်လည်း ဗလေရီယာကိုမူ အရှုံးပေးရလေသည်။ သူသည် အက်စကာအား တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်သေး၏။ သို့သော် အက်စကာ၏ မဝေခွဲနိုင်သော မျက်နှာကို မြင်လိုက်သောအခါ ဗလေရီယာ၏စကားကို ကျေနပ်၍ သွားဟန်ရှိ၏။

ထိုနောက် ပလေစီဒပ်၏ တင်းမာခက်ထန်သော မျက်နှာသည် တဖြည်းဖြည်း လျော့၍ သွားလေတော့၏။ သူ၏မျက်နှာပေါ်၌ရှိသော ဒေါသ၏ အရိပ်အငွေ့များကို နူးညံ့သော အချစ်စိတ်က လွှမ်းမိုးသွားဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်တော့ ဒီအိမ်ဟာ ကျွန်ုပ်ရဲ့ အိမ်မဟုတ်တော့ပါဘူး။ သင်ရဲ့ အိမ်ဖြစ်ပါပြီ။ ဒီအိမ်ကြီးဟာ သင့်ကို အမြဲဖိတ်ခေါ်ကြိုဆိုနေပါတယ်။ သင့်သဘောအတိုင်း ဒီမှာနေနိုင်ပါတယ်။ သင်က လွဲပြီး ဒီကမ္ဘာလောကကြီးတစ်ခုလုံးကိုတောင် စွန့်ပစ်နိုင်တဲ့သူရဲ့ အနားမှာ သင့်ကို အမြဲနေစေလိုပါတယ် ဗလေရီယာ. . ."

ပလေစီဒပ် ဤသို့ပြောနေသည့်အခိုက်၌ပင် ဗလေရီယာ၏ စိတ်တွင် အက်စကာအား ကယ်ဆယ်ရန် နည်းလမ်းအမျိုးမျိုးတို့သည် လျှပ်စစ်လက်သကဲ့သို့ ဝင်းခနဲ လက်ခနဲ ပေါ်ပေါက်လျက်ရှိနေကြ၏။ မိမိရောက်နေသော အခြေအနေ၊ ပလေစီဒပ်၏ ဆိုးယုတ် ညစ်ညမ်းသော သဘောထား၊ အက်စကာ၏ ဘေးအန္တရာယ်တို့သည် တစ်ခုပြီးလျှင် တစ်ခုပေါ်၍ လာတော့၏။ သို့သော် ဗလေရီယာသည် ထိုစိတ်၏ လှုပ်ရှားမှုများသည် မျက်နှာ၌ မပေါ်စေဘဲ၊ ပြုံးရွှင်စွာပင် ပြန်၍ ပြောနိုင်လေ၏။

"မဟုတ်ပါအရှင်. . .ဤအိမ်သို့ ရောက်လာခြင်းပင် ကျွန်ုပ်အတွက် လွန်လှပါပြီ၊ ကျွန်ုပ်အပေါ်တွင် အရှင်စိတ်ညို့သွားသည် ထင်သဖြင့် အရှင်စိတ်ပြေအောင်သာ လာရောက်ခြင်းဖြစ်ပါသည်။ ဝိုင်တစ်ခွက်ကိုသာ ကျွန်ုပ်အားပေးပါတော့. . .ကျွန်ုပ်ပြန်ပါတော့မည်။ မရီနာလည်း ကျွန်ုပ်နှင့်အတူ ပါလာသဖြင့် မည်သူမျှ ကျွန်ုပ်အပေါ်တွင် သံသယဖြစ်နိုင်စရာမရှိပါ. . ."

"ဘယ်အခါမှ သင့်အပေါ် စိတ်မဆိုးပါဘူး . . . ဗလေရီယာ၊ ဧည့်ခန်းနဲ့ ညစာ စားခန်းကိုသာ သွားကြပါစို့ရဲ့. . ."

သို့နှင့် ပလေစီဒပ်သည် ဗလေရီယာအား ညစာစားခန်းသို့ ခေါ်သွားမည်ပြုလေ၏။ ပလေစီဒပ်သည် ဗလေရီယာ၏လက်ကို ဆွဲယူထူမရန် သူ၏ကိုယ်ကို အနည်းငယ်ညွတ်လိုက်ရာ အတွင်းခံအင်္ကျီအိတ်တွင် ဝှက်၍ထားသော အဆိပ်ပုလင်းလေး၏ နှုတ်ခမ်းသည်အပြင်သို့ ခေါင်းပြူထွက်လာသည်ကို မျက်စိလျင်လှသော ဗလေရီယာက မြင်လိုက်သဖြင့် အဆိပ်ပုလင်းဖြစ်ကြောင်း ချက်ချင်းပင် ရိပ်မိသိရှိခဲ့လေပြီ။

ဗလေရီယာမှာ အကင်းပါး၍ ပါးနပ်ဖျတ်လတ်သူဖြစ်သည့်အတိုင်း သူ၏ကိုယ်ရုံ ခြုံထည်ကို ခြေဖြင့်နင်းလိုက်မိဟန်ပြုကာ နောက်သို့ ပြန်၍ ဖျတ်ခနဲ လှည့်လိုက်လေ၏။ ထိုနောက် သူ၏ပါးစပ်ရှေ့တွင် လက်ညှိုးကလေးကို ထောင်ကာ ဦးခေါင်းကို ရမ်းလိုက်ပြီးနောက်၊ အက်စကာအား တစ်စုံတစ်ရာ မစားရန် အထိမ်းအမှတ် ပြလိုက်လေသည်။

ဤသို့ မာယာဖြင့် ချစ်သူအား သတိပေးလိုက်ပုံကို သာမန်လူတစ်ယောက်သည် ရိပ်မိရန် ခဲယဉ်းမည်ဖြစ်သော်လည်း၊ ပလေစီဒပ်၏ မျက်လုံးများ



www.burmeseclassic.com

www.burmeseclassic.com



မှာမူ မြွေကဲ့သို့ တောက်ပလျှင်မြန်လှသဖြင့် ဗလေရီယာ၏ အထိန်းအမှတ်ပြပုံကို ရိပ်မိလိုက်၏။ သို့နှင့် သူ၏ စိတ်ထဲတွင် တစ်နာရီအတွင်း အက်စကာသေရမည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်လေသည်။

ညစာစားပွဲ၌ ထိုင်မိကြသောအခါ ပလေစီဒပ်သည် တစ်ပွဲပြီးတစ်ပွဲရောက်လာသော စားသောက်ဖွယ်များကို စားသောက်ပြီးနောက်၊ စိုက်ပရပ်ကျွန်းထွက် ဝိုင်အရက်ကို သောက်ရင်း အလွန်နှုတ်သွားစကားရွှင်ပျလျက်ရှိလေသည်။ စကားထဲ၌ ဆီဇာတည်ခင်း ကျွေးမွေးသည့် ညစာစားပွဲကြီး၏ ကြီးကျယ်ခမ်းနားပုံများ၊ ဂျူဒီယာမြို့မှတိုက်ပွဲများနှင့် နောက်ဆုံးကျင်းပခဲ့သည့် မြင်းရထားပြိုင်ပွဲများအကြောင်းကို ဗလေရီယာစိတ်ဝင်စားလောက်အောင် အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ပြောကြားလျက်ရှိ၏။

ထိုစကားများမှ ဆက်၍ ယောကျ်ားတို့ ခွန်အားဗလနှင့် ပတ်သက်သည့် အကြောင်းများပါ ရောနှောကာ သတ်ကွင်းတွင် အက်စကာအား နောက်ဆုံးအနိုင်ရခဲ့သည့် လူနှင့်လူချင်းတိုက်ပွဲအကြောင်းသို့ ရောက်လာခဲ့လေ၏။ သို့သော် ဤအချိန်များအတွင်း၌ ဗလေရီယာမှာ စိတ်ပါဝင်စားဟန်ပြ၍ နေရသော်လည်း၊ ပလေစီဒပ်၏ အင်္ကျီအိတ်ထဲမှ အဆိပ်ပုလင်းကို မည်သို့မည်ပုံရအောင် ကြံစည်ရမည်ဟူသော အကြောင်းကိုသာစဉ်းစားလျက်ရှိနေလေသည်။

သို့ရှိစဉ် ပလေစီဒပ်သည် ကျွန်တစ်ယောက်ကို ခေါ်ကာ နားနားကပ်၍ တစ်စုံတစ်ရာကို အမိန့်ပေးလိုက်ရာ၊ ထိုကျွန်သည် အခန်းတွင်းမှ ထွက်သွားတော့၏။

ထိုအခါ ဗလေရီယာသည် ဖျတ်ခနဲဖြစ်၍သွား၏။ အကင်းပါးလှသည်၊ ဖျပ်လတ်လှသည်၊ ဉာဏ်ရှိလှသည်၊ ကျွမ်းကျင်လှသည်ဟူ၍ မိမိကိုယ်ကို အထင်ကြီးခဲ့သော ဗလေရီယာပင် ထိုအခါ သတိတရားလက်လွတ်၍သွားဘိသကဲ့သို့ ဖြစ်သွား၏။ အက်စကာ၏ နောက်ဆုံးအချိန်များကား ကျရောက်လေပြီဟု တစ်ခါတည်း တွေးလိုက်မိ၏။ အပူလုံးဆို့၍သွားကာ တစ်ကိုယ်လုံး ထူပူ၍သွားလေ၏။

ပလေစီဒပ်သည် ကျွန်ကိုလှည့်၍ ခဏမျှ စကားပြောနေမိသည့်အတွက် ဂရုမစိုက်ရာ ရောက်သောကြောင့် အားနာသည့်ဟန်ဖြင့် ပြန်ကြည့်လိုက်ရာ ဗလေရီယာ၏ သွေးရောင်ကင်းမဲ့သော မျက်နှာနှင့် ဖြူရော်သော နှုတ်ခမ်းများကိုလည်းကောင်း၊ အခိုးအငွေ့များ သန်းနေသည့် မှုမမှန်သော မျက်လုံးကြီးများကိုလည်းကောင်း တွေ့မြင်ရ၏။ ထိုအခါ၌ကား ဗလေရီယာမှာ ကျွမ်းမဆည်နိုင်တော့ဘဲ ပလေစီဒပ်၏ ခြေရင်း၌ ဒူးထောက်ကာ သူ၏ခြေအစုံကို ဖက်၍ ငိုလျက်. . .



www.burmeseclassic.com

www.burmeseclassic.com


"ချမ်းသာပေးပါအရှင်. . .ချမ်းသာပေးပါ။ ကျွန်ုပ်အတွက် သူ့ကိုချမ်းသာပေးပါအရှင် ပလေစီဒပ်. . ."

ကျွန်ုပ်၏ နားနားသို့ ကပ်၍ပေးလိုက်သော ပလေစီဒပ်၏ အမိန့်မှာ အတီးအမှုတ်သမားများအား စ၍ တီးမှုတ်စေရန် အမိန့်မျှသာဖြစ်၍ ဤမျှလောက် အဆင်းအင်္ဂါ လက္ခဏာဖြင့် ပြည့်စုံလျက် ရောမမြို့တွင် မာနအကြီးဆုံး မိန်းမတစ်ယောက် သူ့ရှေ့တွင် ဒူးထောက်ခယလျက် ရှိသည်ကို ပလေစီဒပ်သည် အံ့ဩ၍ မကုန်နိုင်အောင် ရှိလေသည်။

အချစ်အတွက်မှန်က မိန်းမတို့၏ မာနသည် မြေပေါ်သို့ ဗုန်းဗုန်းလဲကျတတ်၏။ သူနှင့် ရန်ဘက်ပြိုင်ဘက်ဖြစ်၍ သူ၏လျှို့ဝှက်သော အကြံအစည်များကို ဖော်မည့် အက်စကားအား သူသည် ညဥ့်အချိန်သို့ မရောက်မီ အဆိပ်ဖြင့် နှုတ်ပိတ်ဖျောက်ဖျက်ရန် ကြံစည်ခဲ့ပြီးဖြစ်၏။ သို့သော် ထိုခဏ၌ကား ပလေစီဒပ်သည် အက်စကာကို လုံးလုံးသတိမေ့၍ ပစ်လိုက်လေသည်။

လွန်ခဲ့သော တစ်နာရီခန့်ကသာ သူစွဲလမ်းနှစ်သက်လျက်ရှိသော မိန်းတစ်ယောက်သည် ဘာမျှ မဟုတ်သော ဗြိတိန်လူမျိုး ကျွန်ရိုင်းတစ်ယောက်အပေါ်တွင် အကာယ်စင်စစ် မေတ္တာသက်ရောက်လျက်ရှိသည်ကို သိခဲ့ပါမူ ဗလေရီယာ၏ ချိုအေးသော မျက်နှာနှင့်အမှုပါလှသော ပြုံးရွှင်မှုများသည် သူ၏ အကြံကို ပျက်ပြယ်ကောင်း ပျက်ပြယ်စေဦးမည်ဖြစ်၏။

ယခုအချိန်၌ ပလေစီဒပ်သည် သူ၏နှလုံးသွေးများ ရုတ်တရက် ခဲသွားသကဲ့သို့ ထင်လိုက်ရ၏။ သူသည် ဗလေရီယာအား ယုယညင်သာစွာ ဆွဲယူချီမလျက် မတ်တတ်ရပ်စေ၏။ သို့သော်သူ၏ သန်မာသော လက်ရာကြီးများသည် ဗလေရီယာ၏ လက်ကောက်ဝတ်ပေါ်တွင် အရာထင်ကျန်ရစ်ခဲ့ကြောင်းကိုကား သူသတိမပြုမိချေ။ ပလေစီဒပ်သည် အနည်းငယ်မျှ ဣန္ဒြေမပျက် တစ်စုံတစ်ရာ တုန်လှုပ်ချောက်ချားခြင်းမရှိ၊ ပကတိငြိမ်သက်တည်ကြည်သော အသံဖြင့် ဗလေရီယာအား ချော့မော့နှစ်သိမ့်လျက်ရှိလေသည်။

"ဘယ်သူ့ကိုချမ်းသာပေးရမှာလဲ ဗလေရီယာရဲ့၊ သင်နဲ့ ကျွန်ုပ်စပ်ကြားမှာ ဘယ်သူများ ဝင်ရှုပ်ဦးမှာလဲ၊ ဗလေရီယာ အို. . .နောက်ကျပြီ၊ နောက်ကျပြီ"

ဗလေရီယာသည် ပလေစီဒပ်၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ သူ၏ နူးညံ့သော ရင်ခွင်ထက်၌ထားလျက်. . .

"အို. . .မဟုတ်ဘူး. . .မဟုတ်ဘူး၊ နောက်မကျနိုင်ဘူး. . .ဘယ်နည်းနဲ့မှ နောက်မကျရဘူး၊ အခုမှတော့ မနေဘူး၊ ဖွင့်ပြောတော့မယ် ဖုံးထားလို့လည်း အပိုပဲ၊ ဝှက်ထားလို့လည်း အလကားပဲ၊ ရှက်နေရလည်း အချိန်


www.burmeseclassic.com

www.burmeseclassic.com


မဟုတ်တော့ဘူး ပလေစီဒပ်၊ ကျွန်ုပ်သူ့ကို တကယ်ချစ်တယ်။ တကယ်မေတ္တာရှိပါတယ်။ ဒါကြောင့် သူ့အသက်ကို ချမ်းသာပေးပါ။ ပေးရင် ကျွန်ုပ်ထံက ဘာမဆိုသင်လိုချင်တာ ရပါစေ့မယ်"

ဗလေရီယာသည် ပလေစီဒပ်၏ ခြေရင်းတွင် ဒုတိယအကြိမ် ဒူးထောက်လျက်ရှိပြန်လေသည်။ ပိုးမျှင်တမျှ နူးညံ့ပျောင်းအိသော သူ၏ဆံပင်များသည် ခပ်မော့မော့နေသော ဦးခေါင်းနောက်သို့ ဖရိုဖရဲ ပြန့်ကျဲကျရောက်လျက်ရှိရာ ဆံပင်နှင့်အမျှ နူးညံ့သိမ်မွေ့ခြင်း၏ လက္ခဏာများသည်လည်း သူ၏မျက်နှာပေါ်တွင် စာရေး၍ ထားသကဲ့သို့ ပေါ်လွင်လျက်ရှိ၏။ ပလေစီဒပ်သည်ကား သူ၏အသည်းကို အသွားနှစ်ဖက်ရှိသော ဓားဖြင့် ထုတ်ချင်းခတ်ထိုးလိုက်ဘိသကဲ့သို့ ဆတ်ဆတ်ခါမျှ နာကျည်းလျက်ရှိလေသည်။

သို့သော် စိတ်အားကို တတ်နိုင်သမျှတင်းကာ နာကျည်းသလောက် ပြန်၍ လက်စားချေရန် စိတ်ကို ပိုင်းဖြတ်လိုက်လေ၏။ သို့နှင့်သူသည် ကိုယ်အား စိတ်အားလျှော့ကျ၍ သွားကာ ကြိုးပြတ်၍ ကျသွားသော အရုပ်ကဲ့သို့ သူ၏ကိုယ်ကို အနီးရှိ ညောင်စောင်းတစ်ခုပေါ်သို့ ပစ်လှဲလိုက်လေသည်။ ထိုနောက် ဣန္ဒြေဆည်စာ အအေးမြဆုံး အချိုသာဆုံး အသံဖြင့်

"အစက ဘာဖြစ်လို့ မပြောသလဲ အချစ်ရဲ့ . . .နေ့စဉ် တရားရုံးတွေမှာ တရားမှုတွေ စီစဉ်နေတာထက် အချစ်ကိစ္စတွေကို အချစ်ရုံးတွေက စီရင်နေတာ များပါသေးတယ်၊ အချစ်ကိစ္စဆိုတာလည်း အပေးအယူရှိကြတာပဲ။ ပြီးတော့ ဗလေရီယာမှာ ရှိတာမှန်သမျှ လိုချင်တာပေးပါမယ်ဆိုတော့ ဗလေရီယာပေးထားတဲ့ တန်ဖိုးကလည်း နည်းတာမှ မဟုတ်ပဲ၊ ကိုင်း. . .သည်တော့ ကျွန်ုပ်ရဲ့ အချစ်ဇာတ်လမ်းကို နောက်ဘယ်လို ဆက်ပြီးစခန်းသွားကြမယ်ဆိုတာသာ ကျွန်ုပ်တို့ စီစဉ်ကြဖို့ပေါ့"

ဗလေရီယာပေးသော တန်ဖိုးကား များလှပေ၏။ မိန်းမ၏ ဣန္ဒြေ၊ မိန်း၏ ဂုဏ်သိက္ခာ၊ မိန်းမ၏ အရှက်၊ မိန်းမ၏အချစ်ပေတည်း။ မိမိမချစ်မနှစ်သက်သူအား မိမိ၏ အချစ်ကို မည်သည့်နည်းနှင့် ပေးဆောင် အပ်နှင်းပါအံ့နည်း။ အရှက်နှင့် ဒေါသမုန်တိုင်းများသည် သူ၏မျက်နှာပြင်ပေါ်သို့ ကျရောက်တိုက်ခတ်ကာ သူ၏မျက်နှာပြင်တစ်ခုလုံးကို လက်ခနဲ ဝင်းခနဲ မည်းခနဲ ဖြစ်သွားစေ၏။ နောက်ဆုံး၌ ဗလေရီယာသည် ဆောက်တည်ရာမရတော့ဘဲ ဒူးထောက်နေရာမှ မတ်မတ်ရပ်လိုက်ပြီးလျှင် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ရှိုက်ငိုကြွေးလေတော့၏။

ဝန်ကြီးပလေစီဒပ်ကား မိမိ၏နစ်နာမှုကို ပြန်လည်ချေဖြင်းမပြုသမျှ ကျေနပ်သူမဟုတ်ချေ။ ရွှေရောင်ဆံပင်ရှိသော အက်ဗကာအား သူ၏ချစ်သူ

www.burmeseclassic.com



ဗလေရီယာ၏ ဖြူဖွေးလှပသော လက်ကလေးဖြင့် ကိုယ်တိုင်သတ်စေရလျှင် မည်မျှလောက် ကြည့်၍ ကောင်းလိမ့်မည်နည်း။ မည်မျှလောက်အရသာရှိမည်နည်းဟုလည်း စဉ်းစားမိ၏။ သို့သော် ဗလေရီယာအား ပထမသတိကင်းလွတ်အောင် ပြုလုပ်ဖို့လို၏။ ပရိယာယ်ဖြင့် တိုက်ခိုက်သော နေရာတွင် ရန်သူအား ရှေးဦးစွာ သတိလက်လွတ်ဖြစ်သွားရန် စီမံနိုင်ခြင်းသည် အရေးကြီးသော အချက်တစ်ခုဖြစ်၏။ ပရိယာယ်စစ်မြေပြင်၌ပင် ဖြစ်လင့်ကစား ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် အထင်အရှားတိုက်ခိုက်ခြင်းထက် ပြောက်ကျားစနစ်ကို အသုံးပြုခြင်းက ပို၍ခရီးရောက်ကြောင်း ပလေစီဒပ်ကောင်းစွာ သိရှိပြီးဖြစ်လေသည်။

သို့နှင့် သူသည် အနစ်နာခံသော လူကောင်းတစ်ယောက်၏ လေသံကို အသုံးပြုကာ အလွန်အကြူးဒေါသထွက်ဟန်ဖြင့်

"ဗလေရီယာ. . .ကျွန်ုပ်တော့ သင့်ရဲ့ အလိမ်ကို ကောင်းကောင်းကြီး ခံရပြီ။ ကောင်းကောင်းကြီး အရှက်ခွဲခံရပြီ။ ဒီအလုပ်ဟာ စိတ်ထားစင်ကြယ်ဖြောင့်မတ်တဲ့ ယောကျ်ားတစ်ယောက်အပေါ်မှာ မိန်းမတစ်ယောက်က လုပ်ထိုက်တဲ့ အလုပ်မဟုတ်ဘူး။ ဒါပေမဲ့ ယခု ကျွန်ုပ်ခံရသလို အခြားသူတစ်ယောက် အနစ်နာမခံရအောင် ကျွန်ုပ်ခွင့်လွှတ်နိုင်ပါတယ်။ မှန်ပါတယ် ဗလေရီယာ၊ သင်ရဲ့ အလိုဆန္ဒဟာ ကျွန်ုပ်အပေါ်မှာ ဥပဒေပညတ်ချက် တစ်ခုပါပဲ။ ဒါကြောင့်သင့်အတွက် ကျွန်ုပ်သူ့ကို လွှတ်ပါတယ်။ ဒီသတင်းကို သင်ကိုယ်တိုင် သူ့ဆီကိုသာသွားပြောပါတော့၊ သွားရင်လည်း မြန်မြန်သွားပါ။ မလွှတ်ခင် အစာရေစာ ငတ်တာနဲ့ သေနေပါဦးမယ်။ သင်ကိုယ်တိုင် ဝိုင်တစ်ခွက်ကို သွားယူပြီး သင့်လက်နဲ့ တိုက်လိုက်ပါ။ ပြီးတော့လည်း နက်ဖြန်နေမထွက်ခင် ကျွန်အဖြစ်မှ လွှတ်မြောက်ပြီဆိုတဲ့ အကြောင်းလည်း သူ့ကို ပြောလိုက်ပါတော့"ဟု ပြောကြားလေ၏။

ဤသို့ပြောဆိုပြီးနောက် ပလေစီဒပ်သည် ဗလေရီယာရှိသော ဘက်မှ နံရံဘေးရှိ မှန်တင်ခုံဘက်သို့ လှည့်လိုက်လေ၏။ ထိုင်ခုံပေါ်၌ကား အရက်ထည့်ထားသော ကရားတစ်လုံးရော၊ ထိုကရား၏ နံဘေးတွင် ငွေခွက်(၂)လုံးရှိလေသည်။ ဗလေရီယာသည် ညောင်စောင်းပေါ်မှာ နေ၍ စားပွဲတွင် မေးတင်လျက်ရှိ၏။ ထို့စားပွဲပေါ်၌ကား အရောင်တင်၍ထားသော ရွှေပန်းအိုးတစ်လုံးရှိရာ ထိုပန်းအိုးပေါ်တွင် ကျောခိုင်းလျက်ရှိသော ပလေစီဒပ်၏ အရိပ်သည် ထင်ရှားပေါ်လျက်ရှိလေသည်။

သူသည် ကရားထဲမှ အရက်ကို ငှဲ့လျက်ရှိစဉ် လက်မောင်းကို လှုပ်လိုက်ရုံမျှနှင့် ပလေစီဒပ်သည် သူ၏အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ခု နှိုက်ယူလိုက်သည်ကို ဗလေရီယာ သိရှိလိုက်လေပြီ။ ပလေစီဒပ်သည် ထိုအထုပ်၌ပင်



www.burmeseclassic.com

www.burmeseclassic.com



ငွေခွက်နှစ်ခွက်အနက် တစ်ခွက်ထဲသို့ အဆိပ်ကိုထည့်လိုက်ပြီး ဖြစ်ကြောင်းသိရ၏။ သို့ဖြစ်လျှင်မည်သည့်ခွက်၌ အဆိပ်ပါသည်ကို မိမိအသက်နှင့်လဲကာ ရှာဖွေမည်လော၊ မျက်ရည်များမှာ သွေ့ခြောက်သွားလျက် ဗလေရီယာမှာ ရုတ်တရက် အသက်ပြန်၍ဝင်လာသည့်အလား စိတ်ကို တည်ငြိမ်စွာ ထားပြီးလျှင် ဖျတ်ခနဲ မတ်တတ်ရပ်လိုက်လေသည်။

ဗလေရီယာသည် အရက်ခွက်တစ်ခွက်ကို ရွှေလင်ပန်းပေါ်မှ ယူ၍ ကိုင်မြှောက်ပြီးနောက်. . .

"ကျွန်ုပ်ကို တကယ်ချစ်ရဲ့လား ပလေစီဒပ်၊ သင်သစ္စာရှိပုံနဲ့တော့ ဘယ်လိုမိန်းမမျိုးရဲ့ အချစ်ကိုမဆို လှမ်းဆွတ်နိုင်ပါတယ်၊ သင်နဲ့ ကျွန်ုပ်လည်း တကယ်လို့ သည်ထက် မပိုဘူးဆိုရင် မိတ်ဆွေဟောင်းအဖြစ်နဲ့ပဲ နေကြဖို့ဆိုတာ ကျွန်ုပ်ကျိန်ဆိုပါ၏. . ."

သို့နှင့် ဗလေရီယာသည် အရက်ခွက်ကို နှုတ်ခမ်းဖြင့် ကပ်လိုက်လေ၏။ ထိုအခါ ပလေစီဒပ်သည် ဗလေရီယာလက်မှ အရက်ခွက်ကို ဖျတ်ခနဲ ဆွဲယူလိုက်ကာ ရွှေလင်ပန်းပေါ်သို့ ပြန်၍ ချထားလိုက်ပြီးနောက် တုန်တုန်ရီရီ ရှိလှသော အသံဖြင့်. . .

"ခဏကလေးနေပါဦး ဗလေရီယာ၊ လက်ထပ်ရင် ပြုလုပ်ဖို့ အချက်အလက်တွေကိုမှ ကျွန်ုပ်တို့ မပြုလုပ်ရသေးဘဲ. . .ပြီးတော့ စာချုပ်ကို လက်မှတ်ထိုးပြီး လျှို့ဝှက်ထားဖို့၊ နတ်တွေကို ပူဇော်ပသဖို့လည်း လိုသေးတယ်... ဒါထက် ဒီအရက်ဟာ ဗလေရီယာအတွက် ပြင်းလွန်းပါတယ်၊ ဗလေရီယာရဲ့ အကြိုက်ကို ကျွန်ုပ်သိသားပဲ. . .သည့်ထက် ကောင်းတဲ့ ဝိုင်ကို ပေးပါ့မယ်"

ပလေစီဒပ်သည် တုန်တုန်လှုပ်လှုပ်နှင့် ရယ်မောလိုက်သေး၏။ ထို့ကြောင့် လက်ယာဘက်ခွက်တွင် အဆိပ်ခတ်ထားကြောင်း ဗလေရီယာ သိရလေပြီ. . .။

ဗလေရီယာ၏ စိတ်တွင် "သြော်. . .နောက်ဆုံးကျတော့ ဒီလူဟာ ငါ့ကိုလည်း မသတ်ရက်ရှာဘူးနော်. . ."စသည်ဖြင့် ပလေစီဒပ်အပေါ်တွင် ကရုဏာစိတ်ကလေးများပင် ပေါ်ပေါက်လာမိသေး၏။ ပလေစီဒပ်ကား လူဆိုးလူညစ်တစ်ယောက်ပင် ဖြစ်လင့်ကစား မိမိအပေါ်တွင် နှစ်နှစ်ကာကာ စွဲလမ်းလျက်ရှိကြောင်း သိ၏။ သို့သော် ထိုခဏ၌ အက်စကာ၏ ပုံသဏ္ဍာန်သည် မိမိမျက်လုံးများထဲ၌ပေါ်လာပြီးလျှင် မိမိချစ်သူအတွက် မိမိကိုယ်ကို အနစ်နာခံကာ မိမိချစ်သူ လက်သို့ ပေးအပ်ရမည်ဟူသော 'အပေးအယူ'ကို သတိရကာ ပလေစီဒပ်အပေါ်တွင် ယခင်ကထက် တူးတူးခါးခါး ရွံရှာမုန်းတီးမိလေ၏။

သို့သော် ဗလေရီယာကား မာယာများလှ၏။ သူသည် ပလေစီဒပ်၏



www.burmeseclassic.com

www.burmeseclassic.com



လက်တွင်းသို့ သူ၏လက်ကလေးကို ပေးအပ်ထားပြီးလျှင် ပလေစီဒပ်၏ မျက်နှာကို မေတ္တာစစ်ဖြင့် ချစ်သည့် အချစ်ဆုံးသော မိန်းမတစ်ယောက်၏မျက်လုံးများဖြင့် စိမ်းစိမ်းကြည့်လျက်ရှိလေ၏။

"ကျွန်ုပ်ကို ခွင့်လွှတ်ပါနော် ပလေစီဒပ်. . .ကျွန်ုပ်ဟာ အရင်က အရှင့်အပေါ်မှာ အခုလို တစ်ခါမှ တန်ဖိုးမထားဖူးဘူး. . .အခုအချိန်ထိ အရှင့်အကြောင်းကိုလည်း မသိဘူး။ တကယ်ဆိုတော့ ကျွန်ုပ်ဟာ အသည်းနှလုံးမရှိတဲ့ မိန်းမ၊ အာရုံခံစားမှုမရှိတဲ့ မိန်းမ၊ မိန်းမမိုက်၊ မိန်းမရူးတစ်ယောက်ပဲ၊ ဒီကနေ့တော့ ကျွန်ုပ် သင်ခန်းစာရပါပြီ၊ ဒီသင်ခန်းစာကိုလည်း ဒီတစ်သက် မေ့နိုင်တော့မှာ မဟုတ်တော့ပါဘူး"

ပလေစီဒပ်သည် ပန်းပွင့်ကလေးကို ဆွတ်ခူးလှမ်းခြွေလိုက်သည့် အလား ဗလေရီယာ၏ ကိုယ်လုံးကလေးကို သူ၏ လက်ဖြင့် သိမ်းကြုံးပွေ့ဖက်ထားလိုက်လေ၏။ ကြည့်ရှု၍အားမရနိုင်သော ဗလေရီယာ၏ မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်ရှုလျက် ရှိလေ၏။ သို့သော် သူ၏နှလုံးသားနှင့် ကပ်လျက် တဆတ်ဆတ်တုန်လျက်ရှိသော ဗလေရီယာ၏ နှလုံးသားသည် သူ့အား ပြန်၍ ပျက်စီးစေမည့်အကြံကို ကြံစည်နေကြောင်းကိုကား သူမရိပ်မိချေ။

ပလေစီဒပ်သည် အချစ်လှိုင်းများအကြားတွင် နစ်မြုပ်မျောပါလျက် ရှိလေ၏။ သို့ရှိစဉ် ဗလေရီယာ၏ လျှင်မြန်လှသော လက်ကလေးတစ်ဖက်သည် နောက်ဖက်မှ ရွှေလင်ပန်းကို ပြောင်းပြန်ဖြစ်အောင် လှည့်လိုက်လေပြီး

ဗလေရီယာသည် ပလေစီဒပ်၏ လက်တွင်းမှ သူ၏ကိုယ်ကလေးကို ရုန်းဖယ်ထွက်လိုက်ပြီးနောက်. . .

"ကျွန်ုပ်ကို တကယ်ချစ်ရင် အခွင့်လွှတ်တဲ့အကြောင်းကို ဝိုင်တစ်ခွက် သောက်ပြီး ကြိမ်ပြစမ်းပါ ပလေစီဒပ်ရဲ့။ အခုသောက်ရမယ့် ဝိုင်ဟာ အရှင်ရဲ့ အသက်မှာ အရသာအထူးဆုံး အမွန်မြတ်ဆုံးဖြစ်ပါတယ်. . ."

ပလေစီဒပ်သည် တစ်စုံတစ်ရာမပြောဘဲ အရက်ခွက်များရှိရာသို့ လက်လှမ်းလိုက်လေ၏။ ဗလေရီယာ၏ ရင်ထဲတွင်ကား မိမိ၏ အပြုအမူကို ရိပ်မိ၍ သွားလေပြီလောဟု တဒိတ်ဒိတ် တုန်လှုပ်လျက်ရှိ၏။ သို့သော် ပလေစီဒပ်သည် တစ်စုံတစ်ရာ တွန့်ဆုတ်နှောင့်နှေးခြင်းမရှိဘဲ သူနှင့်နီးရာ အရက်ခွက်ကို ယူလိုက်ပြီးလျှင် သောက်ချလိုက်ရာ ထက်ဝက်မျှ ကုန်၍ သွားတော့၏။ ထိုနောက် သူသည် ရယ်မောရင်း ခွက်ကို ဗလေရီယာအား လှမ်း၍ပေးလေ၏ သူ၏မျက်လုံးများသည် ချက်ချင်းညိုရောင်သန်း၍လာသကဲ့သို့ ထင်လေ၏။ သူသည် မပီမသမသဲကွဲသော စကားလုံးများကို အမြှုပ်များထွက်လာသော ပါးစပ်မှ ရေရွတ်ကာ ညောင်စောင်းပေါ်သို့ သတိလစ်၍ လဲကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗလေရီယာသည် ထိုပြဿနာကို ဖြေရှင်းရန် အက်စကာ၏ အသက်ကိုပင် ပေးအပ်ရတော့မည်ကဲ့သို့ ရှိနေ၏။ သို့သော် *အချိန်ကား စဉ်းစားရန်နှောင်တရရန် အချိန်မဟုတ်ပေ*။ သို့နှင့် သူသည် ကျောက်ရုပ်ကဲ့သို့ ဖြူဖွေးလျက်ရှိသော ဝန်ကြီးပလေစီဒပ်၏ မျက်နှာကို ကွယ်ကာ သူ၏အတွင်းခံကိုယ်ကျပ်အင်္ကျီထဲမှ အဖိုးတန်လှသော သော့ကလေးကို နှိုက်ယူလိုက်လေသည်။

သော့ရသောအခါ ဗလေရီယာသည် လှုပြတ်လျက်ရှိသော ဆောင်ကူးများကို ဖြတ်၍ အက်စကာအား ချုပ်နှောင်ထားသည့် အခန်းရှိရာသို့ အပြေးလာခဲ့လေ၏။ ထိုနောက် အက်စကာထံရောက်သောအခါ နှုတ်မှလည်း တစ်စုံတစ်ရာမပြော အထိမ်းအမှတ်ဟူ၍လည်း တစ်စုံတစ်ရာ မပြောဘဲ မိမိအသက်အရှက်တို့ကို စွန့်ကာ ကြံစည်ခဲ့ရသော မိမိချစ်သူ၏ လည်ပင်းတွင် တပ်ထားသည့် သော့ခလောက်ကို သော့ကလေးဖြင့် တစ်ခါတည်းဖွင့်လိုက်လေ၏။

ဗလေရီယာသည် အိပ်မက်ထဲတွင် ပြုလုပ်နေသကဲ့သို့ အက်စကာ၏ လည်ပင်းတွင် တပ်ထားသော သံကော်လာနှင့် သံကြိုးကို ဖြတ်ချလိုက်ပြီးလျှင် သူ့နောက်သို့ လိုက်ရန် အထိမ်းအမှတ်ပြလိုက်လေသည်။ အက်စကာကလည်း တစ်စုံတစ်ရာပြန်၍ မပြောဘဲ ဗလေရီယာ၏မျက်နှာနှင့် အပြုအမူတို့ကို အံ့အားသင့်၍ကြည့်ကာ ကလေးတစ်ယောက်ကဲ့သို့ သူ့နောက်လိုက်ပါသွားလေ၏။

သူတို့သည် တစ်စုံတစ်ရာ အနှောင့်အယှက်မရှိဘဲ အိမ်ဝင်းထဲမှ လှည့်ပတ်ထွက်ခဲ့ကြပြီးနောက် လမ်းတွင် မရီနာနှင့်တွေ့ဆုံကြလေသည်။ ထိုအခါကား ဗလေရီယာမှာ ရင်ထဲတွင် ဆို့၍ လာကာ သည်းမခံနိုင်တော့ပြီဖြစ်၍ အက်စကာ၏ ရင်အုပ်ကျယ်ကြီးကို မှီကာ ပြင်းစွာ ငိုကြွေးရာတော့၏။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

အက်စကာသည် အိပ်မက်မက်ရာမှ နိုး၍ လွှတ်လိုက်သော သူတစ်ယောက်ကဲ့သို့ ဗလေရီယာနှင့် မရီနာတို့နောက်မှ လိုက်ပါလာခဲ့၏။ ထိုနောက် ဗလေရီယာအား ရှိသေသော အမူအရာဖြင့်

"သခင်မ ကျေးဇူးကို ကျွန်ုပ်အသက်နှင့် ဆပ်ရန် ရှိနေပါပြီ၊ ၎င်းကို ကျွန်ုပ်မည်ကဲ့သို့ ပေးဆပ်ရပါမည်နည်း။ ကျွန်ုပ်၌ တစ်စုံတစ်ရာမရပါ ကျွန်ုပ် ညာလက်ရုံး၏ အင်အားဖြင့်သာ သခင်မလိုရာကို ပေးဆပ်နိုင်ပါသည်"

သို့နှင့် ဒူးထောက်ကာ ဗလေရီယာ၏လက်ကို သူ၏နှုတ်ခမ်းများဖြင့် ထိကပ်လိုက်လေ၏။ သို့သော် ဗလေရီယာ၏ စိတ်၌မူ ထိုအပြုအမူသည် ကျေးဇူးတရားကို သိတတ်ခြင်း၊ သစ္စာရှိခြင်းတို့ကို ပြအပ်သော လက္ခဏာများထက် မပိုဟု မှတ်ယူလေသည်။

ထိုနောက် အက်စကာက ဆက်လက်၍ "ဝန်ကြီးမည်သို့ ဖြစ်သွားပါသလဲ သခင်မ၊ ကျွန်ုပ်၏ အသက်ကို သူ့လက်ထဲက ဘယ်လိုကယ်ဆယ်ပါသလဲ။ ယခုအခါ ဝန်ကြီးပလေစီဒပ်၏ အသက်ကား တိုက်ပွဲသတ်ကွင်းတွင် သူ၏ လည်ပင်းပေါ်သို့ ကျွန်ုပ်ခြေကို တင်ထားရဘိသကဲ့သို့ ကျွန်ုပ်လက်တွင်း၌ ရှိနေပါပြီ၊ သခင်မသည် မည်မျှလောက် တန်ဖိုးပေး၍ ကျွန်ုပ်အား ယူဆောင်လာခဲ့ရပါသလဲ သခင်မ. . ."

ဗလေရီယာ၏ မျက်နှာမှာ ရဲခနဲဖြစ်၍သွားသဖြင့် အက်စကာ၏ မေးခွန်းကို ခပ်မြန်မြန်ပြန်၍ ဖြေလိုက်လေသည်။

"တန်ဖိုးမပေးရပါဘူး အက်စကာ. . .ယုံပါတော့။ သည်တန်ဖိုးကို ဘယ်ယောကျ်ားဘယ်မိန်းမမှ မပေးနိုင်ပါဘူး။ ကျွန်ုပ်အပေါ်မှာတော့ ကျွန်ုပ် ထိုက်သင့်တာထက်ပိုပြီး မကောင်းမထင်ပါနဲ့. . ."

(ယခင်ကထက် မျက်နှာရှုံ့လျက်) "ဒါဖြင့် ကျွန်ုပ်ဘာကြောင့် ဒီကို ရောက်လာရတာလဲ သခင်မ၊ သခင်မဟာ ပလေစီဒပ်လို လူမျိုးကို ဘယ်လို လှည့်ပတ်ပြီး ရလာတယ်ဆိုတာ သိချင်ပါတယ် သခင်မ. . ."



www.burmeseclassic.com

www.burmeseclassic.com


ထိုမေးခွန်းကို ကြားရသောအခါ ဗလေရီယာ၏ မျက်နှာမှာ ပို၍ ဖျော့တော့သွားလေသည်။

"ဝန်ကြီးက အသင့်ကို နောက်ဘယ်တော့မှ ပိုင်တယ်လို့ ပြောတော့မှာ မဟုတ်တော့ပါဘူး။ ဒီလူဟာ ကျွန်ုပ်ရဲ့ဘဝလမ်းစဉ်ကို ဝင်ပြီးနှောင့်ယှက်တယ် အက်စကာ၊ ဒါကြောင့် ဗလေရီယာရဲ့ လမ်းမှာ ဝင်ရှုပ်တဲ့ လူမှုန်သမျှ တွေကြရမြဲကံကြမ္မာနဲ့ တွေ့သွားရတာပဲ၊ ဒီလူက အသနားခံပြီး တောင်းပန်လို့ ဂုဏ်အသရေနဲ့ တောင်းပန်လို့ရတဲ့ လူစားမျိုးမဟုတ်ဘူး။ ဒီဟာတွေဟာ သူ့ကို မလွှမ်းမိုးနိုင်ဘူး။ သူ့ကို အနိုင်ဆုံးနည်းလမ်းတစ်ခုပဲရှိတယ်။ ဒီနည်းလမ်းကို အသုံးပြုလိုက်တယ်. . .ကျွန်ုပ် သူ့ကို သူအိပ်နေကျ ညောင်စောင်းပေါ်မှာ သတ်လိုက်ပြီ။ အဲဒါဘာဖြစ်လို့လဲဆိုတော့ သင့်အသက်ကို ကယ်ဖို့ပဲ. . ."

အက်စကာက "ငါဟာ. . .ကျေးဇူးမဲ့ရာ ရောက်ပါကလား"ဟု စဉ်းစားကာ ထိုမိန်းမချော၏ တိတိပြတ်ပြတ် ပြောဆိုပြုလုပ်ပုံများကို အံ့ဩ၍ မကုန်နိုင်အောင် ရှိတော့၏။ သို့သော်. . .ထိုအချိန်၌ ဗလေရီယာ၏ အသွင်အပြင်ပေါ်လွင်လျက်ရှိလေ၏။ ထိုအချိန်၌ကား. . .ဗလေရီယာနေသော တိုက်ပတ်ဝန်းကျင်ရှိ ဥယျာဉ်တံခါးဝသို့ ရောက်ခဲ့ကြလေပြီ။

"သင်တော့ ဘေးရန်ကင်းပြီ. . .ကျွန်အဖြစ်ကလည်း လွတ်ဖို့ သင်သွားနိုင်ပါပြီ . . . ဘေးအန္တရာယ်အတွင်းမှာ တစ်ယောက်တလေမှ လာမကယ်ပေမဲ့ သင့်အတွက် စိုးရိမ်နေမယ့်သူတွေ၊ မိတ်ဆွေတွေတော့ သင့်မှာ ရှိမှာပေါ့"

"ဘယ်မိတ်ဆွေမှ မရှိပါဘူး သခင်မ. . .ကျွန်ုပ်သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ဂရုစိုက်တာ သခင်မတစ်ယောက်ပဲ ရှိပါတယ်...ပြီးတော့ကျွန်ုပ်မှာဒီကနေ့ည အင်မတန်အရေးကြီးတဲ့ကိစ္စတစ်ခုကိုဆောင်ရွက်ရန်ရှိနေပါတယ်၊ ဒါကြောင့်ကျွန်ုပ်လွတ်တာဟာကျွန်ုပ်ရဲ့အသက်ကိုကယ်တာထက်တောင် ကျေးဇူးတင်ထိုက်ပါသေးတယ်၊ နက်ဖြန်ဆိုရင်တော့ နောက်ကျသွားပြီးပါပဲ. . ."

"မျက်လုံးနက်နက် ကောင်မလေးနဲ့ ပတ်သက်သလား အက်စကာရဲ့ ပြောစမ်းပါဦး. . ."

အက်စကာ၏နဖူးပြင်မှာ သွေးရောင်များ သန်း၍သွားလေ၏။

"မြင့်မြတ်သော သခင်မ. . .ဘယ်နည်းနဲ့ဖြစ်ဖြစ် ဒီမိန်းကလေးကို ယခုညတွင်းချင်း ကျွန်ုပ်ကယ်ဆယ်ရပါမယ်။ ဝန်ကြီးပလေစီဒပ် သေတာ ရှင်တာ အပထားပြီး၊ ကျွန်ုပ်ရဲ့ ညာဘက်လက်ဟာ ဓားတစ်ချောင်း ဆုပ်ကိုင်နေသေးသည်အထိ အင်အားရှိနေသမျှ ဒီမိန်းကလေးဟာ ပလေစီဒပ်ရဲ့လက်ထဲကို မရောက်စေရဘူး သခင်မ. . .သခင်မဟာ ကျွန်ုပ်ရဲ့ အသက်သခင် ကျေးဇူးရှင်အစစ်ဖြစ်ပါတယ်၊ ကျွန်ုပ်အား ယခုတစ်ညတာမျှ အခွင့်ပေးလို့ နောက်တစ်


www.burmeseclassic.com

www.burmeseclassic.com



နေ့ သခင်မထံ ပြန်လာတဲ့ အချိန်ကစပြီး ကျွန်ုပ်ဟာ သခင်မခြေရင်းမှာ သစ္စာရှိရှိ ပျော်ပျော်ရွှင်ရွှင်နဲ့ သခင်မရဲ့အမှုတော်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်ပါတော့မယ်. . ."

"ဒါဖြင့် ဒီမိန်းကလေးကို ဒီတစ်ခါတွေ့ပြီး နောက်ထပ် မတွေ့တော့ဘူးဆိုတော့. . ."

ဤသို့သော ပြောလိုက်ရာ၌ပင် ဗလေရီယာမှာ သူ၏လည်ချောင်းထဲတွင် တစ်စုံတစ်ရာ တစ်ဆို့နေသကဲ့သို့ အသံမှာ အုပ်အုပ်ခပ်ဝါးဝါးဖြစ်သွား၏။ ကျဆင်းမည့်မျက်ရည်များကို မနည်းပင် ချုပ်တည်း၍ ထားလိုက်ရ၏။

"ဟုတ်ကဲ့ မတွေ့တော့ပါဘူး သခင်မ. . ."

"ဒါဖြင့် ဒီမိန်းကလေးကို သင်အင်မတန် ချစ်နေတယ်ဆိုပါတော့"

"ချစ်ပါတယ် သခင်မ. . .ဒါပေမဲ့ သူ့အသက်ကို ကယ်ဆယ်ပြီးတဲ့နောက် သူ့ကို ပြန်မကြည့်တော့ပါဘူး. . .ကျွန်ုပ်စွန့်ပစ်လိုက်ပါတော့မယ်၊ အခုတော့ သူပျော်ရွှင်ချမ်းသာမှုနဲ့ သူရဲ့ဘေးရန်ကင်းရှင်းမှုအတွက် သွားရပါမယ် . . ."

မိန်းမမှာ မိန်းမပင်ဖြစ်ရကား. . .ဗလေရီယာသည် အက်စကာကသူ၏ ရည်ရွယ်ချက်ကို ပြောပြသော အက်စကာ၏ အလိုကို လိုက်လျောမိလေ၏။

"သင်ဟာ. . .တစ်ယောက်တည်းရယ် အက်စကာ၊ ဒီရောမမြို့တော်ကြီးမှာ မျက်စိသူငယ်နဲ့ သင်ဟာ သစ္စာလည်းရှိ၊ ရဲလည်းရဲပါတယ်။ ဒါပေမဲ့ အနည်းဆုံး သင့်လက်ထဲမှာ ဓားရှိရမယ်၊ သင့်အိတ်ထဲမှာ ရွှေရှိရမယ်၊ နို့မှသာ အောင်မြင်နိုင်မယ်၊ ဒီဟာနှစ်ခုစလုံးကို ကျွန်ုပ်ကပဲ ပေးပါ့မယ်၊ ပြီးတော့လည်း ဒီမျက်လုံးနက်မကလေးကို သင်ရော သူ့ကိုရော ကယ်ဆယ်လိုက်တာဟာ တခြားသူမဟုတ်ဘူး။ ဗလေရီယာပဲလို့ ပြောလိုက်ပါတော့"

အက်စကာသည် အလွန်အကျူး ကျေးဇူးတင်သည့် အမူအရာဖြင့် ကြည့်လိုက်လေ၏။ ထိုနောက် နိမ့်ချသော အသံဖြင့် "ဒီကျေးဇူးကို ကျွန်ုပ်တို့နှစ်ယောက်စလုံး ဘယ်အခါမှ မမေ့ပါဘူး သခင်မ။ ဗလေရီယာဆိုတာ ကျွန်ုပ်ရဲ့ အသည်းနှလုံးထဲမှာ အသက်ထက်ဆုံး စွဲနေပါပြီ"

ထိုနောက် ဗလေရီယာသည် အထိန်းတော် မရီနာအား မိမိဘဏ္ဍာများထားရာ သေတ္တာထဲမှ ရွှေအိတ်တစ်အိတ်နှင့် နံရံတွင် ချိတ်ထားသည့် အကောင်းဆုံးဓားတစ်ချောင်းကို ယူခဲ့စေပြီးလျှင် အက်စကာလက်သို့ ပေးအပ်စေ၏သို့ရှိစဉ် ဗလေရီယာသည် အိမ်ဘက်သို့ လျှောက်သွားမည်ပြုပြီးမှ ကိုယ်ကို ခတ်မတ်ရပ်လိုက်ကာ ဖျော့တော့သော မျက်နှာနှင့် သူ၏လက်ကို နမ်းရှုပ်စေရန် အက်စကာအား လှမ်းပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၅ ]

ရဟူဒီမကလေး မာရီယမ်နီ၏ နေအိမ်ရှိရာ 'တိုက်ဗာ မြစ်ကမ်းခြေသို့ အက်စကာရောက်လာသောအခါမှာ နေဝင်ရန် တစ်နာရီမျှ လိုသေး၏။

မာရီယမ်နီနေသော အိမ်ဆီသို့ လျှောက်လာခဲ့၍ ခြံတံခါးပွင့်နေသည်ကို မြင်သဖြင့် အက်စကာသည် နေ့စဉ်မာရီယမ်နီရေခပ်ချိန်ကို သတိရသည့်အတိုင်း သူရေခပ်နေကျ မြစ်ဆိပ်သို့ တစ်ဖန်ပြန်၍ လျှောက်ခဲ့လေ၏။ ထိုနေရာ၌ကား ရေကရားအကျိုးအပဲ့များ ပြန့်ကျဲလျက်ရှိနေသည်ကို တွေ့ရသဖြင့် မာရီယမ်နီမှာ ဘေးဥပါဒ်တစ်စုံတစ်ရာ တွေ့ကြုံရလေပြီလောဟု စိတ်ထဲတွင် ရန့်မကင်းဘဲ အိမ်ဆီသို့ ပြန်၍လာခဲ့ပြီးလျှင် အိမ်တံခါးကိုပင် မခေါက်တော့ဘဲ မာရီယမ်နီ၏ ဖခင်'အလီဇာ'၏ အိမ်ထဲသို့ တစ်ခါတည်း ဝင်သွားလေသည်။

အိမ်တွင်း၌ကား 'အလီဇာနှင့် သူ၏အစ်ကို ကာလချပ်'တို့ ရှိနေ၏။ ထိုအခါ ရုတ်တရက် ဖြစ်သဖြင့် အလီဇာသည် မည်သူမည်ဝါ မသိရမီ အိမ်နံရံတွင် ထောင်၍ထားသော မိုန်းတစ်ချောင်းကိုပင် လှမ်း၍ ဆွဲလိုက်သေး၏။ ကာလချပ်သည် အက်စကာကို မြင်လိုက်လျှင် မြင်လိုက်ခြင်း ယခင်ကအဖြစ်အပျက်များကို ပြန်၍ သတိရဟန်ဖြင့် အက်စကာအား ကြိုဆိုကာ ပခုံးကို ယုယစွာ ပုတ်လျက်. . .

"ဒီမိတ်ဆွေပေါ့ အလီဇာရဲ့ . . . ကျွန်ုပ်တို့တွေ ချင်နေတာ၊ သူ့ကျေးဇူးကို ကျွန်ုပ်တို့ဘယ်တော့မှ မမေ့နိုင်ဘူး မဟုတ်လား. . ."

အက်စကာသည် တစ်စုံတစ်ရာ ပြန်၍ မပြောသေးဘဲ အိမ်တွင်းကို မျက်လုံးများဖြင့် လှည့်၍ ကြည့်လိုက်၏။ အိမ်ရှင်များ၏ အေးဆေးသော အမူအရာများကို မြင်ရသဖြင့် မိမိလာရောက်သတိပေးချက်မှာ အချည်းအနှီးပေလောဟုပင် တွေးမိ၏။ သို့သော် မာရီယမ်နီကိုကား အရိပ်အယောင်မျှပင် မတွေ့မြင်ရချေ။ သို့နှင့်သူသည် ကြာမြင့်စွာဆယ်၍ မနေနိုင်တော့ဘဲ တုန်လှုပ်သော အသံဖြင့်

www.burmeseclassic.com



"မာရီယမ်နီ . . . ဘယ်မှာလဲ"

"မြစ်ဆိပ်ကို ရေကရားနဲ့ ရေခပ်သွားတယ်၊ ဘာလုပ်မလို့လဲ. . ."

"အံမာ. . .ဘာလုပ်မလို့လဲတဲ့ . . .ဟုတ်လား. . .အလီဇာ ဒီမှာကြည့်စမ်း. . .သင်တို့ ကျွန်ပ်ကို ဒီမှာ အေးအေးချမ်းချမ်းစကားပြောနေတဲ့အခိုက်မှာ သင့်သမီးကို သူတို့ယူဆောင်သွားကြရော့မယ်၊ ဘယ်နေရာမှာလဲ သိလား၊ သချိုင်းမဟုတ်ဘူး။ သချိုင်းထက် အဆတစ်ရာအဆတစ်ထောင်ဆိုးတဲ့နေရာ နားလည်လား။ သူတို့အကြံကို ကျွန်ပ်နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတယ် ဘယ်တုန်းက ကြားတယ်ထင်သလဲ။ ခွေးများလို ကျွန်ပ်လည်ပင်းကို သံကြိုးနဲ့ ကျောက်တိုင်ကြီးမှာ ချည်ထားတုန်းက ကြားတယ်၊ အကြံက ဘာလဲ သိလား၊ မာရီယန်နီကို ဒီကနေ့ညပဲ ပလေစီဒပ်အိမ်ကို ရောက်အောင် အရဖမ်းပြီး ကျွန်လုပ်ခိုင်းဖို့ပဲ၊ မတရားကျူးလွန်ဖို့ပဲ အကြံပက်စက်တဲ့ ဝန်ကြီးကောင် တော့ သူ့အတတ်နဲ့ သူစူးသွားပါပြီ။ ဒါပေမဲ့ သူ့တပည့်လက်သားတွေက ရှိသေးတယ် ပါသွားပါပြီဗျာ ပါသွားပါပြီ၊ အခုလောက်ရှိရင် သူ့လက်ထဲ ပါသွားပါပြီဗျာတို့. . ."

သို့ပြောဆိုရင် အက်စကာသည် စိုးရိမ်ခြင်း ဒေါသထွက်ခြင်းတို့ဖြင့် သူ၏ ကိုယ်ခန္ဓာကြီးနှင့်တကွ လက်မောင်းကြီးများမှာ တဆတ်ဆတ်တုန်လျက် ရှိလေ၏။

အက်စကာမှာကား သူတွေ့ကြုံကြားသိခဲ့ရသော အဖြစ်အပျက်များကို အလီဇာနှင့် ကာလချုပ် ညီအစ်ကို နှစ်ယောက်တို့အား ကရားမှ ရေသွန်သကဲ့သို့ အလျင်စလို ပြောပြသောအခါမှ မိမိ၏သမီးချောအား ခိုးယူမည့်အကြံကို အလီဇာလည်း ကောင်းစွာ နားလည်လေသည်။ ထိုအချိန်၌ တိုင်းပြည်အခြေအနေမှာ လှုပ်လှုပ်ကလေးမျှသာ ရှိနေတော့သဖြင့် ခွန်အားငယ်သူကို ခွန်အားကြီးသူက နိုင်သည့် အခိုက်အတန့်ဖြစ်လေသည်။

"သင့်သဘော ဘယ်လိုရသလဲ အက်စကာ။ သူတို့မာရီယန်နီကို ဝန်ကြီးအိမ်ကိုပဲ ခေါ်သွားမလား။ ဒါမှမဟုတ်ရင်. . ."

(စကားမဆုံးမီ) "တိုင်ပင်တာက ဝန်ကြီးအိမ်ကို ဖမ်းခေါ်ခဲ့ဖို့ တိုင်ပင်ကြတာပဲ. . ."

"ဖလင်မီယန်လမ်းက ဒမပ်ဆီးပီးယပ်နေတဲ့ မျှော်စင်ကိုလည်း ခေါ်သွားချင် သွားကြလိမ့်မယ်ထင်တယ် အက်စကာရဲ့. . ."

"ဒီဟာလည်း ဖြစ်နိုင်တာပဲ. . ."

အလီဇာသည် စကားပြောရင်း အသွားနှစ်ဖက်ရှိသော ဓားကို ခါးပတ်တွင် ချိတ်ထားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"သည်တော့ ဒီလိုလုပ်လေ၊ ကျွန်ုပ်တို့ ညီအစ်ကိုက မျှော်စင်ကို အရင်သွားနှင့်မယ်၊ တကယ်လို့ ဝန်ကြီးအိမ်မှာ မာရီယန်နီရှိမှန်းသိရင် ကျွန်ုပ်တို့ဆီကို အမြန်ဆုံး သင်လိုက်လာခဲ့ လမ်းသွားရင်း ကျွန်ုပ်တို့ဘက်က အားကိုးရမယ့် လူသုံးယောက်ခေါ်ခဲ့မယ်၊ အက်စကာ သင်ဟာ အသက်လည်းငယ်တယ်၊ သစ္စာလည်းရှိတယ်၊ ခွန်အားဗလနဲ့လည်း ပြည့်စုံတယ်။ သတ္တိလည်းကောင်းတယ် မဟုတ်လား။ တကယ်လို့ ဝန်ကြီးအိမ်မှာရှိရင် ကျွန်ုပ်တို့ တိုက်ယူမယ်။ သူ့အိမ်က အုတ်တံတိုင်းတွေကို လက်ထဲမှာ လက်နက်မရှိတဲ့အဆုံး လက်ချည်းသက်သက်နဲ့ ဖြိုရရင် ဖြိုယူမယ်။ ကျွန်ုပ်လက်လှမ်းမှီတဲ့နေရာ ရောက်ပါစေ ဘုရားသခင် သိရပါစေရဲ့ အို. . .သူ့ကိုယ်ကို တစ်ခါတည်း ဖြဲဆုတ်ပြီး သူ့ဝမ်းထဲက အသည်းနှလုံးကို ဟောဒီလို ဟောဒီလို ဆွဲဆုတ်ယူမယ်. . ."

အလီဇာသည် သမီးချောအတွက် ဒေါသမီးတောက်ကာ အက်စကာကဲ့သို့ပင် တဆတ်ဆတ် တုန်လျက်ရှိလေ၏။

အက်စကာရောက်သွားသော အချိန်၌ကား ဝန်ကြီးပလေစီဒပ်၏ အိမ်ပတ်ဝန်းကျင်မှာ သုသာန်တစ်ခုပြင်ကဲ့သို့ တိတ်ဆိတ်လျက်ရှိ၏။ မြို့၏ အခြားနေရာ ရပ်ကွက်များမှာ တစ်ခါတစ်ရံ စီခနဲ ညံခနဲအသံများကို မကြာမကြာ ကြားလိုက်မိ၏။ ထို့နောက် အက်စကာသည် ဝင်းခြံကို သတိနှင့်ကျော်ပြီးနောက် အိမ်မကြီးရှိရာသို့ ချဉ်းကပ်သွား၏။ မုခ်ဦးဆောင်တွင် ငြိမ်သက်လျက်ရှိသော်လည်း ညစာစားခန်းတွင်မူ လူသံအချို့ကို ကြားရသည်နှင့် အက်စကာသည် ပြတင်းပေါက်တစ်ခု၏ မှောင်ရိပ်သို့ ကပ်လိုက်ကာ အတွင်းသို့ ချောင်းမြောင်းကြည့်ရှုလျက်ရှိလေသည်။ ညစာစားခန်းများ၌ကား အချို့နေရာများတွင် တစ်ဝက်တစ်ပျက်မျှ မီးများထွန်းညှိထားပြီးဖြစ်၍ ကျွန်များသည် အဖိုးထိုက်တန်လှသော ညစာစားပွဲကြီးအတွက် ပြင်ဆင်လျက်ရှိလေသည် အက်စကာသည် ပျောက်ဆုံးသွားသော ရဟူဒီမကလေးအကြောင်းနှင့် ပတ်သက်၍ ထိုသူများထံမှ နားစွန်နားဖျားကြားရမည်အထင်နှင့် နားစွင့်လျက်ရှိ၏။

ထိုခဏ၌ သူ၏မျက်စိသည် ထောင့်တစ်ထောင့်သို့ ရောက်သွားရာ တစ္ဆေချောက်ခြင်းခံရသောသူကဲ့သို့ တစ်ကိုယ်လုံး ကြက်သီးများထ၍ သွားကာ သူ၏မျက်လုံးများကို တစ်ဖန်ပွတ်သပ်ကြည့်ပြန်လေသည်။

သူမြင်ရသော သဏ္ဌာန်မှာ တစ်ကိုယ်လုံးကိုယ်ရုံအဖြူကြီးကို ဝတ်ထားသော ဝန်ကြီးပလေစီဒပ်၏ သဏ္ဌာန်ဖြစ်လေသည်။ မျက်ကွင်းများ ညိုလျက် နှုတ်ခမ်းများဖြူလျက် မျက်နှာမှာလည်း လူသေကဲ့သို့ ရှိသော်လည်း သူသည် ကျွန်များပြင်ဆင်လျက်ရှိရာတွင် အမိန့်ပေးကာ မတ်တတ်ရပ်လျက်


www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။

"ကြာလိုက်တာကွယ်. . .ဒီကောင်တွေကလည်း ခုထက်ထိ မလာကြသေးဘူး။ ဒီညစာစားပွဲမှာ သူကအိမ်ရှင်မအဖြစ်နဲ့ ညှော်ခံဖို့ စီမံထားတာကွယ့်။ ဟဲ့ ကျွန်တွေ စားပွဲအလယ်က ငွေပန်းအိုးထဲမှာ ပန်းတွေထည့်စိုက်ပါဦးလား။ ပြီးအရက်ထည့်တဲ့ ရွှေခွက်ကြီးကို အရက်ထပ်ဖြည့်ပြီး ငါထိုင်မယ့် ကုလားထိုင်နားမှာ ထားလိုက်"

ပလေစီဒပ်သည် အတန်ငယ် အားနည်းသော အသံဖြင့် မုခ်ပေါက်ဝင်ဆီသို့ မကြာမကြာကြည့်လျက် ပြောလိုက်ပြီးနောက် ကျွန်များကို ဆက်လက် အမိန့်ပေးနေပြန်လေသည်။

သချိုင်းမှ တစ်ဖန်ပြန်၍ လာသည် ထင်ရသော သူ၏ ရန်သူပြောလိုက်သော စကားများကို အက်စကာ ရိပ်မိလေပြီ။ မာရီယမ်နီကား မကြာမီ ရောက်လာတော့အံ့. . .ပြောလိုက်သော စကားအဓိပ္ပာယ်မှာ မာရီယမ်နီမှ လွဲလျှင် အခြားသူမဖြစ်နိုင်ချေ။ ထိုမိန်းမပျိုအတွက်ကား သူသည် အသက်ကို စွန့်ထားပြီဖြစ်၏။

သို့နှင့် အက်စကာသည် ပုန်းအောင်းနေရာမှ မုခ်ပေါက်ဆင်ဝင်၌ရှိသော မှောင်ရိပ်ကျသည့် ပွတ်လုံးကျောက်တိုင်ကြီးတစ်ခုနောက်သို့ လျင်မြန်စွာ ပြေး၍ ကပ်လိုက်ကာ မာရီယမ်နီ၏ အလာကို စောင့်ဆိုင်းလျက်ရှိလေ၏။ ဤနေရာ၌ မိမိအသက်ပင် သေစေကာမူ မာရီယမ်နီအား လူယုတ်မာများလက်တွင်းမှ လုယူတော့မည်ဟု စိတ်နှလုံးကို ဒုံးဒုံးချကာ အသွားနှစ်ဖက်ရှိသော ဓားကိုသူ၏လက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၆ ]

ကျွန်ုပ်တို့သည် ဤနေရာ၌ 'မာရီယမ်နီ'ဖြစ်ပျက်ခဲ့ပုံကို အနည်းငယ်မျှ ရေးသားဖော်ပြပေအံ့. . .

မာရီယမ်နီသည် ခါတိုင်းကဲ့သို့ပင် ရေကရားဖြင့် ရေခပ်ရန် တိုက်တာမြစ်ရေဆိပ်သို့လာခဲ့ရာ အသားညို၍ မျက်နှာဖျော့တော့သော မိန်းမကြီးတစ်ယောက်သည် ရေတစ်ပေါက်မျှ တောင်းခံသဖြင့် မာရီယမ်နီသည် ကရားထဲမှ ရေကို ရိုသေစွာပေးပြီးနောက်. . ."ရေက နောက်ပါတယ် အဘွားရယ်. . . အိမ်ကို လိုက်ပြီး ဝိုင်တစ်ခွက်လောက် အားရှိအောင် သောက်ပါလား. . ."

"တော်ပါပြီ သမီး၊ ဒီလိုပေးတာ ကျေးဇူးတင်လှပါပြီ၊ အဘွားက သမီးရဲ့ စေတနာကို စမ်းကြည့်တာပါ၊ ဘယ်လောက်နောက်တဲ့ ရေဖြစ်ဖြစ် အဘွားတန်ခိုးနဲ့ ကျောက်သလင်းလို ကြည်လာနိုင်ပါတယ်. . ."

ထိုအခါ မိန်းမကြီးမှာ မှော်အတတ်ကို ကောင်းစွာ တတ်သော ကဝေမကြီးဖြစ်ကြောင်း သိရတော့၏။ ဘာသာတရားအရလည်း ထိုအတတ်ပညာများကို တားမြစ်ထားသဖြင့် မာရီယမ်နီသည် ထိုမိန်းမကြီးအနီးမှ ကြောက်ရွံ့စွာ ဆုတ်ခွာလိုက်လေသည်။

"သမီး. . .အဘွားကို မကြောက်နဲ့နော်၊ အဘွားရဲ့ကဝေအတတ်ဟာ လူအများအသုံးပြုနေကြတဲ့ အောက်လမ်း၊ အထက်လမ်းမဟုတ်ဘူးကွယ့်၊ သမီးတို့ ကိုးကွယ်တဲ့ ဘုန်းကြီးတွေတောင် လိုက်စားနေကြတဲ့ 'ပွိုက်မဂျစ်'ခေါ်တဲ့ အထက်လမ်းမှော်အတတ်ပါ၊ မယုံရင်ကြည့်စမ်း အဘွားပြောမယ်၊ သမီးမျက်နှာနည်းနည်းညှိုးနေတာ သမီးဟာ စိတ်ဆင်းရဲနေတယ်၊ စိုးရိမ်သောကဖြစ်နေတာ၊ အဲဒါ ဘယ်သူ့အတွက်လည်းဆိုတော့ သမီးရဲ့ ချစ်သူအတွက်ပဲ. . ."

မာရီယမ်နီသည် နေရာမှထ၍ ခုန်မလောက်အံ့အားသင့်မိ၏။ သူဒီဟာတွေ ဘယ်လိုသိပါလိမ့်လဲဟု တွေးမိ၏။ မိန်းကလေးသည် အထောက်သို့ ပါလာပြီဖြစ်ကြောင်း မိန်းမကြီးသည် ကောင်းစွာ အကဲခတ်မိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် သမီး. . .သမီးစိတ်ထင်ကကော သူဟာ ပူဆွေးနေတယ်၊ ဘေးဥပါဒ်တစ်စုံတစ်ရာ ရောက်နေတယ်လို့ သမီးထင်သလား၊ သမီးစိတ်ထဲမှာ ဒီလူဟာ ငါ့ကို ဘာဖြစ်လို့ မကြာမကြာလာမတွေ့ပါလိမ့်မလဲ၊ သူဟာ ငါ့အပေါ်မှာ သစ္စာရှိမှ ရှိပါ့မလားလို့ ထင်နေတယ်မဟုတ်လား၊ သူ့နဖူးပြင်ပေါ်မှာ အလိပ်လိပ်ကျနေတဲ့ ရွှေရောင်တောက်တဲ့ ဆံခွေကလေးတွေရယ်၊ အစုခဏချင်း မြင်ရစေမယ်၊ ရေကလေးတစ်ပေါက် သောက်ရပေမဲ့ အဖွားကျေးဇူး မမေ့တတ်ပါဘူး သမီးရယ်. . ."

(စိတ်ထက်သန်စွာဖြင့်) အို". . .အဘွားကြီး ဘယ်လိုပြောလိုက်တာလဲ၊ ဘယ်လိုလုပ်ပြီး သူ့ကို အဘွားပြနိုင်မှာလဲ. . .အဘွား သူ့ကို ဘယ်လိုလုပ်သိသလဲ ဟင်. . .သူချမ်းသာသာမှ ရှိပါလေရဲ့လား အဘွားရယ်. . ."

ဝါဖန့်ဖန့်အသားရှိသော မိန်းမကြီးသည် မာရီယမ်နီကို ကြည့်၍ ပြုံးလိုက်လေ၏။ သားကောင်သည် မိမိထောင်ချောက်တွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ဝင်လာပြီး ဖြစ်ကြောင်း သိရ၏။

"သူ့မှာ အန္တရာယ်တွေ ရှိနေတယ်ကွယ့်။ ဒါပေမဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာသာ သမီးသိရင် ကူညီနိုင်တာပေါ့. . ."

"ဩော်. . .သူဘေးတွေ့နေတယ် ဟုတ်လား အဘွား၊ ကျွန်မက သူ့ကို ကူညီနိုင်တယ်ဟုတ်စ အို. . .သူဘယ်မှာရှိတယ်။ ကျွန်မဘယ်လိုလုပ်ပြီး ကူညီနိုင်မယ်ဆိုတာရယ်သာ ပြောပါတော့ အဘွားရယ်. . ."

မိန်းမကြီးသည် အင်္ကျီအတွင်းမှ မှန်ဝိုင်းကလေးတစ်ချပ်ကို ထုတ်ယူလိုက်ပြီးနောက်. . .

"အဘွားတော့ သမီးကို မပြောနိုင်ဘူး. . .။ ဒါပေမဲ့ ဟောဒီအထဲမှာ ပြနိုင်တယ်၊ သို့သော် တစ်ခုရှိတာက ဒီနေရာမှာ ပြလို့တော့ မဖြစ်ပေဘူး၊ လူသွားလူလာက ရှုပ်သနဲ့၊ လူတစ်ယောက် ဖြတ်သွားလို့ မှန်ပေါ်မှာ အရိပ်ထင်သွားရင် တစ်ခါတည်း အားလုံးပျက်သွားလိမ့်မယ်၊ ကိုင်း. . .ဒီကမြင်ရတဲ့ မီးလောင်ထားတဲ့ ကျောက်တိုင်ဒုတ်တိုကြီးနောက် သွားကြစို့ရဲ့၊ ဒီနေရာမှာ သမီးရဲ့ အချစ်နဲ့ ပထမတစ်ခါတွေ့ဖူးတယ် မဟုတ်လား၊ အဲဒီနေရာမှာပဲ အခုသူ့မျက်နှာကို အဘွားရဲ့ မှန်ဝိုင်းထဲမှာ မြင်ရမှာပေါ့၊ လာ. . .လာ. . .သမီး"

သို့နှင့် သူတို့သည် ကျောက်တိုင် ဒုတ်တိုကြီး၏ နောက်သို့ ရောက်လာကြလေ၏။

"ဟောဒီနေရာပဲ မဟုတ်လား၊ သူနဲ့တွေ့တာ"

"ဟုတ်ကဲ့"

"ဒီတွေ့တဲ့နေရာမှာပဲ သူ့မျက်နှာမြင်ရစေမယ်ပေါ့၊ ဟောဒီမှန်ဝိုင်းဘ



www.burmeseclassic.com

www.burmeseclassic.com



လေး သမီးလက်ထဲမှာကိုင်ထား၊ အဘွားက ဂါထာမန္တာန်တွေ ရွတ်ဖတ် သရ ဇ္ဈာယ်နေတဲ့အခါ သမီးက မျက်လုံးမှိတ်ထားပြီး သူ့ကိုပဲ အာရုံစူးစိုက်နေရမယ် နော်၊ ကြားလား သမီး"

"ကောင်းပါပြီ အဘွားရယ်"

သို့နှင့် အဖွားကြီးသည် မာရီယမ်မီ အနီးတွင်ကပ်ကာ တစ်စုံတစ်ရာ ကို တီးတိုးရေရွတ်လျက်ရှိလေ၏။ ထိုအချိန်၌ ကျောက်တိုင်၏နောက် အလွန် မှောင်ကျသော နေရာတစ်ခုမှ ဒမပ်ဆီပီးယပ်၏ သဏ္ဌာန်သည် တဖြည်းဖြည်း မတ်တတ်ရပ်လိုက်ပြီးနောက် မိန်းမနှစ်ယောက်ရှိရာသို့ လာလျက်ရှိလေ၏။ ထိုပြင် ဓားလုံ့လက်နက်အပြည့်အစုံကို ကိုင်စွဲထားသည့် ကျွန်(၆)ယောက်တို့ သည်လည်း ကျောက်တုံးများနောက် ပုန်းအောင်းနေရာမှ ထကာ ဒမပ်ဆီပီး ယပ်၏နောက်မှ ထက်ချပ်မကွာ လိုက်လာကြလေသည်။

မိန်းမကြီးသည် တစ်စုံတစ်ရာကို ပါးစပ်မှ တတွတ်တွတ် ရေရွတ် လျက်ရှိရာ 'ဒမပ်ဆီပီးယပ်'သည် စောင်တစ်ထည်ဖြင့် မိန်းကလေး၏ဦးခေါင်း ကို လျှင်မြန်စွာ အုပ်လိုက်ရာ မာရီယမ်မီက ဟစ်အော်ရန်ပင် မတတ်နိုင်တော့ ချေ။ ထိုနောက် ဒမပ်ဆီပီးယပ်သည် သူ၏သန်မာသော လက်မောင်းများဖြင့် တစ်ခါတည်း ပွေ့ယူကာ မနီးမဝေးတွင် ရပ်ထားသော မြင်းဖြူကြီး (၄)ကောင် တပ်ထားသည့် ရထားရှိရာသို့ ခေါ်သွားလေ၏။ သို့ရှိစဉ် ဦးခေါင်းမှ ဆံပင်ပုံ နှင့်တကွ မိန်းမအဝတ်အစားများကို လျှင်မြန်စွာ ချွတ်လိုက်ရာ မုဲ့ခွက်ခွက်နှင့် ဖျော့တော့ ဝါကျင့်သော "အိုအားဆီး"၏မျက်နှာ ပေါ်လာလေသည်။ သို့နှင့် ဒမပ်ဆီပီးယပ်နှင့် ကျွန်များသည် စောင်နှင့် ထွေးလုံးရစ်ပတ်ထားသည့် 'မာရီ ယမ်မီ'အား ရထားပေါ်သို့ များစွာ အခက်အခဲမရှိဘဲ တင်လိုက်ကြလေသည်။ ထိုအချိန်၌ မှော်ဆရာမကြီးယောင်ဆောင်သော 'အိုအားဆီး'လည်း နောက်မှ မီလာခဲ့ပြီဖြစ်၍ သူတို့သည် မြို့တွင်းဆီသို့ မြင်းရထားကို မောင်းရန် ပြင်ဆင် လေ၏။

အိုအားဆီးသည် ဒမပ်ဆီပီးယပ်ကို တွေ့သောအခါ ဟက်ဟက်ပက် ပက် ရယ်မောရင်း. . .

"မိန်းမများ တယ်မိုက်ပါကလား သူငယ်ချင်း၊ သူတို့ကြိုက်တာနဲ့များ လိုက်ရင် ကိုယ့်ဘက် တစ်ခါတည်း ပါလာတာပဲ. . .အစာပြပြီး မျှားလို့ရတဲ့ သတ္တဝါထဲမှာ မိန်းမအပြင်ကလွဲလို့ ဘာများ ရှိသေးလို့လဲ သူငယ်ချင်းရဲ့ ဟား . . .ဟား. . .ဟား အခုကြည့်စမ်း. . .ဒီကိစ္စမှာ မှန်ဝိုင်းလေးတစ်ချပ် သုံးရတာ ပဲ မဟုတ်လား. . .လွယ်လိုက်လေ သူငယ်ချင်းရယ်. . ."

ဒမပ်ဆီးပီးယပ်သည် ရထားပေါ်သို့ သူကိုယ်တိုင် မာရီယမ်မီနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ တက်လိုက်ကာ အိုအားဆီးနှင့် ကျွန်များကို နောက်မှ ထက်ချပ်မကွာ အမြန်ဆုံးလိုက်ပါရန် ပြောဆိုညွှန်ကြားပြီးလျှင် မြင်းရထားကို ဝန်ကြီး ပလေစီဒပ်အိမ်သို့ အမြန်နှင်စေ၏။

မာရီယမ်နီသည် ပထမ၌ အတင်းရုန်းဖယ် ကန်ကျောက်လျက်ရှိသော်လည်း သတိလစ်သွား၍သော်လည်းကောင်း၊ ဖြစ်လိုရာဖြစ်စေတော့ဟု စိတ်ကို လျှော့လိုက်သောကြောင့်သော်လည်းကောင်း နောက်ထပ်ရုန်းကန်ခြင်း မပြုတော့ချေ။ သို့နှင့် ရထားသည် လူအုပ်ကြီးများကို ရှောင်ရှားနိုင်သ၍ ရှောင်ရှားပြီးလျှင် ရောမမြို့၏ လမ်းကြီးလမ်းငယ်များကို ဖြတ်သန်းကာ ပလေစီဒပ်အိမ်ဆီသို့ အပြင်းမောင်းနှင်လျက်ရှိလေ၏။

ဒမပ်ဆီပီးယပ်၏ စိတ်၌ကား ပလေစီဒပ်၏ အိမ်ခြံဝင်းထဲသို့ မြင်းရထား ဝင်မိသည်နှင့်တစ်ပြိုင်နက် ဘေးရန်ကင်း၍ စိတ်အေးရမည်။ ထိုအခါမှ ငါအလိုရှိရာ ဆုကို အားရပါးရတောင်းလိုက်မည်ဟု စိတ်ကူးယဉ်လျက်ရှိ၏။

သို့သော် မြင်းရထားသည် လမ်းတစ်ခုကို ကွေ့လိုက်သည်နှင့်တစ်ပြိုင်နက် လူအုပ်ကြီးတစ်ခုကို တွေ့ရသဖြင့် ရထားအရှိန်သတ်၍ သွားလေသည်။

ထိုအချိန်၌ မာရီယမ်နီမှာ ပါးစပ်တွင် စည်းနှောင်ထားသည့် အဝတ်များ လျော့ကျသွားပြီဖြစ်ရကား. . .ရထားရပ်သွားသည်နှင့်တစ်ပြိုင်နက်၊ စိတ်ထဲတွင် ပေါ်လာသည့်အတိုင်း ပါးစပ်မှ အော်မိအော်ရာ "အက်စကာ. . ." ဟု ကမူးရှူးထိုး ကျယ်လောင်စွာ ဟစ်အော်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၇ ]

"အက်စကာ. . ."ဟူသော အသံကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် လူအုပ်သည် ရုတ်ရုတ်သဲသဲဖြစ်၍ သွား၏။ ထိုအသံနှင့် မရှေးမနှောင်းပင် သန်မာလှစွာသော လက်မောင်းကြီးနှစ်ဖက်သည် လူအုပ်ကြားထဲမှ ရထားဆီသို့ တိုးဝင်လာသဖြင့် လူများသည် နံဘေးသို့ တိမ်းရှောင်ဖယ်ရှားလိုက်ကြလေသည်။ ထိုအခါ သန်မာထွားကျိုင်းလှ၍ စိတ်သဘောထားကောင်းပုံရသော ဂလက်ဒီယေတာ လူဟောင်းကြီး"ဟာပီးနပ်"၏ ပုံသဏ္ဍာန်ကို မြင်ရလေ၏။ ဇက်ဆပါဆီယန်ပါတီမှလူများက ဘုရင်ဗတီးလီးယပ်၏ စစ်သားများကို ခုခံလျက်ပင်ရှိသေးသောအပြင် ခံတပ်အချို့အား တိုက်ခိုက်နေသည်ကို စောင့်ကြည့်ရ၍ လမ်းများပေါ်သို့ လှည့်လည်လျက်ရှိစဉ်၊ ဟာပီးနပ်နှင့် သူ၏ ထွေပြည့်များက ဤကဲ့သို့တွေ့ရခြင်းဖြစ်လေသည်။

ရထားဘီးသည် လိမ့်စပြုလေပြီ။ သို့သော် ဟာပီးနပ်၏ သန်မာသော လက်မောင်းကြီးနှစ်ဖက်သည် အလယ်မြင်းနှစ်ကောင်ကို ဆွဲ၍ဆောင့်လိုက်သဖြင့် မြင်းများ ပတတ်ရပ်ကာ ရထားလည်း ရပ်လုမတတ်ဖြစ်သွား၏။ ထိုအခါ စီစီညံညံဖြစ်နေသော လူအုပ်ထဲမှ ဟာပီးနပ်၏ အသံဩကြီးကို ဖောက်ထွင်း၍ ကြားရလေသည်။

"ဟော့. . .ရထားမောင်းသမားလေးရဲ့...ဖြည်းဖြည်းကွယ့်၊ဖြည်းဖြည်း။နေပါဦး။ ဒီရထားထဲက ငါ့မိတ်ဆွေတစ်ယောက်ရဲ့ နာမည်ကို ခေါ်သံကြားလိုက်ရပါတယ်။ ဟော့ကောင်လေး ပြောနေတာ မကြားဘူးလား ရပ်ဆိုရပ်လိုက်"

ပထမကာပင် ဒမပ်ဆီပီးယပ်တို့၏ အပြုအမူအကြံအစည်ကို သဘောမတူသော ရထားသမားသည် မြင်းဇက်များကို တအားဆွဲ၍ ရပ်လိုက်လေ၏။

ဒမပ်ဆီပီးယပ်သည် သူ့မိတ်ဆွေ "အိုအားဆီး"နှင့် ကျွန်ခြောက်ယောက်တို့ကို အားကိုးပြီးဖြစ်သည့်အတိုင်း ရထားအတွင်းမှ အပြင်သို့ ရဲဝံ့စွာ ခုန်ထွက်လိုက်လေသည်။ ထိုနောက် အမိန့်ပေးသောလေသံဖြင့်. . .

www.burmeseclassic.com


"ဟေ့လူ. . .လမ်းဖယ်လိုက်"

"ဟား. . .ဟား. . .ဟား"

ဟာပီးနပ်သည် ကျယ်လောင်စွာ ရယ်မောလိုက်၏။

ထို့နောက် ဟာပီးနပ်က ပြောင်လှောင် ပြက်ရယ်ပြုသောအသံဖြင့် "ဟာ. . .လက်စသတ်တော့ ကျွန်ုပ်ရဲ့ မိတ်ဆွေရင်းကြီးပါကလား၊ ဘယ်က နိုးရာပါပစ္စည်းတွေလဲ ကပ်မြှောင်ကြီးရဲ့၊ ခွေးအ,က ခြသေ့ံရဲ့ သားရဲတွင်းရှိရာကို အစာချီသွားတာ မဟုတ်နဲ့ အဟုတ် ကျွန်ုပ်လောင်းရဲပါတယ်"

(ခက်ထန်စွာ) "ကျွန်ုပ်ကို မတားနဲ့ မိတ်ဆွေ။ ကိစ္စက တခြားသူရဲ့ ကိစ္စမဟုတ်ဘူး၊ သင်တို့ ကျွန်ုပ်တို့ရဲ့သခင် ဝန်ကြီးပလေစီဒပ်ရဲ့ ကိစ္စပဲ"

ထိုအချိန်၌ကား ရထားထဲတွင် ပါလာသော မာရီယမ်နီမှာ အနှောင်အဖွဲ့မှ ကောင်းစွာ လွတ်မြောက်ခဲ့ပြီးဖြစ်၍ မောပန်းလျက်ပင်ရှိသော်လည်း အားယူလျက်

"ကျွန်မကို ကယ်ပါရှင်၊ အသင်ဟာ အက်စကာမိတ်ဆွေဖြစ်တဲ့အကြောင်း သင်အခုပဲ ပြောနေပါတယ်၊ အက်စကာရဲ့ မျက်နှာကို ထောက်ထားပြီး ကျွန်မကို ကယ်ဆယ်ပါ"

ဟာပီးနပ်သည် အက်စကာအား သားအရင်းတစ်ယောက်ကဲ့သို့ ချစ်ခဲ့၏။ အက်စကာအား သူကိုယ်တိုင် လက်သပ်မွေးခဲ့ရသည့်အကြောင်း ပြော၍မပြီးနိုင်အောင် ရှိခဲ့သူဖြစ်၏။ အက်စကာအား လူရာဝင်အောင် သူပင်လုပ်ပေးခဲ့၏။ ဓားသမားကောင်းတစ်ယောက်ဖြစ်အောင် လုပ်ပေးသူမှာလည်း အခြားသူမဟုတ် သူပင်ဖြစ်လေသည်။

ထိုအချိန်၌ ဒမပ်ဆီပီးယပ်သည် ဟာပီးနပ်မြင်းရထားစပ်ကြားတွင် ဝင်၍ ရပ်လိုက်၏။ ထိုအခါဟာပီးနပ်သည် ကိုယ်ကို တောင့်တင်းစွာ ရပ်လိုက်ပြီးနောက်. . ."ဟေ့. . .လူမိုက်. . .နောက်ဆုတ်လိုက်၊ မင်းသတိထားဖို့ ငါပြော တယ်နော်. . .မင့်မြင်းရထားထဲမှာ ပါတဲ့ မိန်းမကို အပြင်ထုတ်လိုက်၊ ကိုင်း လေ ထုတ်ပေးမလား မပေးဘူးလားသာ ပြောစမ်းပါ၊ ကဲကိုယ့်လူတို့ လူအုပ် ကို ဒီအထဲမဝင်ရအောင် တားထားစမ်း. . ."

ဒမပ်ဆီပီးယပ်သည် သူ့ဘက်မှ ကူညီမည့်သူ များပြီးလျှင် ဟာပီးနပ်မှာ တစ်ယောက်ချင်းဖြစ်သည်ထင်၏။ သို့နှင့် သူသည် ဓားကို ထုတ်လိုက်ပြီးလျှင် ကျွန်များကို အကူအညီခေါ်လျက်ရှိ၏။ ဟာပီးနပ်သည် မာရီယမ်နီအား သူ၏ ကိုယ်ကြီးဖြင့် ကာကွယ်ကာ မြင်းရထားရှေ့သို့ ခေါ်သွားလေ၏။ ထိုအချိန်၌ကား လက်နက်ကိုင် ကျွန်များသည် ဒမပ်ဆီပီးယပ်ဘက်မှ ကူညီရန် ချဉ်းကပ်လာကြလေပြီ။


www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် လူကိုယ်တိုင်ပင် ကြီးသော်လည်း ကြောင်ကဲ့သို့ လျင်မြန်လှသော 'ဟာပီးနပ်'သည် ဒမပ်ဆီပီးယပ်လက်တွင် မမြဲတမြဲကိုင်ထားသော ဓားကို ရိုက်ချလိုက်ပြီးလျှင် မျက်နှာဆီသို့ လက်သီးတစ်လုံးကို စွပ်၍ လွှတ်လိုက်လေသည်။ မြင်းကန်သလောက် ပြင်းထန်သော လက်သီးချက်မှာ သူ၏မေးရိုးကို လှလှကြီးမိ၍ သွားရကား ဒမပ်ဆီပီးယပ်သည် နွားတစ်ကောင်ကို ရိုက်လှဲဘိသကဲ့သို့ မြေပေါ်သို့ တုံးခနဲ အလျားလိုက်လဲကျသွားလေ၏။ ထိုနောက် ဟာပီးနပ်သည် သူ၏ဓားဆွဲထုတ်ကာ ရှေ့ဆုံးမှ ပြေးလာသော ကျွန်၏ရင်ဘတ်ကို ခပ်မြက်မြက်ကလေး ထောက်လိုက်လေသည်။ ဤသို့ရန်သူ့လက်ထဲမှ ဓားကိုရိုက်ချလိုက်ခြင်း၊ လက်သီးဖြင့် စွပ်ထိုးလိုက်ခြင်း၊ မိမိ၏ ဓားကို လျင်မြန်စွာ ထုတ်၍ အခြားရန်သူတစ်ယောက်အား ထိုးလိုက်နိုင်ခြင်းတို့မှာ သာမန်လူတစ်ယောက်အတွက် ခဲယဉ်းသော အလုပ်များဖြစ်သော်လည်း ဟာပီးနပ်အတွက်မှာမူ ကလေးကစားသလောက်ပင် ရှိသေး၏။ ဒမပ်ဆီပီးယပ်၏ နောက်လိုက်များကား တစ်ယောက်မကျန်ပြေးကုန်ကြလေပြီ။ ထိုအချိန်၌ ရထားနောက်ကွယ်တွင် ပုန်းနေသော 'အိုအားဆီး'သည် ရထားပေါ်သို့ လျင်မြန်စွာ ခုန်တက်ပြီးလျှင် မြင်းရထားသည်လည်း ကဆုန်ချ၍ မောင်းသွားလေ၏။

"ကျွန်မ ဘယ်ရောက်နေပါသလဲ အရှင်၊ အသင်ဟာ အက်စကာရဲ့ မိတ်ဆွေတစ်ယောက်လို့ ပြောပါတယ်။ ကျေးဇူးပြုပြီး တစ်ဆိတ်စောင့်ရှောက်ပါရှင်. . ."

"အင်း. . .သင်ရောက်နေတဲ့ နေရာဟာ ဖလင်မီယန်လမ်းနဲ့ အလှမ်းတစ်ရာလောက်ပဲ ဝေးလိမ့်မယ်။ သင်ဟာ အတော်လှတဲ့ ပန်းကလေးတစ်ပွင့်ပဲ၊ ဒါ့ထက် ဘယ်နည်းနဲ့ သင်ရထားထဲရောက်လာတာလဲ၊ အက်စကာချစ်တဲ့လူ မှန်ရင် ကျွန်ုပ်လည်းချစ်ပါတယ်။ ဒါကြောင့်မို့လည်း လွတ်ငြိမ်းခွင့်ရပြီးတဲ့ ကျွန်ဝကြီးကို သင့်မျက်စိအောက်မှာပဲ ထိုးချလိုက်တယ် မဟုတ်လား. . ."

"ဟုတ်ပါတယ်. . ."

သို့နှင့်သူသည် မာရီယမ်နီအား အရပ်ကလေးသဖွယ်မြှောက်၍ ကြည့်လိုက်၏။ ထိုနောက် အခြားဂလက်ဒီယေတာများ ဝိုင်းရံကာ တွဲယူချီမ၍ သွားလေသည်။

မာရီယမ်နီသည် သူ့အား ကယ်ဆယ်သူ၏ နားနားသို့ ကပ်၍. . .

"ကျွန်မတို့ အခု ဘယ်ကို သွားနေကြတာလဲ၊ ပြီးတော့ ကျွန်မကို စောင့်ရှောက်ပြီး နံဘေးက ခြံရံလိုက်လာတာတွေက ဘယ်သူတွေပါပဲ. . ."

"ဒီလူတွေက ကျွန်ုပ်ရဲ့ သွေးသောက်တွေပဲ၊ ဟာပီးနပ်က ဒီအလှပန်းကလေးတစ်ပွင့်ကို သူ့မျက်လုံး သူစောင့်ရှောက်သလို စောင့်ရှောက်မှာပေါ့၊

www.burmeseclassic.com



သင့်ကိုတော့ သင့်အိမ်ကိုပဲဖြစ်ဖြစ် သင်သွားချင်တဲ့နေရာကိုပဲဖြစ်ဖြစ် ခေါ်သွားမှာပဲ။ ကျွန်ုပ်အနားမှာရှိသမျှ ဒီလူတွေက တစ်ယောက်မှ မနှောင့်ယှက်ပါဘူး။ မကြောက်ပါနဲ့."

နောက်ဆုံး ပြောလိုက်သော စကားသံကို ကြားရသဖြင့် ဂလက်ဒီယေတာများထဲတွင် အပါအဝင်ဖြစ်သော 'အော်ကီနော'ဆိုသူ ဂရိလူမျိုးတစ်ယောက်သည် 'ဟာပီးနပ်'၏ အနီးသို့ချဉ်းကပ်လာ၏။ ထို့နောက် ဓားသမား ဟာပီးနပ်၏ ပခုံးကို ပုတ်လိုက်ပြီးလျှင် ရယ်မောလျက်. . .

"ဘယ့်နှယ်လဲ ဟာပီးနပ်. . .ကျွန်ုပ်တို့ ထားကြတဲ့ ကတိကို မေ့ပြီလား"

ထိုအခိုက် ဟာပီးနပ်မှာ မျက်နှာပျက်၍သွား၏။ မိမိတို့ ထားရှိသော ကတိကို ထိုအခါမှ ပြန်၍သတိရပြီးလျှင် မာရီယမ်နီသည် ဆိုးယုတ်ညစ်ညမ်းသော ဝန်ကြီးပလေစီဒပ်၏ လက်တွင်းမှ လွတ်မြောက်စကာမှ ဂလက်ဒီယေတာများထံသို့ ရောက်လာခြင်းမှာ သက်သာမည် မဟုတ်ဟု အောက်မေ့မိ၏။

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၈ ]

ဒယ်အိုးထဲမှ မီးတွင်းသို့ ခုန်ဆင်းသော ငါးကဲ့သို့ ရဟူဒီမကလေး 'မာရီယမ်နီ'သည် ပလေစီဒပ်၏ ဘေးရန်မှ လွတ်ကင်းပြီးနောက် ဂလက်ဒီယေတာတစ်စု၏ လက်တွင်းသို့ ကျရောက်ရှာလေသည်။

ဓားကို အားကိုးလျက် သက်မွေးဝမ်းကျောင်း ရှာဖွေသော ဂလက်ဒီယေတာများကား သတ္တိကောင်းသလောက် ဥပဒေကင်းမဲ့သူများ ဖြစ်ကြပြီးလျှင် သူတို့နည်းလမ်းနှင့် သူတို့လိုက်နာတတ်ကြ၏။ အလုပ်ကိစ္စတစ်ခုကို ဆောင်ရွက်ရန် တာဝန်လွှဲအပ်လျှင် သူတို့သည် အမှုကိစ္စ ပြီးဆုံးသည်အထိ တပေါင်းတစည်းညီညာစွာ ဆောင်ရွက်ကြ၏။ သေသည့်တိုင်အောင် တစ်ယောက်ကို တစ်ယောက် အသက်ပေး ခုခံတိုက်ခိုက်ကြ၏။ အောင်မြင်၍ လက်နက်သော်လည်းကောင်း၊ ရွှေငွေကျောက်သံပတ္တမြားများသော်လည်းကောင်း၊ သုံ့ပန်းများသော်လည်းကောင်းရသောအခါ ထိုပစ္စည်းများကို အစုအရုံးသို့ ပေးအပ်ရ၍ 'ဘုံပိုင်'ပစ္စည်းဖြစ်ရ၏။

ဟာပီးနပ်သည် ဂရိလူမျိုး အောကီနော၏ စကားကို ကြားရသောအခါ. . .

"ဒီမိန်းကလေးကို မြင်းရထားထဲက ကျွန်ုပ်ပဲ ရှေးဦးစွာတွေ့လို့ ဆွဲထုတ်လာရတယ် မဟုတ်လား။ လူပေါကြီး ဒမပ်ဆီးပီးယပ်ကိုလည်း သင်တို့တစ်တွေ ပြောပါစေတော့လို့ မြေပေါ် ဗိုင်းဗိုင်းလဲအောင် ကျွန်ုပ်လှဲချလိုက်ပြီးတော့ ကျွန်ုပ်တို့ အစုအရုံးမှာလည်း ကျွန်ုပ်ဟာ ဝါအရင့်ဆုံး ပညာရေးအဝဆုံးပဲ မဟုတ်လား အောကီနောရဲ့။ ဒါကြောင့် မိန်းကလေးကို ကျွန်ုပ်ဆီ ထားခဲ့ပြီး သင်သွားမြဲတိုင်းသာ သွားပါလေ"

"ဟား. . .ဟား သင်ပြောသလိုသာ ဆိုရင် ဥပဒေဟောင်းတွေ ဖြုတ်ပြီး ဥပဒေသစ် လုပ်ရဦးမလို ဖြစ်နေပါပြီ။ ကိုင်း. . .ရဲဘော်တို့ လာကြစမ်း၊ ဒီပစ္စည်းဟာ ကျွန်ုပ်တို့ အားလုံး ပိုင်တယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com


(တစ်သံတည်း) "ပိုင်ပါတယ်. . .ပိုင်ပါတယ်. . .ဘယ်သူက ငြင်းနေသေးလို့လဲ. . ."

ဂလက်ဒီယေတာများသည် ထိုနေရာသို့ စုရုံးရောက်လာကြပြီးလျှင် တစ်ပြိုင်နက် ဟစ်အော်ကြွေးကြော်ကာ အောကိနော့ဘက်မှ ထောက်ခံကြလေ၏။

ထိုအခါ ဟာပီးနပ်က . . .

"ဒါဖြင့် ရဲဘော်တို့ရဲ့ . . .ဘယ်လိုလုပ်ကြမှာလဲ. . .ဒီသွင်ပြန်းမကလေးကို အပိုင်းနှစ်ဆယ်ပိုင်းပြီး အမဲသားများ ဝေသလို လူတစ်ယောက်စီကို ဝေရမှာလား. . .ဒီပစ္စည်းဟာ ကျွန်ုပ်ရဲ့ပစ္စည်း. . .ကျွန်ုပ်ရဲ့ပစ္စည်းကို သင်တို့က လုယူမယ် ကြံသလား. . .နောက်ဆုတ်လိုက်၊ ယောကျ်ားတို့ သတ္တိရှိရင် တစ်ပွဲတစ်လမ်းစမ်းကြရအောင်. . ."

'အောကိနော့သည် မျက်နှာများပျက်၍ သွားပြီးလျှင် နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်းမျှ ဆုတ်သွားပြီးနောက် မိမိ၏ အပေါင်းအဖော်များအားအသနားခံသော မျက်နှာဖြင့် ကြည့်လျက်ရှိလေ၏။

ဟာပီးနပ်သည် ဩဇာတိက္ကမနှင့် ပြည့်စုံသော အသံကြီးဖြင့်. . .

"ရပ်နော်. . .ရှေ့မတိုးကြနဲ့၊ သင်တို့က ဥပဒေစကားပြောတယ်၊ ကျွန်ုပ်တို့ဟာ ဥပဒေကို လိုက်နာရမယ်. . .ကျွန်ုပ်တို့ရဲ့ ကျမ်းသစ္စာကို တည်မြဲစေရမယ်. . ."

ထိုနောက် သူသည် 'ရှဖပ်'ဆိုသူ သူ၏မိတ်ဆွေဟောင်းကြီးဘက်သို့ လှည့်လိုက်ပြီးလျှင်. . .

"ဘယ့်နှယ်လဲ ရှဖပ်ရဲ့. . .သင်နဲ့ ကျွန်ုပ်ဟာ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းကစပြီး တစ်ယောက်ဓားကို တစ်ယောက်အားကိုးပြီး တစ်ယောက်အသက် တစ်ယောက်စောင့်ရှောက်လာကြတယ် မဟုတ်လား. . .ခွန်းကြီးခွန်းငယ်လည်း တစ်ခါမှ တစ်ယောက်တစ်ယောက်မပြောရဘူး။ ဒီတစ်ခါ ဘယ့်နှယ်လဲ . . . သင့်မိတ်ဆွေကြီး ဟာပီးနပ်ကို မတရားလုပ်တာ သင်ကြည့်နေတော့မလား. . ."

သူတို့အထဲတွင် ချန်ပီယံဖြစ်သော ဟာပီးနပ်၏ စကားကို ကြားရသော ရှဖပ်မှာ စပ်ကြားထဲမှ 'ဒိုင်'ဖြစ်နေသဖြင့် စကားပြောရန် နှုတ်လေးလျက်ရှိလေသည်။ ထိုနောက်. . .

(ဖပ်) "သင်တို့ဟာ နှစ်ဖက်စလုံး မှားနေကြတာပဲ. . .ဒီမိန်းကလေးကို ဘယ်သူမှ မပိုင်ဘူး. . .ဒီကိစ္စသာ မနေ့က ဖြစ်ခဲ့လို့ ရှိရင် ဟာပီးနပ်ဟာ မိန်းကလေးကို သူ့သဘောအတိုင်း ခေါ်ချင်ရာ ခေါ်သွားနိုင်ဖို့ အခွင့်အရေးရှိ


www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်ုပ်တို့ဟာ မနေ့က ကျမ်းသစ္စာဆိုပြီးကြလေတော့ ကျွန်ုပ်တို့ ဥပဒေအရ မိန်းကလေးဟာ ဘုံပစ္စည်းဖြစ်နေပြီ. . ."

(နော) "ကျွန်ုပ်ကလည်း သည်လိုပြောတာပါပဲ. . ."

သို့ပြောဆိုပြီးနောက်. . .အောကိနော့သည် အနီးသို့ ချဉ်းကပ်လာပြီးလျှင် ခေါင်းမြီးခြုံ၍ ထားသော မာရီယန်နီ၏ တဘက်ကလေးကို ကြမ်းတမ်းစွာ ဆွဲချလိုက်လေ၏။ ထိုအခါ မာရီယန်နီ၏ မျက်နှာမှာ ရဲခနဲဖြစ်၍ သွားပြီးလျှင် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးရှာတော့၏။

ဟာပီးနပ်သည် စော်ကားသူ၏ ပခုံးကို ဖျစ်ကိုင်ပြီးလျှင် နောက်သို့ တအားတွန်းလိုက်ရာ အောကိနော့သည် မြေပေါ်သို့ ဖင်ထိုင် ကျသွားလေ၏။ သူ၏နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများမှာ ဒေါသဖြင့် ထောင်လျက် ပါးစပ်မှ အမြှုပ်ကလေးများကိုပင် မြင်ရပြီးလျှင် ထောင့်ထဲတွင် ပိတ်မိနေသော တောဝက်တစ်ကောင်ကဲ့သို့ရှိနေလေ၏။ ထိုအခါ ဟာပီးနပ်က. . .

"အားလုံး နောက်ဆုတ်လိုက်၊ ဥပဒေသော ဘာသော နားမလည်ဘူးဟေ့. . .ဒီတစ်ခါ စော်ကားတဲ့ အကောင်တော့. . .သူ့ကိုယ်ထဲကို သံတစ်ပေလောက် သွင်းလိုက်မယ်။ ဘယ့်နှယ်လဲ ရှဖပ်ရဲ့ မနေ့က အစည်းအဝေးတော့ ကျွန်ုပ်မရောက်ပါဘူး။ ဒါပေမဲ့ ကျွန်ုပ်တို့ ဂလက်ဒီယေတာတွေရဲ့ ဥပဒေဟောင်းအရဆိုရင်တော့ လခနဲ့ဖြစ်ဖြစ် တိုက်ခိုက်ရတဲ့ ပစ္စည်းနဲ့ပဲဖြစ်ဖြစ် ပတ်သက်ပြီး အချင်းများရင် သူတို့ဟာ အသွားနှစ်ဖက်ရှိတဲ့ ဓားတိုနဲ့ မတူမချင်းရှင်းကြရမယ်လို့ ဆိုတာယ်မဟုတ်လား။ ကိုင်း ဒါဖြင့် ရဲဘော်တို့က ဘေးကဝိုင်းပြီး ရပ်နေကြ၊ ဂရိကောင်ကို စတုရန်း (၇)ပေကျယ်တဲ့ စည်းဝိုင်းထဲမှာ နေပေစေ။ ဟေ့ တစ်လက်မမှ မပိုစေနဲ့နော်၊ ဒီပြဿနာဘယ်လိုရှင်းရမယ်ဆိုတာ နီရိဘုရင် ထီးနန်းတက်စဉ်ကအတိုင်း ရှင်းပြရလိမ့်မယ်"

မာရီယမ်နီသည် လက်နှစ်ဖက်ကို မြှောက်လိုက်ကာ "မလုပ်ကြပါနဲ့ရှင် မလုပ်ကြပါနဲ့၊ ကျွန်မအတွက် သွေးထွက် သံယိုမဖြစ်ကြပါစေနဲ့၊ ကျွန်မဟာ ခိုကိုးရာမဲ့ မိန်းကလေးတစ်ယောက်ပါ။ သနားသဖြင့် ကျွန်မသွားပါရစေတော့"

ဟာပီးနပ်နှင့် ကျန်လူများသည် အချိန်အတန်ကြာမျှ ဆက်လက်ငြင်းခုံလျက်ရှိပြန်လေ၏။ သို့သော် နောက်ဆုံး၌ ဓားသိုင်းဆရာကြီး ဟာစ်ပီးယပ်၏ အဆုံးအဖြတ်ခံစေခြင်းငှာ၊ မာရီယမ်နီအား ဝန်ကြီးပလေစီဒပ်အိမ်သို့ခေါ်ဆောင်သွားရန် သဘောတူကြလေ၏။

ဝန်ကြီးပလေစီဒပ်တိုက်ရှိ ဆင်ဝင်ကျောက်တိုင်၏ အကွယ်မှ စောင့်



www.burmeseclassic.com

www.burmeseclassic.com


ဆိုင်းလျက်ရှိသော အက်စကာသည်အတွင်း၌ တစ်စုံတစ်ရာမပါဘဲ ဗလာသက်သက်မောင်းနှင်လာသော မြင်းဖြူများက သည်ဝန်ကြီး၏ မြင်းရထားကို မြင်ရလေ၏။ ရထားမောင်းသမားမှာ ပြင်းထန်စွာ တုန်လှုပ်သလို ရှိလေသည်။

မာရီယမ်နီသည်ကား မည်ကဲ့သို့ ဖြစ်လေပြီနည်းဟု အက်စကာသည် မာရီယန်နီအတွက် စိတ်ပူရမည်လော။ သို့မဟုတ် စိတ်အေးရမည်လော၊ မသိရချေ။ သို့နှင့်သူသည် ဤအကြောင်းများကို မာရီယမ်နီ၏ ဖခင် အလီဓာထံသွားရောက် ပြောကြားတော့မည်ဟု ခြေလှမ်းပြင်လိုက်စဉ် ခြံတံခါးဆီမှ ပလေစီဒပ်အိမ်သို့ ချဉ်းကပ်လာသော လူတစ်စု၏ ခြေသံများကို ကြားရသဖြင့် တန့်၍ နေမိ၏။

လမင်းသည်-ကောင်းကင်တွင် ကြည်လင်တောက်ပလျက်ရှိသဖြင့် ခြံတွင်းသို့ ဝင်လာသူတစ်စုမှာ ဂလက်ဒီယေတာများ ဖြစ်ကြောင်း သိရပြီးလျှင် သူတို့၏ ရှေ့ဆုံးတွင် လေးထောင့်စပ်စပ်ရှိသည့် ဂလက်ဒီယေတာဟောင်းကြီး ဟာပီးနပ်၏ ပုံသဏ္ဌာန်ကိုလည်း မြင်ရလေသည်။ သူ၏နံဘေး၌ကား ဝတ်ရုံနက်ကြီးခြုံ၍ထားသော မိန်းကလေးတစ်ယောက်ပါလာရာ ထိုသူမှာ မိမိရှာဖွေနေသော ရဟူဒီမကလေး 'မာရီယမ်နီ'ပင်ဖြစ်တော့၏။ အက်စကာ၏မျက်နှာမှာ တိမ်များကင်းစင်၍ သွားသော မိုးကောင်းကင်ကဲ့သို့ ဝင်းခနဲ ကြည်လင်၍သွားလေ၏။ ထိုနောက် သူသည် သားကောင်ပေါ်သို့ ခုန်လိုက်သော တောဝက်ရိုင်းတစ်ကောင်ကဲ့သို့ မာရီယမ်နီအပေါ်သို့ ခုန်၍အုပ်ကာ ဂလက်ဒီယေတာ လူအုပ်သို့ ရောက်သွားလေ၏။ မာရီယမ်နီသည် အကြောက်ပြေပျောက်သွားပြီးလျှင် စိုးရိမ်ကြောင့်ကြခြင်း ကင်းမဲ့စွာဖြင့် အက်စကာ၏ ရင်အုပ်ကျယ်ကြီးကိုမှီကာ နှစ်သိမ့်လျက်ရှိလေသည်။

ထိုအခါ ဟာပီးနပ်သည် အားရဝမ်းသာစွာ ဟစ်အော်လိုက်သဖြင့် အိမ်ထဲတွင် စားပွဲပြင်နေသော ကျွန်များပင် လန့်ဖျပ်သွားလေ၏။

"ကောင်းပါလေရဲ့ သူငယ်ရယ်၊ သင့်ကို ဒီလိုကျန်းကျန်းမာမာတွေ့ရတာ ဝမ်းသာလိုက်လေကွယ်။ လာ. . .လာ. . .ကျွန်ုပ်တို့အထဲ လိုက်ခဲ့ဆေတော့။ နောက်မကျသေးပါဘူး၊ ကိုင်း. . .ရဲဘော်တို့ သူ့အတွက် ကျမ်းသစ္စာဆိုလိုက်ကြ၊ ရဖပ သင်နဲ့ ကျွန်ုပ်နဲ့ ဓားသွားချင်းယှက်တဲ့ အထိမ်းအမှတ်ပြကြစို့ရဲ့၊ အချိန်မီကလေးမှ ရောက်လာပလေကွယ်၊ ကိုင်း. . .ကျွန်ုပ်တို့ တစ်တွေသာ ဘာပဲဖြစ်ဖြစ် ကောင်းတူဆိုးဖက် အေးအတူ ပူအမျှပေါ့. . ."

ဟာပီးနပ်မှာ အက်စကာနှင့် မာရီယမ်နီတို့ မည်သို့အဆက်အသွယ်ရှိကြောင်း သိသဖြင့် အက်စကာလည်း ဂလက်ဒီယေတာအုပ်ထဲသို့ဝင်၍ အစေတောင်းစေရန် အက်စကာအား မျက်စိမှိတ်၍ အထိမ်းအမှတ်ပြကာ ကားဆေ


www.burmeseclassic.com

www.burmeseclassic.com



ဖောရော ပြောလိုက်ခြင်းဖြစ်လေသည်။ သို့သော် အက်စကာကား ဟာပီးနပ်၏ ရည်ရွယ်ချက်ကို မရိပ်မိချေ။ သူသည် မိန်းကလေးအနီးသို့ ချဉ်းကပ်လာသော အောကိနော့နှင့် အခြားသူများအား ခက်ထန်သော မျက်လုံးများဖြင့် ကြည့်လိုက်ကာ. . .

"သင်တို့ ဝင်မရှုပ်နဲ့ နောက်ဆုတ်လိုက်၊ မိန်းကလေးက ကျွန်ုပ်နဲ့ အတူသွားဖို့ သူ့သဘောအတိုင်း ရွေးပြီးပြီ၊ သူ့ဖခင်အိမ်ကို ကျွန်ုပ်ပြန်ပို့ရလိမ့်မယ်. . ."

ထိုအခါ လူအုပ်ကြီးသည် အက်စကာအား ဝါးခနဲ ပြောင်လှောင်၍ ရယ်မောလိုက်လေ၏။ ထိုနောက်အသံတစ်သံက . . .

"ကြားကြရဲ့လား. . .ရဲဘော်တို့. . .သူပြောတာက ဆီဇာရဲ့အသံပါလား၊ ကောင်းပါပြီ ကောင်းပါပြီ၊ သင်သာ ကောင်းကောင်းသွားပါ၊ သင်တို့လို ဆံပင်ဝါရောင်ရှိတဲ့ လူရိုင်းတွေများလွန်းလို့ ပိုကောင်းနေပါတယ်၊ သင်အလိုရှိရာသာ သွားပါတော့၊ ဒါပေမဲ့ မိန်းကလေးတော့ ကျွန်ုပ်တို့ဆီမှာ ထားခဲ့"

ထိုစကားကိုကြားလျှင် သူ၏မျက်လုံးများမှာလည်း စိတ်ပျက်ခြင်းမှ ပေါ်ထွက်လာသည့် ဓာတ်သွေးရောင်ဖြင့် လွှမ်းလျက်ရှိလေ၏။

(ကာ) "ကျွန်ုပ်ဟာ သင်တို့အထဲက တစ်ယောက်ပါပဲ၊ သည်တော့ ကျွန်ုပ်ကို မနှောင့်ယှက်ပါနဲ့၊ မိန်းကလေးကိုသာ အိမ်ပြန်ပို့ပြီး သင်တို့အထဲ ကျွန်ုပ်ပြန်လာပါ့မယ်. . ."

ထိုအခါ ဟာပီးနပ်က. . .

"ကိုင်း. . .ရဲဘော်တို့ သူတို့သွားပါစေ။ သူပြောတာ မှန်တာသားပဲ"ဟု ဟစ်အော်လိုက်လေသည်။ ထိုအခါ အောကိနော့သည် အပြင်သို့ အတန်ငယ် ထွက်လာပြီးနောက်. . .

"မဟုတ်ဘူး. . .မဟုတ်ဘူး။ ဒီလူဟာ ကျွန်ုပ်ကို ဘာမှပြောစရာမလိုဘူး။ သာမန်အရပ်သားတစ်ယောက်ကို တောင်ဆပ်ကပ်ကွင်းထဲမှာ ရှုံးခဲ့တဲ့ လူတစ်ယောက်ပဲ။ ပြီးတော့ . . .ဒီကနေ့ည အလုပ်လုပ်ဖို့အထဲမှာလည်း သူပါတာမဟုတ်ဘူး၊ ကျွန်ုပ်တို့အလုပ်လုပ်တဲ့အထဲမှာ ရခဲ့တဲ့ အမြတ်နိုးဆုံး အဖိုးတန်ဆုံး အလှဆုံး ဆုတစ်ခုကို ဘာကြောင့် သူ့ကိုပေးရမှာလဲ. . ."

(ကာ) ဓားလွယ်ရှိသော ခါးပတ်ကို ရှေ့သို့ အတန်ငယ် ဆွဲလိုက်ပြီးနောက်. . .

"ဒီမိန်းကလေးအတွက် သင်တိုက်မလား"

"အောကိနော့"သည် လူကြားထဲသို့ ရောက်အောင် ပြန်၍ ဆုတ်လိုက်ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com 

"ကျွန်ုပ်တို့ရဲ့ ကျမ်းသစ္စာအရ တိုက်ခွင့်မရှိဘူး"

ထိုအခါ အက်စကာသည် မာရီယမ်နီကြားလောက်ရုံမျှ လေသံဖြင့်

"သင့်လက်နဲ့ ကျွန်ုပ်ရဲ့ခါးပတ်ကို မြဲမြဲကိုင်ထားနော်. . .ဒီလူအုပ်ကြီးထဲက ကျွန်ုပ်တို့ ထိုးထွက်သင့်ထွက်ရလိမ့်မယ်"

သို့သော် သူနှင့်ယှဉ်ပြိုင်ရမည့်သူများမှာ လူသာမန်များမဟုတ်ချေ။ သတ်ပွဲအမျိုးမျိုး၊ နှစ်ယောက်ချင်းတိုက်ပွဲအမျိုးမျိုးကို အကြိမ်ပေါင်းများစွာ ရင်ဆိုင်လာခဲ့ဖူးသူ ဂလက်ဒီယေတာများပင်တည်း။ သူ၏ဓားမှ အရောင်လက်နေဘိသကဲ့သို့ တစ်ဒါဇင်ကျော်ကျော်မျှသော ဂလက်ဒီယေတာတို့၏ ဓားသွားများမှ အရောင်တို့သည်လည်း လရောင်အောက်တွင် ပိုးစုန်းကြူးတောက်သကဲ့သို့ တဖိတ်ဖိတ် ကွန့်မြူးကာ ရှိနေကြကုန်၏။

မာရီယမ်နီသည် သတ္တိရှိခြင်း၊ စိတ်နှလုံးကို ဒုန်းဒုန်းချထားခြင်း၊ ချစ်ခင်နှစ်လိုဖွယ်ရှိခြင်း လက္ခဏာတို့ဖြင့် ရောပြွမ်းလျက်ရှိသော မျက်နှာဖြင့် အက်စကာအား မော်၍ကြည့်ပြီးနောက် . . .

"သင့်လက်နဲ့ပဲ ကျွန်ုပ်သေရပါတော့ အချစ်ရယ်။ ကျွန်ုပ်လည်ပင်းသာ သင့်ဓားနဲ့ ပိုင်းချလိုက်ပါတော့။ ကျွန်ုပ်မကြောက်ပါဘူး။ ကျွန်ုပ်ဟာ သင်ရဲ့ပစ္စည်းဖြစ်ပါတယ်။ သင်ကလွဲလို့ ကျွန်ုပ်ကိုယ်ကို ဘယ်သူမှ မပိုင်ပါဘူး"

(နပ်) (ကျယ်လောင်စွာ) "အားလုံး ရပ်လိုက်ကြ၊ သည့်လောက်ဖြစ်ကြတာ တော်လောက်ပြီ ရဲဘော်တို့။ ဟောဟိုက ဆရာကြီး ဟာစ်ပီးယပ်လာနေပြီ။ ဒီကိစ္စ ဆရာကြီးလက်အပ်ရလိမ့်မယ်"

သို့ပြောနေစဉ် ဓားသိုင်းဆရာကြီး ဟာစ်ပီးယပ်သည် ဝန်ကြီးသေဆီဒပ်၏ အိမ်ရှေ့ကွင်းပြင်သို့ ဝင်လာရာ ဂလက်ဒီယေတာများသည် ဆရာကြီးထံသို့ ပြေးသွားကာ ဝိုင်း၍ကြိုဆိုကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၉ ]

ဂလက်ဒီယေတာများအား လေ့ကျင့်ပေးသူ ဓားသိုင်းဆရာကြီး 'ဟာစ်ပီးယပ်'သည်ကား သူ၏အလုပ်နယ်ပယ်တွင် အထွတ်အထိပ်သို့ ရောက်ခဲ့သူဖြစ်၏။ ဟာစ်ပီးယပ်သည် သူဆောင်ရွက်ရမည့် လုပ်ကြံမှုအတွက် ရှေ့တွင်ရမည့်ရာထူးနှင့် လာဘ်သပ်ပကာများကို မြင်ယောင်ကာ စိတ်ကူးဖြင့် ရူးမတတ်ရှိတော့၏။ သတ္တိအကောင်းဆုံးဟု ရွေးချယ်ထားသော မိမိ၏လူတွေကိုလည်းကောင်း၊ လူ ၂၀ အုပ်စုတိုင်း မီးတုတ်နှစ်ခုစီကိုလည်းကောင်း၊ မီးဟုန်းဟုန်းတောက်လျက်ရှိသော နန်းတော်ကြီးကိုလည်းကောင်း၊ သွေးချောင်းစီးသောညဥ့်ကိုလည်းကောင်း၊ ညတွင်းချင်းပင် ဘုရင်တစ်ဆက်မှ အခြားတစ်ဆက်သို့ပြောင်းသွားမည်ကိုလည်းကောင်း စိတ်ထဲတွင် တစ်ခုပြီးတစ်ခုမြင်ယောင်လျက်ရှိတော့၏။ သူကူညီရမည့်အလုပ်ကား အထူးအရေးကြီး၍ အရေးပါအရာရောက်လှပေ၏။ ကိစ္စပြီးသည့်နောက် ပလေစီဒပ်သည် သူ၏ကျေးဇူးကိုမေ့မည်မဟုတ်ချေ။ ထိုအခါ သူ၏ ဘဝသည် တစ်မျိုးတစ်ဖုံပြောင်းသွားလျက်နိုင်ငံတွင် အလွန်မြင့်သော ရာထူးတစ်ခုကို ရပေလိမ့်မည်။ ယခုအခါ လက်လှမ်း၍ မမှီနိုင်သော မာနရှင် မိန်းမချော 'ဗလေရီယာ'ကိုပင် ထိုအခါ လှမ်းဆွတ်ယူနိုင်လိမ့်မည်ဟု မျှော်လင့်ချက်များကို စိတ်ထဲ၌ ထင်မြင်ကာ 'ဟာစ်ပီးယပ်'သည် တစိမ့်စိမ့်ကြည်နူးလျက်ရှိလေ၏။

သူသည် လရောင်အောက်၌ သူ၏ နောက်ပါနောက်လိုက်များ ရှေ့တွင် မားမားရပ်လျက်ရှိစဉ် ဂလက်ဒီယေတာများ၏ အလယ်တွင် 'အက်စကာ' နှင့် 'မာရီယမ်နီ'တို့ကို မြင်ရလေ၏။ သို့နှင့် အက်စကာကို ကြည့်ပြီးနောက်

"မှန်ပါတယ် အက်စကာ. . .သင်ဟာ ဒီကနေ့ည ကျွန်ုပ်တို့အထဲမှာ မပါဘူး. . .ဒါကြောင့် ကိုယ့်လမ်းသာ ကိုယ်အေးအေးသွားပေတော့. . ."

(ဂလက်ဒီယေတာများ) "ဆရာကြီးပြောတာမှန်တယ်၊ သူဟာ ကျွန်ုပ်တို့ ရဲဘော်မဟုတ်ဘူး. . .ဒါကြောင့် ဝေစုကိုလည်းမဆိုင်ဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



အက်စကာသည် ပြန်၍ပြောမည်ပြုစဉ် 'မာရီယမ်နီ'ကစကားကို ဖြတ်၍ ပြောလိုက်လေသည်။

"သူသွားရာ ကျွန်ုပ်လည်း လိုက်မှာပဲ. . .ဒီည ကျွန်ုပ်မှာ ဖခင်လည်း မတွေ့ရ၊ အိမ်သူအိမ်သားတွေလည်း မတွေ့ရ၊ အိမ်ကိုလည်း မပြန်ရ ဖြစ်နေပါတယ်။ ကျွန်ုပ်တို့ကို မခွဲပါနဲ့. . .တောင်းပန်ပါတယ်"

ဟာစ်ပီးယပ်သည် မာရီယမ်နီ၏ လှပသော မျက်နှာကလေးမှ တောင်းပန်လျက်ရှိသော မျက်လုံးများကို လှမ်း၍ကြည့်လိုက်ရာ အက်စကာပင် သူတို့၏ အကြံအစည်ကို သိရှိရိပ်မိလေပြီလောဟု အောက်မေ့မိ၏။ သိလျှင် သူသည် မှူးမတ်တော်သို့ သွား၍ ဆိုင်ရာတို့အား သတိပေးအကြောင်းကြားထားလိမ့်မည်။ ဤသို့ဖြစ်လျှင် ကောင်းလေစွဟု အောက်မေ့မိ၏။ အဘယ်ကြောင့်ဆိုသော်. . .ဟာစ်ပီးယပ်သည် ရန်သူက ခုခံမှသာ ပို၍ တိုက်ခိုက်လိုသော ဆန္ဒများရှိလေသည်။ သို့နှင့် သူသည် မာရီယမ်နီအား. . .

"ဟဲ့အမိုက်မကလေး၊ သူ့ကို သင်တယ်ချစ်သလား. . .ဒါဖြင့်သွားကြပေ့. . .သူ့ကိုပါ ခေါ်သွား. . ."

ထိုအခါ 'ဟင်း'ခနဲ သက်ပြင်းချလိုက်သော ဂလက်ဒီယေတာများ၏ အသံပေါ်ပေါက်လာ၏။ သူတို့အထဲတွင် အောက်နေသာ. . .

"ကျွန်ုပ်တို့ ကျမ်းသစ္စာပြုထားကြတယ် မဟုတ်လား။ ဒီကနေ့ နေထွက်မှပဲ ဒီကျမ်းကို ကျိန်ခဲ့တယ်၊ ဒီည လမဝင်ခင်ပဲ ဒီသစ္စာကို ဖောက်ကြတော့မှာလား. . .ဒီကောင်မကလေးကို ကျွန်ုပ်တို့ပိုင်တယ်. . .ဆရာကြီး ကျွန်ုပ်တို့ရဲ့ ဘိုးစဉ်ဘောင်ဆက် ဥပဒေအရ ကျွန်ုပ်တို့မပေးနိုင်ပါ. . ."

"သင့်ပါးစပ်ကို ပိတ်ထားလိုက်စမ်း. . .သင့်ဆီက ဘယ်သူက မဲဆန္ဒတောင်းသေးလို့လဲ။ ဟာပီးနပ်နဲ့ ရှဖပ်က ပြောစမ်း. . .ဒီကလေးမ ဘယ်နည်းနဲ့ ဒီကို ရောက်လာသလဲ. . ."

ထိုအခါ ဟာပီးနပ်သည် ရထားပိုင်ရှင်၏မျက်နှာကို မထောက်ဘဲ

"ဒီမိန်းကလေးကို ခြေရောလက်ပါ တုပ်နှောင်ပြီး မြင်းရထားပေါ်မှာ စောင်နဲ့ ရစ်ပတ်ထားတာ တွေ့ရပါတယ် ဆရာကြီး. . .သူ့ကို အတင်းအဓမ္မ ခေါ်ဆောင်လာကြပါတယ်။ သူတို့မတရားပြုလုပ်မှာကို ကျွန်ုပ်က ကာကွယ်ခဲ့ပါတယ်။ အခုလည်း မတရားလုပ်မယ့် လူရှိရင် ကာကွယ်ရဦးမှာပဲ. . ."

မာရီယမ်နီသည် ဟာစ်ပီးယပ်အား ကျေးဇူးတင်သော မျက်လုံးများဖြင့် ကြည့်လိုက်၏။ အက်စကာပင် ကျေးဇူးတင်ဟန်ဖြင့် မပီသသော စကားလုံးများကို ရေရွတ်လိုက်ရာ လူအုပ်ကြီးသည် ဟုတ်မှန်သည် သဘောဖြင့် ငြိမ်သက်လျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဟာစ်ပီးယပ်ကား ဓားသိုင်းတွင် ကျင်လည်ရုံမျှမက ကစားပရိယာယ်ဘက်၌လည်း ကျွမ်းကျင်၏။ အကဲခတ်ကောင်း၍ အကင်းပါးလှ၏။ ဓားဖြင့် ဖြေရှင်း၍ မရသော ပြဿနာများကို ပရိယာယ်ဖြင့် အကြိမ်ပေါင်းများစွာ ဖြေရှင်းခဲ့ဖူး၏။ သို့နှင့် သူသည်မျက်နှာကို ချိုချိုထားကာ ပြုံးလိုက်ပြီးနောက် . . .

"ဒီမိန်းကလေးကို ကျွန်ုပ်တို့အားလုံး ပိုင်ပါတယ်။ ဒါကတော့ ယုံမှားစရာမရှိပါဘူး၊ ဒါပေမဲ့ အခုအချိန်ဟာ ခေါင်းမြီးခြုံအောက်မှာ အချစ်ရောင်တောက်နေတဲ့ မျက်လုံးကလေးတွေကို ဂရုစိုက်စရာအချိန်မဟုတ်ဘူး။ ဟာပီးနပ်က သင်ကိုယ်တိုင် ဖမ်းဆီးရရှိလာတဲ့အတွက် ဒီမိန်းကလေး လက်မလွတ်သွားအောင် ဂရုစိုက်ရမယ် အက်စကာကိုလည်း ဒီနေ့ညအသုံးချဖို့ ထားရလိမ့်မယ်။ ကိုင်း. . .အခုရောမမြို့မှာ အမြင့်မြတ်ဆုံး သောက်တဲ့နေရာမှာ အသောက်အကြူးဆုံးဖြစ်တဲ့ ဝန်ကြီးပလေစီဒပ်နဲ့အတူ ညစာစားရအောင် သွားကြစို့. . ."

ဂလက်ဒီယေတာများသည်ကား လက်ရှိမကျေနပ်မှုကို အခိုက်အတန့်မျှ မေ့လျော့ပြီးနောက် 'မှန်ပေတယ် မှန်ပေတယ်'ဟု ဟစ်အော်ကြလေ၏။

ထိုနောက် ဟာစ်ပီးယပ်က ဆက်လက်၍. . .

"ဘယ့်နှယ်လဲ သူငယ်တို့၊ နန်းတော် ဥယျာဉ်ကိုဝင်တော့ ဘယ်လိုလုပ်ကြမလဲ၊ အစောင့်ချထားတဲ့ ဂျာမန်အစောင့်တွေကတော့ ဉာဏ်မရှိတဲ့ ခွေးမိုက်တွေပါပဲ၊ အကောင်းဆုံးကတော့ အခုကျွန်ုပ်တို့ခါးပတ်မှာ ကိုယ်စီပါတဲ့ နှစ်ဖက်သွားဓားတိုလောက်နဲ့ ကိစ္စပြီးနိုင်ပါတယ်။ သည်ဓားက စိတ်လည်းချရတယ်။ မှောင်တော့ မှောင်တယ်နော်၊ ဒါကြောင့်လမ်းမှာ အလင်းရောင်ရအောင် မီးတုတ်တွေယူခဲ့ဖို့လည်း မမေ့ကြနဲ့။ ဟိုဘက်က ဆင်ဝင်အောက်ထောင့်မှာ မီးတုတ် ၂၀ လောက်တော့ အသင့်လုပ်ပြီးသားရှိပါတယ်၊ ကိုင်း သည်တော့ ကျွန်ုပ်တို့ ရဲဘော်တွေနဲ့ပေါင်းပြီး ကျွန်ုပ်တို့ သန်းခေါင်ယံပျော်ပွဲကို ဆီဇာ (ဘုရင်)ရဲ့ အမိုးအောက်မှာ ယှဉ်နွှဲရလိမ့်မယ် ရဲဘော်တို့။ တိုင်းပြည်က မီးဟုန်းဟုန်းတောက်နေတဲ့ နန်းတော်ကြီးနဲ့ နက်ဖြန်နံနက်မှာ 'ဆီဇာ'အသစ်ကို တွေ့ရမြင်ကြရုံပေါ့။

ထိုအခါ ဂလက်ဒီယေတာများသည် ပြောင်လှောင်ရယ်မောကာဖြင့် "ဆီဇာသက်တော်ရာကျော်ရှည်ပါစေ၊ ဆီဇာသက်တော်ရာကျော်ရှည်ပါစေ"ဟု ဟစ်အော်ကြလေ၏။

အသံများ ငြိမ်သွားသောအခါ ရုပ်ဖပ်က. . .

"ကျွန်ုပ်တို့ရမယ့် အဖိုးအခကကောင်းပါရဲ့၊ မရှိုင်းလှပါဘူး၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမယ့် အလုပ်ကလည်း ပရေတာ Praetor (ရောမစစ်ဗိုလ်ချုပ်ကို ခေါ်သည်။) ပြပွဲလောက်ပါပဲ၊ ဒါပေမဲ့ ဟာစ်ပီးယပ်ရဲ့လုပ်ရမယ့် အလုပ်က ရိုးရိုးအလုပ် မဟုတ်ဘူး။ ဆီဇာကိုလည်း တစ်ညတစ်ယောက်လဲမနေနိုင်ဘူး၊ သည်တော့ ရနေကျ အဖိုးအခထက်ပိုမှဖြစ်မယ်"

(ဆရာကြီး) မျက်နှာရွှင်ရွှင်နှင့်

"ဒီဟာမှန်တာပေါ့၊ သင်ဟာ တစ်သက်နဲ့တစ်ကိုယ် ဆီဇာရဲ့နန်းတော်ထဲ ရောက်ဖူးတာ မဟုတ်ဘူး၊ သင်ဆိုလိုတာက အခုရမယ့် အဖိုးအခထက် ပို ပြီး အထူးဆုလာဘ်ရဖို့ သင့်တယ်လို့ဆိုတာ မဟုတ်လား. . .ဒီမှာ ရဲဘော်ကြီး ရဲ့ အခုပေးတဲ့ အဖိုးအခက လူရှိသေရုံလောက် ထုံးစံမပျက်ရုံပါ။ ဆီဇာရဲ့နန်း တော်ထဲကို တစ်ခါရောက်ရင် သင်လိုလက်ခုပ်ကြီးတဲ့ လူတစ်ယောက်ဟာ ဘုရင်တစ်ပါးကို ရွေးယူနိုင်လောက်အောင် တန်ဖိုးရှိတဲ့ ရွှေနဲ့ကျောက်သံ ပတ္တမြားတွေကို လက်တစ်ဖက်တစ်ချက်နိုင်သလောက် ဆုပ်ယူနိုင်ပါတယ်။ ပြီးတော့ အရက်ဆိုတာတော့ မပြောနဲ့တော့၊ အနှစ် ၅၀ သိုလှောင်ထားတဲ့ 'ဝိုင်'အရက်တွေကို ရွှေခွက်တွေနဲ့ ထည့်ထားတာ အရက်လည်းသောက် ရွှေခွက် လည်း ယူပေါ့။ စိန်တွေ ကျောက်တွေဆိုတာတော့ သူ့ဘဏ္ဍာတိုက်ထဲမှာ ကျောက်ခဲတွေလို ပြန့်ကျဲနေတာပဲ။ အလုပ်ကိုသာ အရင်ကိစ္စပြီးအောင် လုပ် စမ်းပါ။ ဒီမှာရှိတဲ့ လူမှန်သမျှ အပြန်မှာ ကိုယ်သဘောကျတဲ့ ပစ္စည်းသယ်နိုင်သ လောက် ယူကြပေါ့"

ဂလက်ဒီယေတာများသည် ကျေနပ်သည့်ဟန်ဖြင့် ဟစ်အော်ဩဘာ ပေးကြလေသည်။

ဟာစ်ပီးယပ်က အထိမ်းအမှတ်ပြလိုက်သည်တွင် သူတို့သည် မီးတုတ် များရှိရာ ဆင်ဝင်နောက်ဆီသို့ ပြေးသွားကြရာ မာရီယမ်နီနှင့်အက်စကာကို ဟာပီးနပ်တစ်ယောက်သာ စောင့်၍ ကျန်ရစ်ခဲ့လေသည်။ ဟာစ်ပီးယပ်သည် ဂလက်ဒီယေတာများအား စကားရော့ဖောရောဖြင့် ရယ်မောကာ ရှေ့သို့သာ တွန်း၍ ပို့လေသည်။ ခုံပေါက်ကျင်းကလေးအောက်သို့ အားလုံးဝင်မိကြသော အခါ၊ ဟာစ်ပီးယပ်သည် နောက်တွင် အတန်ငယ်စောင့်ဆိုင်းနေရစ်ခဲ့လျက်၊ အက်စကာအား. . .

"ရဲဘော်. . .ဒီမိန်းကလေးကို သူ့အိမ်ပြန်ပို့ပေတော့၊ သင့်ကို ကျွန်ုပ် ယုံကြည်ရပါ့မလား"

(မေးသူအား ကျေနပ်လောက်သည့် အမူအရာဖြင့်) "ယုံကြည်ပါ ဆရာကြီး"

ထိုအခါ ဟာပီးနပ်က ဝင်၍. . .



www.burmeseclassic.com

www.burmeseclassic.com


(နပ်) "အက်စကာ သင့်အား နောက်ဆုံးနှုတ်ဆက်ပါသည်။ ဒီက ပန်းပွင့်လှလှကလေးကိုလည်း ကျွန်ုပ်နှုတ်ဆက်ပါသည်။ ကျွန်ုပ်လည်း သင်နဲ့ အတူလိုက်ဖို့ပဲ။ ဒါပေမဲ့ ဒီမှာ ကျွန်ုပ်မရှိလို့ ဒီကနေ့ညမဖြစ်သေးဘူး. . .ကိုင်း ဒီလမ်းက သွားကြပေတော့"

(ယပ်) "ကိုင်း. . .နှစ်ယောက်စလုံး သွားကြပေတော့။ သူတို့ရမယ့် ရွှေငွေတွေကို တပ်မက်နေလို့သာ ဒီအကောင်တွေ စဉ်းစားဉာဏ်ဝင်လာတာ။ သင်နောက်ထပ်သူတို့နဲ့သာ တွေ့ရင် ဘယ်နည်းနဲ့မှ ချမ်းသာရမှာ မဟုတ်ဘူး။ ကျွန်ုပ်ကလည်း နှုတ်ဆက်လိုက်ပါတယ်။ ကိုင်း. . .မြန်မြန်သွားကြ"

သို့နှင့် အက်စကာနှင့် မာရီယမ်နီတို့သည် ခြေကုန်သုတ်ကြလေရာ၊ ဆရာကြီး ဟစ်ပီးယပ်သည်လည်း 'ဟာပီးနပ်'အား ပခုံးကို ပုတ်၍ ခေါ်ကာ ဝန်ကြီး၏ အိမ်တွင်းသို့ ဝင်သွားကြလေ၏။

"ကိုင်းလေ ပျော်ပျော်ပါးပါးပေါ့၊ နက်ဖြန်ကျွန်ုပ်တို့ဟာ မြေကြီးပေါ် ပက်လက်များ အိပ်ပြီးနေကြရမလား မသိဘူး ဟာပီးနပ်ရဲ့၊ ဘယ်သူမှ မပြော နိုင်ဘူး။ ဘယ်သူမှလည်း မသိဘူး။ သိရင်ကော ဘယ်သူက အရေးစိုက်ရဦး မှာလဲ. . ."

"ဒါပေါ့ ရဲဘော်. . ."

"လာပါလေ အချိန်ရှိတဲ့အခိုက် ပလေစီဒပ်ရဲ့ဝိုင်တစ်ခွက်စီလောက် သောက်ကြဦးစို့ . . ."

www.burmeseclassic.com

www.burmeseclassic.com

## [ ၂၀ ]

ပလေစီဒပ်ကား အစားကြူးခြင်း၊ အသောက်ကြူးခြင်း၊ ကာမဂုဏ်ကြူးခြင်းတို့ဖြင့် ပြည့်စုံသူတစ်ယောက်ဖြစ်၍ ယခင်က နာရီပေါင်းများစွာ အမူးလွန်၍ နေခဲ့ဖူးသော်လည်း ယခုတစ်ကြိမ်မှာမူ သေရာမှ ပြန်၍ ရှင်လာသကဲ့သို့ တစ်ကိုယ်လုံး အားအင်များ ယုတ်လျော့လျက် မည်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းကိုမျှ လှုပ်ရှားလိုစိတ် မရှိဘဲ ခြေကုန်လက်ပန်းကျကာ ရှိနေခဲ့၏။

ရေအလွန်ငတ်လျက်ရှိနေသည့်ပြင် နှုတ်ခမ်းများသည်လည်း မီးလောင်ထားသကဲသို့ သွေ့ခြောက်ကွဲအက်လျက်ရှိ၏။ ခေါင်းကိုက်လိုက်သည့်ဖြစ်ခြင်းကလည်း ပြောစရာမရှိချေ။

သို့အသက်ပြန်ဝင်လာပြီးနောက် တစ်စုံတစ်ရာကြောင့်ကျစိုးရိမ်ရန်မရှိကြောင်း သိသောအခါ အရက်ကို ခွက်ထဲသို့ တစ်ခွက်ငှဲ၍ ထည့်ပြီးလျှင်မော့၍ချလိုက်၏။ ထိုအခါမှ အတော်နေသော ထိုင်သာရှိသွားလေသည်။ ထိုနောက်သူသည် မိမိအဖြစ်အပျက်များကို တရေးရေးပြန်၍ သတိရစပြုလာ၏။

မိမိမြတ်နိုးသော ဗလေရီယာသည် ဤနေရာသို့ ရောက်လာကြောင်းသူ့အား မိမိအချစ်ကို အလုံးစုံဖွင့်လှစ်ကာ ကျမ်းသစ္စာပြု၍ ပြောလိုက်ကြောင်းသတိရမိ၏။ သို့သော် ဗလေရီယာကား အခန်းထဲတွင် မရှိတော့ချေ။ ထိုအရက်ထည့်သော ငွေခွက်နှစ်ခွက်ကို မြင်ရသောအခါ ဖြစ်ပျက်ပုံအားလုံးကို ပြန်၍စဉ်းစားမိ၏။ ထိုနောက် သူသည် အက်စကာအား မိမိအကြံပေါ်မည်စိုးသဖြင့်နှုတ်ပိတ်ရန် ဆေးဆရာကြီး 'ပီတိုဆီရစ်'ထံမှ ဝယ်ခဲ့သော အဆိပ်ကို သတိရပြန်၏။ ငွေခွက်တစ်ခုထဲမှ အရက်ကိုလည်း ကုန်လုနီးပါး မိမိသောက်လိုက်မိကြောင်း အမှတ်ရလာ၏။

သို့နှင့်သူသည် ညောင်စောင်းမှ ထခဲ့ပြီးလျှင် အတွင်းခန်းသို့ သွားရောက်ကြည့်ရှုရာ ပြုတ်၍ ကျန်ရစ်ခဲ့သော အက်စကာ၏ လည်ဝင်း၌ တပ်ထားသည့် သံလည်ပတ်နှင့် သံကြိုးကို မြင်ရပြန်သောအခါ မိမိအား တစ်ဝတ်ရှိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဖြစ်ကြောင်း ကောင်းစွာ သိရတော့၏။ ဆေးဆရာကြီး ပီတိုဆီရစ်ကား လိမ်လည်လိုသည့် သဘောဖြင့် အဆိပ်ကို ပေးရမည့်အစား အိပ်ဆေးကို ပေးလိုက်သည်ဟု ဆေးဆရာကြီးအပေါ်တွင် သံသယမရှိချေ။ အက်စကာမှာ ခွန်အားဗလကောင်း၍ လွတ်ထွက်သွားသည်ဟု ယူဆပြီးလျှင် စကားပြောနေခိုက် ဗလေရီယာသည် အရက်ခွက်ချင်းလဲလိုက်ပြီးနောက် မိမိသတိမေ့နေစဉ် သူတို့နှစ်ဦးထွက်ပြေးကြပြီဟုလည်း တွေးမိ၏။

အက်စကာသည် ထိုအချိန်တွင် နန်းတော်သို့သွား၍ မိမိ၏ လျှို့ဝှက်သော အကြံအစည်ကို သတင်းများပင် ပေးပို့လေပြီလော။ သို့ဖြစ်က ဆီဇာ၏ ကိုယ်ရံတော်တပ်သားများ မကြာမီလာရောက်၍ မိမိအား ဖမ်းဆီးတော့အံ့။ ပြေးစရာလည်း အချိန်မရှိ၊ ဖြစ်လိုရာဖြစ်စေ ကြုံတွေ့လတ္တံ့သော ဘေးတို့ကို ရင်ဆိုင်တော့အံ့၊ ဟာစ်ပီးယပ်သည် ဂလက်ဒီယေတာများအား ဤသို့ ညစာပေးနေဆဲတွေ့ရှိခဲ့သော် မည်သို့ပြုလုပ်ရအံ့နည်း။ အကယ်၍လာချေသော် ဟာစ်ပီးယပ်နှင့် သူ၏တပည့်များက ဝင်းတံခါးမှနေ၍ ခုခံနေစဉ် မိမိကိုယ်ကို ကိုယ်လွတ်ရန်းကာ ဆီဇာအားတစ်ဖက်လှည့်သွား၍ ပြောရလျှင် အနည်းဆုံး မိမိအသက်ချမ်းသာရာ ရပေမည်။ ပလေစီဒပ်၏ စိတ်တွင် ထိုအထိ တွေးမိ၏။

မာရီယမ်နီကား ရောက်သင့်လျက် ထိုအချိန်ထိ ပေါ်မလာသေးချေ။ သို့နှင့် ဝန်ကြီးပလေစီဒပ်သည် အိပ်ရာမှ နိုးလာသော သူတစ်ယောက်ကဲ့သို့ အပြင်ခန်းသို့ ထွက်လာပြီးလျှင် ကျွန်များအား ညစာစားပွဲ တည်ခင်းသည့် အစီအစဉ်တွင် အမိန့်ပေးလျက် ရှိ၏။ သို့ရှိစဉ် အက်စကာသည် ပုန်းအောင်းနေရာမှ မြင်ရခြင်းဖြစ်လေသည်။

ရထားမောင်းသော သူငယ်ဝင်လာသောအခါ ဝန်ကြီးပလေစီဒပ်သည် ညစာစားခန်း၌ပင်ရှိသေး၏။

ဒပ်(ဂရုမစိုက်သည့်ဟန်ဖြင့်) "ဘယ့်နှယ်လဲဟေ့ မြင်းတွေတော်တော်အမောပြေသွားပြီလား. . ."

"ပြေသွားပါပြီ သခင်၊ အိုအားဆီးလည်း ဘုရားကျောင်းတံခါးနားမှာ ဆင်းကျန်ရစ်တော့ ဖလန်မီနီယံ လမ်းတစ်လျှောက် စီးသူမပါဘဲ ကျွန်တော်မျိုးချည်း တစ်ယောက်တည်း မောင်းခဲ့ရပါတယ် အရှင်၊ ကျွန်တွေတော့ မကြာခင်ပဲ ပြန်ရောက်ကြပါလိမ့်မယ်. . .ဒါပေမဲ့ ဒမပ်ဆီးပီးယပ်တော့ အခုပြောတာတို့ အရှင်စိတ်ရှိတော် မမူပါနဲ့၊ လမ်းမှာသေသလား ရှင်သလားမသိရဘဲ ကျန်ရစ်ခဲ့ရပါပြီ. . ."

သို့ပြောပြောဆိုဆိုနှင့်ပင် စိတ်မခိုင်ရှာသော မြင်းရထားမောင်းသမားကလေးသည် သူ၏ ဆံပင်များကို လိပ်ဆွဲကာ ငိုယိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



(ဒေါသထွက်လျက်) "ဟဲ့ ကောင်ကလေး လုမိုက်ကလေး ဒါဖြင့် မိန်းကလေးကို ခေါ်မလာခဲ့ကြဘူးပေါ့၊ နေပါဦး ငမိုက်ကလေးရဲ့၊ ညတွင်းချင်း ခေါ်လာဖို့ ဒမပ်ဆီပီးယ္ယပ်ကို ငါအမိန့်ပေးလိုက်တာပဲ. . ."

ရထားမောင်းသမားကလေးသည် ကြမ်းပြင်ပေါ်၌ ဒူးထောက်လိုက်ပြီးလျှင် ပလေစီဒပ်၏ ဝတ်ရုံဖျားကို နမ်းရှုပ်လျက်. . .

"အမှန်ကို လျှောက်တင်ရမယ်ဆိုရင် မြင်းရထားကို ဒီကမောင်းသွားပြီး တိုင်ဗာမြစ်ကမ်းဘေးရောက်တော့ အရိပ်တစ်ခုအောက်မှာ နားရပါတယ်။ နောက်ချက်ချင်းလိုပဲ ဒမပ်ဆီပီးယပ်ဟာ သူ့လက်ထဲမှာ ရထားစီးမယ့် သူတစ်ယောက်ကို အဝတ်နဲ့ထုပ်ပြီး ပွေ့ယူပါတယ်။ နောက်ဒီဟာကို ရထားထဲပစ်သွင်းလိုက်ပြီး ကျွန်တော်မျိုးကို မောင်းဖို့ ပြောတာပါပဲ။ ဒါနဲ့ ကျွန်တော်မျိုးလည်း မြင်းတွေကို ကဆုန်ချပြီး မောင်းလာတာတုန်း အပီယန်လမ်းချိုးရောက်တော့ မီးလောင်နေတာ မြင်ပါတယ်။ လူတွေက တချို့နေရာမှာ တိုက်ခိုက်နေတာ တွေ့ရပါတယ်၊ ဒီအခါ မြင်းတွေက လန့်ပြီး ရှေ့ကို နှင်လို့မရသလို ဖြစ်နေပါတယ် သခင်၊ အဲဒီလိုဖြစ်နေတုန်း အင်မတန် သန်မာထွားကျိုင်းတဲ့ လူ့ဘီလူးကြီးတစ်ယောက်ပေါ်လာပြီး ရထားက မြင်းတွေကို ဝင်ဆွဲတော့တာပါပဲ၊ သူ့နောက်ကလည်း လူတွေ စစ်တပ်တစ်တပ်လောက်ပါလာတယ်၊ သူတို့ဟာ ဒမပ်ဆီပီးယပ်ကို သတ်လိုက်ပြီး ရထားစီးတဲ့လူကိုလည်း အပြင်ထုတ်ယူ၊ ဒီနောက် ဘယ်လိုလုပ်လိုက်သလဲမသိပါဘူး၊ သည်တော့ ကျွန်တော်မျိုးလည်း ကြောက်တာနဲ့ မြင်းရထားကို မြန်နိုင်သမျှ မြန်အောင် ဒီအရောက်မောင်းလာခဲ့တာပါ၊ ဒီဟာတွေ ကျွန်တော်မျိုးရဲ့ အပြစ်မဟုတ်ပါဘူးအရှင်. . ."

ပလေစီဒပ်ကား အပြစ်မဲ့သော ရထားမောင်းသမားကလေး၏ စကားကို ကြားရသောအခါ. . .နှုတ်ခမ်းများကို သွေးထွက်လုမတတ် ကိုက်လိုက်သော်လည်း ရထားမောင်းသမားကလေးကိုမူ နဂိုကပင် သူ၏အချစ်တော်ကလေး ဖြစ်သဖြင့် မျက်နှာကိုပြင်လျက် ပြုံးလိုက်ပြီးနောက်

"အေးကွယ်. . .မြင်းတွေ ဘာမှမဖြစ်တာ တော်လှပြီ။ ကိုင်း. . . သွား မင်းလည်း ညစာစားချေတော့"ဟု အမိန့်ပေးလိုက်၏။

ထိုခဏ၌. . .ဝန်ကြီးပလေစီဒပ်သည် သံကိုသံချင်း ရိုက်ခတ်သံများနှင့်အတူ ခပ်ပြင်းပြင်းနင်းလာသော ခြေသံများကို ကြားရလေရာ မိမိအားဖမ်းဆီးရန် လာလိမ့်မည်ဟု စိတ်ထဲတွင် ထင်နေသည့် ယူနီဖောင်းတွင် ငွေ၊ ယုန်ငှက် တံဆိပ်များပါသော ဆီဇာ၏ တပ်သားများမဟုတ်ဘဲ မိမိ၏ဘာသည့် ဂလက်ဒီယေတာများကို အပြင်ခန်းတွင် မြင်လိုက်ရသောအခါ ရင်ထဲတွင် အလုံးကြီးကျသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

# [ ၂၁ ]

"သင်တို့အား ကျွန်ုပ်ခရီးဦးကြိုပြုပါ၏။ ရဲရင့်သော အသင်စားသမားအပေါင်းတို့. . ."

သို့ပြောဆိုပြီးနောက် ဝန်ကြီးပလေစီဒပ်သည် လက်ခုပ်သုံးကြိမ်တီးလိုက်ရာ ကျွန်(၃)ယောက် ရောက်လာလေသည်။

"ဟဲ့ ကျွန်တွေ . . .ကျွန်ုပ်ရဲ့ မိတ်ဆွေများကို အရက်တစ်ခွက်စီလူစေအောင် ပေးလိုက်ကြားလား. . .ဩော်. . .အသင်စားသမားများကို ကျွန်ုပ်ပြောချင်တာကတော့ သင်တို့ရဲ့ ကပ္ပတိန်နဲ့ ကျွန်ုပ်စကားသုံးခွန်းလောက်ပဲ ပြောစရာရှိပါတယ်၊ နောက်ညစာကို ဆက်ပြီး စားကြရုံပါပဲ. . ."

သို့နှင့် ပလေစီဒပ်သည် ဟစ်ပီးယပ်အား လွတ်ရာသို့ ခေါ်သွားလေ၏။

"အချိန်ဖြုန်းနေလို့ မဖြစ်ဘူး ဟစ်ပီးယပ်ရဲ့. . .ဒီမှာကြည့်စမ်း ကျွန်ုပ်တို့ မထင်တာဖြစ်သွားတယ်၊ ဟို ကျွန်ကောင်ဟာ လွတ်ထွက်သွားပြီ. . . သည်တော့ နန်းတော်ကို တိုက်ဖို့ရန် နှောင့်နှေးနေလို့ မဖြစ်ဘူး. . ."

(တီးတိုးလေသံဖြင့်) "ကျွန်ုပ်သိပါတယ်. . .ဒါပေမဲ့ အခုအချိန်ဟာ ဂျာမန်ကင်းသမားတွေ စစ်သားချင်းလဲနေတဲ့အချိန်ပဲ၊ ကျွန်ုပ်ရဲ့ လူတွေလည်း အသင့်မဖြစ်သေးဘူး၊ ပြီးတော့လည်း အချိန်က သိပ်မမှောင်သေးပါဘူး အရှင်"

"အသင်သိတယ်ဟုတ်စ. . .ဒါနဲ့တောင် ပြင်ချင်တဲ့နေရာမှာ တယ်နှောင့်နှေးပါကလား၊ ဟစ်ပီးယပ် ကျွန်ုပ်တို့ရဲ့ အသက်ဟာ ဆံပင်ဝါဝါနဲ့ ကျွန်ရိုင်းတစ်ကောင်ရဲ့ လက်ထဲမှာ ရှိနေတယ်. . .ဟိုဘက်ခန်းမှာ အသင့်ပြင်ထားတဲ့ညက စားပွဲကိုတောင် ကျွန်ုပ်တို့အားလုံး စားချင်မှလည်း စားရမယ် ဟစ်ပီးယပ်ရဲ့. . .ကျွန်ုပ်တို့ နှစ်ယောက်စလုံးရဲ့ လည်ပင်းမှာ ဓားဝဲနေတာ ခင်ဗျက်နဲ့ သင်လုပ်ပုံက အေးစက်စက်နိုင်လှပါကလား. . ."

"ကျွန်ုပ်ရဲ့ လည်ပင်းကိုတော့ ကျွန်ုပ်ကာကွယ်တတ်ပါတယ် အရှင်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လည်း ကျွန်ုပ်ဝါသနာက ဘေးဥပါဒ် မရောက်ခင် ဘယ်တော့မှ မကြောက်တတ်ဘူး။ လူရိုင်းကောင် လွတ်သွားတယ်ဆိုတာတော့ ကျွန်ုပ်သိပါတယ်။ လွန်ခဲ့တဲ့ ၁၀ မိနစ်လောက်ကပဲ အရှင့်အိမ်ဝင်းတံခါးနဲ့ ခြေလှမ်း ၁၀၀ လောက်မှ မဝေးတဲ့နေရာမှာ သူ့ကို ကျွန်ုပ်မျက်စိနဲ့ မြင်လိုက်သားပဲ. . ."

ဝန်ကြီးပလေစီဒပ်သည် အံ့ဩစွာဖြင့် မျက်လုံးကြီးများကို လှန်၍ ကြည့်လိုက်၏။ ထိုနောက် "ဒါဖြင့် သူနန်းတော်မရောက်သေးဘူးပေါ့"

(အေးဆေးစွာ ပြုံးလျက်) "စိတ်ချပါ။ မရောက်သေးပါဘူး။ မရောက်ရုံ ဘယ်ဟုတ်မလဲ။ သူ့မှာအဖော်တောင် ပါလာလိုက်သေးတယ်။ ကျွန်ုပ်တို့ကို မနှောင့်ယှက်ပါဘူး။ ဝန်ကြီးမင်း ကျွန်ုပ်ပြောတဲ့ စကားယုံပါ"

"သင်ဘာကို ဆိုလိုတာလဲ ဟစ်ပီးယပ်ရဲ့ ပြောစမ်းပါဦး။ သင်အသုံးပြုနေကျ ဓားနဲ့ သူ့ကိုတစ်ခါတည်း နှတ်ပိတ်လိုက်လို့လား။ နှုတ်ပိတ်တယ်ဆိုတာ ရွှေနဲ့ပိတ်ရင် ခဏပဲ ခံတယ်။ ဓားဆိုတော့ တစ်သက်လုံးသွားရော"

(ခပ်ပြောင်ပြောင် ရယ်မောလျက်) "ဟား. . .ဟား. . .ဟား မဟုတ်ပါဘူး ဝန်ကြီးမင်းရဲ့။ ကျွန်ုပ်ခပ်ရှင်းရှင်းပြောပါ့မယ်၊ အခုလက်ငင်းတော့ အကျိုးစကာအတွက် စိုးရိမ်စရာမရှိပါဘူး၊ မျက်နှာဖြူဖတ်ဖြူရော်နဲ့ မိန်းကလေးတစ်ယောက်ကို တိုင်ဗာမြစ်ကမ်းအထိ ကလေးမနေအိမ်အရောက် သူလိုက်ပို့မယ်လို့ အာမခံခေါ်သွားတာ ကျွန်ုပ်မြင်လိုက်ပါတယ်။ ကျွန်ုပ်ပြောတာ စိတ်သာချပါ။ ဒီဟာအပြင်ကလွဲလို့ သူဘာမှ ဒီကနေ့ည စိတ်ကူးမှာ မဟုတ်ပါဘူး"

(ဗလေရီယာကို စိတ်ကူးရင်း)"ဘယ်သူ ဟစ်ပီးယပ်ရဲ့၊ မျက်နှာဖြူဖတ်ဖြူရော်နဲ့ မိန်းကလေးဟုတ်စ၊ သူက ဘာလဲ . . . ဘယ်ကလဲ . . . သင်ပြောနေတာ ဘယ်မိန်းကလေးပါလိမ့်။ ဒါထက် ဒီမိန်းကလေးနဲ့ သင်စကားပြော လိုက်ရသေးသလား"

"ဒီမိန်းကလေးရဲ့အကြောင်း ကျွန်ုပ်ရဲ့ လူများပြောပုံကတော့ မြင်းဖြူတွေတပ်ထားတဲ့ မြင်းရထားတစ်စီး လမ်းပေါ်မှာ မှောက်လို့ အဲဒီရထားမှာ ပါးစပ်ကို အဝတ်ဆို့ပြီး တစ်ကိုယ်လုံးစောင်နဲ့ အုပ်ထားတဲ့ မိန်းကလေးတစ်ယောက်တွေ့ရတာနဲ့ ရထားထဲက သူတို့ဆွဲထုတ်ယူရသတဲ့၊ သူတို့အပြောတာတော့ ရဟူဒီမကလေးဆိုပဲ"

ပလေစီဒပ်သည် မြင်းဖြူတပ်ထားသော ရထားနှင့် ရဟူဒီမကလေး ဆိုသော စကားနှလုံးကို ကြားရရုံနှင့်ပင် ကျေနပ်ခဲ့လေပြီ။ ယုံမှားစရာမရှိတော့ပေ။ ဤဂလက်ဒီယေတာများကား မာရီယမ်နီကို အမှတ်မထင်တွေ့ပြီးသွင် မိမိတပည့်များလက်တွင်းမှ ကယ်ဆယ်ပြီးနောက် ကမ္ဘာပေါ်တွင် မိမိအရှုံးဆုံး



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်လက်ထဲသို့ ပေးအပ်လိုက်ကြလေပြီ။ ပလေစီဒပ်သည် အထက်ပါအတိုင်း တွေးလျက်ရှိလေ၏။ သို့သော် ပလေစီဒပ်ကား မိမိဝမ်းထဲမှ အကြံအစည်ကို မည်သို့ဖုံးဖိရမည်ကို ကောင်းစွာ သိသူဖြစ်လေသည်။

ဟာစ်ပီးယပ်၏ ပခုံးကို ပုတ်လျက်"ကိုင်း. . .ကိုင်း ညစာအသင့်ရှိနေပြီ အထဲဝင်ကြစို့"

ညစာစားပွဲမှာ အတွင်းခန်း၌ ခမ်းနားစွာ ပြင်ဆင်ထားရာ ထိုအခန်းမှာ ဘုရင်ဗီတီးလီးယပ်ကိုယ်တိုင် အကြိမ်ပေါင်းများစွာ လာ၍ရောက်စားသောက်ဖူးသော အခန်းဖြစ်လေသည်။ ကြမ်းပြင်မှာ ရောင်စုံကျောက်ပြားများကို လေးကွက်ချ၍ ခင်းထားသော ကြမ်းပြင်ဖြစ်၏။ နံရံများမှာ ရှောက်သားကို အကွက်ထအောင် အရောင်တင်၍ ထားပြီးလျှင် အချို့နေရာ၌ ရွှေဖြင့် ပန်းနွယ်ပန်းခက်များ ထွင်းဖောက်ကွပ်ကဲထား၏။ မှန်ကူကွက်များအကြား၌မူ ရောမလူမျိုးတို့ ဂရုတစိုက်ထားသည့် ဆိတ်ရုပ်များကို အဖိုးတန်သတ္တုအမျိုးမျိုးဖြင့် ထုလုပ်သွင်းထားသေး၏။ ညောင်စောင်းများမှာ ရွှေကပ်၍ထားသော ဆင်စွယ်ဖြင့် ပြုလုပ်ထားသဖြင့် မီးရောင်ဖြင့် ပထာရပြီးလျှင် ယင်းတို့အပေါ်၌ ရောင်စုံကမ္ဗလာများအုပ်ထားလေသည်။ စားပွဲများမှာမူ စီဒါခေါ် အသားမာသစ်မျိုးဖြင့်လည်းကောင်း၊ ပန်းထု၍ထားသော လောဟာ သတ္တုများဖြင့်လည်းကောင်း ပြုလုပ်ထား၏။ ပန်းကန်ပြားနှင့် အရက်ခွက်များမှာ ရွှေအစစ်များ ဖြစ်ကြပြီးလျှင် ပတ္တမြား၊ မြ၊ ပုလဲစသော အဖိုးတန် ကျောက်မျက်ရွဲတို့ဖြင့် စီခြယ်ထားလေသည်။

စကားတပြောပြောနှင့် ညစာကို စားသောက်ကြပြီးနောက် ပလေစီဒပ်သည် နေရာမှ ရုတ်တရက် ထလိုက်၏။ ဤသို့ ဗြုန်းခနဲ ထလိုက်ခြင်းပင်လျှင် ဧည့်သည်များ အံ့အားသင့်၍ သွားစေ၏။ ထိုနောက် ပလေစီဒပ်သည် အောက်ပါအတိုင်း ပြတ်သားစွာ ပြောဆိုလေသည်။

"ရဲဘော်တို့. . .ကျွန်ုပ်၏ စကားကို နားထောင်ပါလော့။ ယခုညကျွန်ုပ်တို့သည် နန်းတော်ကို မီးတိုက်ကြအံ့။ ထီးနန်းကို သိမ်းပိုက်ကြအံ့။ ဆီဇာကို ရာဇပလ္လင်မှ ချထားကြကုန်အံ့။ ဤအရာများကား သင်တို့သိကြပြီးဖြစ်၏။ သို့သော် သင်တို့မသိသေးသောအရာကျန်သေး၏။ ကျွန်ုပ်တို့အကြံအစည်ကို ကောင်းစွာ သိသွားသော လူတစ်ယောက်သည် ကျွန်ုပ်လက်တွင်းမှ လွတ်မြောက်သွား၏။ ယခုမှ တစ်နာရီအချိန်ကြာလျှင် နောက်ကျပေတော့မည်။ ကျွန်ုပ်တို့သည် သွေးသောက်မိတ်ဆွေရင်းချာများဖြစ်ကြ၍ တစ်လေ့တည်းစီးနင်းလျက်ရှိကြ၏။ ကုန်းမြေသည် လေးတစ်ပစ်ခန့်မျှပင် ဝေးတော့ချေ။ သို့သော် ပင်လယ်ကားလှိုင်းကြီးလျက်ရှိ၏။ လေထန်၍နေ၏။ မငြိမ်



www.burmeseclassic.com

www.burmeseclassic.com


မသက်သော လှိုင်းလုံးများသည် သင်္ဘောရောကို ရိုက်ခတ်လျက်ရှိ၏။ သို့ဖြစ်၍ သင်တို့သည် ခါးကိုကုန်းကာ ဘေးအန္တရာယ်ကင်းရှင်းရာ ကမ်းခြေသို့ ရောက်အောင် ကျွန်ုပ်နှင့်အတူ လှေကို လှော်ခတ်ကြပါမည်လော. . ."

ဝန်ကြီးပလေစီဒပ်သည် ဤနေရာ၌မူ အသက်ရှူရန် ခေတ္တမျှရပ်ဆိုင်းလိုက်၏။

ထိုအခါ စိတ်အားထက်သန်လှသော သူအချို့က. . .

"ကျွန်ုပ်တို့ပြုလုပ်ပါမည်၊ ကျွန်ုပ်တို့ ပြုလုပ်ပါမည်. . .လှိုင်းကြီးသည်ဖြစ်စေ၊ လေထန်သည်ဖြစ်စေ၊ မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ၊ ကျွန်ုပ်တို့ ပြုလုပ်ကြပါအံ့. . ."

သူတို့ကား မည်သည့်အရာမဆို လုပ်ကိုင်ရန် အသင့်ရှိနေကြ၏။ သို့နှင့် ဂလက်ဒီယေတာများသည် နေရာမှ ခုန်၍ ထလိုက်ကြပြီးလျှင် လက်နက်များကို ရဲရဲတောက် စွဲကိုင်လိုက်ကြကုန်၏။ ထိုနောက် သူတို့၏ ထိပ်မှ ပလေစီဒပ်ခေါင်းဆောင်ကာ နန်းတော်ဆီသို့ ချီတက်သွားကြလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

[ ၂၂ ]

နန်းတော်၌ကား ပြည်တွင်းသူပုန်သည် စ၍နေချေပြီ. . .ပထမ အပြင်အပတွင် ရန်ပွဲနှင့်တိုက်ခိုက်ပွဲကလေးများဖြစ်ပွားရာမှ ယခုအခါ သောင်းကျန်းသူများသည် ဗီတီးလီးယပ်၏ နန်းတော်မှ ကိုယ်ရံတော်တပ်၏ တစ်စိတ်တစ်ဒေသဖြစ်သော ကင်းတပ်ကို တိုက်ခိုက်လျက်ရှိနေလေပြီ။ ဆီဇာဖြစ်သူ ဗီတီးလီးယပ် အားကိုးအားထားပြုရန်မှာ ထိုစစ်တပ်တစ်တပ်သာ ရှိတော့၏။

အက်စကာသည် မာရီယမ်နီအား သူ၏ဖခင် အလီဇာ၏ လက်သို့ ပေးအပ်ခဲ့ပြီးနောက် နန်းတော်သို့ အပြေးအလွှားလာခဲ့လေ၏။ သူသည် ဂျာမန်ကင်းစောင့်စစ်သားတစ်ယောက်နှင့် တွေ့သဖြင့် အကျိုးအကြောင်းပြောပြ၏။ သို့သော် ကင်းစောင့်စစ်သားကား လက်တင်ဘာသာစကားကို နားမလည်သဖြင့် မကြာမီ စစ်ဗိုလ်တစ်ဦးရောက်ရှိလာရာ အက်စကာလည်း စစ်ဗိုလ်အား အကျိုးအကြောင်းကို အမြန်ပြောပြလေသည်။

"ဗိုလ်မှူး ကျွန်ုပ်ကို ဆီဇာထံကိုသာ အမြန်ခေါ်သွားပါတော့။ သူ့အသက်ကို အမြန်ဆုံး ကယ်ဆယ်ဖို့ ရှိပါတယ်။ ဝန်ကြီးပလေစီဒပ်ဟာ သစ္စာဖောက်ပါပြီ. . ."

စစ်ဗိုလ်သည် ရိုးသားစွာ ပြောသော အက်စကာ၏ စကားများနှင့် သူ၏အမူအရာကို မယုံကြည်ရန်အကြောင်းမရှိသဖြင့် အက်စကာ၏ လက်နက်ကိုသာ ခေတ္တသိမ်းဆည်းထားလိုက်ပြီးလျှင် ကိုယ်ရံတော်တပ်မကြီးရှိရာသို့ လွှတ်လိုက်လေ၏။

သို့နှင့် နန်းတော်တွင်းသို့ ရောက်၍ ရှေ့တံခါးမှ ဝင်မိသောအခါ အက်စကာသည် ကိုယ်ရံတော်တပ်ရှိရာသို့မသွားဘဲ ဘုရင်ရှိရာအဆောင်ကိုသာ ရှာဖွေတော့၏။ နန်းတော်တွင်း အခန်းကြီးများ၊ ဆောင်ကူးများ၊ ခန်းများမှာ အဆုံးမရှိသလောက် ကြီးကျယ်သဖြင့် အတွင်းသို့ ရောက်သောအခါ လူသံများမှာ လွန်စွာ တိတ်ဆိတ်လျက်ရှိတော့၏။ လူစလူနမှတွေ့ရသော်လည်း မမြင်ရချေ။


www.burmeseclassic.com

www.burmeseclassic.com


အဆောင်အခန်းများမှာ အတွင်းဘက်သို့ရောက်လေလေ ခမ်းနားကြီးကျယ်၍လာလေလေဖြစ်လေသည်။ နောက်ဆုံးမိမိလက်ဝဲဘက်ရှိ အခန်းကြီးတစ်ခုအတွင်းမှ စကားပြောသံများကြားရသဖြင့် အက်စကာသည် ထိုအခန်းတွင်းသို့ မကြောက်မရွံ့ပြေးဝင်သွားလေ၏။ အခန်းတွင်း၌ကား ဦးခေါင်းပေါ်တွင်ပန်းခွေများစွပ်လျက် နန်းတွင်းအမှတ်အသားတံဆိပ်ဝတ်ရုံကြီးများကို ဝတ်ထားသည့် ဘုန်းကြီးလေးငါးခြောက်ဦးတို့သည် စားကြွင်းစားကျန်များ တင်ထားသော လေးထောင့်စားပွဲကို ဝိုင်းကာစကားပြောလျက်ရှိနေသည်ကိုတွေ့ရလေ၏။

အက်စကာ ဝင်သွားသည်နှင့်တစ်ပြိုင်နက် "ဟော. . .သူတို့လာကုန်ကြပြီ"ဟု ဆိုကာ ဘုန်းကြီးဝကြီးတစ်ဦးမှအပ ကျန်ဘုန်းကြီးများသည် သိုးအုပ်ထဲသို့ ခွေးတစ်ကောင်ဝင်လာသကဲ့သို့ အခြားထွက်ပြေးကြလေ၏။ ဘုန်းကြီးဝကြီးတစ်ဦးသာလျှင် ရှေ့သို့ အတန်ငယ်တိုးလာလျက်. . .

"သင်ဘာအလိုရှိသလဲ. . ."

"ကျွန်ုပ်ဆီဇာကို ချက်ချင်းတွေ့လိုပါတယ်. . ."

"ဆီဇာအလုပ်ရှုပ်နေပါသည်၊ နှောင့်ယှက်၍ မဖြစ်ပါ. . ."

"သင်သည် ဂျာမန်စစ်တပ်မှ ဖြစ်ပါသလား. . ."

အက်စကာအား မေးလိုက်သော ဘုန်းကြီးမှာ အခြားသူမဟုတ် ယခင်အက်စကာက တစ်ကြိမ်လက်သီးဖြင့် ထိုးသတ်ခဲ့ဖူးသော ဘုန်းကြီးဝကြီး စပါဒိုပင်ဖြစ်၏။ စပါဒိုကား သခင်ကိုကပ်၍နေသော ခွေးအိုကြီးကဲ့သို့ ဆီဇာကို သစ္စာမဖောက်ဘဲ ရှိနေခဲ့လေသည်။ အက်စကာသည် စပါဒို၏မျက်နှာကို သေချာစွာကြည့်ပြီးနောက်. . ."သင့်အား ကျွန်ုပ်သိပါသည်၊ တစ်ခါစိတ်ဆိုးသဖြင့် သင့်ကို ကျွန်ုပ် တစ်ကြိမ်ထိုးသတ်ခဲ့ဖူးသည်မဟုတ်ပါလော၊ သို့သော်. . .ယခု ကျွန်ုပ်သည် သင်တို့အသက်များနှင့်တကွ ဆီဇာ၏အသက်ကိုပါ ကယ်ဆယ်ရန် လာရောက်ခြင်းဖြစ်ပါသည်. . ."

"သင် ဘယ်လိုကယ်ဆယ်မှာလဲ၊ ဆီဇာကိုဘယ်လိုလုပ်ပြီး သင်ကယ်နိုင်မှာလဲ၊ ဂျာမန်စစ်တပ်သည် နောက်လည်း တဖြည်းဖြည်းဆုတ်လာရပြီဟု ကြားရပါသည်. . ."

"သို့သော် အနည်းဆုံး နာရီဝက်လောက်ဖြင့် ဂျာမန်စစ်တပ်ဟာ ရန်သူတွေကို တားပြီး ထားနိုင်ပါသေးတယ်၊ ဘုရင်ဟာ ဘယ်နည်းနဲ့မဆို လွတ်မှဖြစ်ပါလိမ့်မယ်. . .ဂျူလီးယပ်ပလေစီဒပ်ဟာ သစ္စာဖောက်ပြီး ဂလက်ဒီယေတာ ၂၀၀ ကိုခေါင်းဆောင်လာနေပါပြီ. . ."

"ဩော်. . .ဟုတ်လား၊ ဒါပေမဲ့ ဆီဇာဟာ အလုပ်များနေတယ်၊ သူနဲ့တော့ တွေ့နိုင်မယ် မထင်ဘူး. . ."

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၃ ]

အက်စကာသည် စပါဒိုအား နံဘေးသို့ တွန်းဖယ်ပစ်ခဲ့ပြီးနောက် အခန်းအတွင်းဘက်ရှိ တံခါးငယ်ကလေးမှ နောက်ဘက်သို့ ဝင်သွားလေ၏။ ဆောင်ကူးကလေးတစ်ခုကို ကျော်မိသောအခါ ကမ္ဗလာနီခန်းဆီးတစ်ခုကာထားသည့် တံခါးတစ်ခုကို တွေ့ရသည်နှင့် ခန်းဆီးကိုဖယ်ရှားပြီးလျှင် အတွင်းသို့ ပြေးဝင်သွားလေသည်။

ထိုအခန်းမှာ ဆီဇာ၏ အခန်းပင် ဖြစ်တော့၏။ ရွှေသလွန်တစ်ခု၏ အပေါ်၌ကား အဝတ်အစားများ လျော့တိလျော့ရဲ ပြေကျလျက်ရှိသော ဆီဇာဗီတီးလီးယပ်သည် လဟာပြင်ကို ကြည့်နေသော မျက်လုံးများဖြင့် အက်စကာဝင်လာသည်ကို ပြူးကြောင်စွာ ကြည့်လျက်ရှိလေသည်။ ပန်းခွေတစ်ခုသည်လည်း သလွန်၏ ခြေရင်းတွင် ပုံလျက်ရှိ၏။ မကြာမီ တိုင်းပြည်နှင့်တကွ အားလုံးဆုံးရှုံးရတော့မည် အဖြစ်ကိုသိသော်လည်း ဗီတီးလီးယပ်သည် နေ့စဉ် ပြုလုပ်မြဲဖြစ်သည့်အတိုင်း ညစာစားအပြီးတွင် တစ်ရေးတစ်မော မှိန်းကာ ဖြေနေခိုက်ဖြစ်လေသည်။

အက်စကာသည် သလွန်ရင်း၌ ဒူးထောက်လိုက်ပြီးလျှင် အောက်သို့ ပုံကျလျက်ရှိသော ဆီဇာ၏ ဝတ်ရုံစကို နမ်းရှုံ့လိုက်၏။

(ကာ) "အချိန်ဖြုန်းရန် အနည်းငယ်မျှ မရှိပါ။ အရှင်မင်းမြတ်ရန်သူများသည် နန်းတော်တံခါးများကို တိုက်ခိုက်လျက်ရှိနေပါပြီ။ ကိုယ်ရံတော်များကပင် နောက်သို့ ဆုတ်ခွာနေရပြီဖြစ်၍ ကျွန်ုပ်အားယုံကြည်ပါက အရှင်လွတ်မြောက်ရန် လမ်းရှိပါသည်. . ."

ဗီတီးလီးယပ်ကား မဝေခွဲနိုင်သော မျက်လုံးများဖြင့် အက်စကာကို ကြည့်ရှုလျက်ရှိလေ၏။ ထိုခဏ၌ နန်းတော်ဥယျာဉ်များဆီမှ အော်သံတစ်ခုကို ကြားလိုက်ရပြီးလျှင် ခြေသံများ ဗလုံးဗထွေးအသံများနှင့်တကွ သံကိုသံချင်း ထိခိုက်သော တချွင်ချွင် တချွမ်ချွမ်အသံများကို ကြားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အက်စကာသည် အကယ်၍ပင် ရိုးသားဖြောင့်မတ်သည့် အမူအရာဖြင့် ဆီဇာအား တောင်းပန်လျက်ရှိလေသည်။

"အရှင်ကိုယ်တိုင် အဝတ်အစားလဲပြီး အမြန်ရုပ်ဖျက်ပါ။ ဤနန်းတော်အတွင်းမှ ရာပေါင်းများစွာသော ကျွန်တို့သည် အပြင်သို့ထွက်လျက်ရှိကြပါသည်။ ကျွန်များကို မည်သူကမျှ ဂရုမစိုက်ကြပါ။ အရှင်သည် ကျွန်ကဲ့သို့ အဝတ်ကြမ်းတစ်စုံကို ဝတ်ကာ ကျွန်ုပ်နောက်သို့ လိုက်ခဲ့ပါလော့. . ."

"သင် ဘယ်သူလဲ. . .ဒီကို သင်ဘယ်နည်းနဲ့ ရောက်လာသလဲ..."

"ကျွန်ုပ်သည် ဗြိတိန်လူမျိုးကျွန်တစ်ယောက်ဖြစ်၍ ယခုသစ္စာဖောက်သော ဝန်ကြီးပလေစီဒပ်၏ လက်တွင်းတွင် မတရားဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရသူဖြစ်ပါသည်။ သို့ရှိစဉ် ဝန်ကြီးပလေစီဒပ်သည် 'ဗက်စပါဆီယန် ပါတီ' က ကူညီကာ ဂလက်ဒီယေတာများနှင့် တိုင်ပင်၍ အရှင့်အသက်ကို လုပ်ကြံရန် ကြံစည်ကြောင်း ကျွန်ုပ်ကိုယ်တိုင် ကြားသိခဲ့ရပါသည်။ ယခုတိုက်ခိုက်နေသူများသည်လည်း အလွန်ကျွမ်းကျင်သော ဂလက်ဒီယေတာ ၂၀၀ ခန့်ကို ပလေစီဒပ်က ခေါင်းဆောင်၍ တိုက်နေခြင်းဖြစ်ပါသည်. . ."

ထိုနောက် အက်စကာသည် သူလွတ်မြောက်လာပုံနှင့်တကွ မည်သို့မည်ပုံ ဤနန်းတော်သို့ သတင်းပေးရန် စွန့်စားလာရောက်ခဲ့ကြောင်းများကို အတိုချုပ် ပြောပြလေ၏။

"အလို. . .ပလေစီဒပ်ဆိုပါကလား မှန်ရဲ့လား. . ."

"မှန်ပါတယ် အရှင်မင်းမြတ်. . ."

"ဒီလူဟာ ဘယ်သူ့ကိုမှ ချမ်းသာပေးမယ့်လူမဟုတ်ဘူး၊ ကောင်းပါပြီ မိတ်ဆွေ၊ မိတ်ဆွေစကားကို ကျွန်ုပ်နားထောင်ပါတော့မယ်။ သင့်ကိုလည်း ယုံကြည်ပြီး သင်ခေါ်ရာ ကျွန်ုပ်လိုက်ပါ့မယ်။ နက်ဖြန်အထိသာ ကျွန်ုပ်ဘုရင်ဖြစ်နေသေးရင် သင်ဟာ ရောမမြို့မှာ အကြီးဆုံး လူတစ်ယောက် ဖြစ်ပါလိမ့်မယ်. . ."

သို့ပြောဆိုလျက်ရှိစဉ် ဗီတီးလီးယပ်သည် သူ၏ကိုယ်ပေါ်မှ အနီရောင်အနားသတ်ထားသည့် ဝတ်ရုံကြီးကို မခုံးပေါ်မှ ခွာချလိုက်ပြီးလျှင် သူ၏လက်မှ နန်းဝွှင်းတံဆိပ်ပါသော လက်စွပ်ကိုလည်း ချွတ်လိုက်လေသည်။

"ကျွန်ုပ်ရဲ့ ကိုယ်ရံတော်ကင်းစောင့်တပ်ကတော့ ရွတ်ရွတ်ချွံချွံ ခုခံပါလိမ့်မယ်။ ပလေစီဒပ်ဟာ ကျွန်ုပ်သိသမျှတော့ ကျွန်ုပ်ဘက်က လူတွေနဲ့ အနိုင် ဆယ်ယောက်နဲ့တစ်ယောက်လောက် ရှိလိမ့်မယ်ဆိုတာ ကျွန်ုပ်ပြောပါတယ်။ ဒါပေမဲ့ သူတို့ဟာ ကျွန်ုပ်တို့နန်းတော်က ထွက်နိုင်တဲ့အချိန်အထိ သူတို့ ရှေ့မတက်နိုင်အောင် ကျွန်ုပ်တို့ဘက်က တန့်ထားပါလိမ့်မယ်။ ဥယျာဉ်ထဲ

www.burmeseclassic.com

မှောင်တယ်၊ သည်တော့ ဥယျာဉ်ထဲမှာ ခဏပုန်းနေပြီး ကျွန်ုပ်ရဲ့ဇနီးအိမ်ကို သွားကြတာပေါ့။ ကျွန်ုပ်ရဲ့ ဇနီးကတော့ သစ္စာမဖောက်ပါဘူး. . ."

ထိုအချိန်၌ကား ဆီဇာသည် ကျွန်များဝတ်လေ့ရှိသည့် ချည်ကြမ်းထည် ကိုယ်ရုံကြမ်းတစ်ခုကို ဝတ်ဆင်ပြီးပြီဖြစ်၍ သာမန်ကျွန်တစ်ယောက်နှင့် မထူးခြားတော့ချေ။

ထိုနောက် အက်စကာသည် ဆီဇာအား စပါဒိုရှိရာ အခန်းသို့ ခေါ် သွားလေ၏။ စပါဒိုသည် အခန်းထဲတွင် စကြံလျှောက်ကာ အကြံထုတ်နေလေသည်ကို တွေ့ရသဖြင့် အက်စကာက အကူအညီတောင်းလေသည်။ ထိုအခါ စပါဒိုသည် နန်းတော်အတွင်းအပြင်နှင့်တကွ လျှို့ဝှက်နေရာများကို ကောင်းစွာ သိရှိသူဖြစ်သည့်အတိုင်း စကားအထစ်ထစ် အငေါ့ငေါ့နှင့်ပင် အောက်ပါအတိုင်း ညွှန်ကြားလေ၏။

"ဒီအဆောင်မကြီးရဲ့ နောက်တည့်တည့်က သွားရင် စကြံအမြင့်တစ်ခုရှိပါတယ်။ ဒီစကြံကသာ ရောက်အောင်သွားပြီး အောက်ကိုတစ်ခါ လမ်းကျဉ်းကလေးအတိုင်း ဆင်းသွားတော့ ဥယျာဉ်တော်ထဲမှာ သစ်ပင်အထူထပ်ဆုံးနေရာကို ရွေးပြီးဆောက်ထားတဲ့ နွေရာသီစံနန်းကို ရောက်သွားပါလိမ့်မယ်။ အဲဒီကမှ တစ်ဆင့် ငါးတွေလှောင်ထားတဲ့ ရေကန်နှစ်ခုစပ်ကြားက တည့်တည့် လျှောက်ရင် မလွယ်တံခါးကလေးတစ်ခုရှိပါတယ်။ ဒီမလွယ်တံခါးကို ကျော်မိရင် မြို့ထဲက လမ်းကို ပေါက်သွားတာပါပဲအရှင်. . ."

"ဟဲ့ လူမိုက်စကြံအမြင့်ကြီးကို ကျွန်ုပ်ဘယ်လိုလုပ်ပြီး သွားနိုင်မှာလဲ၊ တံခါးလည်းမရှိဘူး၊ ပြီးတော့ ပြတင်းပေါက်ကလည်း မြေကြီးကနေပြီး လူတစ်ရပ်သာသာလောက် မြင့်နေတာ. . ."

ထိုအခါ အက်စကာကပင် မချင့်မရဲဖြစ်လာသဖြင့်. . .

"မှန်ပါတယ် အရှင်မင်းမြတ်၊ အသက်လွတ်မြောက်မယ့်အရေးဆိုရင် နှောင့်နှေးမနေပါနဲ့၊ သွားသာသွားပါ. . ."

ထိုနောက် စပါဒိုဘက်လှည့်လိုက်ပြီးလျှင် . . .

"ဒီမှာလေ မိတ်ဆွေ ညောင်စောင်းပေါ်မှာ လွှမ်းထားတဲ့ စောင်ကို ဖြုတ်လိုက်စမ်းပါ။ ဘုရင်ကိုချပေးဖို့ ကြိုးလိုကောင်းလိုပါလိမ့်မယ်"

ထိုအချိန်၌ နန်းတော်တံခါးဝဆီမှ ဟစ်အော်သံများကို ထပ်မံကြားရပြန်လေရာ ဗိတီးလီးယပ်သည် မိမိလုပ်ရမည့်အလုပ်ကို ပြုလုပ်ရန် နှောင်းနှေး မနေတော့ဘဲ စိတ်ကို သံန္နိဋ္ဌာန်ချလိုက်လေသည်။ သို့နှင့်သူသည် ဖျတ်လတ် သွက်လက်စွာ ရှေ့သို့တိုးသွားပြီးလျှင် ဆောင်ကြားတစ်ခုကို ကျော်လွှား၍ အခြားအခန်းတစ်ခုသို့ ဝင်လေ၏။ ထိုနောက် ပြတင်းပေါက်မှ မှောင်အတိပြီး


www.burmeseclassic.com

www.burmeseclassic.com



သော အောက်သို့ ငုံ့ကြည့်လျက်ရှိလေရာ အက်စကာနှင့်စပါဒိုလည်း နောက်မှ ထပ်ချပ်မကွာ လိုက်ပါလာကြလေသည်။

"အို. . .အမြင့်ကြီးပါလား၊ ကျွန်ုပ်ရဲ့ ကိုယ်အင်္ဂါ တစ်ခုခု ကျိုးများ သွားရင် ဘယ့်နှယ်လုပ်ပါ့မလဲ. . ."

ထိုအခါ အက်စကာသည် စောင်ကို ဆီဇာ၏ ချိုင်းနှစ်ဖက်အောက်မှ သိုင်း၍ ကိုယ်ကို ရစ်ပတ်ပေးလေ၏။ သို့ရှိစဉ် စပါဒိုက. . .

"ကျွန်ုပ်အရင်ဆင်းရမှာလား၊ သိပ်တော့ မမြင့်လှပါဘူး။ မြေကြီးကနေပြီး ၁၄ ပေလောက်ပါပဲ ကွာပါလိမ့်မယ်. . ."

(ဓာ) "သင် ဒီမှာနေဦး. . .ကျွန်ုပ်ပထမဆုံး စွန့်စားမယ်၊ ကိုင်း... အရက်ကလေး တစ်ကျိုက်လောက် ပေးကြစမ်းကွယ်တို့. . ."

ဗီတီးလီးယပ်သည် စပါဒိုပေးသော အရက်ချိုင့်တစ်ခုအတွင်းမှ ရွှေခွက်နှင့်အပြည့် အရက်လောင်းထည့်လိုက်ပြီးလျှင် တစ်ကြိမ်တည်းနှင့် အကုန်မော့ချလိုက်လေ၏။ ထိုနောက်သူသည် စားပွဲပေါ်သို့ ရွှေခွက်ကို ပြန်၍တင်ကာ 'ဟင်း'ခနဲ သက်ပြင်းချလိုက်လေသည်။

ထိုအချိန်၌ကား. . .ဘုရင့်ကိုယ်ရံတော်တပ်မှ ဂျာမန်စစ်သားများသည် တဖြည်းဖြည်းနောက်သို့ ဆုတ်ခဲ့ရပြီဖြစ်၍ အခန်းများထဲ၌လည်းကောင်း၊ တိုက်ခိုက်လျက်ရှိနေကြလေပြီ။ ပလေစီဒပ်ဘက်မှ ဆယ်ယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်လောက်အောင် လူများလှ၏။ ဂျာမန်တို့မှာ အလေ့အကျင့် နည်းပါးရုံမျှမက လူလည်း အဆမတန်နည်းပါးလေရာ ဂျာမန်စစ်သားများသည် ဂလက်ဒီယေတာများ၏ ဒဏ်ကို မခံနိုင်ဘဲ တစ်လက်မထက် တစ်လက်မနောက်သို့ တဖြည်းဖြည်းဆုတ်ကာ တိုက်ခိုက်နေကြရလေပြီ။

တိုက်သံ၊ ခိုက်သံ၊ ထိုးသံ၊ ခုတ်သံ၊ ဟစ်အော်သံများသည်လည်း တဖြည်းဖြည်း နီးကပ်၍လာခဲ့လေ၏။

ထိုအချိန်. . .ဆီဇာသည် ပြတင်းပေါက်မှ ဥယျာဉ်တွင်းသို့ မဆင်းရသေးချေ။

သို့နှင့်အက်စကာသည် စပါဒိုအား. . .

"ဤအခန်းအတွင်း မှောင်မိုက်၍ ချောင်ကျသော နေရာတစ်ခုခုကို ရွေးချယ်ပြီးလျှင် ဆီဇာအား ဝှက်ထားပါလော့။ ထိုမှ တစ်ပါး အခြားနည်းလမ်း မရှိပါ၊ ကျွန်ုပ်အား သူ့အသက် ၅ မိနစ်မျှပင် ပို၍ ရှည်ရှည်နေရလျှင် တော်ပါပြီ၊ သေပင်သေရသော်လည်း ကျွန်ုပ်သည် ယောကျ်ားပီပီ ရဲဝံ့စွာ တိုက်ခိုက်ရင်း သေပါအံ့. . ."

ထိုနောက် အက်စကာသည် ခန်းမဆောင်၏ နံရံကပ်တွင် ချိတ်



www.burmeseclassic.com

www.burmeseclassic.com

ထားသော မှိန်းကြီးတစ်ချောင်းကို ဆွဲယူလိုက်ပြီးလျှင် အခန်းအပြင်သို့ ထွက်သွားလေ၏။

စပါဒိုသည် မည်သည့်အရာကိုမျှ မပြုလုပ်နိုင်ဘဲ အခန်းထောင့်တွင် မျက်နှာကို လက်ဝါးဖြင့် အုပ်လျက်ရှိလေ၏။ သို့သော် ဗီတီးလီးယပ်က ယခင် အရက်ချိုင့်တင်ထားသည် စားပွဲကို ခပ်အေးအေးပင် သွားရောက်ကာ အရက်ကို ရွေ့ခွက်နှင့်အပြည့်ထည့်ကာ တစ်ဖန်သောက်လိုက်ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

အက်စကာသည် ကိုယ်ရံတော်တပ်မှ ကျန်ရစ်ခဲ့သမျှသော ဂျာမန်စစ်သားတို့ထံ ပြေးသွားလေ၏။ ထိုအချိန်၌ကိုယ်ရံတော်တပ်မှ ဂျာမန်စစ် သား ၂၀ ကျော်ကလေးမျှသာ ကျန်ရှိတော့ရာ သူတို့အထဲတွင် ဒဏ်ရာရသူ အချို့လည်း ပါရှိသေး၏။ ဂျာမန်တို့ကား လူနည်းခြင်း၊ အထိအခိုက်များခြင်းကို ပဓာနမထားဘဲ ဆီဇာအား သစ္စာရှိစွာဖြင့် ဆောင်ကူးစကြီကလေးတွင် ရှုပ်ရှုပ်ချွံချွံခုခံလျက်ရှိကြလေသည်။ သို့သော် ပလေစီဒပ်၏ လူများက တဖြည်းဖြည်းဖိ၍လာသဖြင့် ဘုရင့်အဆောင်တော်ရှိရာသို့ တစ်လက်မထက် တစ်လက်မဆုတ်ခံခံလျက်ရှိနေကြရလေပြီ။

အက်စကာသည် အခန်းကူးတစ်ခုတွင် ဝန်ကြီးပလေစီဒပ်၏ ဆိုးယုတ်သော မျက်နှာကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် သူ့ရှိရာသို့ မိမိမိန်းကြီးကို တအားကုန်ထိုးသွင်းလိုက်လေ၏။ မိန်းချက်မှာ လိုရာသို့သာ ရောက်ခဲ့ပါမူ မည်မျှလောက် ကာကွယ်နိုင်သည့် ပိုင်းဖြစ်စေကာမူ ခံနိုင်မည်မဟုတ်ပေ။ ဤနေရာတွင် သူတို့အချင်းချင်းတင်ရှိသော ရန်ငြိုးကို တစ်ခါတည်းရှင်းလင်းသွားရန် အကြောင်းရှိလေသည်။ သို့သော် ဓားသိုင်းဆရာကြီး ဟာစ်ပီးယပ်သည် တိုက်ခိုက်ရာတွင် အလွန်ကျင်လည်လှသဖြင့် မိမိရန်သူတစ်ဦးကောင်း နှစ်ဦးကောင်းကိုသာ မကြည့်ထိုက်၊ ပွဲတစ်ခုလုံးကို ခြုံဖြင့် ကြည့်နေသူဖြစ်၏။ သို့နှင့်သူသည် လျှပ်စစ်၏ လျင်မြန်ခြင်းဖြင့် အက်စကာ၏ မိန်းချက်လိုရာသို့ မရောက်မီ မိန်းကိုရှေ့ပိုင်းမှ သူ၏ ဓားဖြင့် တစ်ချက်တည်းပိုင်းလိုက်ရာ မိန်းသည် ကြမ်းပြင်ပေါ်သို့ လွင့်စင်ကျသွားလေ၏။ ထိုနောက်သူသည် မိန်းထိုးသူ၏ ဦးခေါင်းကို ပိုင်းရန် ဓားကိုမြှောက်လိုက်လေသည်။

သို့သော် ထိုခဏ၌ အက်စကာအား တစ်စုံတစ်ယောက်သော သူက ဝင်၍ အလွန်ပြင်းထန်သော လက်သီးချက်ဖြင့် အရှိက်ကို တစ်ချက်တည်း ထိုးသတ်လိုက်ရာ အက်စကာသည် ဓားနှင့်အပိုင်းမခံရမီ ကြမ်းပြင်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်လန်၍ ကျသွားလေ၏။ ထိုနောက် လက်သီးထိုးသူသည် အက်စကာ၏ အပေါ်သို့ တက်ကာ သူလေးလံသော ကိုယ်ကြီးဖြင့် ဖိ၍ထားလိုက်လေသည်။

အက်စကာသည် မိုက်ခနဲဖြစ်ကာ ရုတ်တရက် သတိလစ်၍ သွားသော်လည်း ချက်ချင်းပင် ပြန်၍ သတိရလာ၏။ သို့ရှိစဉ် သူ၏နားနားသို့ ယခင်က သိဟောင်းကျွမ်းဟောင်း ဖြစ်ဖူးသော အသံတစ်သံဖြင့် တီးတိုးပြောသံ ကြားရလေသည်။

"ဟေ့ သူငယ်ငြိမ်ငြိမ်နေနော်၊ မင်းခေါင်းနဲ့ ကိုယ်နဲ့ အိုးစားမကွဲအောင် ငါအချိန်မီထိုးလှဲလိုက်ရတယ်၊ နားလည်လား စကားပြန်ပြီး မပြောနဲ့ ငြိမ်ငြိမ်နေဆိုရင် ငြိမ်ငြိမ်နေ"

ထိုအခါ၌ကား တိုက်ခိုက်သူများသည် သူတို့၏ ပတ်ဝန်းကျင်မှ ရှေ့သို့ တဖြည်းဖြည်း ရွေ့၍သွားပြီဖြစ်၍ အနီးအနားတွင် ဒဏ်ရာရ၍ လဲနေသူနှင့် သေသူများမှတစ်ပါး ရှင်းလင်းလျက်ရှိ၏။ ထိုအခါ ဟာပီးနပ်လည်း အက်စကာကိုယ်ပေါ်တွင် ဖိထားရာမှ ထလိုက်လေသည်။ ထိုနောက် ခပ်အုပ်အုပ် ရယ်မောလျက်. . .

"ဟေ့သူငယ် မင်းကို ငါကယ်ဆယ်ရမယ်ကွယ့်၊ ငါပြောတဲ့ စကားနားထောင်၊ ဒီနေရာက အမြန်ဆုံးထွက်သွားပြီး မင့်အသက်ချမ်းသာအောင် တစ်ခါတည်း ပြေးပေတော့"

အက်စကာသည် ပထမနားမထောင်သေးဘဲ ဆီဇာအား ကယ်ဆယ်ရန် ပြန်၍သွားမည်ပြုသေး၏။ သို့သော် ဟာပီးနပ်သည် သူ့တံခါးရှိရာသို့ တွန်း၍ပို့လေ၏။

"ဟေ့ သူငယ် ဒီမှာကြည့်စမ်း။ ဒီအလုပ်တွေလုပ်ရတာ အမှန်ပြောရမယ်ဆိုရင် ငါစိတ်ပါတာ မဟုတ်ဘူးကွယ့်။ ဂျာမန်တွေဟာ လူသာနည်းတယ် တကယ့်ကို ရှုပ်ရှုပ်ချုံချုံခုခံပါတယ်ကွယ်။ ငါဖြင့်မမြင်ဖူးဘူး။ တကယ်သစ္စာရှိတဲ့အကောင်တွေပါ။ ဒါပေမဲ့ လူက အင်မတန်နည်းတာကိုကွာ၊ ငါကသည့်ထက်လူများလိမ့်မယ်၊ တိုက်တဲ့နေရာမှာလည်း သည်ထက် ပိုပြီးအချိန်ကြာလိမ့်မယ်လို့ အစကထင်မိတယ်။ မင်းကံကောင်းပါတယ်ကွယ်။ ငါပြောတဲ့စကားကို နားထောင်ပြီး ပြောတဲ့အတိုင်းသာ လုပ်ပေတော့ ငါလည်း မတတ်နိုင်ဘူးကွယ့်။ ငါ့ကို သူတို့က အခပေးပြီး ဝယ်ထားတာ။ ဒီတော့ ငါတိုက်ပွဲကို ပြန်သွားပြီးမယ်. . .ကိုင်း သွားပေတော့. . ."

ထိုနောက် 'ဟာပီးနပ်'သည် နန်းတော်အတွင်းဆောင်သို့ပြန်၍ ဝင်သွားလေ၏။ ထိုအခါ စကြံ၏အဆုံးဆီမှ လှည့်၍ အခန်းဟာခုအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားရာ ဂလက်ဒီယေတာတစ်စုသည် တစ်စုံတစ်ရာကို ဝိုင်းဝန်းစုံရုံးကာ ကြည့်ရှုလျက်ရှိနေကြသည်ကို တွေ့ရလေသည်။

ကိုယ်ရံတော်တပ်ကို အောင်မြင်ခဲ့ပြီးနောက် ဘုရင့်အဆောင်တော်၌ မည်သူ့ကိုမျှ မတွေ့ရတော့ချေ။ သို့နှင့် ဂျူလီပလေစီဒပ်သည် နန်းတော်ကြီးကို ကောင်းစွာသိမ်းပိုက်ပြီးနောက် ဆီဇာအား အခန်းခန်းအဆောင်ဆောင်တွင် လိုက်လံရှာဖွေလျက်ရှိလေ၏။ အဘယ့်ကြောင့်ဆိုသော် ဆီဇာဗီတီးလီးယပ် အသက်ရှင်နေသမျှ နောက်တက်မည့်ဆီဇာမှာ သူ၏ဦးခေါင်းကို စိတ်ချရမည် မဟုတ်ကြောင်း ပလေစီဒပ်ကောင်းစွာ သိရှိ၏။ သို့နှင့် ပလေစီဒပ်ခေါင်းဆောင်ကာ နောက်မှ ဟာစ်ပီးယပ်နှင့် အောကီနောတို့ လိုက်ပါလျက် ဂလက်ဒီယေတာ (၆)ယောက်တို့လည်း အတူပါကြလေသည်။ ဤသို့လျှင် ပလေစီဒပ်ခေါင်းဆောင်သော လူစုသည် ကန့်လန့်ကာ အထူကြီးတစ်ချပ်ကာထားသော ဘုရင့်ညစာစားခန်းသို့ ဝင်ခဲ့ကြလေသည်။ ထိုအခန်းမှာ နောက်ပိုင်းတွင် ရေချိုးခန်းနှင့် ဆက်လျက်ရှိသဖြင့် ထိုရေချိုးခန်းနှင့် ခြားထားသည့် လိုက်ကာ တစ်ခုကို ဆွဲချလိုက်ရာ အခန်းထောင့်တွင် တုန်တုန်လှုပ်လှုပ်ရှိနေသော လူဝကြီးတစ်ယောက်ကိုတွေ့ရလေ၏။ ထိုသူမှာ ထိုင်လျက်လည်း မဟုတ်၊ မတ်တတ်ရပ်လျက်လည်းမဟုတ် ခပ်ကွေးကွေး ခပ်စောင်းစောင်းရှိနေလျက် အဝတ်ဖြူဖြင့် သူ၏ကိုယ်လုံးကြီးကို ပတ်ထား၏။ သို့နှင့်သူတို့သည် လူဝကြီးကိုမှောင်ထဲမှ ဆွဲထုတ်ခဲ့ကြလေသည်။

ပလေစီဒပ်သည် လူဝကြီး၏မျက်နှာကို မီးရောင်တွင် ကြည့်ပြီးနောက် ကြောက်မက်ဖွယ်ကောင်းသော ပြုံးရယ်ခြင်းဖြင့် ပြုံးရယ်လိုက်၏။ အဘယ်ကြောင့်ဆိုသော် လူဝကြီးမှာ အခြားသူမဟုတ် ဘုန်းကြီးစပါဒိုဖြစ်သောကြောင့်ပေတည်း။

ထိုအခါ ပလေစီဒပ်သည် သူ၏နောက်ပါ ဂလက်ဒီယေတာများထဲမှ ဂရိလူမျိုး အောကီနောဘက်သို့လှည့်၍. . .

"အသို့နည်း. . .အောကီနော ဒီကနေ့ညအတွက် သင့်ဓားမှာ သွေးအစွန်းနဲ့ပါသေးကလား။ ဒီအဆီရွှဲရွှဲ ဝက်သားတုံးကြီးထဲ သင်ဓားကို စိုက်ကြည့်စမ်းပါလား. . ."

သို့သော် ဤသို့ပြုရမည့်ရက်စက်မှုကို အောကီနောသည် မပြုလုပ်လိုချေ။ သူသည် တိုက်ခိုက်ရန် ဓားကို ဆွဲပြီးလျှင် ပြေးရုံပြေးဝင်လာလေသည်။ ထိုလှုပ်ရှားမှုသည် စပါဒို၏ နောက်ဆုံးကျန်ရစ်ခဲ့သမျှ ယောက်ျားတို့၏သူရသတ္တိကို စုဆောင်းလှုံ့ဆော်၍ ပေးသည့်အလား သူသည်ကြောက်ရွံ့တုန်လှုပ်လျက်ရှိရာမှ ကိုယ်ကို မားမားမတ်မတ်ရပ်လိုက်လေ၏။ ထို့နောက် သူ၏



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရုံဖြူကြီးအောက်မှ ပါရှန်လူမျိုးတို့ ကိုင်လေ့ရှိသော လေးတိုကလေးတစ်စင်းနှင့် မြားများကို ထုတ်ယူလိုက်လေသည်။ မြားများကို စန္ဒကူးသားဖြင့် ပြုလုပ်သော မြားကျည်တောက်ကလေးတွင် သပ်ရပ်စွာ ထည့်ထား၏။

"ဒီမြားသွားမှာ အဆိပ်ပါတယ် နားလည်လား။ ထိမိရင် သေတာပဲ"

သို့ပြောဆိုပြီးနောက် စပါဒိုသည် ကျည်တောက်အတွင်းမှ မြားတစ်စင်းကို ထုတ်ယူ၍ မြားတံကို လေးကိုင်းပေါ်၌ အသင့်တင်ကာ လေးကြိုးကို တအားကုန်ဆွဲလိုက်လေ၏။

အောကိနောသည် ထိုအခြင်းအရာကို မြင်သည်နှင့်ရုတ်တရက် မဝင်သေးဘဲ ကျောက်ရုပ်ကဲ့သို့ တောင့်တောင့်ကြီးရပ်လျက်ရှိ၏။ ဂလက်ဒီယေတာများက နံဘေးမှ လက်ခုပ်လက်ဝါးတီးကာ ပြောင်လှောင်ရယ်မောလျက်ရှိကြကုန်ရာ သူရဲဘောကြောင်သူ လူကြောက် နှစ်ယောက်တို့သည် တစ်ယောက်အကဲကို တစ်ယောက်ခတ်ကာ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ရှုလျက်ရှိကြလေသည်။ ထိုအခါ ဂလက်ဒီယေတာများလည်း နံဘေးမှနေ၍ "ဟော့ကောင် ချပါတော့လားကွ၊ ခုတ်ပါတော့လား"စသည်ဖြင့် ခွေးကိုရှုးတိုက်၍ပေးသကဲ့သို့ အောကိနောအား ရှုးတိုက်ပေးကာ ရှိနေကြကုန်၏။

သို့နှင့်အားတက်လာရကား အောကိနောသည် နောက်တစ်ကြိမ်ဝင်ရန်ဓားကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ကာ ကိုယ်ကို သေးကွေးနိုင်သလောက်သွေးကွေးစွာ ကုံ့လိုက်ပြီးနောက် ကြွက်ကိုချောင်း၍ အုပ်တော့မည့်ကြောင်ကဲ့သို့ တရွေ့ရွေ့တိုးလာလေ၏။ ထိုအခါ စပါဒိုကား မထူးတော့ပြီဟု စိတ်နှလုံးကို ဒုံးဒုံးချလိုက်သည့် သဘောဖြင့် လေးကြိုးကို အားဆွဲယူကာ မြားသွားကို လွှတ်လိုက်လေ၏။ သို့သော် အောကိနောက တိမ်းရှောင်လိုက်သဖြင့် ချက်ကောင်းကို မထိဘဲ လက်မောင်းကိုသာ ရှပ်၍ သွားပြီးလျှင် မဆိုသလောက်မျှသွေးစို့လျက် မြားတံသည် ကြမ်းပြင်ပေါ်သို့ ကျသွားလေသည်။

ထိုအချိန်၌ လက်ခုပ်သံများ၊ ပြောင်လှောင်ရယ်မောသံများ ဟစ်အော်သံများမှာ ယခင်ကထက် ဆူညံသွားရာ အောကိနောသည် ထိုမပြောပလောက်သော ဒဏ်ရာကလေးမှ သွေးများကို ပါးစပ်နှင့် စုပ်ယူလျက်ရှိလေသည်။ သို့သော် ဂလက်ဒီယေတာများ၏ ပြောင်လှောင်ရယ်မောသံများမှာ ငြိမ်သက် စသွားသေးမီ အောကိနော၏ မေးရိုးများမှာ ရုတ်တရက်ကျ၍သွားပြီးလျှင် မျက်နှာသည်လည်း သွေးမရှိသကဲ့သို့ ဖြူဖတ်ဖြူရော်ဖြစ်၍ သွားလေ၏။ အနောက်သူသည် မျက်လုံးများ ပြူးလျက် ပါးစပ်မှ ငယ်သံပါအောင် ဟစ်အော်ပြီးလျှင် လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ကာ ကြမ်းပေါ်သို့ အလျားမှောက်လဲကျသွားပြီးနောက် အသက်ပျောက်၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြင်းအရာကို မြင်လေသော် ဂလက်ဒီယေတာများသည် အတင်းခုန်၍ ဝင်လာကြပြီးနောက် စပါဒို၏ ကိုယ်လုံးကြီးထဲသို့ မိမိတို့ ဓားများကို အဆုံးနစ်သွင်းလိုက်ကြလေ၏။ ဤသို့နှင့် မပြီးသေးချေ။ ဂလက်ဒီယေတာ နှစ်ယောက်သည် ရေချိုးခန်းနှင့်ခြားထားသည့် ကန့်လန့်ကာကို အတင်းဆွဲချပြီးနောက် အလွန်မှောင်သော နေရာထောင့်များသို့ ဝင်သွားပြီးလျှင် မကြာမီ အဘိုးကြီးတစ်ယောက်ကို ဆွဲထုတ်လာကြပြန်၏။ အဘိုးကြီးကား အလွန်အမင်း ကြောက်ရွံ့လှသဖြင့် မျက်နှာမှာ လူသေမျက်နှာကဲ့သို့ရှိနေ၏။ အပြင်သို့ ရောက်လာသောအခါ အဘိုးကြီးသည် တောင်းပန်သော မျက်နှာဖြင့် နံဘေးပတ်လည်ကို ကြည့်ပြီးနောက် . . .

"သင်တို့ ဆီဇာကို ရှာကြတာ မဟုတ်လား၊ ဆီဇာထွက်ပြေးပါပြီ သူငယ်တို့၊ ကျွန်ုပ်အား အသက်ချမ်းသာပေးပါ. . ."

မည်မျှပင် ရုပ်ဖျက်၍ ထားစေကာမူ စူးရှသော ပလေစီဒပ်၏မျက်လုံးကိုကား မလှည့်ဖျားနိုင်ချေ။ ပလေစီဒပ်သည် မကောင်းမှုကို ပြုအံ့ဆဲဆဲ မျက်နှာတွင် ပေါ်လွင်နေသည့် အပြုံးမျိုးဖြင့် ပြုံးကာ အဘိုးကြီးအား ကြည့်ရှုလျက်ရှိ၏။ သို့နှင့်. . .ရုပ်ဖျက်ထားခြင်းသည် အချည်းနှီးပင်ဖြစ်ကြောင်း သိပြီးဖြစ်ရကား အဘိုးကြီးသည် ခန့်ညားစွာ လက်ကိုပိုက်လိုက်ပြီးနောက်

"ကျွန်ုပ်ကား ဆီဇာပင်ဖြစ်၏၊ သတ်လော့—"

ဝန်ကြီးပလေစီဒပ်သည် ပထမတန့်ခနဲဖြစ်၍ သွားမိလေ၏။ ထိုနောက် ဆီဇာကို ဖမ်းဆီးယူခဲ့ရန် ဂလက်ဒီယေတာများအား အမိန့်ပေးလိုက်လေသည်။ ထိုနောက်. . .သူတို့သည် ဆီဇာအား စစ်သားအားလုံး မြင်နိုင်စေရန် အပြင်သို့ ခေါ်ဆောင်သွားကြလေသည်။

(ဒပ်) "ဆီဇာ သင့်မျက်နှာကို သူတို့အားလုံး ကြည့်ပါစေ. . .ယခုထိ သင်သည် ရောမမြို့တွင် မကောင်းသတင်းဖြင့် ကျော်ကြားသူ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပါသည်. . ."

ဗီတီးလီးယပ်ကား ခြေတစ်ဖက်နာ၍ ခြေဆာလျက် အားအင်ကုန်ခမ်းလျက်၊ စိတ်ပျက်လျက်၊ ရှက်စိတ်မွန်လျက် တဝေါဝေါတဝါးဝါး ပြောင်လှောင်နေကြသော စစ်သားများရှေ့တွင် လျှောက်သွားရ၏။

သို့နှင့် သူသည် အမောဖြေရင်း တစ်နေရာ၌ ကိုယ်ကို မားမားခေါ် မတ်ရပ်လိုက်ပြီးလျှင် ဝန်ကြီးပလေစီဒပ်၏ မျက်နှာကို စေ့စေ့ကြည့်ကာ . . .

"ပလေစီဒပ် သင်ကား ကျွန်ုပ်၏ပေါင်မုန့်ကိုစား၍ ကျွန်ုပ်၏ ဝိုင်ကိုသောက်ခဲ့၏။ ကျွန်ုပ်သည် သင့်အား အမျိုးမျိုးဂုဏ်ပြု၍ ရွှေငွေ . . . လည်း မွမ်းမံပေးခဲ့၏။ ယမန်မနေ့ကပင် ကျွန်ုပ်သည် ဘုရင်ဖြစ်၍ သင့်အား



www.burmeseclassic.com

www.burmeseclassic.com

ညှော်ခံသော အိမ်သည်(အိမ်ရှင်)ဖြစ်ခဲ့၏။ ယခုမူ. . .သင်၏ ရန်သူ၊ သင်၏ သုံ့ပန်းဖြစ်တော့၏။ အကယ်၍ ကျွန်ုပ်အသက်နှင့် ထီးနန်းစည်းစိမ်ကို ပြန်လည်ရရှိစေကာမူ. . .ကျေးဇူးမသိတတ်သော လူယုတ်မာဝန်ကြီးပလေစီဒပ်နှင့် နေရာချင်းမလဲလိုကြောင်း၊ ဤသေမင်းခံတွင်းမှ နေ၍ ကျွန်ုပ်ရဲဝံ့စွာဆိုပါ၏" ဟု နောက်ဆုံးစကားပြောကြားလေသည်။

ဝန်ကြီးပလေစီဒပ်က မျက်ရိပ်ပြလိုက်သည်နှင့်တစ်ပြိုင်နက် စစ်သားများသည် ရှေ့သို့တိုးဝင်ကာ ဆီဇာအား အပိုင်းပိုင်းအထစ်ထစ်ခုတ်ဖြတ်ကြလေကုန်၏။ သို့နှင့်ဗိတီးလီးယပ်ကွယ်လွန်ပြီးလျှင် သဘောထားကောင်း၍ မှူတသော စိတ်သဘောရှိသော ဗက်စပါဆီယန်သည် ရောမထီးနန်းကို ဆက်ခံစိုးစံလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

ဝန်ကြီးပလေစီဒပ်၏ လုပ်ကြံမှုများ အောင်မြင်ထမြောက်ခဲ့ပြီးနောက် ရောမမြို့ကြီးသည် 'အက်စကာ'အတွက်' နေထိုင်ရန် ဘေးကင်းသော နေရာ မဟုတ်တော့ပေ။ ဗက်စပေါ်ဆီယန်သည် ဆီဇာအဖြစ် နန်းတက်ကာ သူ၏စစ်ဝါဒကို ထုတ်ပြန်တော့၏။ ရဟူဒီလူမျိုးတို့အား တိုက်ခိုက်ရန် ရည်ရွယ်ချက်ရှိသဖြင့် ရောမမြို့တွင် မြို့ကြီးသားတစ်ယောက်အဖြစ်ဖြင့် ထင်ရှားခဲ့သော အလီဇာသည် ရောမမြို့တွင် မနေဝံ့တော့ဘဲ သမီးဖြစ်သူ 'မာရီယမ်နီ'နှင့် သူ၏အစ်ကို ကာလချုပ်တို့ကိုခေါ်ပြီးလျှင် ရဟူဒီတို့ မြို့တော် **ဂျေရုဆလမ်** *[Jerusalem 'ဂျေရုဆလမ်မြို့' ဘီစီ ၆၃ ခုနှစ်က မြို့ကို စစ်သူကြီးပွန်ပီ သိမ်းယူသည်။ အေဒီ ၇၀ ပြည့်နှစ်တွင် စစ်သူကြီး 'တီးတပ်'ဝိုင်းရံတိုက်ခိုက်သည်။ ထိုအခါ ရဟူဒီများ ထကြွသည်။ ၁၃၄ ခုနှစ်တွင် တစ်ကြိမ်ထကြွပြန်သည်။ သို့မင်းအဆက်ဆက်စိုးမိုးလာခဲ့ရာ၊ သက္ကရာဇ် ၆၃၇ ခုနှစ်တွင်မှ အစ်စလမ်တို့ တိုက်ခိုက်အောင်မြင်သည်။ သို့နှင့်ထိုအခါမှစ၍ တူရကီနှင့် အီဂျစ်တို့ အုပ်စိုးခဲ့ရာ၊ ၁၀၉၉ ခုနှစ်တွင် ကရူးဆေးဒါးခေါ် ဘာသာရေးစစ်သားများက တိုက်ခိုက်အောင်မြင်ပြန်၏။ ထို့နောက် ၁၁၈၇ ခုနှစ်သို့ရောက်သောအခါ 'ဆာလက်ဒင်'ဘုရင်က ပြန်၍ တိုက်ခိုက်အောင်မြင်ပြန်လေသည်။ ထိုအခါမှစ၍ အစ်စလမ်ဘာသာ လွှမ်းကားလျက် အဆက်မပြတ်လာခဲ့ရာ၊ ၁၅၁၇ ခုနှစ်တွင် တူရကီတို့ကပင် အနိုင်ရခဲ့ပြီးနောက်၊ နောက်ဆုံး ၁၉၁၇ ခုနှစ်တွင်မှ ဗြိတိသျှတို့လက်အောက်သို့ ရောက်သွားလေ၏။ (ရာဇဝင်အရ) ]*မြို့သို့ တိမ်းရှောင်ထွက်ပြေးလေတော့၏။

သို့ပြေးရာတွင် သူတို့မိသားစု၏ အသက်နှင့်အရှက်ကို ကာကွယ်စောင့်ရှောက်ခဲ့သော ကျွန်ပြေး၊ ဗြိတိန်လူမျိုး 'အက်စကာ'လည်း သူတို့နှင့်အတူ ပါသွားလေသည်။

ဂျေရုဆလမ်သို့ သူတို့ရောက်ပြီးနောက် မကြာမီပင် ဆောဘုရင်



www.burmeseclassic.com

www.burmeseclassic.com



သစ် ဗက်စပါဆီယန်၏ သားတော် 'တီးတပ်'အုပ်ချုပ်သော ရောမစစ်တပ်များ ဆိုက်ရောက်လာပြီးလျှင် မြို့ကို ဝိုင်းရံထားတော့၏။

ဂျေရုဆလမ်မြို့တော်ကား အလွန်တောင့်တင်းကြံ့ခိုင်သော မြို့ရိုးဖြင့် ဝိုင်းရံကာ ရန်သူတို့ တိုက်ဖျက်ထိုးဖောက်ခြင်းငှာ မစွမ်းနိုင်သော မြို့ရိုးခံတပ်လည်း ရှိလေသည်။ သို့ပင်တောင့်တင်း ခိုင်ခန့်ငြားသော်လည်း မြို့သူမြို့သားများမှာမူ ဘာသာရေးနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းပြည်နှင့်ပတ်သက်၍လည်းကောင်း အစုပါတီများကွဲကာ ညီညွတ်ခြင်းမရှိလှပေ။

မြို့ပေါ်တွင် ရောမတို့နှင့် အေးချမ်းပြေငြိမ်းလိုသောအဖွဲ့၊ ရောမတို့အား မိမိတို့အသက်သေသည်အထိ ခုခံတိုက်ထုတ်လိုသော အဖွဲ့ဟူ၍ နှစ်ဖက်သဘောကွဲလွဲလျက်ရှိရာ မာရီယမ်နီ၏ဖခင် အလီဇာမှာ အမျိုးသားစိတ်ထက်သန်လှသဖြင့် ရောမတို့အား မိမိတို့အသက်သေသည့်တိုင်အောင် ခုခံမည့် ပါတီအဖွဲ့မှ ခေါင်းဆောင်ဖြစ်လေသည်။ အခြားတတိယပါတီအဖွဲ့တစ်ခုရှိသေး၏။ ထိုပါတီမှာ 'ဂျွန်'ဆိုသူ ခေါင်းဆောင်လျက်ရှိနေပြီးလျှင် ရောမစစ်ဗိုလ်ချုပ်အား သစ္စာဖောက်ဖျက်ကာ တိုင်းပြည်တွင် သောင်းကျန်း သတ်ဖြတ်နေသူများ ဖြစ်လေသည်။

ဤသို့ မြို့တွင်းမှ ခုခံနေသူများ မညီမညွတ်ကွဲလွဲနေပါက ထုထည်အင်အားကြီးမားလှသော ရောမစစ်တပ်ကို ခုခံနိုင်ရန် ခဲယဉ်းလှ၏။ ရောမလူမျိုးများက အရေအတွက်အားဖြင့် များပြားရုံမျှမက လက်နက်အင်အားတောင့်တင်းပြီးလျှင် တိုက်ခိုက်ရာတွင်လည်း စနစ်ကျ၍ စည်းကမ်းသေဝပ်လှပေ၏။ သို့သော် ရဟူဒီများသည် ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် တိုက်ခိုက်လျက်ရှိကြရာ တစ်ခါတစ်ရံ ရောမစစ်သည်တို့ပင် လန့်၍ လန့်၍ သွားကြရ၏။

ထိုအခါက ဘုရင့်သားတော် မင်းသား 'တီးတပ်'၏ တပ်ခွဲတစ်ခုကို ဝန်းကြီးပလေစီဒပ် အုပ်ချုပ်လျက်ရှိရာ 'အလီဇာ'နှင့် 'အက်စကာ'တို့ ခေါင်းဆောင်သော ရဟူဒီများက အောင်မြင်စွာ တိုက်ထုတ်လိုက်၏။ သို့နှင့် အလီဇာနှင့်အက်စကာတို့သည် အောင်ပွဲဆင်ကာ စစ်မြေပြင်မှ မိမိတို့နေအိမ်သို့ပြန်ခဲ့ကြလေသည်။ အိမ်သို့ရောက်သောအခါ 'အလီဇာ'သည် သူ၏သံခမောက်ကို ချွတ်လိုက်ပြီးနောက် 'အက်စကာ'အား အထိမ်းအမှတ်ပြလိုက်ရာ 'အက်စကာ' လည်း ထိုနည်းတူ သံခမောက်ကို ချွတ်လိုက်သည်။

အလီဇာသည် အက်စကာ၏ ပခုံးပေါ်သို့ သူ၏လက်ကို ယုယစွာ တင်လိုက်ပြီးနောက်. . .

"သင် ကျွန်ုပ်ရဲ့ သားတစ်ယောက်လို ဖြစ်နေပြီ အက်စကာ၊ သည်တော့ ကျွန်ုပ်ခိုင်းစေတာကို ဆောင်ရွက်နိုင်ပါ့မလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"အလိုရှိတာသာ အမိန့်ရှိပါ. . ."

"သင်ဟာ တကယ့်စစ်သားကောင်းတစ်ယောက်ဖြစ်တယ်ဆိုတာ ဒီကနေ့တိုက်ပွဲမှာ ကျွန်ုပ်မျက်စိနဲ့ တပ်အပ်မြင်ရပါပြီ။ ဒါပေမဲ့ ကျွန်ုပ်တို့ရဲ့ မြို့ရိုးတွေရော ခံတပ်တွေရော ထပ်ပြီးအသစ်ပြုပြင်မပေးရင် ဒီကနေ့လို တိုက်ပွဲမျိုးကို နောက်ထပ်မခံနိုင်ဘူး အက်စကာ၊ ဘယ်နည်းနဲ့မဆို အချိန်ကို ကျွန်ုပ်တို့ ဆွဲရလိမ့်မယ်. . ."

"နှစ်ရက်ကြာရင်တော့ ပြီးနိုင်ပါတယ် အလီဇာ၊ ဒါပေမဲ့ တီးတပ်ဟာ စစ်ပရိယာယ်အင်မတန်ကောင်းပြီး ကျင့်သားရပြီးသား စစ်ဗိုလ်တစ်ယောက်ဖြစ်ပါတယ်၊ သည်တော့ သူနက်ဖြန်ထက် အချိန်ပိုပြီးမစောင့်ဘူးထင်တယ်. . ."

"မှန်တယ်လေ၊ သို့သော် သူဟာ ငြိမ်းချမ်းရေးစကားဆိုရင် နားထောင်ချင်တဲ့ ဆန္ဒရှိတယ်၊ ပြီးတော့ မြို့ကိုလည်း တတ်နိုင်ရင် ချမ်းသာပေးချင်တယ်၊ များများမဟုတ်ဘူး နှစ်ရက်တည်းပဲ ကျွန်ုပ်လိုချင်ပါတယ်. . ."

"သည်တော့ သင်ဘယ်လိုကြံချင်လို့လဲ. . ."

"နားထောင် အက်စကာ ဂျူဒါမြို့ရဲ့ လုံခြုံမှုဟာ သင့်ရဲ့ သစ္စာရှိမှုပေါ်မှာ တည်နေတယ်၊ သင့်ကို ကျွန်ုပ်လျှို့ဝှက်ချက်တစ်ခုပြောချင်တယ်၊ ဒီလျှို့ဝှက်ချက်ကို ကျွန်ုပ်ရယ် ကျွန်ုပ်သမီး မာရီယမ်နီရယ်၊ ကျွန်ုပ်အစ်ကို ကာလချပ်ရယ်၊ ဒီသုံးယောက်သာ သိတယ်။ သည်တော့ ဒီလျှို့ဝှက်မှုကို ဘယ်သူ့မှ မပေါက်စေရဘူးဆိုတာ သင်ကျမ်းသစ္စာဆိုရလိမ့်မယ်. . ."

"ကျွန်ုပ်မှတစ်ပါး မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပေါက်ကြားစေရပါဆိုတာ ကျွန်ုပ်ရဲ့အသက် ကျွန်ုပ်ရဲ့ ဓားနဲ့ သစ္စာပြုပါတယ်။ ကျွန်ုပ်ကျိန်ဆိုပါတယ်. . ."

(သူ၏အိမ်ကြီးရှိရာသို့ လက်ညှိုးညွှန်လျက်)

"ကျွန်ုပ်အိမ်ဆောက်ထားတဲ့ ကုန်းမြင့်ရဲ့နောက်မှာ ရေခန်းခြောက်နေတဲ့ ရေပန်းအိုင်တစ်ခုရှိတယ်၊ ဒီရေပန်းအိုင်ကို ဝိုင်းထားတဲ့ ကျောက်ပြား (၈)ချပ်ကို သင်တွေ့လိမ့်မယ်။ ဒီကျောက်ပြား ရှစ်ချပ်ရဲ့ အလယ်ကျောက်ပြားကို မလိုက်ရင် အသာကလေးပွင့်သွားပြီး အောက်ကို ဆင်းသွားတဲ့ လှေကားထစ်တွေ တွေ့ရမယ်။ ဒီလှေကားအထစ်တွေက ဆင်းသွားတော့ ထင်းတွေ အမှိုက်သရိုက်တွေ ထားတဲ့ လမ်းကျဉ်းဥမင် လိုဏ်ခေါင်းကလေးတစ်ခုရှိလေရဲ့၊ ဒီမလွယ်ပေါက်က ထွက်လိုက်ရင် ရောမတွေ စစ်စခန်းချတဲ့နေရာနဲ့ ခြေလှမ်း ၅၀ လောက်ထက်မဝေးတဲ့နေရာကို သင်ရောက်ပြီးသွားလိမ့်မယ်. . ."

"ဒါဖြင့်. . .ရောမကောင်တွေနဲ့ ကျွန်ုပ်ခြေလှမ်း ၅၀ ပိုနီးသွားတာပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်. . ."

"သင်ခိုင်းစေတာက သိပ်ကြီးကြီးကျယ်ကျယ်မဟုတ်ပါကလား အလီဇာ. . .ဒါပေမဲ့ သူတို့က ကျွန်ုပ်ကို ကျွန်ပြေးတစ်ယောက်ဆိုပြီး ဖမ်း၊ သေဒဏ် အပြစ်ပေးရင်ကော။ လုပ်ရမယ့်အလုပ်ကတော့ သာမန်စစ်သားတစ်ယောက်ရဲ့ အလုပ်ဝတ္တရားပါပဲ. . ."

"နားထောင်အက်စကာ၊ လျှို့ဝှက်တဲ့လမ်းကိုတော့ သင့်ကို ပြောပြီးပြီ. . .သင့်အပေါ်မှာ ဘာမှ ဖုံးကွယ်ထားဖို့ မလိုတော့ဘူး၊ စစ်သေနာပတိကြီး 'တီးတပ်'လက်ထဲရောက်အောင် ပေးဖို့ ကျွန်ုပ်ရဲ့ သဝဏ်လွှာကို သင်ယူဆောင်သွားရလိမ့်မယ်။ သဝဏ်လွှာက စစ်ပြေငြိမ်းရေးနဲ့ ပတ်သက်ပြီး နှစ်ဦးနှစ်ဖက် လိုက်နာရမယ့် အချက်အလက်တွေပါတယ်။ သို့သော်. . .ဒီအချက်အလက်တွေကိုတော့ သင်ကိုယ်တိုင် မသိရင် အကောင်းဆုံးပဲ။ အဲဒါမှ ဘေးကင်းတယ်၊ ဘယ့်နှယ်လဲ သင်စွန့်စားဝံ့ပါ့မလား၊ သွားရင်ကော ဘယ်တော့သွားမလဲ..."

(ရဲဝံ့စွာ) "အခုသွားပါ့မယ်. . ."

ဤသို့ပြောဆိုနေစဉ် အလီဇာအစ်ကို 'ကာလချုပ်'သည် အခန်းတွင်းသို့ ဝင်လာလေသည်။ ထိုအခါ အလီဇာလည်း အက်စကာကို အထူးလျှို့ဝှက်သော သံတမန်အဖြစ်ဖြင့် ရောမစစ်တပ်သို့ စေလွှတ်ရန် ညွှန်ကြားချက်များပေးပြီးကြောင်း သူ၏အစ်ကိုအား ပြောပြလေ၏။ ကာလချုပ်သည် အလီဇာ၏မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် ဦးခေါင်းကို ညင်သာစွာ ရမ်းလျက်ရှိလေသည်။

"မဖြစ်ပါဘူး ငါ့ညီ. . .ငါ့ညီလုပ်တာမဟုတ်သေးပါဘူး၊ အပေါ်ယံကြည့်ရတော့ ငါ့ညီက စစ်ကိုလိုလားသလိုနဲ့ လုပ်ပုံကတော့ တစ်မျိုးဖြစ်နေတယ်၊ မှန်မှန်ရဲရဲဝံ့ဝံ့ယုံကြည်စမ်းပါ. . .ဒီသူငယ်ဟာ ငါတို့တူဆိုလည်း ဟုတ်ရဲ့၊ ငါတို့သားဆိုလည်း ဟုတ်ရဲ့၊ သူ့အပေါ်မှာ ငါတို့ ဘယ်လောက်စွဲလမ်းချစ်ခင်နေကြသလဲ. . .သည်တော့ အခု ငါ့ညီလုပ်ပုံက ခြေရောလက်ရောတုပ်ပြီး သူ့ကို ရန်သူ့ဆီပို့တာနဲ့ မတူပေဘူးလား၊ အင်မတန်မကောင်းတဲ့ အလုပ်ကြီးပါ ညီရယ်၊ မလုပ်ပါနဲ့. . ."

"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ အစ်ကိုကြီးရဲ့. . .လူဖြစ်လာရင် ကိုယ့်ဝတ္တရားကိုယ်လုပ်ကြရလိမ့်မယ်. . .ပန်းချီဆရာက စုတ်တံကို ကိုင်ရမယ်၊ ပန်းပုဆရာက ဆောက်ကိုယူရလိမ့်မယ်၊ စစ်သားက ဓားကို လက်စွဲပြုလုပ်ရလိမ့်မယ်၊ ဒီလျှို့ဝှက်တဲ့လမ်းကို သူတစ်ယောက်သာ သိတယ်၊ သည်တော့ အက်စကာကို မလွှတ်ရင် ဘယ်သူ့ကို လွှတ်မလဲ အစ်ကိုကြီး. . ."

"နားထောင် ငါ့ညီ. . .အစ်ကိုကြီးဟာ ငြိမ်းချမ်းရေးကိုကြိုက်နှစ်သက်တဲ့ သဝဏ်လွှာကို ပို့ဖို့ အစ်ကိုကြီးကလွဲပြီး ဘယ်သူသင့်တော်ဦးမှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com


အစ်ကိုကြီးဟာ အသက်အရွယ်လည်းကြီးပြီ၊ ငါ့ညီလို ရင်ဘတ်ပေါ်မှာ ဓားခံမယ့် သံကိုယ်ကြပ်ကိုလည်း မဝတ်နိုင်တော့ဘူး၊ ဓားလုံတွေကိုလည်း လူငယ်များလို အင်နဲ့အားနဲ့ မဆုပ်ကိုင်နိုင်တော့ဘူး၊ လက်တွေလည်း တုန်တုန်ရီရီဖြစ်နေပြီ၊ ဒါပေမဲ့ အစ်ကိုကြီးကို ကြောက်တယ်များ ထင်သလား၊ ဟိုး ဘေးဘိုးဘီဘင်မျိုးရိုးက ဆင်းသက်လာတဲ့ ဇာတိသွေးတွေဟာ ငါ့ညီရဲ့ သွေးကြောထဲမှာရှိသလို အစ်ကိုကြီးရဲ့ သွေးကြောထဲမှာလည်း နီရဲနေတယ်လို့ မှတ်ထားပါ။ အဲဒီလို နီရဲနေတဲ့ သွေးနဲ့ ငါတို့ရဲ့ နိုင်ငံကို အမှုထမ်းရလိမ့်မယ်"

"မသွားပါနဲ့ အစ်ကိုကြီးရယ်၊ ကျွန်တော်တောင်းပန်ပါရစေ၊ ဒီရောမတွေဟာ လက်နက်ချဖို့ အကြပ်ကိုင်ပြီး လက်နက်မချမချင်း မလွှတ်ဘူးဆိုတဲ့သဘောနဲ့ အစ်ကိုကြီးကို ဖမ်းထားလိမ့်မယ်"

အလီဇာ၏ စိတ်များမှာ သူ့အစ်ကိုအား ချစ်ခင်သည့်အတွက် အတော်ပင် နူးညံ့ပျော့ပြောင်းလျက်ရှိခဲ့လေ၏။

"အစ်ကိုကြီးတစ်ခုပြောမယ် အလီဇာနားထောင်စမ်း၊ ဒီလူငယ်သက်သက်အသေခံသွားတာတော့ အစ်ကိုကြီးမကြည့်နိုင်ဘူး။ သူတို့လက်ထဲ အကျဉ်းစကားရောက်သွားရင် ကျွန်ပြေးတစ်ယောက်အနေနဲ့ ဘယ်နည်းနဲ့မှ သူတို့ချမ်းသာပေးမှာ မဟုတ်ဘူး။ သတ်ပြီးသွားပဲ။ အစ်ကိုကြီးကိုတော့ စစ်ပြေငြိမ်းရေးသဝဏ်လွှာကို ယူဆောင်လာတဲ့အတွက် ဂုဏ်ရှိတဲ့ ညှော်ကောင်းဆောင်ကောင်းတစ်ယောက်အနေနဲ့ သူတို့ပြုစုလက်ခံကြပါလိမ့်မယ်၊ ကိုင်း ငါ့ညီရေးမယ့်သဝဏ်လွှာ ရေးပေတော့။ ရောမစစ်စခန်းရှိရာ အစ်ကိုကြီးကိုယ်တိုင် သွားပို့ပြီး ချမ်းချမ်းသာသာပြန်ခဲ့မယ်"

"အင်း. . .ဒါဖြင့်လည်း သွားပေတော့ အစ်ကိုကြီး၊ သို့ပေမဲ့ သွားရင် ဒီလျှို့ဝှက်တဲ့ လမ်းကသာ သွားပါနော်။ သဝဏ်လွှာကို သန်းခေါင်ယံမှာ ပြီးအောင် အသင့်ပြင်ဆင်ထားပါမယ်။ နံနက်မိုးသောက်တာနဲ့ တစ်ပြိုင်နက် ဒီသဝဏ်လွှာတီးတပ်လက်ထဲရောက်မှဖြစ်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၆ ]

နံနက်မိုးမလင်းမီ (၁)နာရီခန့်အချိန်၌ 'ကာလချုပ်'အား ရောမစစ်စခန်း၏ အစွန်အဖျားတွင် ကင်းစောင့်တပ်သားများက တွေ့ရှိသဖြင့် **စင်ကျူရီယန်** *(Centurion လူ ၁၀၀ ကို အုပ်ချုပ်ရသော ရောမစစ်ဗိုလ်ကလေး)* စစ်ဗိုလ်ကလေးက မင်းသား၏ ယာယီစံနန်းဖြစ်သော တဲစခန်းသို့ ခေါ်သွားလေ၏။ သူလိုက်ပါသွားရသောနေရာမှာ ရွာကလေးတစ်ရွာသဖွယ် ရွက်ဖျင်တဲတန်းများရှေ့ရှိ လမ်းကလေးဖြစ်လေသည်။ ထိုတဲများကို ကျော်လွန်ခဲ့ပြီးနောက် ၁၀ နံပါတ် စစ်တပ်စောင့်ရှောက်လျက်ရှိသော 'တီးတပ်'မင်းသား၏ တဲစခန်းသို့ ရောက်လာခဲ့၏။

တီးတပ်သည် တဲအတွင်းရှိ ကမ္ဗလာများ ဖုံးထားသော စင်မြင့်တစ်ခုပေါ်တွင် သူ၏ ဗိုလ်မှူးများ သက်တော်စောင့်များဖြင့် ခံ့ညားစွာ ထိုင်လျက်ရှိလေသည်။ သူ၏နောက်၌ကား ရာထူးမြင့်လှသော ဝန်ကြီးပလေစီဒပ်ကိုလည်းကောင်း၊ ဂလက်ဒီယေတာများ ပါဝင်သည့် အဖွဲ့ကို အုပ်ချုပ်ရသော 'ဟာစ်ပီးယပ်'ကိုလည်းကောင်း၊ အခြားဘက်တွင် ၁၁ နံပါတ် စစ်တပ်ကို အုပ်ချုပ်သော 'လီစီးနီးယပ်'ရှိ၏။ လီစီးနီးယပ်မှာ 'တီးတပ်'မင်းသား၏ အထူးယုံကြည်ကိုးစားခြင်းခံရသော အတိုင်ပင်ခံ စစ်ဗိုလ်ချုပ်တစ်ဦးဖြစ်လေသည်။

ကာလချုပ်၏ သဝဏ်လွှာကို ဖတ်ပြီးနောက် မင်းသားက. . .

"အပေးအယူ အချက်အလက်ကတော့ သင့်လျော်ပေသားပဲ၊ နှစ်ရက်အချိန်ပေးရမယ်. . .ပြီးတော့ မြို့လွှတ်လွှတ်လပ်လပ်အပ်တဲ့အခါမှာ ဘာသာရေးနဲ့ ပတ်သက်တဲ့ အဆောက်အဦးတွေကို ကိုင်းရှိုင်းမှုရှိရမယ်. . .မဖျက်ဆီးရဘူး။ မြို့သူ မြို့သားများ အသက်ကို ချမ်းသာပေးရမယ်တဲ့၊ ကျွန်ုပ်ရဲ့ဆန္ဒကလည်း မလိုအပ်တဲ့ သွေးထွက်သံယိုမှုကို အမြဲရှောင်ကြဉ်ချင်တာပဲ၊ ဒီသဝဏ်လွှာကို ရေးလိုက်တဲ့ 'အလီဇာ'ဆိုတဲ့လူကတော့ တော်တော်ဉာဏ်ကြွယ်မနဲ့ ပြည့်စုံတဲ့ အမျိုးသားခေါင်းဆောင်တစ်ယောက်နဲ့တူပါတယ်၊ သူ့အချိန် နှစ်ရက်လို



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့အကြောင်းကတော့ စစ်ပြေငြိမ်းရေးကို မလိုချင်တဲ့ ပါတီလူတစ်စု မြို့ပေါ်မှာ ရှိတဲ့အတွက် ဒီလူတွေနဲ့ ကျေရာကျေကြောင်းဖြစ်ပြီး သူ့အလိုကိုလိုက်ပါအောင် ဆွဲဆောင်ဖို့ တောင်းတဲ့အချိန်ပါပဲတဲ့၊ အင်း. . ."

မင်းသား 'တီးတပ်'သည် အတိုင်ပင်ခံ ဗိုလ်ချုပ် လီစီးနီးယပ်နှင့် ဓားသမား စစ်ဗိုလ်ကြီး 'ဟာစ်ပီးယပ်'တို့၏ မျက်နှာကို တစ်လှည့်စီကြည့်လိုက်လေသည်။

ပလေစီဒပ်က ရှေးဦးစွာ စကားဖြတ်၍ ပြောလိုက်၏။

"အရှင်မင်းသား. . .ဤသူများကို ကျွန်ုပ်မယုံပါ။ ဤတောင်းဆိုချက်မှာ သက်သက်အချိန်ရရန် တောင်းခြင်းဖြစ်ဟန်ရှိပါသည်။ ယမန်နေ့တိုက်ပွဲ၌ အတော်ပင် သူတို့ခြေကုန်လက်ပန်းကျသွားဟန်တူပါသည်။ ထို့ပြင် သူတို့၌ စားရေရိက္ခာလည်း ပြတ်လပ်နေပြီထင်ပါသည်။ ဤသံတမန်၏မျက်နှာကိုကြည့်က အစာရေစာငတ်ပြတ်နေသော အရိပ်လက္ခဏာများ ပေါ်ပေါက်လျက်ရှိနေပါသည်။ မယုံကြည်က ဤသူအား အရှင်မင်းသားရှေ့တွင် စားသောက်ဖွယ်များကို ပေးကြည့်ပြီးလျှင် အရှင်မင်းသားကိုယ်တိုင် ဆုံးဖြတ်ပါလော့"

"သင်ပြောတဲ့စကား ရပ်လိုက် ပလေစီဒပ်. . .သင်ဟာ ရန်သူ့ဘက်က လူအပေါ်မှာ နည်းနည်းကလေးမှ ကရုဏာစိတ်မထားဘူး၊ ဒီလို သိက္ခာရှိတဲ့လူတစ်ယောက်ကို ကျွန်ုပ်တို့က ဧည့်ခံကျွေးမွေးရမယ်မှုချပဲ၊ ကျွန်ုပ်ရဲ့ မျက်မှောက်မှာ ဒီလူအနှောင့်အယှက်မရှိစေရဘူး. . .ဒီလူကို ကျွန်ုပ်ရဲ့အတိုင်ပင်ခံဗိုလ်ချုပ်လီစီးနီးယပ်လက်ကို ကျွန်ုပ်အပ်လိုက်တယ်။ ကိုင်း. . .သင်တို့အားလုံး သွားနိုင်ကြပြီ၊ နောက်တစ်နာရီကြာရင် ကျွန်ုပ်ရှေ့ကို ဒီလူခေါ်ခဲ့ပေတော့- ဒီအခါမှာ ကျွန်ုပ်ရဲ့ အဖြေကို ပေးရုံပဲ. . .နောက် သူ့ကိုလွှတ်လိုက်တဲ့လူဆီကို ပြန်ရောက်နိုင်အောင် 'ဂျေရုဆလမ်'မြို့တံခါးအထိ လိုက်ပို့ကြရလိမ့်မယ်၊ ကိုင်း. . .သွားကြပေတော့"

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၇ ]

စစ်ဗိုလ်ချုပ်လီစီးနီးယပ်၏တဲတွင် မွန်မြတ်သော ဘောဇဉ်များ၊ ဝိုင်အရက်များဖြင့် ညှော်ခံကျွေးမွေးသဖြင့် ကာလချုပ်သည် အတော်ပင် အင်အားပြည့်တင်း၍ လာခဲ့လေ၏။ ထိုနောက် လီစီးနီးယပ်က . . .

"သင်တို့ဘက်မှာ တကယ်သတ္တိရှိတဲ့ သူရဲကောင်းရှိတာ ကျွန်ုပ်မြင်ရတယ်၊ ဒီလူငယ်ဟာ ကျွန်ုပ်သားလိုချစ်ခဲ့တဲ့ သူငယ်ပဲ၊ သင့်ဘက်ကလူတွေကို မြို့ရိုးအောက်မှာ သူတစ်ယောက်တည်းနဲ့ခုခံပြီး ကယ်လိုက်တာ မနေ့ကမှ ကျွန်ုပ်မြင်ရတော့တယ်. . ."

"ဒီလူငယ်ဟာ အက်စကား ဖြစ်ပါတယ် အရှင်။ တစ်ခါက သူဖွားမြင်ရာ ဗြိတိန်ကျွန်းမှာ ဘုန်းတန်ခိုးနဲ့ ပြည့်စုံတဲ့ မင်းသားတစ်ပါးဖြစ်ခဲ့ပြီးနောက် ရောမမြို့ အရှင့်အောက်မှာ ကျွန်တစ်ယောက်ဖြစ်နေရရှာပါတယ်"

"ဩော်. . .သူ့အရင်က အကြီးအကဲ မင်းသားတစ်ပါးတဲ့လား၊ သူ့အကြောင်းကို သင်ဘာသိသလဲ ပြောစမ်းပါဦး ကာလချုပ်ရဲ့။ ကျွန်ုပ်ကိုဖြင့် သူဟာ ဘာဖြစ်တယ် ဘယ်ကလာခဲ့တယ်ဆိုတာ တစ်ခါမှ မပြောဖူးပါဘူး"

"သူ့ကို ကျွန်တော်မျိုးအိမ်မှာ သားအဖြစ်နဲ့ မွေးစားထားပြီး အိမ်သူအိမ်သားအားလုံးကပဲ သူ့ကိုချစ်ကြပါတယ်။ သူငယ်စဉ်က အဖြစ်အပျက်ရောဗြိတိန်ကျွန်းသားတွေကို သူခေါင်းဆောင်ပြီး အရှင်တို့ ရောမစစ်သားတွေကို ဘယ်လိုတိုက်ခိုက်ခဲ့တယ်ဆိုတဲ့အကြောင်းတွေရော၊ သူတို့ ကျွန်းကို ကျူးကျော်စော်ကားလာသူတွေဆိုပေမဲ့ ဘယ်လို ကြင်နာသနားရမယ်ဆိုတဲ့ အကြောင်းနဲ့ ရောမဘာသာကို သူကလေးအရွယ်ကတည်းက သူ့မိခင်က ဘယ်လိုသင်ပေးတယ်ဆိုတဲ့အကြောင်းတွေပါ ကျွန်တော်မျိုးအား ပြောပြပါတယ်. . ."

"ကိုယ့်နိုင်ငံကို ကျူးကျော်ဝင်ရောက်လာသူဆိုပေမဲ့ သနားကြင်နာရမယ်တဲ့လား. . ."

"မှန်ပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာ့လူမျိုးတွေအတွက် အင်မတန်နည်းယူထိုက်တဲ့ သင်ခန်းစာ တစ်ရပ်ပါကလား ကာလချပ်. . ."

"မှန်ပါတယ် အရှင်၊ ဒီဟာတွေဟာ သူကလေးဘဝက သူ့မိခင်က တတွတ်တွတ် သင်ကြားပေးတဲ့ သင်ခန်းစာတွေပါပဲတဲ့၊ သူ့မိခင်ကိုလည်း သူ အင်မတန် ချစ်ရှာတယ်။ သူ့အကြောင်းပြောလို့ အားမရနိုင်ဘူး။ ပြီးတော့ သူ့မိခင်မှာ တစ်သက်လုံး ဘယ်တော့မှ ထုတ်မပြောဘူးဆိုတဲ့ အင်မတန်ဝမ်း နည်းစရာကောင်းတဲ့ ကိစ္စတစ်ခုရှိပါသတဲ့ အရှင်. . ."

"ဩော်. . .ဒီသူငယ်က မိခင်ကို အင်မတန်ချစ်ရှာသကိုး။ သူ့မိခင် က ဘယ်ရောက်သွားလို့လဲ. . ."

"သူ့မိခင်နဲ့ ကွဲခဲ့ရပုံကတော့ ပိုပြီး စိတ်ထိခိုက်စရာကောင်းပါသေး တယ်အရှင်။ သူကလည်း ကလေးအရွယ် လူမမယ်ကလေးဖြစ်တော့ လက်နက် ကိုင်ပြီး ဖခင်နောက်က မလိုက်နိုင်ရှာသေးဘူး။ သူ့ဖခင်ဟာ အကြီးအကဲတစ် ယောက်ဖြစ်တဲ့အတိုင်း ဗြိတိန်ကျွန်းသားတွေကို ရှေ့ကခေါင်းဆောင်ပြီး ရောမ စစ်တပ်တွေကို တိုက်ဖို့ စစ်ထွက်သွားတာကို သူနောက်ဆုံး မြင်လိုက်ရပါသတဲ့ အရှင်၊ ဒီတိုက်ပွဲဟာ ဗြိတိန်ကျွန်းသားတွေရဲ့နောက်ဆုံး ကြံ့ကြံ့ခိုင်ခိုင် ခုခံတိုက် ခိုက်တဲ့ တိုက်ပွဲပါပဲ။ ဒီအခါတုန်းက သူ့မိခင်ဟာ အတော်ပဲ အသည်းအသန် ဖျားနေပါတယ်။ သူ့လူတွေကလည်း လူနာကို ထားမပစ်ခဲ့ချင်တော့ နောက်ဆုံး သူတို့ခုခံမယ့် နေရာကို ခဲခဲယဉ်းယဉ်းယူသွားကြပါတယ်။ သည့်နောက် အချိန် မှာ သူ့မိခင်နံဘေးမှာ သိပ်ထားရာက ကလေးကို အဝေးခေါ်မှပဲဆိုပြီး ဘုန်းကြီး တွေက သူ့ကိုဘေးကင်းလွတ်ရာ ကင်းလွတ်ကြောင်းနေရာကို အတင်းခေါ် ဆောင်သွားကြပါတယ်။ ဒါနဲ့ တစ်ညလုံး ခရီးသွားပြီး နောက်တစ်နေ့ ညနေ ခင်းရောက်တဲ့အခါကျမှ သူက သူ့မိခင်အကြောင်းမေးတော့ ပထမချော့မော့ ထားပြီးနောက် မရတဲ့အဆုံးကြမှ သူ့မိခင်သေတဲ့အကြောင်း ကလေးကို ပြော ပြကြပါတယ်။ အမှန်လည်း သူ့မိခင် ‘ဝွန်နီဗရာဟာ သူ့ကိုထ :ပစ်ခဲ့တဲ့ တဲထဲ မှာ ရောမများရဲ့ လက်တွင်းရောက်ပြီး အသက်ပျောက်သွားရှာပါတယ်. . ."

လီစီးနီးယပ်သည် သက်ပြင်းချကာ နေရာမှထလိုက်ပြီးလျှင် မျက် နှာမကောင်းဘဲ ဗျာန်တုန်လှုပ်လှုပ်ရှိနေလေသည်။ သွားကာ ပြန်လှည့်လာပြီး လျှင် သူ၏ညွှဲသည် ကာလချပ်အား အသံခပ်မှန်မှန်ဖြင့် ပြောပြန်လေသည်။

"ကျွန်ုပ်သိပြီ ကာလချပ်၊ ဒီအက်စကာဟာ ကျွန်ုပ်ငယ်စဉ်က ကျွန်ုပ် ရဲ့ အသည်းနှလုံးကိုပေးပြီး ကျွန်ုပ်မေတ္တာရှိခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့သားပဲ၊ သူ့အပေါ်မှာ ကျွန်ုပ်ဟာ ဘယ်တော့မှ စိတ်မကုန်ခမ်းခဲ့ဘူး။ အခု ကျွန်ုပ်လည်း အသက်ကြီးလို့ ဆံပင်တောင် အညိုရောင်သန်းကုန်ပါပြီ။ ဒီတော့ ဒီသူငယ်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ သန့်ရှင်းနုပျိုတဲ့ စိတ်ကို ကျွန်ုပ်ဘာကြောင့် အနှောင့်အယှက်ပေးရမှာလဲ၊ ဒီကနေ့ ကျွန်ုပ်မှာ ခရီးလည်းပန်း၊ စစ်လည်း ပန်းလို့ ပင်ပန်းနွမ်းနယ်နေတဲ့အထဲမှာ ကျွန်ုပ်ရဲ့အသက်ဝိညာဉ်ပါတဲ့ အရက်ခွက်ကို ကျွန်ုပ်ရဲ့ ပါးစပ်နားကပ်ပြီးမှ ဖြုန်းခနဲ အတင်းအဓမ္မ ဆွဲယူသွားသလိုပါပဲ။ ဒီဘဝမှာ ကျွန်ုပ်ဖြင့် ဒီစိတ်နဲ့ပဲ အရိုးထုတ်ရပါလိမ့်မယ်. . ."

ကာလချပ်သည် လီစီးနီးယပ်အား စိတ်ပြေပျောက်စေရန် အတန်ကြာ နှစ်သိမ့်ပြောကြားလျက်ရှိလေ၏။

ထိုနောက် အချိန်စေ့ရောက်သည်နှင့် အမိန့်အတိုင်း တီးတပ်မင်းသားရှေ့သို့ ခေါ်သွားလေ၏။ ထိုနောက် ရန်သူ့ထံမှ လွတ်သည့် 'သံများ' အပေါ်တွင် ပြုစုစောင့်ရှောက်သည့် ထုံးစံအတိုင်း လက်ဆောင်ပဏ္ဏာ အမြောက်အမြားဖြင့် 'ဂျေရုးဆလမ်' မြို့အလယ်တံခါးကြီးရှေ့သို့ သွားရောက်ကာ ပြန်၍လွှတ်လိုက်လေ၏။

မင်းသားကလည်း အလီဇာ၏ တောင်းဆိုချက်များကို သူ့အလိုရှိသည့်အတိုင်း ပေးလျက်ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၈ ]

ဂလက်ဒီယေတာများ ပါဝင်သည့် (Lost Legion) ခေါ် လူပေါင်းစုံ တပ်ဖွဲ့ကို ကွပ်ကဲအုပ်ချုပ်သူ စားသိုင်းဆရာကြီး ဟာစ်ပီးယပ်သည် မင်းသား၏ ညီလာခံမှ သူ၏တဲစခန်းသို့ ပြန်ခဲ့လေ၏။ သူ၏တဲမှာ အခြားတဲများထက် သာလွန်ကောင်းမွန်၍ စားပွဲပေါ်တွင် ပန်းများထိုးထားသည့် ကြွေဖြင့် လုပ်သော ပန်းတကောင်းကလေးတစ်ခုသည်လည်းကောင်း၊ နံရံတွင် ချိတ်ထားသည့် မှန်တစ်ချပ်သည်လည်းကောင်း ရှိနေ၏။ မှန်အနီးရှိ စင်ကလေးပေါ်တွင် ခေါင်းဖြီးသော 'ဘီး'တစ်ချောင်းတင်ထားရာ ဤအချက်မှာ တဲအတွင်း၌ မိန်းမရှိကြောင်း သက်သေတစ်ခုဖြစ်လေသည်။

'ဟာစ်ပီးယပ်'သည် သူ၏ကိုယ်ကြီးကို ညောင်စောင်းတစ်ခုပေါ်သို့ မောကြီးပန်းကြီး ပစ်လှဲလိုက်ပြီးနောက် အရက်တစ်ခွက်ကို ဟစ်အော်၍ တောင်းလိုက်လေသည်။

နုပျိုလှပသော်လည်း ဖျော့တော့သော မျက်နှာရှိသည့် မိန်းမတစ်ယောက်သည် မကြာမီ အရက်တစ်ခွက်ကို ကိုင်ကာအတွင်းခန်းမှ ကန့်လန့်ကာကို မ၍အပြင်သို့ ထွက်လာလေ၏။ ထိုမိန်းမကား အခြားသူမဟုတ် ဗလေရီယာပင်ဖြစ်လေသည်။ ဗလေရီယာကား ရူးသွပ်သွားလုမတတ် စိတ်မကောင်းဖြစ်ခဲ့ပြီးနောက် မိမိမည်သည့်အခါမျှ မချစ်မနှစ်သက်သော သူအား လက်ထပ်ခဲ့ရလေပြီ။ စိတ်ညစ်ညူးခြင်း အလိုဆန္ဒနှင့် မပြည့်စုံခြင်း၊ ခိုကိုးရာမဲ့ဖြစ်နေခြင်းတို့မှာ ဗလေရီယာ၏ ပင်ကိုယ်အလှကို တိုက်ခိုက်ဖျက်ဆီး၍ မရသကဲ့သို့ ဗလေရီယာမှာ အတန်ငယ်ဖျော့တော့သော မျက်နှာရှိသည်မှတစ်ပါး ယခင်ကဲ့သို့ပင် ကိုယ်ဟန်ကျော့ရှင်း ဝင်းဝင်းပပလှမြဲတိုင်းလှလျက်ရှိ၏။

ဗလေရီယာသည် လင်ဖြစ်သူအား အရက်ခွက်ကို လှမ်း၍ပေးလိုက်ရာ ဟာစ်ပီးယပ်သည် အရက်ကို တစ်ကျိုက်တည်းနှင့် အကုန်သောက်ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမြို့ကြီးကို ဝိုင်းထားရတာ ကျွန်ုပ်လည်း ငြီးငွေ့လှပါပြီ ဗလေရီယာ၊ ပြီးတော့ နေ့စဉ်လုပ်ရတဲ့ အလုပ်တွေကလည်း သိပ်စက်ဆုပ်စရာကောင်းတာ။ ကုန်ကုန်ပြောရရင် ဒီတဲရော ဒီတဲအတွင်းမှာတွေရော အားလုံးငြီးငွေ့စရာချည်းပဲ"

"အသင်က ကျွန်ုပ်ထက်တော့ ပိုပြီး မငြီးငွေ့နိုင်ပါဘူး"

"ဒါဖြင့် သင်ဘာဖြစ်လို့ ဒီကိုလိုက်လာသလဲ။ သင့်လို နူးညံ့ပျော့ပျောင်းတဲ့ မိန်းကလေးတစ်ယောက်ကို စစ်သားတစ်ယောက်နဲ့ အတူလိုက်နေဖို့ သင့်ကို ဘယ်သူက ခေါ်လို့လဲ"

ဗလေရီယာသည် တစ်ချက်မျှ ပင့်သက်ရှူလိုက်ပြီးနောက် အေးဆေးစွာဖြင့်. . .

"သေသေချာချာ စဉ်းစားကြည့်တော့လည်း ဂလက်ဒီယေတာ တစ်ယောက်ဆီက သည့်ထက်ပိုပြီး မျှော်လင့်စရာ မရှိပါဘူးလေ"

"သင်တစ်ခါတုန်းကတော့ ကျွန်ုပ်တို့ အလုပ်ကို နှစ်သက်ခဲ့ဖူးသားပဲ"

ဟာစ်ပီးယပ်သည် စိတ်လိုက်မာန်ပါ ပြောလိုက်ပြီးနောက် သူ့စိတ်ကို သူပြန်၍ ထိန်းလိုက်ဟန်ဖြင့် ခပ်ပျော့ပျော့ပင် ဆက်၍ပြောပြန်၏။

"ဘာဖြစ်လို့ ကျွန်ုပ်နဲ့ ဖက်ပြိုင်ပြီးရန် ဖြစ်ချင်တာလဲ၊ ဗလေရီယာ။ သင့်ကို သင်နေတဲ့ တိုက်ခန်းဆောင်ရဲ့ ဆင်ဝင်အောက်မှာ ဓားသိုင်းအတတ်တွေ သင်ပေးတုန်းက သင်ဒီလိုမဟုတ်ပါဘူး။ သင်ဟာ ရောမမြို့မှာ အချောဆုံး အလှဆုံးမိန်းမတစ်ယောက်ဖြစ်တဲ့အတွက် ကျွန်ုပ်ကလည်း သင့်ကို ဓားအတတ်မှာ မိန်းမထဲမှာဖြင့် တကယ်စွမ်းတဲ့ မိန်းမတစ်ယောက်ဖြစ်အောင် သင်ပေးခဲ့တယ် မဟုတ်လား။ အဲဒီအချိန်အခါတုန်းကများ ကျွန်ုပ်အတွက်ရော၊ သင့်အတွက်ပါ အင်မတန်ပျော်စရာကောင်းတဲ့အချိန်တွေ ဖြစ်ခဲ့တယ်မဟုတ်လား၊ နည်းနည်းများ ဉာဏ်ရှိစမ်းပါ ဗလေရီယာ။ သင် ကျွန်ုပ်နဲ့ ရန်ဖြစ်ပြီဆိုပါတော့၊ ဘယ်သူက အရှုံးဘက်ကလဲ။ သင့်မှာ ကျွန်ုပ်က လွဲပြီး ဘာမှီခိုအားထားစရာ ရှိသေးသလဲ"

"သင် အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်ရဲ့သွေးဟာ အဖိုးအခယူပြီး သတ်ပုတ်ခဲ့တဲ့ ဂလက်ဒီယေတာဟောင်းကြီးအတွက် မိမိရဲ့ ဝတ္တရားကို ဆောင်ရွက်ဖို့ တစ်ခါတလေ မေ့သွားတယ်ဆိုတာ အဆန်းမဟုတ်ပါဘူး။ ကျွန်ုပ်ဟာ သင်ရဲ့ နိမ့်ကျတဲ့ ဇာတိကို ထုတ်ဖော်ပြီး၊ အပြစ်တင်ဖို့ အခွင့်အရေးတော့ မရှိပေဘူး"

ဟာစ်ပီးယပ်သည် နေရာမှထကာ အံကြိတ်လျက်. . .

"အို အားလုံးနတ်တွေ သိရပါစေရဲ့၊ ဒီဟာတော့ လွန်လွန်းပြီထင်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘာပြောတယ် ဗလေရီယာ၊ သင်က ကျွန်ုပ်ရဲ့ နိမ့်ကျတဲ့ဇာတိကို အပြစ်ဖို့သလား။ သင်ဟာ ရောမမြို့မှာ အချောဆုံး အလှဆုံး ကျက်သရေအရှိဆုံး ဂုဏ်အမြင့်ဆုံးရယ်လို့ ကျော်ကြားခဲ့တယ်။ သင်နေတဲ့တိုက်ရဲ့ ဆင်ဝင်အောက်မှာ မြင်းရထားအမျိုးမျိုးစုံပြီး ရောင်စုံဝတ်ရုံတွေ ဝတ်လာတဲ့ တကယ့်လူကုံထံတွေ ပိုးပန်းခြင်းကို ခံခဲ့ရတယ်မဟုတ်လား၊ ဒါနဲ့တောင် တစ်ယောက်နဲ့မှ မရဘဲ နောက်ဆုံးကျတော့ ဒီလူတွေထဲမှ ခွန်အားအရှိဆုံးဖြစ်တဲ့ 'ဟောဒီက ဟာစ်ပီးယပ်'ရဲ့ မယားဖြစ်ရတော့တယ် မဟုတ်လား. . ."

"ဟုတ်တော့ ဟုတ်ပါရဲ့ ထူးဆန်းတာပဲ၊ ဒါပေမဲ့ ဒီဟာကို ကျွန်ုပ်ထက်ပိုပြီး ဘယ်သူမှ မအံ့ဩနိုင်ဘူး. . ."

"သင်ထင်သလောက်လည်း မထူးဆန်းပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် သင်တစ်ယောက်ထဲသာ ရောမမြို့မှာ ဟာစ်ပီးယပ်ကို လက်ထပ်ချင်တဲ့လူရှိတာ မဟုတ်ပါဘူး၊ သင်တို့လို အမျိုးမြင့်တဲ့ မိန်းကလေးပေါင်း တစ်ရာကျော်က 'ဟာစ်ပီးယပ်'ကို လက်ထပ်ပြီး သင့်နေရာကို ယူချင်တဲ့ဟာတွေ ရှိပါတယ်၊ သင့်ကို ဒီလို ခဲခဲယဉ်းယဉ်းကြံရတာ ကျွန်ုပ်မိုက်တာပဲ၊ ဘာကြောင့်လဲဆိုတော့ သင့်မှာလည်း အားကိုးရာမဲ့ ဖြစ်လေတော့ ချစ်တာထက် သနားဘက်က ပိုတဲ့အတွက် လက်ထပ်ရတာပဲ. . ."

"သင်ဟာ သိပ်ပြီး သူရဲဘောကြောင်တဲ့လူ၊ သိပ်ပြီးအရှက်နည်းတဲ့လူ၊ သစ္စာဖောက်လူမိုက်၊ စဉ်းစားလည်းကြည့်စမ်းပါ၊ ကျွန်ုပ်ဟာ သင်လိုလူမျိုးကို မေတ္တာရှိမလားဆိုတာ၊ နားထောင်၊ အမှန်ကို ပြောရမယ်ဆိုရင် ကျွန်ုပ်ကို သင်ပိုးပန်းတဲ့အခါတုန်းက ကျွန်ုပ်ဟာ . . .သူများတွေ ကဲ့ရဲ့ခြင်းခံရတဲ့ စိတ်ကျနေတဲ့ မိန်းမတစ်ယောက်ပဲ၊ ကျွန်ုပ် အမှန်ချစ်တဲ့လူဟာ သင့်ထက် အမျိုးအနွယ်က မြင့်မြတ်တယ်၊ ရုပ်လဲချောတယ်၊ အားခွန်ဗလမှာလည်း သင့်ထက် နှစ်ဆသန်စွမ်းတယ်၊ သတ္တိမှာတော့ သင့်ထက် အဆတစ်ထောင်သာတယ်၊ အဲဒီလူကိုမှ ကျွန်ုပ်တကယ်ချစ်တာ၊ နားလည်ပြီလား ဟာစ်ပီးယပ်. . . သင်တို့လို ယောကျ်ားမျိုးကို ဘယ်မိန်းမကမှ မချစ်ဘူး. . .ဒီလူဟာ သင်လိုလှောင်ဖို့၊ ပြောင်ဖို့ အပြစ်တင်ဖို့မပြောနဲ့၊ စကားပြောတဲ့နေရာမှာ အင်မတန်ယဉ်ကျေးသိမ်မွေ့ပြီး ကျွန်ုပ်တပူးပူးတကပ်ကပ် လုပ်တာတောင် သူက ခွာပြီးသွားသေးတယ်၊ အင်း. . .သင်ကတော့ ဒီနေရာကိုထိုင်ပြီး မုဆိုးက အခဲကိုကြည့်သလိုကြည့်နေတယ်၊ သင့်ကို ကျွန်ုပ်လက်ထပ်တာဟာ တခြားအကြောင်းကြောင့် မဟုတ်ဘူး. . .သူက ပြောင်လှောင်တဲ့အတွက် လက်ထပ်လိုက်တာပဲ၊ သင်ဟာ ကျွန်ုပ်ကို မြင့်မြတ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အသည်းနှဲ့အချစ်တုံးကြီးလို့များ သင့်ကိုသင်ထင်နေသလား. . .ကျွန်ုပ်အသည်းနှဲ့ချစ်တာက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်. . .ကျွန် . . . ကျွန်. . . ကျွန်တစ်ယောက် နားလည်ပြီလား . . . တခြား သူမဟုတ်ဘူး၊ သင့်တပည့် အက်စကာလေ၊ ငြိတိန် ကျွန်းသားလူရိုင်းတစ် ယောက် ပေါ့"

ဗလေရီယာမှာ ထိုအချိန်အထိ စကားများကို ပြောနိုင်သည့်တိုင် အောင် စိတ်ဆောင်လျက်ရှိသော်လည်း 'အက်စကာ'ဟူသော စကားလုံးထွက်မိ သည်နှင့်တစ်ပြိုင်နက်၊ မျက်ရည်များ ဖြိုင်ဖြိုင်ကျလာပြီးလျှင် မြေကြီးပေါ်၌ ထိုင်ကာ ချုံးချငိုကြွေးလေတော့၏။

'ဟစ်ပီးယပ်'သည် စိတ်ကို အတော်ကြီးချုပ်တည်း၍ထားလိုက်ရ၏။

"ဩော်. . .ဒီလိုဖြင့် သင့်အချစ်တော်ဟာ ဟို မြို့ရိုးအတွင်းမှာ ရှိတာ ပေါ့. . .ဒီတဲတံခါးကနေပြီး ကြည့်ရင် မြို့ရိုးအတွင်းက တပ်ရင်းနားမှာ သူ့ကို မြင်ရကောင်းပါလိမ့်မယ်. . .တော်လောက်ပြီ . . . တော်လောက်ပြီ ဒီဟာတွေ တော်လောက်ပြီ ဗလေရီယာ၊ ဒီမှာကြည့်စမ်း . . . သင်ဟာ စစ်သားရဲ့ မယား၊ အခု ရောက်နေတဲ့ နေရာက စစ်သားရဲ့တဲစခန်း။ သည်တော့ စစ်သားရဲ့ ဝတ္တရားကို သင်သိရမယ်။ ဝတ္တရားက ခိုင်းစေတာကို ပြန်မပြောဘဲနဲ့ လုပ်ရ တယ်ဆိုတဲ့ ဝတ္တရားပဲ. . .သွား. . .ဒီအရက်ခွက်ကို ယူသွားပြီး ဝိုင်အရက် ကောင်းကောင်း ထည့်ယူခဲ့. . ."

ဗလေရီယာသည် စကားတစ်ခွန်းမျှ ပြန်မပြောဘဲ ခိုင်းစေသည့်အ တိုင်း ပြုလုပ်သည်ကို ဟစ်ပီးယပ်ကိုယ်တိုင် အံ့အားသင့်လျက်ရှိ၏။

မကြာမီ အရက်ခွက်နှင့် ပြန်ရောက်လာပြီးနောက် ဗလေရီယာသည် မာနရောင်သန်းလျက်ရှိသော မျက်နှာဖြင့် ဟစ်ပီးယပ်အား စူးစူးဝါးဝါးကြည့် လိုက်လေသည်။ သူ၏စိတ်၌ကား အရက်ခွက်ကိုထပ်၍ ဖြည့်ရန် ကောက်ယူ သွားစဉ်ကပင် တစ်စုံတစ်ရာကို ပြုလုပ်ရန် ဆုံးဖြတ်လိုက်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## [ ၂၉ ]

တိုင်းပြည် မငြိမ်မသက်ရှိသည့်အခါတွင် တပည့်တပန်းမြောက်မြားစွာ မွေးလျက် တိုက်ခိုက်သတ်ဖြတ်ခြင်းဖြင့် စီးပွားလမ်းရှာကာ ဂျေရှုးဆလမ်မြို့တွင် သောင်းကျန်းလျက်ရှိသော လူတစ်စုတို့၏ ခေါင်းဆောင်မှာ 'ဂစ်စချာလာ'နယ်မှ 'ဂျွန်'ဆိုသူဖြစ်၏။ သူသည် အလီဇာ၏ ကြောက်မက်ဖွယ် အကောင်းဆုံးသော ရန်သူဖြစ်၏။ တိုင်းပြည်အတွက် အသက်ကို မငဲ့ကွက်ဘဲ စွန့်စွန့်စားစား ဆောင်ရွက်နေသော အလီဇာကို မျက်မုန်းကျိုးကာ အခွင့်ကောင်းရရန်ကိုသာ စောင့်ဆိုင်းမျှော်လင့်နေသူဖြစ်လေသည်။

ကာလချပ်အား ဂျေရှုးဆလမ်မြို့၏ အလယ်တံခါးမကြီးသို့ ရောမဂုဏ်ထူးဆောင် ကိုယ်ရံတော် အကြပ်များနှင့် ယူဆောင်လာသောအခါ 'ဂျွန်'မှာ ထိုတံခါးကို စောင့်ရှောက်သည့် စစ်တပ်တွင် အုပ်ချုပ် ကွပ်ကဲသူအဖြစ်ဖြင့် ရှိနေလေသည်။

ဂျွန်သည် 'အလီဇာ၏အကြံအစည်ကို အတော်အသင့် ရိပ်မိပြီး ဖြစ်သည့်အတိုင်း မည့်သည့်အချက်ကို 'ကိုင်'လျှင် ပိုင်လောက်သည်ဟူသော အကြောင်းများကို သိနှင့်ပြီးဖြစ်၏။ သို့နှင့် မြို့တွင်းသို့ ခြေတစ်လှမ်းမျှ ကာလချပ်ဝင်မိသည်နှင့်တစ်ပြိုင်နက် ကာလချပ်အား လက်ရဖမ်းဆီးလိုက်ပြီးလျှင် ဦးခေါင်းကို အဝတ်တစ်ခုဖြင့် အုပ်၍ စစ်အတွက် အသုံးပြုနေသည့် တန်းလျားဆောင်တစ်ခုသို့ လျှို့ဝှက်စွာ ခေါ်သွားလေ၏။ အလီဇာနားသို့ ပေါက်ကြားမည်စိုးသဖြင့်လည်း ဖမ်းဆီးခြင်းခံရသူ၏ အမည်ကို မပေါ်စေဘဲ သာမန်သူလျှိုတစ်ယောက်မိကြောင်းဖြင့်သာ သတင်းလွှင့်ထားလေသည်။ ထို့နောက် သစ္စာဖောက်မှုဖြင့် မိထားသော သူလျှိုတစ်ယောက်၏ အမှုကို စစ်ဆေးမည်ဟု အကြောင်းပြကာ လွှတ်တော်ကောင်စီ အစည်းအဝေးကို အမြန်ခေါ်လေ၏။

အစည်းအဝေးသို့ ကောင်စီလူကြီးများ တစ်ယောက်စီ ရောက်လာကြရာ ထိုအထဲ၌ အလီဇာလည်း လူကြီးတစ်ဦးအဖြစ်ဖြင့် ပါဝင်လေသည်။ လူစုံ

www.burmeseclassic.com


၍ အစည်းအဝေးကို ဖွင့်လျှင်ဖွင့်ခြင်း ဂျွန်လည်း အလီဇာအား အောက်ပါအတိုင်း စွပ်စွပ်ရှပ်ရှပ် စွပ်စွဲတော့၏။

(ဂျွန်) "ယခုကောင်စီအစည်းအဝေးသို့ ကြွရောက်လာကြသော ကောင်စီများအနက် သစ္စာဖောက်တစ်ယောက်ပါနေပါသည်။ သူကား အခြားမဟုတ် 'အလီဇာ ဘင်မနာဟမ်'ဆိုသူ အမျိုးသားခေါင်းဆောင် တစ်ယောက်ပင် ဖြစ်ပါသည်"

ကောင်စီလူကြီးများကား စွပ်စွဲသူ၏မျက်နှာကိုလည်းကောင်း၊ စွပ်စွဲခံရသူမျက်နှာကိုလည်းကောင်း၊ အချင်းချင်းကြည့်ကာ တစ်ခဏမျှ ကြက်သေသေလျက်ရှိကြကုန်၏။

(ဇာ) (သူ၏ပေကျံသော အဝတ်များ၊ အလုပ်ကြမ်းကြောင့် စွန်းထင်းလျက်ရှိသော အဝတ်များကို ပြလျက် တည်ငြိမ်သော အသံဖြင့်) "ဤအဝတ်များကိုသာ ကြည့်ကြပါလော့။ ကျွန်ုပ်အလီဇာသည် အလုပ်ဝတ္တရားမှလွဲ၍ မည်သည့်နေရာကိုမျှ မသွားကြောင်း ထိုအဝတ်များက သက်သေခံပါလိမ့်မည်။ ကျွန်ုပ်၏ ညာဘက်လက်သည်ကား ဂျူဒါမြို့၏ ရန်သူများကို ထိုးခုတ်သတ်ဖြတ်ရန် ဓားလုံတို့ကို ကိုင်ရဖန်များလွန်းလှပြီဖြစ်၍ ပေါက်ပြဲ၍ နေပါပြီ။ သို့သော် ကျွန်ုပ်သစ္စာဖောက်ခဲ့ပါမူ ထိုလက်ကို ရောမတို့အား မိတ်ဆွေသဟာယအဖြစ်ဖြင့် မကမ်းနိုင်မီ ကျွန်ုပ်၏ လက်ဝဲဘက်လက်ဖြင့် ကျွန်ုပ်ဖြတ်ပစ်ပါမည်။ ဆင်းရဲသားများ၏ သွေးကို စုပ်လျက်ရှိသော အသင် ဂစ်စချာလာနယ်သား ဂျွန်. . .သင်၏စွပ်စွဲချက်ကို ပြောင်ပြောင်ကြီး ဖော်ထုတ်လော့ ကျွန်ုပ်ယခုပင် ဖြေရှင်းအံ့။"

ဂျွန်သည် ကြောက်မက်ဖွယ်ကောင်းသော ပြုံးရယ်ခြင်းမျိုးဖြင့် ပြုံးရယ်လိုက်၏။ ထိုနောက် ကောင်စီလူကြီးများဘက်သို့ လှည့်လိုက်ပြီးလျှင်

(ဂျွန်) "အီဇရယ် အရှင်၏ လူကြီးများ ခင်ဗျာ၊ ကျွန်ုပ်သည် အလီဇာအား ရန်သူနှင့်စကားကမ်းလှမ်းဆက်သွယ်ခြင်း ပြစ်မှုဖြင့် စွပ်စွဲပါသည်"

အလီဇာတွန့်ခနဲဖြစ်သွား၏။ ချက်ချင်းပင် ဣန္ဒြေဆယ်လိုက်လေသည်။ သူနှင့် ဂျွန်ကား ကမ္ဘာ့ရန်ဖြစ်၏။ တစ်ယောက်ကို တစ်ယောက်ချမ်းသာပေးမည့်သူများ မဟုတ်ပေ။

(ဇာ)"ရန်သူနှင့် စကားကမ်းလှမ်းမည့်အစား ဓားကို ကျွန်ုပ်၏ ကိုယ်တွင်းသို့ စိုက်သွင်းလိုက်ပါမည်"

အစည်းအဝေးတစ်ခုလုံးသည် တီးတိုးသြဘာသံများနှင့် ဆူညံသွား၏။ ဂျေရုဆလင်မြို့ရှိ အမျိုးသားအဖွဲ့တွင် အလီဇာမှာ ခေါင်းဆောင်ဖြစ်သည့်အတိုင်း အထူးယုံကြည်လေးစားခြင်းခံရသူဖြစ်၏။ မိမိ၏အတိုက်ကာလချုပ်မှာ


www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်လောက်တွင် လျှို့ဝှက်သော မြေအောက်လမ်းမှ အိမ်သို့ ကောင်းမွန်ချောမောစွာ ရောက်ရှိနေပြီဟု စိတ်ချယုံကြည်မိ၏။

ဂျွန်သည် အတန်ငယ် ခပ်ဆိုင်းဆိုင်းရှိပြီးနောက်. . .

"အလီဇာသည် ရောမစစ်ဗိုလ်ချုပ်တစ်ဦးထံသို့ သူ၏သားချင်းထံမှ တစ်ယောက်ယောက်ကို စေလွှတ်၍ ဆက်သွယ်ပါသည်"

"ကျွန်ုပ်ငြင်းဆိုပါသည်။ ကျွန်ုပ်၏ ဆွေမျိုးသားချင်းများသည် ဤ တိတ္ထိများနှင့် အဆက်အသွယ်တစ်စုံတစ်ရာမရှိပါ. . ."

"သူ၏သားချင်းများထဲမှ တစ်ယောက်ကို ကျွန်ုပ်စွပ်စွဲခြင်း ဖြစ်ပါသည်။ ထိုသူသည် တပ်စခန်းနှင့်မြို့ကို အခေါက်ခေါက်အခါခါ ကူးသန်းနေသည်ကို မြင့်ရကြောင်း ကျွန်ုပ်သက်သေပြနိုင်ပါသည်"

"ဤသို့ဆိုလျှင် လူ၏သွေးသည် ဦးခေါင်းပေါ်သို့ ကျရောက်ပါစေ"

အလီဇာ၏ စိတ်ထဲမှာ သူတို့ဖမ်းမိလာသည်ဆိုသော သူလျှိုသည် မိမိတို့ဘက်တွင် အစာရေစာများ ခေါင်းပါးသဖြင့် ရန်သူစခန်းသို့ သွားရောက်သော လူလေလူလွင့်တစ်ယောက်ဖြစ်လိမ့်မည်ဟု အောက်မေ့မိ၏။

"သက်သေခံ မခိုင်လုံဘဲ ကျွန်ုပ်မပြောပါ. . ."

ထိုနောက် 'ဂျွန်'သည် သူ၏လူများရှိရာ နောက်သို့လှည့်၍ "အကျဉ်းသားကို ခေါ်ကြဟေ့"ဟု အမိန့်ပေးလိုက်ရာ ရုံးလုလင်နှစ်ယောက်တို့သည် လက်နှစ်ဖက်ကို တုတ်နှောင်ထားလျက် ဦးခေါင်းကိုလည်း အဝတ်အထည်ဖြင့် လွှမ်းခြုံထားသော လူတစ်ယောက်ကို စည်းဝေးခန်းမထဲသို့ သွင်းလာ၏။

"အလီဇာအမှန်ကိုပြောလော့၊ ဤသူသည် သင်၏အစ်ကို မဟုတ်သလော. . ."

ဤသို့ပြောဆိုရင်း 'ဂျွန်'သည် အကျဉ်းသား၏ ဦးခေါင်းတွင် လွှမ်းခြုံထားသော အဝတ်ကို ဖြုတ်ချလိုက်ရာ ကာလချပ်၏ မျက်နှာပေါ်လာလေသည်။

ကောင်စီလူကြီးများကား နှုတ်မှတစ်စုံတစ်ရာမပြောနိုင်လောက်အောင်ပင် အံ့အားသင့်လျက်ရှိကြကုန်၏။ ထိုနောက် ဂျွန်သည် အသံအေးအေးဖြင့် အောက်ပါအတိုင်း ဆက်လက်ပြောပြန်လေသည်။

"ဤသူကို 'ဂျုရှုးဆလမ်မြို့တံခါးမကြီးသို့ ရောမစစ်တပ် စခန်းချ ရောမဂုဏ်ထူးဆောင် တပ်သားများ စောင့်ကြပ်၍ ပို့လာပါသည်။ တံခါးစောင့်ဗိုလ်မှူးက ကျွန်ုပ်အား အပ်ပါသည်။ ကျွန်ုပ်သည် ထိုသူအား ဖမ်းဆီးလိုက်ရာ ထိုသူသည် အခြားမဟုတ်၊ ကျွန်ုပ်တို့ မြို့ရွာကာကွယ်ရေးအတွက် တိုင်းပြည်အား အားကိုးအားထားပြုနေသည့် အမျိုးသားခေါင်းဆောင်ကြီး 'အလီဇာ၏ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်း သိရပါသည်။ ကျွန်ုပ်အမိန့်ဖြင့် သူ့အားရှာဖွေစေရာ ၁၀ နံပါတ် ရောမစစ်တပ်ဗိုလ်ချုပ်ထံမှ သဝဏ်လွှာတစ်စောင်ကို သူ၏ကိုယ်ပေါ်၌တွေ့ရပါသည်။ ထိုစာမှာ သူ၏လက်ယာဘက်လက်သည် ရန်သူများကို တိုက်ခိုက်ရန် ဓားနှင့်လှံကို ကိုင်ရဖန်များသဖြင့် လက်များပင် မာ၍နေပါပြီဟူ၍လည်းကောင်း၊ ရန်သူထံသို့ မိမိ၏ လက်ယာဘက်လက်ကို မကမ်းမီ ထိုလက်ယာဘက်လက်ကို လက်ဝဲလက်ဖြင့် ဖြတ်ပစ်ပါမည်ဟူ၍လည်းကောင်း ပြောဆိုခဲ့သူ အလီဇာ၏ နေအိမ်တွင် မှီခိုကပ်ရပ်နေသော အက်စကာဆိုသူ တိတ္ထိတစ်ဦးထံသို့ လိပ်တပ်ထားပါသည်။ ထို'အက်စကာ'ဆိုသူကိုလည်း သူ့အား ကျွေးမွေးသိမ်းပိုက်ထားသူ အလီဇာနှင့်အတူ ဖမ်းဆီးရန် ဤကောင်စီအစည်းအဝေးက အမိန့်ချမှတ်ဖို့ ကျွန်ုပ်တောင်းဆိုပါသည်။ လူသုံးယောက်၏ နှုတ်ထွက်စကားများမှာ ပညာရှိ ကောင်စီလူကြီးများသည် အဖြစ်အပျက်အမှန်ကို ရနိုင်ပါလိမ့်မည်။ ကျွန်ုပ်၏ စွပ်စွဲချက်ကို အလီဇာဖြေရှင်းပါစေလော့. . ."

ကောင်စီလူကြီးများကား စဉ်းစားရန်များစွာ ခဲယဉ်းလျက်ရှိ၏။ စွပ်စွဲခြင်းခံရသော တရားခံ၏ အပြုအမူမှာ အပြစ်ရှိသည်ဟူ၍လည်း မပြောနိုင်။ အပြစ်မရှိဟူ၍လည်း မငြင်းကွယ်နိုင်ဖြစ်၍ နေ၏။ အလီဇာ၏မျက်နှာမှာ အလွန်ဖျော့တော့သွားပြီးလျှင် သူ့အစ်ကိုအနီးသို့ ချဉ်းကပ်ရန် ရှေ့သို့တစ်လှမ်းမျှ တိုးလိုက်လေသည်။ သို့သော် ရုတ်တရက် ရပ်ပြီးနောက် "သူ၏သွေးသည် သူ၏ဦးခေါင်းပေါ်သို့ ကျရောက်ပါစေ"ဟု ယခင်က ပြောခဲ့သော စကားအတိုင်း ခပ်ကျယ်ကျယ်နှင့် ကယောင်ကတမ်း ဟစ်အော်လိုက်လေသည်။

သို့ရှိစဉ် ကောင်စီလူကြီးတစ်ယောက်သည် တစ်စုံတစ်ရာ ပြောရန် မတ်တတ်ရပ်လိုက်ရာ၊ အစည်းအဝေးသည် တိတ်ဆိတ်၍သွားလေ၏။ ထိုနောက် ကောင်စီလူကြီးများအား ထိုသူကအောက်ပါအတိုင်း ပြောကြားလေသည်။

"ဤအမှုမှာ အလွန်အရေးကြီးသော အမှုဖြစ်ပါ၍ ဂျူဒါနိုင်ငံသားတစ်ယောက်၏ သေရေးရှင်ရေးသာမဟုတ်၊ မြင့်မြတ်သော ကျွန်ုပ်တို့ လွှတ်တော်အဖွဲ့အစည်းကြီး၏ ဂုဏ်သိက္ခာနှင့်လည်းပတ်သက်လျက်ရှိပါသည်။ ဤသာသနာပြုနိုင်ငံကြီး အဓွန့်ရှည်ကြာစွာ တည်တံ့ရေးနှင့်လည်း စပ်ဆိုင်နေပါသည်။ ဤအမှုကို ကျွန်ုပ်တို့ထက် မြင့်မြတ်ကြီးကျယ်သော 'ဆန်ဟယ်ဒရင်'အထက်လွှတ်တော်အဖွဲ့ကြီးက စစ်ဆေးဆုံးဖြတ်ရန် သင့်လျော်ပါသည်။ ထိုအဖွဲ့ကြီးလည်း ယခုကိစ္စအတွက် မကြာမီ စည်းဝေးပါလိမ့်မည်။ 'အလီဇာ'မှာ ယခုတိုင် သူ၏ အပေါ်တွင် လုံလောက်ထင်ရှားသော သက်သေထွက်ချက်မရှိသေးပါ။ သို့သော် သူ၏အစ်ကိုနှင့် သူတို့အိမ်တွင် မှီခိုကပ်ရပ်နေသော 'လိပ်မြှောင်'


www.burmeseclassic.com

www.burmeseclassic.com

တိတ္ထိကောင်ကို ဖမ်းဆီးချုပ်နှောင်ထားရန် လိုအပ်ပါသည်။ ယခုအစည်းအဝေး ကိုတော့ ဤမျှနှင့်ပင် ရုပ်သိမ်းကြပါစို့”

သို့နှင့် ကောင်စီအစည်းအဝေးကို ဤတွင် ရုပ်ဆိုင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၀ ]

'ဆန်ဟယ်ဒရင်'အထက်လွှတ်တော်အဖွဲ့၏ ဥက္ကဋ္ဌမှာ မင်းသား'မာတီးယပ်'ဆိုသူဖြစ်၍ အလီဇာ၏ အထူးချစ်ခင်ရင်းနှီးသော မိတ်ဆွေဖြစ်၏။ သို့နှင့် နာရီအနည်းငယ်မျှကြာသော အချိန်တွင် 'ကာလချုပ်'နှင့် အက်စကာတို့အား စစ်ဆေးစီရင်ရန် ထိုအဖွဲ့ရုံးသို့ ဖမ်းဆီးခေါ်ဆောင်လာလေသည်။

ဂျွန်ကား သူ၏ရန်သူ အလီဇာသည် ဂျေရုဆလမ်မြို့၌ တန်ခိုးအာဏာဖြင့် လွှမ်းမိုးနေခြင်းကို ဖျက်ဆီးတိုက်ခိုက် အောင်မြင်ပြီးနောက်မှ တီးတပ်ဘက်သို့ ချဉ်းကပ်ကာ မြို့ကို ပေးအပ်ပြီးလျှင် မိမိကိုယ်ကို ကိုယ်လွတ်ရုန်းတော့မည်ဟု ကြံစည်ထား၏။

သို့နှင့် အထက်လွှတ်တော် အစည်းအဝေးတွင် လူကြီးများ စုံညီသောအခါ ဂျွန်သည် မတ်တတ်ရပ်ကာ ရှေ့သို့ အတန်ငယ်တိုးလိုက်ပြီးနောက်

"ဤလူနှစ်ယောက်သည် အလီဇာ၏ ဆူးဆောက်ပမာ ညာလက်ရုံးများဖြစ်ကြောင်းနှင့် အလီဇာအား ကျွန်ုပ်စွပ်စွဲပါသည်"ဟု လျှောက်ထားလေ၏။

ထိုအခါ အားလုံးသော မျက်လုံးများသည် အလီဇာ၏ ကိုယ်ပေါ်ကျရောက်ကာ အလီဇာအား စူးစူးဝါးဝါး ကြည့်ကြလေသည်။ ရင်ထဲကပင်မချိသော်လည်း အလီဇာသည် အပေါ်ယံတွင် တည်ကြည်ငြိမ်သက်စွာရှိနေ၏။ အကယ်၍ သူသည် ကောင်းဆိုသော အချက်အလက်များဖြင့် မြို့ကို ပေးအပ်ရန် သူ၏အစ်ကိုအား ရန်သူရောမစစ်တပ်ဘက်သို့ စေလွှတ်ကြောင်း ဝန်ခံလိုက်သော်၊ မည်သူတစ်ဦးတစ်ယောက်မျှ သူ့အား မျိုးချစ်ခေါင်းဆောင်အဖြစ်ဖြင့် ပြုမူဆောင်ရွက်ပုံများကို ယုံကြည်တော့မည် မဟုတ်ချေ။ အပြစ်ဒဏ်မှာလည်း သေဒဏ်မှမလွဲနိုင်ချေ။ ထိုအခါ ဂျေရုဆလမ်မြို့တော်ကို ထိန်းတင်ရန် မည်သူကျန်ရစ်ခဲ့တော့အံ့နည်း။ အလီဇာသည် အထက်ပါအကြောင်းအရာများကို နက်နဲစွာ တွေးတောလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အခြားနည်းအားဖြင့် စဉ်းစားလိုက်ပြန်သော် တစ်ယောက်တည်းသာရှိ၍ အချစ်ဆုံးသောသူ၏ အစ်ကိုကို တောက်တောက်ခါးခါးဖြတ်နိုင်ပါမည်လော၊ သို့ဆိုလျှင် ကာလချပ်၏ မျက်နှာကို မည်သို့ကြည့်ရအံ့နည်း။ မိမိစိတ်ကို တိတိပြတ်ပြတ် ဒုံးဒုံးချရအံ့။ သို့နှင့်သူသည် မည်သို့ပင်ဖြစ်ဖြစ် မြို့တော်လုံခြုံရေးအတွက် သူ၏အသွေးနှင့်အသားကိုပင် ပေးလှူပါတော့မည်ဟု နောက်ဆုံး သံန္နိဋ္ဌာန်ချလိုက်လေသည်။

သို့သော် သူ၏ပယောဂပါရန်မလိုချေ။ လွှတ်တော် ဥက္ကဋ္ဌမာတီးယပ်သည် အကျဉ်းသားများအား စတင်စစ်ဆေးသည်။

"အဘိုးကြီး. . .သင့်နာမည် ဘယ်သူလဲ"

"ဆိုင်မီယန်၏သား ကာလချပ်၊ မနာဟမ်အမျိုးဖြစ်၍ ဂျူဒါ၏အနွယ်တော်ဖြစ်ပါသည်"

"သင်သည် ဤလွှတ်တော် လူကြီးတစ်ယောက်ဖြစ်သော အလီဇာပင် မနာဟမ်၏ အစ်ကိုမဟုတ်ပါလော"

"ဟုတ်ပါသည်"

"ဂစ်စချာလာဝွန်၏ စွပ်စွဲချက်ကို သင်ယုံကြည်ပါသလော"

"ကြားပါသည်"

"ကြားလျှင် ပြန်လည်ချေပနိုင်ပါ၏လော"

"စွပ်စွဲချက်ကို ကျွန်ုပ်ကြားပါ၏။ ထိုစွပ်စွဲချက်ကို ကျွန်ုပ်အတွက်နှင့်တကွ ကျွန်ုပ်အနီး၌ ချုပ်နှောင်ထားခြင်းခံနေရသူ၏အတွက်ပါ ရှင်းလင်းဖြေဆိုရန် အသင့်ပါ"

"အဘိုးကြီး. . .သင့်ကိုယ်ကိုသာ ရှေးဦးစွာ လွှတ်အောင် ရှန်းပါဦးလော့"

"မှန်၏။ ကျွန်ုပ်ကိုယ်တိုင် ရောမမင်းသားတီးတပ်မျက်မှောက်သို့ရောက်ခဲ့၏။ ရောမစစ်တပ်များ၏ စည်းကမ်းသေဝပ်မှုများကိုလည်းကောင်း ကျွန်ုပ်တို့ မြို့သူမြို့သားများမှာ အပိုင်းခံရသော မြို့ရိုး၌ ရိက္ခာဖူလုံသည့်အကြောင်းများကိုလည်းကောင်း၊ ဤကောင်စီလူကြီးများကို လျှောက်ထားပြောပြရဦးမည်လော။ ကျွန်ုပ်တို့ဘက်တွင် သဘောချင်းမတွဲမိဘဲ အကွဲကွဲအပြားပြားဖြစ်ကာ အင်အားယုတ်လျော့လျက်ရှိစဉ် ရန်သူများဘက်၌မူ အရေအတွက်အားဖြင့် ကျွန်ုပ်တို့ထက် အဆပေါင်းများစွာ သာလွန်သည့်အကြောင်းများကို ကျွန်ုပ်လျှောက်ထားပြောပြရဦးမည်လော၊ တီးတပ်၏မျက်နှာတွင် သူ၏ကိုယ်ကိုယုံကြည်ခြင်း၊ သူ၏ စစ်သည်တော်များအား ကိုးစားခြင်း၊ စစ်ရှုံးသူအပေါ်တွင် ညှာတာထောက်ထားကာ သနားကရုဏာစိတ်များပေါ်လွင်လျက်ရှိခြင်းများကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ပြောပြလိုက်ရမည်လော၊ ဤအချက်များကိုကား ကျွန်ုပ်သိပြီးဖြစ်ပါသည်။ သို့သော် အောက်ပါအချက်များကား တီးတပ်၏ နှုတ်ဖျားမှ ကျွန်ုပ်ကြားသိခဲ့ရပါသည်။ သူ၏ သံနိဋ္ဌာန်ချပြီးသော ကိစ္စကိုကား ပြောင်းလဲမည်မဟုတ်ပါ။ မြို့ကို ပေးအပ်ပြီးသည်ဖြစ်စေ၊ မပေးအပ်သည်ဖြစ်စေ၊ ဥပုသ်နေ့ပြီးသည့်နောက်တစ်နေ့ ဂျေရုဆလမ်မြို့တော်ကို ဖောက်ဖျက်ဝင်ရောက်ကာ အကယ်၍ တစ်စုံတစ်ရာ ခုခံသည်ကို တွေ့ရှိက အထွတ်အမြတ်ထားသော ဤမြို့တော်ကြီးအား ဓားနှင့်မီးကို အသုံးပြုကာ မုချဖျက်ဆီးပါလိမ့်မည်"

ဤသို့ကာလချပ်က ဖွင့်ဟပြောလိုက်ခြင်းဖြင့် အလီဇာသည် မိမိတောင်းဆိုသော အချက်များအတွက် တီးတပ်ထံမှ ပြန်ကြားလိုက်သော စကားကို ရရှိခဲ့လေပြီ. . .ဤသည်ပင်လျှင် အမြတ်အစွန်းဖြစ်တော့၏။ ထိုတစ်ရက်တာမျှ ဆိုင်းငံ့ရခြင်းပင်လျှင် မိမိကြိုးပမ်းမှုမှ ရရှိအပ်သော အမြတ်အစွန်းဖြစ်၍ ထိုအမြတ်အစွန်းကို မိမိအစ်ကို၏ အသက်ဖြင့် ဝယ်ယူရချေတော့မည်။

ကာလချပ်၏စကားသည် ကောင်စီလူကြီးများအား တုန်လှုပ်ချောက်ချား၍ သွားစေ၏။ မြို့ကို ခုခံရန် မျှော်လင့်ချက်လည်း မရှိ၊ လွတ်မြောက်ထွက်ပြေးရန်လည်း မဖြစ်နိုင်တော့ချေ။

မာတီးယပ်သည် အံ့အားသင့်လျက်ရှိရာမှ သတိပြန်၍ရလာပြီးလျှင် ဆက်လက်စစ်ဆေးပြန်လေသည်။

"မည်သူ့အမိန့်အရ သင်သွားရောက်ခြင်း ဖြစ်သနည်း. . .ရန်သူ၏ တဲစခန်းသို့ ရဲဝံ့စွာ သင်ဝင်ဝံ့လေသလော. . ."

ဤသို့မေးလိုက်သောအခါ ကောင်စီလူကြီးများသည် အလီဇာ၏ မျက်နှာကို ဝိုင်း၍ကြည့်ရှုလျက်ရှိကြလေသည်။ ကောင်စီလူကြီးများ၏စိတ်သည် အလီဇာအပေါ်တွင် ရောက်နေရာမှ သူ့ကို ပြန်၍ ဂရုစိုက်ကြသည့်အချိန်ထိအောင် စောင့်ပြီးနောက် . . . ကာလချပ်သည် အောက်ပါအတိုင်း ပြေဆိုလေသည်။

"ဤကမ္ဘာကြီးကို ငြိမ်းချမ်းစေရန် ဖန်တီးခဲ့သော ဘုရားသခင်၏ အမိန့်အရ ကျွန်ုပ်သွားရောက်ခြင်းဖြစ်၏။ သူ၏ဩဇာအာဏာကား ဤ'ဆန်ဟယ်ဒရစ်'ထက် ကြီးမားလှပေ၏။ ဘုန်းတော်ကြီးများ၊ စစ်နိုင်ဘုရင်များထက်ပင် ကြွံခိုင်တောင့်တင်းပေ၏။ ကျွန်ုပ်ကား. . .ငြိမ်းချမ်းရေးသမားတစ်ယောက်ပင်ဖြစ်၏။ ကျွန်ုပ်၏ မျက်စိရှေ့တွင် စစ်ကြောင့် ကျွန်ုပ်တို့ မြို့တော်ကြီးကျဆုံးရမည်ကို ကျွန်ုပ်ကြည့်၍ နေနိုင်ပါမည်လော...ဝိုင်း၍ထားသူနှင့်ဝိုင်းရံထားခြင်းခံရသူ ရောမနှင့်လူရိုင်းများ ရဟူဒီနှင့်ရဟူဒီမဟုတ်သူ တိတ္တိများဖြစ်သည် အချင်းချင်း ညီရင်းအစ်ကို တော်စပ်ကြောင်းဖြစ်၍ ဘုရားသခင်ထံမှ ကျွန်ုပ်သိရ၏"

www.burmeseclassic.com



ထိုသူချင်းချင်းတားကို ဆွဲကာနေစဉ် သူတို့အချင်းချင်းပြေငြိမ်းချမ်းသာလေအောင် ကျွန်ုပ်ဝင်၍ မလုပ်ရပြီလော. . .ဤသူ၏အမိန့်ပေတည်း၊ မာတီးယပ်. . .သင်ကား သူ့ကိုမသိ၊ သူ့ကို ဂရုမစိုက်၊ သူသည်သာလျှင် သင့်အား ပျက်စီးခြင်းမှ ကယ်တင်နိုင်အံ့. . .သူ့အား သင်တို့ပင် ကဲ့ရဲ့သကြိုဟ် အတင်းဆိုကာ ဟိုတောင်ထိပ်တွင် သတ်ပစ်လိုက်ကြသည် မဟုတ်ပါလော၊

အဘိုးကြီး၏ ရဲရဲတောက်စကားများသည် 'မာတီးယပ်'နှင့်တကွ အစည်းအဝေးပြုလုပ်လျက်ရှိသော လွှတ်တော်တစ်ခုလုံးကို တုန်လှုပ်ချောက်ချား၍ သွားစေ၏။ ရဟူဒီဖြစ်ပါလျက် ခရစ်ယာန်အယူဘက်သို့ ကူးပြောင်းသွားသော ဂိုဏ်းရှိကြောင်း 'မာတီးယပ်'သည် အသိအမှတ်မပြုနိုင်ဘဲ မနေနိုင်ချေ၊ သို့နှင့် သူသည် ကာလချပ်အား မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကြည့်ရှုလျက်ရှိနေပြီးလျှင် သူ၏မျက်နှာထားမှာ တင်းမာခက်ထန်သော အမူအရာသို့ တစ်ခဏချင်း ပြောင်းသွားလေ၏။

"သင်ပြောလိုက်သည့်စကားမှာ ကျွန်ုပ်မျှော်လင့်သည်ထက်ပင် ပို၍နေသေး၏။ အသို့နည်း ဂျူဒါ၏ သား. . .ကျွန်ုပ်၏အလုပ်နှင့်ဝတ္တရားမှာ ချမ်းသာမပေးဘဲ ကွပ်မျက်ရမည်မဟုတ်ပါလော"

ထိုခါ အစည်းအဝေးရှိသူအားလုံး. . .

"မှန်ပါသည်။ ချမ်းသာမပေးဘဲ ကွပ်မျက်ရမည်ဖြစ်ပါသည်"

ဟု ညီညာစွာ တစ်ပြိုင်တည်း ဟစ်အော်ကြလေ၏။

မည်သူတစ်ဦးတစ်ယောက်မျှ သဘောမတူညီသည့်သူဟူ၍ မရှိချေ၊ အလီဇာပင်လျှင် စိတ်နှလုံးကို ဒုံးဒုံးချထားဟန်ဖြင့် သူ၏နေရာတွင် ငြိမ်သက်စွာ ထိုင်လျက်ရှိလေသည်။

မာတီးယပ်က ဆက်လက်၍. . .

"သင့်ပြောဆိုချက်မှာ ပရိယာယ်များ၍ စကားကြွယ်ဝလှပေ၏၊ သို့ဆိုက သင်သည် သူတို့ကိုယ်ကို သူတို့ခရစ်ယာန်ဟုခေါ် သစ္စာခံ ရဟူဒီ နဇာရင် *(Nazarene နာဇရင် ခရစ်တော် အယူဝါဒသို့ ကူးပြောင်းကျမ်းသစ္စာကျိန်ဆိုခံယူထားသော ရဟူဒီလူမျိုး)* တစ်ယောက် မဟုတ်ပါလော"

"ကျွန်ုပ်ကား အမှန်ပင် ခရစ်ယာန်တစ်ယောက်ဖြစ်ပါသည်၊ ဤအမည်ကို ကျွန်ုပ်အလေးပြုပါသည်။"

ဆန်ဟယ်ဒရင် လွှတ်တော် ဥက္ကဋ္ဌသည် အက်စကာအား မျက်ခြေမပြတ်ထိုး၍ မကြည့်မိ တစ်ခဏမျှ စဉ်းစားလျက်ရှိလေသည်။ ထိုနောက် ပြောင်းလှောင်သည့် သဘောဖြင့် အက်စကာအား. . .

"သည်တိတ္တိကောင်ကကော ဘာလဲ၊ သင်ရဲ့ သက်သေခံချက်က



www.burmeseclassic.com

www.burmeseclassic.com

တော့ တရားဝင်မှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သင်က ခရစ်ယာန်မဟုတ်ပဲကို"

အက်စကာသည် ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီးလျှင် ရင်ကိုကော့ကာ. . .

"ဤနေရာတွင် ရပ်နေသော ကျွန်ုပ်၏ ဆရာကဲ့သို့ ကျွန်ုပ်သည် ခရစ်ယာန်တစ်ယောက်ဖြစ်ပါသည်"

မာတီးယပ်သည် အက်စကာ၏ ကိုယ်ရုံကို အနားပတ်အထဲဆုတ်ဖြဲ၍ ချလိုက်ပြီးနောက် ကျယ်လောင်စူးရှသော အသံဖြင့်. . .

"တော်လောက်ပြီ တော်လောက်ပြီ၊ သူတို့က ဘုရား တရား ဘာသာဝါဒကို ပြစ်မှားကြပြီ၊ အပြစ်ဒဏ်ကား သေဒဏ်ဖြစ်၏။ ပထမသတင်း၁တ်နံနက်မိုးသောက်ချိန်၌ ဗမနာဟာမ်အနွယ်အဆက်မှ ပေါက်ဖွားသော 'ကာလချပ်' နှင့် မိစ္ဆာဒိဋ္ဌိဖြစ်သော ဗြိတိန်ကျွန်းသား 'အက်စကာ'တို့အား ဘုရားရှိခိုးကျောင်းနှင့် ဆက်လျှက်ရှိသော အပြင်ရုံးတော်အဆောက်အဦးရှေ့၌ မသေမချင်း ကျောက်ခဲများဖြင့် ပေါက်သတ်စေ"

ထိုနောက် မာတီးယပ်သည် အလီဇာဘက်သို့လှည့်လိုက်လေ၏။

"သင် အလီဇာ ဗမနာဟာမ်. . .သင်၏ နာမည်ကား ကျွန်ုပ်တို့ အမျိုးသားထဲ၌ တစ်စုံတစ်ရာ စွန်းထင်းညစ်ပေခြင်းမရှိသဖြင့် ကျွန်ုပ်က ရဲဘက်တော် ကောင်စီဝင်လူကြီးတစ်ဦးအဖြစ်နှင့်ပင် တည်နေပါသည်။ ဥပဒေအရ 'နာဇရင်'တစ်ယောက်၏ ထွက်ချက်သည် တရားမဝင်ပါ။ သင်၏ အပေါ်တွင် ဤတရားခံနှစ်ယောက်မှ လွဲ၍ အခြားအထောက်အထား သက်သေထွက်ချက်လည်း မရှိပါ"

အလီဇာသည် တွေဝေလျှက်ရှိသော မျက်လုံးဖြင့် ကောင်စီလူကြီးများအား ငေးမှိုင်ကြည့်လျှက် ရှိလေသည်။ ထိုနောက် အလီဇာသည် တည်ငြိမ်အေးဆေးသော အသံဖြင့်. . .

"သူတို့၏သွေးသည် သူတို့ဦးခေါင်းပေါ်သို့ ကျရောက်ပါစေ။ သူတို့အား ကျွန်ုပ်၏ အိမ်သားအဖြစ်မှလည်းကောင်း၊ ကျွန်ုပ်၏ ဆွေမျိုးအဖြစ်မှလည်းကောင်း စွန့်ပယ်လိုက်ပါပြီ၊ ဤနေရာ၌ပင် ကျွန်ုပ်သစ္စာဆို၍ သူတို့အား ဖြတ်လိုက်ပါပြီ၊ သူတို့၏ သွေးသည် သူတို့၏ ဦးခေါင်း၌ကျရောက်ပါစေသား"ဟု တီးတိုးရေရွတ်လိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၁ ]

အိမ်သို့ အလီဇာပြန်ရောက်လာသောအခါ သမီးဖြစ်သူမာရီယမ်နီသည် အိမ်ပေါက်ဝမှ စောင့်ဆိုင်းကာ သတင်းနားထောင်လျက်ရှိလေသည်။

"ဖခင် . . . ကျွန်ုပ်၏ ဦးရီးတော် ကာလချပ်အသို့ဖြစ်ပါသနည်း။ ကျွန်ုပ်တို့ အိမ်သားတစ်ယောက်ဖြစ်သော အက်စကာကော အဘယ်မှာနည်း။ ဖခင်မြန်မြန်ပြောပါလော့။ ကျွန်ုပ်ကြားချင်လှပါပြီ။ ကျွန်ုပ်ကား ဖခင်၏ သမီးဖြစ်ပါ၍ စိတ်ခိုင်ပါသည်"

အလီဇာသည် မျက်နှာထားတင်းတင်းနှင့် မာရီယမ်နီကို ကြည့်လျက်

"ချစ်သမီး . . . ကာလချပ်သည် ယမန်နေ့ကပင် သင်၏ ဦးကြီးတော်ပါလျက် ကျွန်ုပ်၏အိမ်သားဖြစ်သော အက်စကာသည် ကျွန်ုပ်၏ပေါင်မုန့်ကို စားပြီးလျှင် ကျွန်ုပ်အရက်ကိုသောက်ပါလျက် ကျွန်ုပ်နှင့် ပခုံးချင်းယှဉ်ကာ ရန်သူတို့အား ရင်ဆိုင်ခဲ့ပါလျက် သူတို့ကား ယခုအချိန်မှစ၍ သင်နှင့်တစ်စုံတစ်ရာ မဆိုင်တော့ပြီ. . ."

မာရီယမ်နီသည် ယူကျုံးမရဖြစ်ပြီးလျှင် လက်နှစ်ဖက်ကို ယှက်လိုက်၏။

"အဆိုးဆုံးသော အခြေအနေပင်ဖြစ်စေကာမူ၊ ကျွန်ုပ်အား ပြောကြားပါလော့ . . . ကျွန်ုပ်စိတ်ခိုင်ပါသည် ဖခင် . . ."

အလီဇာသည် ယမန်နေ့က ဖြစ်ပျက်ခဲ့သော အလုံးစုံကို မာရီယမ်နီအား အသေးစိတ်ပြောပြ၏။ ဂစ်စချာလာရှာသား ဂျွန်၏ စွပ်စွဲချက်များကိုလည်းကောင်း၊ အမှုစစ်ဆေးပုံကိုလည်းကောင်း၊ မိမိကိုယ်ကို ရှင်းလင်းအောင် မည်ကဲ့သို့ ရုန်းထွက်ခဲ့သည့်အကြောင်းများကိုလည်းကောင်း၊ တရားခံနှစ်ယောက်တို့၏ ဖြောင့်ဆိုချက်များကိုလည်းကောင်း၊ အကုန်အစင်ပြောပြလေသည်။ တရားခံများဘာသာပြောင်းသွားသည့်အတွက် သူ၏စိတ်ကို ထိခိုက်ကြောင်းဖြင့် အထင်မှားယွင်းစေ၏။ မာရီယမ်နီသည် ဖခင်ကြီး၏ဒေါသ

www.burmeseclassic.com



ကြောင့် မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ရပ်ကာရှိနေလေသည်။ ထိုနောက် မာရီယန်နီအား သူဦးကြီးပြောပြသော နူးညံ့သိမ်မွေ့သည့် ကရုဏာများကို နာယူသဖြင့်တစ်ကြောင်း၊ သူစိမ်းတစ်ယောက်ဖြစ်သော အင်္ဂလိပ်စကာနှင့် အရောတဝင်ရှိနေသဖြင့် တစ်ကြောင်း ပြစ်တင်ကြိမ်းမောင်းလျက်ရှိလေသည်။

ထိုအခါ မာရီယမ်နီက စောဒကတက်ပြန်သည်။

"ဖခင်...ဤသူသည် ဘိတ္တိ လူရိုင်းတစ်ယောက်ပင် ဆိုရငြားသော်လည်း ကျွန်ုပ်တို့လူမျိုးများ၏ အယူအဆများကို ကျင့်သုံးလိုက်နာပါသည်။ သူသည် ဤသာသနာပြု မြို့တော်ကြီး၏ ရန်သူများကို ကျွန်ုပ်တို့စစ်တပ်မှ စစ်သားများထက်ပင် ထူးထူးကဲကဲရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ကြောင်း ဖခင်ပါးစပ်မှ ပင်ပြောကြားသည်ကို ကျွန်ုပ်ကြားရပါသည်"

"သမီး...သင်သည် ကျွန်ုပ်ပိတ်ပင်တားမြစ်ထားသော ထိုသူ၏အမည်ကို နောက်ထပ်ပြောဝံ့သည့်နေ့၌ သင်၏မျက်လုံးသည် ကြည်လင်ခြင်းကင်းမဲ့၍ မှုံပြာရီဝေပါစေ၊ သင်၏ လှပနုပျိုသော ကိုယ်လက်အင်္ဂါများသည် မလှုပ်မရှားအင်အားယုတ်လျော့သွားပါစေ၊ သင်၏အသည်းနှလုံးသည် သင်၏ ပူနွေးသော ရင်ခွင်တွင် အေးစက်တောင့်တင်း၍သွားပါစေ၊ ကျွန်ုပ်တို့၏ ဗင်မနာဟာမ်အဆက်အနွယ်ပြတ်ကာ သင်သည် ကျွန်ုပ်တို့အမျိုး၌ ပင်ပျိုပင် မ,သဖွယ် နုနယ်စွာရှိနေရာမှ ဆွေးမြေ့ခြောက်ကပ်သော သစ်ကိုင်းကဲ့သို့ မြေပေါ်သို့ ဖုံးဖုံးကြွေကျပါစေ၊ ဂျူဒါမြို့သူ အပျိုဖြူအဖြစ်မှလည်းကောင်း၊ သူ၏အမည်သည် တစ်ခါတည်းပျောက်ကွယ် ဆိတ်သုဉ်းပါစေ..."

မည်မျှလောက်ပင် ကြောက်မက်ဖွယ်ကောင်းစွာ ကျိန်ဆဲသော်လည်း မာရီယမ်နီ၏စိတ်ကိုကား မလွှမ်းနိုင်ချေ။ မာရီယမ်နီသည် အလီဇာ၏မျက်နှာကို တည်ငြိမ်သော မျက်လုံးများဖြင့် တည့်တည့်ကြီးကြည့်လိုက်လေသည်။

ထိုနောက် ပျော့ညံ့သော အသံဖြင့်...

"ဖခင်...ကျွန်ုပ်ကား ကမ္ဘာပေါ်တွင် မည်သည့်အရာကိုမျှ ကြောက်ရန်မရှိတော့ပါ၊ ကျွန်ုပ်ကို သတ်လိုက သတ်ပါလော့...သို့သော်...မကျိန်ဆဲပါနှင့်..."

(အံကြိတ်လျက်) "သင့်ကို သတ်ရမယ်ဟုတ်လား မာရီယမ်နီ...ကောင်းပြီ...ဗမနာဟာမ် အဆက်အနွယ်နဲ့ရော၊ ဘုန်းတော်ကြီး အမည်နဲ့ရော၊ ဘုရားကျောင်းတော်အမည်နဲ့ရော ကျွန်ုပ်ကျမ်းသစ္စာပြုလိုက်မယ်...ဒီနိမိတ်မရှိတဲ့ နာမည်တွေ နောက်ထပ်ပြောရင် သင့်ကို ကျွန်ုပ်လက်နဲ့သတ်မယ်"

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၂ ]

ဖခင်ပြောသောစကားများ နားထဲ၌ အမြဲကြားယောင်ကာ မိမိပြုလုပ်မည်ဟု စိတ်ပိုင်းဖြတ်ထားသည်ကို ပြုလုပ်ရန် မာရီယမ်နီသည် သူ့ဖခင်အား အိပ်နေစဉ် နောက်ဆုံး ကြည့်ရှုလိုသော ဆန္ဒရှိသော်လည်း မျိုသိပ်၍ ထားခဲ့ရလေသည်။

ရေပန်းအိုင်အနီးသို့ ရောက်ရှိခဲ့ပြီးနောက် အလယ်ကျောက်တုံးကို ချိမလိုက်ရာ. . .မကြာမီကပင် ချိမ၍ထားသဖြင့် အလွယ်တကူနှင့်ပင် ပွင့်သွား၏။ ထိုနောက် အေးစက်စိုထိုင်းလျက်ရှိသော ကျောက်လှေကားထစ်များဖြင့် ကွေ့ကောက်ကာ မြေအောက်ဥမင်လိုဏ်ခေါင်းရှိရာ အောက်သို့ တဖြည်းဖြည်း ဆင်းခဲ့လေသည်။ ထိုမှောင်မိုက်လျက်ရှိသော မြေအောက်လမ်းမှာ စွတ်စိုထိုင်းမှိုင်း၍လည်း နေပြန်၊ အမှိုက်ပိတ်ပေါင်းတို့ဖြင့်လည်း ပြည့်နှက်လျက်ရှိပြန် ဖြစ်ရကား. . .မာရီယမ်နီသည် ခြေချလိုက်တိုင်း မြွေများကို နင်းမိလိမ့်မည် အထင်နှင့် တွန့်ရွံ့လျက်ရှိလေသည်။ သို့သော် အားတင်းလျက် ကြောက်ရွံ့တုန်လှုပ်စွာနှင့်ပင် တဖြည်းဖြည်းလျှောက်လာခဲ့ရာ လိုဏ်ခေါင်း၏ အခြားဘက်သို့ ချဉ်းကပ်လာသောအခါတွင် အပြင်မှ အလွန်မှေးမှိန်သော အလင်းရောင်တစ်ခု တိုးဝင်လာသည်ကို မြင်ရ၏။ ထိုအခါ အားတက်၍ လာပြီးလျှင် မာရီယန်နီသည် ဥမင်လိုဏ်ခေါင်းအဆုံးသို့ ခပ်သုတ်သုတ်လျှောက်သွားလေသည်။

လိုဏ်ခေါင်း၏ အဝတွင် ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဆို့လျက်ရှိသဖြင့် မာရီယမ်နီသည် ထိုချုံများအကြားမှ အပြင်သို့ မျှော်ကြည့်လိုက်၏။ လမင်းသည် ထိုနေရာ၌ အတော်ပင် ကြည်လင်အေးမြသော အရောင်ဖြင့်[illegible] ၍နေပြီးလျှင် ညဥ့်၏အေးမြသန့်ရှင်းသော လေပြေသည်လည်း [illegible]ပြင်မှ အဝသို့ တိုက်ခတ်လျက် ရှိလေသည်။ ချုံအတွင်းမှ ထွက်မိလျှင်[illegible] မိမိနှင့် ခြေလှမ်း ၂၀ လောက်သာ ကွာသော နေရာ၌ ရောမ[illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကို လရောင်အောက်တွင် တွေ့မြင်ရ၏။ ထိုစန္ဒရီမသိစေဘဲ မိမိပုန်းကွယ်ရာ၌ ထွက်ရန်ပင် ခဲယဉ်းလှ၏။ ကင်းစောင့် စန္ဒရီစစ်သားကား လရောင်အောက်တွင် ဂျေရုဆလမ်မြို့ကြီးကို စူးစူးစိုက်စိုက်ကြည့်ကာ မလှုပ်မယှက်ရှိနေလေသည်။

ဤမျှလောက်အရေးကြီးသော အခိုက်အတန့်၌ပင် မာရီယမ်နီသည် ကင်းစောင့်စစ်သား၏ သေးသွယ်ဖြောင့်တန်း၍လှပသော ကိုယ်နေကိုယ်ထားရှိသည့် ပုံသဏ္ဍာန်မည်းမည်းအရိပ်ကို သတိပြုမိ၏။ ထိုစစ်သား၏ လက်မောင်း လက်ရုံးများနှင့်တကွ ဝတ်စားဆင်ယင်ထားသည့် ခံ့ညားလှ၏။ ကြည့်၍နေရင်းပင် ထိုစစ်သားသည် သူ၏လက်များကို ဂျေရုဆလမ်မြို့ဘက်သို့ ဆန့်တန်းလိုက်ပြီးလျှင် အလွန်သနားဖွယ်ရာ ကောင်းသောအသွင်အပြင်များဖြင့် မြေပေါ်သို့ထောက်၍ထားသော လုံ့ပေါ်တွင် တင်ထားသည့် လက်မောင်းပေါ်သို့ သူ၏ဦးခေါင်းကို ပျင်းရိလေးလံစွာ တင်လိုက်လေသည်။

ထိုအချက်သည်ကား မာရီယမ်နီအတွက် အချက်ကောင်းပေတည်း။ မာရီယမ်နီသည် ချုံနောက်မှ တစ်ခါတည်း ထွက်လိုက်လေသည်။ သို့သော် စန္ဒရီစစ်သားက နားပါးလှသည်ဖြစ်၍ ထိုချွတ်ခနဲမျှသော အသံကို ကြားသိလိုက်ပြီးလျှင် သို့ကြားလိုက်သည်နှင့် တစ်ပြိုင်နက် မာရီယမ်နီဘက်သို့လှည့်ကာ ရင်ဆိုင်လိုက်လေသည်။ သို့သော် မာရီယမ်နီကား စစ်သားထံ ရဲဝံ့စွာသွားရောက်၍ မိမိ၏အကျိုးအကြောင်းကို ပြောပြတောင်းပန်ရုံမှတစ်ပါး အခြားနည်းလမ်းမရှိချေ။

"သင် မည်သူလဲ. . ."

"ကျွန်ုပ်ကား ရဟူဒီမတစ်ယောက်ဖြစ်ပါသည်. . ."

"သင်ဘာကို အလိုရှိသလဲ. . ."

"ကျွန်ုပ်အား သင်တို့ရဲ့ ဗိုလ်ချုပ်ဆီကို အမြန်ခေါ်သွားစေချင်ပါတယ်. . ."

ကင်းစောင့်စစ်သား၏ အသံကား မိန်းမတစ်ယောက်၏ နူးညံ့သောအသံဖြစ်ကြောင်း ယုံမှားရန်မရှိချေ။ မိန်းမဖြစ်ရုံမက မိမိကိုလည်း ကောင်းစွာမှတ်မိကြောင်း သိရလေသည်။ အချစ်နှင့်ပတ်သက်သည့် မနာလိုစိတ်တို့ မည်သည့်ပြိုင်ဘက်တစ်ယောက်ကို အမှတ်ရစေရန် လှုံ့ဆော်ပေးတတ်လေသည်။

ကင်းစောင့်စစ်သားသည် သူ၏ဖြူဖွေးတုန်လှုပ်လျက်ရှိသော လက်ကလေးတစ်ဖက်ကို မာရီယမ်နီ၏ ပခုံးပေါ်သို့ ဖြည်းညှင်းစွာ တင်ထားလိုက်ပြီးနောက်. . .

"သင်ဟာ တိုက်ပွဲဓာတ်ရုံထဲမှာ တစ်ခါက ကျွန်ုပ်တွေ့ခဲ့ဖူးတဲ့ မိန်း



www.burmeseclassic.com

www.burmeseclassic.com 

ာလေးဖြစ်တယ်ဆိုတာ ကျွန်ုပ်မှတ်မိပါတယ်။ ပိုက်ကွန်နဲ့ ထွေးလုံးပြီး သူဟာ သဲပေါ်ကို လဲကျသွားတဲ့အခါမှာ သင်က သူ့ကိုမျက်တောင်မှ မခတ်ဘဲ စိုက်ကြည့်နေတာ ကျွန်ုပ်မြင်လိုက်သားပဲ. . .။ ပြီးတော့ သူ့ကို ဝန်ကြီးပလေစီဒပ်က တစ်ခါတည်း အသေထိုးသတ်တော့မယ်လို့ မိန်းကြီးကို တအားမြှောက်လိုက်တဲ့အခါမှာလည်း သင့်မျက်နှာဟာ သွေးမရှိသလို တစ်ခါတည်း ဖြူဖတ်ဖြူရော်ဖြစ်သွားတာ ကျွန်ုပ်မြင်လိုက်ရတယ်။ ဘယ့်နှယ်လဲ မိန်းကလေးရဲ့၊ သူ့ကိုချစ်တာ အမှန်ပဲမဟုတ်လား။ ကျွန်ုပ်ကိုတော့ မငြင်းနဲ့နော်၊ ငြင်းရင် ဟောဒီလှံကို သင့်ကိုယ်ကလေးထဲ ထိုးသွင်းလိုက်မယ် နားလည်လား . . . နေပါဦး ဒါထက် သင်က ဒီနေရာကို အခုလို အချိန်မတော်ကြီး ဘာကြောင့်ရောက်လာရတာလဲ၊ သင်ချစ်တဲ့သူကို ရန်သူအဝိုင်းခံနေရတဲ့ မြို့ရိုးအတွင်းမှာ ဘာကြောင့်ထားပစ်ခဲ့ရသလဲ။ အိုအက်စကာ ကျွန်ုပ်ကို စွန့်ခွာသွားတဲ့ အက်စကာ။ ကျွန်ုပ်သာဆိုရင် သင့်ကို ဘယ်နည်းနဲ့မှ အခုလို တစ်ယောက်တည်း ပစ်မထားခဲ့ပါဘူး အက်စကာရယ်"

အက်စကာအား မြင့်မြတ်သော အမျိုးအနွယ်ဖြစ်သည့် ရောမမိန်းမပျိုတစ်ယောက်က ချစ်ကြိုက်နေကြောင်း မာရီယမ်နီသိပြီးဖြစ်ရာ၊ အက်စကာကလည်း သူ၏အချစ်ကို ယုံကြည်လေးစားစေရန် မာရီယမ်နီအား ဤအကြောင်းကို ဖွင့်၍ ပြောခဲ့ဖူး၏။ မာရီယမ်နီကား မတုန်လှုပ်ချေ။ သူ၏အချစ်မှာ သံမဏိကဲ့သို့ ကြံ့ခိုင်လှပေသည်။ သို့နှင့် သူသည် ဒူးထောက်လိုက်ပြီးလျှင် ကင်းစောင့်စစ်သား၏ အနီရောင်ဝတ်ရုံဖျားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားလေသည်။

"သင် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ကျွန်ုပ်မမေးလိုတော့ပါဘူး။ ကျွန်ုပ်ရဲ့ အသက်ဟာ သင့်လက်ထဲမှာ ရှိနေပါတယ်။ သင်ကျွန်ုပ်ကို ကယ်ဆယ်ပါ။ ကျွန်ုပ်တို့ နှစ်ယောက်စလုံး မေတ္တာရှိနေတဲ့ သူ့အတွက် သင့်ရဲ့တန်ခိုးအာဏာကိုရော အသုံးပြုစမ်းပါ။ ဘယ့်နှယ်လဲ ကျွန်ုပ်ကို မကယ်တော့ဘူးလား"

ကင်းစောင့်စစ်သားသည် ဒူးထောက်လျက်ရှိသော မာရီယမ်နီအား ခြေဖြောင်လှောင် ပျက်ရယ်ပြုသံဖြင့်. . .

"သင့်ကို ကြည့်ရတာလည်း ဒုက္ခရောက်နေတဲ့ လက္ခဏာပဲ။ မြို့ထဲမှာ စားရေရိက္ခာအတွက်မှုစပြီး ဒုက္ခရောက်နေတယ်ဆိုတာကို ကျွန်ုပ်ကြားရပါတယ်။ သင့်မှာဖြစ်နေတဲ့ ဒုက္ခသာ သင်က ကြားမနေစမ်းပါနဲ့။ သင့်မှာဖြစ်နေတဲ့ ဒုက္ခသာ သင်က ကြားမနေစမ်းပါနဲ့။ သင်တစ်ယောက်တည်း သနားစရာမဟုတ်ပါဘူး။ သင့်လို အသည်းကျွမ်းနေတဲ့ လူတွေလည်း ရှိပါသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မေးတာကို မှန်မှန်ပြောစမ်းပါ။ အက်စကာ အခုဘယ်မှာလဲ ဘာဖြစ်နေသလဲ"

ကင်းစောင့်တပ်သားသည် အသက်ကိုမျှမရှူဘဲ စကားကိုဆက်လက်ပြောဆိုလျက်ရှိလေ၏။ ထိုအခါ မာရီယမ်နီက . . .

"ဘုရားရှိခိုးကျောင်းရဲ့ အပြင်ခန်းမဆောင်ရှေ့မှာ သူ့ကိုကြိုးနဲ့ချည်ထားကြပါပြီ။ နက်ဖြန်မနက် မိုးသောက်တာနဲ့ တစ်ပြိုင်နက် သေနတ်ဒဏ်ခံရပါတော့မယ်"

ထိုအခါ ရောမစစ်သား၏ မျက်နှာမှာ သွေးဆုတ်သွားသကဲ့သို့ ဖျော့၍သွား၏။ ရွှေတံဆိပ်တပ်၍ထားသော သူ၏သံခမောက်ကို လေရရန် ချွတ်လိုက်ရာအတွင်းမှ၊ အညိုရောင်တောက်လျက်ရှိသော လှပပျော့ပြောင်းသော ဆံခွေလိပ်ကလေးများသည် ဆင်စွယ်ရောင်ရှိသော သူ၏လည်တိုင်သို့ ပျံ့ဝဲကျရောက်လျက်ရှိလေသည်။

ယခုအချိန်သည်ကား . . ဖုံးကွယ်နေရမည့်အချိန်မဟုတ်တော့ချေ။ ဗလေရီယာသည် အက်စကာအား သူ၏ခြေရင်း၌ပင် သေရစေကာမူ၊ နောက်ဆုံးမျက်နှာကို ကြည့်ပြီးမှ သေတော့မည်ဟု စိတ်ကိုပိုင်းဖြတ်လိုက်၏။ သို့နှင့် မြို့တွင်းသို့ရှေ့ဦးစွာဝင်မည့် ရှေ့တော်ပြေးစစ်တပ်နှင့်အတူလိုက်ပါရန် သန္နိဋ္ဌာန်ချလိုက်လေသည်။

ရှေးဦးစွာ ဝင်မည့် စစ်တပ်ကား ဟာပီးနပ်၏ ဂလက်ဒီယေတာများပါဝင်သော 'ကိုယ်ပျောက်စစ်တပ်'ပင် ဖြစ်၏။ ဗလေရီယာသည် သဘောကောင်းသော ဟာပီးနပ်ထံမှ အခွင့်ရခဲ့ပြီးလျှင် ထိုကိုယ်ပျောက်စစ်တပ်မှ အရာရှိများကိုလည်း မြောက်မြားစွာသော လာဘ်သပ်ပကာများပေး၍ ထိုတပ်သို့ ဝင်ခဲ့ခြင်းဖြစ်လေသည်။ ဗလေရီယာကား . . ဟစ်ပီးယပ်ထံမှ သင်ခန်းစာများကို ကောင်းစွာရယူပြီးဖြစ်ရာ မည်သည့်စစ်သားနှင့်မဆို ယှဉ်ပြိုင်နိုင်သော ပညာအရည်အချင်း စွမ်းရည်သတ္တိရှိသူလည်း ဖြစ်လေသည်။

ဗလေရီယာသည် တစ်ခဏမျှ ငြိမ်သက်လျက်ရှိနေပြီးနောက် . . .

တည်ငြိမ်အေးဆေးသော အသံဖြင့် . . .

"ကြိုးနဲ့တုပ်ပြီး သေဒဏ်အပြစ်ပေးပြီးသားဆို . . ."

"မှန်ပါတယ်"

"ဒီလိုအချိန်အခါမျိုးမှာ ကိုယ်ချစ်တဲ့လူကို သင်မို့တစ်ယောက်တည်းထားပစ်ခဲ့ရက်ပလေတယ် . . ."

"ကျွန်ုပ်ဒီကိုလာခဲ့တာဟာ သူ့ကို ကယ်ဆယ်ဖို့ပါပဲ၊ သည့်ပြင် နည်းလမ်းလည်း မရှိတော့ဘူး။ အို အရှင်မ ကျွန်ုပ်ကို ကယ်ဆယ်ပါတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



(ဒေါ်သထွက်ဟန်ဖြင့်) "ရန်သူတွေရဲ့ လက်ထဲက ကယ်လို့ရရင် သူ့ကို ကျွန်ုပ်တို့နှစ်ယောက် ဝေခြမ်းယူရအောင်. . . သင်နဲ့ ကျွန်ုပ်နှစ်ယောက်တည်း ဒီမြို့ရိုးကို လှံနဲ့တိုက်ပြီး ဖောက်ဝင်လို့ ဖြစ်ပါ့မလား"

"မဟုတ်သေးပါဘူး အရှင်မရယ် . . . ကျွန်ုပ်အပေါ်မှာ သည်းလောက် ဒေါသမထွက်ပါနဲ့ဦး. . .ကျွန်ုပ်ကို ကူညီဖို့သာ ကျွန်ုပ်တောင်းတာပါ၊ ရောမစစ်တပ်ကို မြို့ရိုးအတွင်းရောက်အောင် ကျွန်ုပ်ခေါင်းဆောင်ပြီး သွားနိုင်ပါတယ်။ ဟိုကို ရောက်တဲ့အခါ ကျွန်ုပ်တို့ ပြည်သူပြည်သားတွေရဲ့ အလစ်ကို ဝင်စီးနိုင်ပါတယ်။ ဒီညမှာ ကျွန်ုပ်အခုလို ကိုယ့်တိုင်းပြည်ကိုရော၊ ကိုယ့်လူမျိုးကိုရော၊ ကိုယ့်သိက္ခာကိုရော၊ ကိုယ့်အရှက်ကိုရော ရောင်းစားတဲ့အတွက် ကျွန်ုပ်ကို ပြန်ပြီးပေးဖို့ တန်ဖိုးကတော့ ဒီရာဇဝတ်သင့်နေတဲ့ လူနှစ်ယောက်ကို ကယ်ဖို့ပါပဲ"

ဗလေရီယာသည် မာရီယမ်နီ ပြောသော စကားများကို အတန်ကြာ စဉ်းစားလျက်ရှိ၏။ အကြံကား ကောင်းမွန်လှသည့်ပြင် တောင်းဆိုသူကိုလည်း သံသယရှိရန်အကြောင်း မမြင်ချေ။

"ဒါဖြင့် မြို့ထဲဝင်နိုင်ဖို့ လျှို့ဝှက်တဲ့လမ်း ရှိတယ်ပေါ့လေ. . .ဒီလမ်းက ဘယ်လောက်ရှည်ပြီး စစ်သားဘယ်နှစ်ယောက် ရင်ဘောင်တန်းဝင်နိုင်ပါ့မလဲ"

"လမ်းကတော့ မရှည်လှပါဘူး. . .ဟိုချုံတောနောက်ကနေပြီး ကျွန်ုပ်ဖခင်နေတဲ့ ကုန်းမြင့်ပေါ်က အိမ်ရဲ့မျှော်စင်ဘက်ကို ပေါက်သွားတာပါပဲ— ဥမင်လိုဏ်ခေါင်းက ရင်ဘောင်တန်း ဝင်နိုင်လောက်ပါတယ် အရှင်မ။ ကျွန်ုပ်ကို တီးတပ်မင်းသားဆီကိုသာ ခေါ်သွားဖို့ တောင်းပန်ပါတယ်။ ဒီလိုမှ မဟုတ်ရင် အတိုက်နောက်ကျနေပါတော့မယ်။ သူ့စစ်သားတွေကိုတော့ ကျွန်ုပ်ကိုယ်တိုင် ခေါင်းဆောင်ပြီး ခေါ်သွားပါမယ်"

ထိုအခါ ဗလေရီယာက ပြောင်လှောင်လိုသော မျက်နှာမျိုးဖြင့်. . .

"ရဟူဒီမအတွက် ဒီဗြိတိန်လူမျိုးကို ကျွန်ုပ်က ကယ်ရမယ်ဟုတ်စ၊ သင်စကားပြောနေတဲ့ လူဟာ ဘယ်သူလဲဆိုတာ သင်သိရဲ့လား။ ကျွန်ုပ်ဟာ အက်စကာကို ချစ်တယ်၊ သင့်မေတ္တာဟာ ကျွန်ုပ်ရဲ့ မေတ္တာနဲ့ စာလိုက်ရင် ဘာမှမဟုတ်ဘူး။ ကျွန်ုပ်က တခြားလူတွေအတွက် သူ့ကိုကယ်မယ်များ ထင်နေသလား"

"အို. . .သင်ကလည်း မေတ္တာရှိနေတာကို ကျွန်ုပ်သိပြီးပါပြီအရှင်မ ဒါကြောင့်လည်း ကယ်ဆယ်ဖို့ အကြောင်းတွေ သင့်ကို ကျွန်ုပ်ပြောနေတာ။ ကျွန်ုပ်အတွက် မဟုတ်ပါဘူး။ အို. . .ကျွန်ုပ်အတွက် မဟုတ်ပါဘူး အရှင်မ သူလွတ်လာရင် ကျွန်ုပ်ဟာ သူ့ကို ပြန်မကြည့်တော့ပါဘူး၊ ဒီဟာ သင်ရဲ့ အဖိုးအခပါပဲ။ ကျေကျေနပ်နပ်ကြီး သင့်ကို ကျွန်ုပ်ပေးပါတယ်၊ ကယ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com

ရုံပဲ ကယ်ဆယ်ပါတော့။ ပြီးတော့ အနုကျွန်ုပ်ကို တီးတပ်မင်းသားဆီကို တစ်ခါတည်း ခေါ်သွားပေတော့"

သို့သော် ဗလေရီယာကား ရှေ့တွင် အနှောင့်အယှက်များကို မြင်ရ၏။ အကယ်၍ မာရီယမ်နီကား တီးတပ်ထံ တိုက်ရိုက်ခေါ်သွားခဲ့သော် ယောကျ်ားစစ်သည်တော်သားတစ်ယောက်ကဲ့သို့ အယောင်ဆောင် ရုပ်ဖျက်ထားသော မိမိအခြေအနေမှာ တစ်ခါတည်း ပေါ်ပေါက်တော့မည်။ တီးတပ်ကား ဤကဲ့သို့ စစ်ဥပဒေနှင့်ပတ်သက်သည့် ကျူးလွန်ဖောက်ဖျက်မှုများကို ချမ်းသာပေးမည် မဟုတ်ချေ။ ထိုပြင် ဤအတိုင်းဆိုလျှင် မာရီယမ်နီ၏ စကားများကို ယုံကြည်မည်မဟုတ်ဘဲ ရောမစစ်တပ်အား ချောင်တွင် ပိတ်ကာ ချောင်းမြောင်းတိုက်ခိုက်ရန် အကြံမျှသာ ဖြစ်ကြောင်း တွေးထင်ကောင်း တွေးထင်ပေလိမ့်မည်။ ထို့ပြင်သူ၏ ချစ်သူကို ကယ်ရန် ရဟူဒီမ၏ အကြံကိုလည်း မလိုက်လျောလိုချေ။ သူကိုယ်တိုင် ထိုထက်ကောင်းမွန်နေသော နည်းလမ်းကို ရှာဖွေမည်၊ မာရီယမ်နီအပြန်တွင် ချုံတောနောက်၌ရှိသော ဥမင်လိုဏ်ဝကိုသာ နေရာတကျမှတ်သားပြီးနောက် မြို့ကို တိုက်စစ်ဆင်သောအခါမှ လက်ရွေးစင်ရောမစစ်သားများကို ရွေးချယ်ပြီးလျှင် သူကိုယ်တိုင် ခေါင်းဆောင်ကာ အက်စကာအား အချိန်မီ ကယ်ဆယ်တော့မည်ဟု အောက်မေ့မိ၏။

သို့နှင့် ဗလေရီယာသည် မျက်နှာကို ရွှင်ပြုံးစွာထားလိုက်ပြီးလျှင် မာရီယမ်နီအား မတ်တတ်ရပ်စေရန် ထူမလိုက်လေသည်။

"ကျွန်ုပ်ကို ယုံကြည်ပါတော့၊ ဒါပေမဲ့ သင့်ကို အခုချက်ချင်းတီးတပ်မင်းသားဆီ ခေါ်သွားဖို့ မတော်သေးဘူးထင်တယ်။ သူလည်း ဘယ်နည်းနဲ့မှ ယုံကြည်မယ်မဟုတ်ဘူး။ သင့်ကို သုံ့ပန်းအဖြစ်နဲ့တစ်ခါတည်း ဖမ်းလိုက်ရုံပဲ ရှိတယ်။ ဒီတော့ . . . သင်ပြန်မယ့် လျှို့ဝှက်တဲ့ ဥမင်လိုဏ်ဝသာ ကျွန်ုပ်ကိုပြခဲ့ပေတော့။ မိန်းမတို့ရဲ့ ဂုဏ်၊ မိန်းမတို့ရဲ့အရှက်အကြောက်ကို တိုင်တည်ပြီး၊ ကျွန်ုပ်ဟာ ယောဒီကျွန်ုပ်ရဲ့ ခါးပတ်မှာချိတ်ထားတဲ့ ဓားနဲ့အက်စကာတုပ်နှောင်ထားတဲ့ ကြိုးတွေကို ဖြတ်ပါ့မယ်ဆိုတာ သစ္စာပြုလိုက်ပါတယ်။ ယုံပါတော့ မိန်းကလေးရယ်။ ကိုင်း. . .ကိုင်း. . .သင်လာခဲ့တဲ့ လမ်းအတိုင်းသာ ပြပေတော့ တခြားလူတွေ မမြင်အောင် သတိထားသွား. . ."

မာရီယမ်နီသည် ဗလေရီယာ၏ အကြောင်းပြချက်ကို မလွန်ဆန်ဘဲ စိတ်မပါသော ခြေလှမ်းများဖြင့် ဥမင်လိုဏ်ခေါင်းဝသို့ ပြန်ခဲ့လေ၏။ သို့သော် သူ၏စိတ်ထဲ၌မူ အကယ်၍ မိမိကိုယ်တိုင် မကယ်နိုင်စေကာမူ မိမိချစ်သူ နှင့် အားတွင် အနည်းဆုံးနှစ်ယောက်အတူ ယှဉ်၍သေရမည်ဟု စိတ်ကို ဒုံးဒုံးချ လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၃ ]

နံနက်မိုးသောက် အလင်းသို့ရောက်လေပြီ။ အေးမြပြီးလျှင် ဆီးနှင်းခိုးများဝေလျက်ရှိသော အလင်းရောင်သည် ဂျေရူဆလမ်မြို့ဘုရားရှိခိုးကျောင်းပေါ်ရှိ ပြသာဒ်နှင့် စုလစ်မွန်းချွန်းများပေါ်သို့ မှေးမှိန်စွာကျရောက်လျက် ထိုအခါ 'ဆန်ဟယ်ဒရင်'လွှတ်တော်မှ ကောင်စီလူကြီးများသည် မာတီးယပ်ခေါင်းဆောင်ကာ အကျဉ်းသားနှစ်ဦးအား ချုပ်နှောင်ထားသည့် အပြင်ခန်းမဆောင်သို့ ဝင်လာကြလေသည်။ ထိုအခါ၌ လူများချထားရန် အစီအစဉ်များကို ပြုလုပ်ဆောင်ရွက်လျက်ရှိနေလေသည်။

မာတီးယပ်သည် လူအုပ်ထဲမှ ရှေ့သို့ အနည်းငယ်ထွက်ကာ လက်နှစ်ဖက်ကို မြှောက်လိုက်ပြီးနောက် အသံကို နိမ့်နိမ့်ခပ်မှန်မှန်ထားလျက်. . .

"တရားခံအတွက် တရားမှန်ကန်၍ ပြစ်မှုကျူးလွန်သူအတွက် သေဒဏ် . . . ဆန်ဟယ်ဒရင် လွှတ်တော်သည် ကျိုးကြောင်းဆင်ခြင်ပြီးနောက် ပြစ်မှုကျူးလွန်ကြောင်း ယူဆကာ အပြစ်ပေးလိုက်လေပြီ။ ဥပဒေ၌ ရေးသားထားသည်မှာ တစ်စုံတစ်ယောက်သောသူသည် ဘုရားတရား ဘာသာဝါဒကိုပြစ်မှားခဲ့သည်ရှိသော် ထိုသူအား မသေမချင်း ခဲနှင့်ပစ်သတ်ရမည် ဗင်မနောဟမ်အမျိုးအနွယ် ကာလချပ်နှင့် သင်ရဟူဒီမဟုတ်သော တိတ္ထိအက်စကာတို့သိရစေမည်. . .သင်တို့၏ သွေးသည် သင်တို့၏ ဦးခေါင်း၌တည်ပါစေသတည်း"ဟု ရွတ်ဆိုလေ၏။

သို့နှင့်သူသည် မြှောက်ထားသော လက်ကို တဖြည်းဖြည်းချလိုက်လေ၏။ သို့ရှိစဉ် ဂစ်စချာလာရှာသား ဂျွန်၏ ဘက်တော်သားများဖြစ်သောကိုယ်အထက်ပိုင်းတွင် ကျောက်ခဲကြီးများကို ကိုင်ကာ ကျောင်းဆောင်ရှေ့ရှိကွင်းထဲသို့ ပြေးဝင်လာကြလေသည်။

သူတို့သည် လက်များကို မြှောက်လိုက်ကြ၏။ သို့သော် ထိုအခိုက်အတန့်၌ မည်းမှောင်သော ဘုရားဆောင်တစ်ခုအတွင်း၌ ရှိုးအောင်းနေသည့်

www.burmeseclassic.com



မာရီယမ်နီသည် ကွင်းကို ဖြတ်ကာ အတင်းပြေးထွက်လာပြီးနောက် အက်စကာ၏ လည်ပင်းကို အတင်းဖက်ထားလိုက်လေ၏။ လူသတ်သမားများကား ဤထူးကဲသော အခြင်းအရာကို အံ့အားသင့်ကာ ကြည့်ရှုနေကြလေသည်။

မာရီယမ်နီသည် အက်စကာ၏ ရွှေရောင်တောက်သော ဆံခွေကလေးများကို နဖူးပြင်မှ အထက်သို့ ယုယစွာ ပင့်တင်ပွတ်သပ်ပေးပြီးနောက် မျက်နှာချင်းကပ်လျက်. . .

"အက်စကာ. . .အချစ်၊ သူတို့ဟာ ကျွန်ုပ်တို့ကို ဘယ်တော့မှ မခံနိုင်ဘူးနော်၊ သင့်ကို ကျွန်ုပ်မကယ်နိုင်ပေမဲ့ ကျွန်ုပ်ဟာ သင်နဲ့အတူ နေနိုင်ပါသေးတယ် အချစ်ရယ်. . .အို ကျွန်ုပ်သိပ်ပြီး ဝမ်းမြောက်တာပဲ။ ဟိုးအရင်တုန်းက ထက်တောင် ဝမ်းမြောက်နေသေးတယ်"

"အို. . .မဟုတ်တာပဲ မာရီယမ်နီ၊ မလုပ်ပါနဲ့၊ သင်ဟာ အင်မတန်လည်း အသက်ငယ်သေးတယ်။ အင်မတန်လည်း လှသေးတယ်။ သေဖို့ မထိုက်သေးပါဘူး. . .သွားပါ"

သို့သော် မာရီယမ်နီသည် နေရာမှ မရွေ့ဘဲ လွှတ်တော်လူကြီးများဘက်သို့ လှည့်လိုက်၏။ ထိုနောက် မျက်နှာကို ခပ်ပြုံးထားပြီးလျှင် ငွေဆွဲလဲကဲ့သို့ ကြည်လင်အေးမြသော အသံကလေးဖြင့် အောက်ပါအတိုင်း ပြောကြားရာ . . .၊ အသံသည် ကျောင်းဆောင်ခန်းမများထဲသို့ပင် တူရိယာသံကဲ့သို့ သာယာချိုအေးမြ၍ ဝင်သွားလေသည်။

"လူကြီးမင်းများ နားထောင်ပါလော့၊ နားထောင်ရုံမျှမက သင်တို့ကိုယ်တိုင် သက်သေအဖြစ်နှင့်တည်ပါစေလော့၊ သင်တို့ကား ရဟူဒီအမျိုးအနွယ်၏ အထွတ်အထိပ်မင်းသားများဖြစ်ကြသည့်အလျောက်၊ သင်တို့၏ အလုပ်ဝတ္တရားများကို တိကျမှန်ကန်စွာ ဆောင်ရွက်ရပေမည်။ နောက်သို့တွန့်ဆုတ်ခြင်း မပြုကြပါနှင့်၊ ဗင်မနာဟာမ်အဆက်အနွယ် အလီဇာ၏ သမီးဖြစ်သော ကျွန်ုပ်မာရီယမ်နီအား မသေမချင်း ကျောက်ခဲများနှင့် ပေါက်သတ်ဖို့ အမိန့်ပေးရန် သင်တို့အား ကျွန်ုပ်ဆင့်ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည်လည်း လူအများက 'ခရစ်ယာန်'ဟု ခေါ်ကြသည့် 'နာဇရင်'ခေါ် သစ္စာခံ ရဟူဒီခရစ်ယာန်တစ်ယောက်ပင် ဖြစ်ပါသည်။ သင်တို့၌ သက်သေသက်ကာယမလိုပါ၊ ကျွန်ုပ်ကိုယ်တိုင် ကျွန်ုပ့်နှုတ်မှထွက်သော စကားများဖြစ်ပါသည်။ သင်တို့၏ အယူဝါဒကိုကား ကျွန်ုပ်စွန့်ပယ်လိုက်ပေပြီ။ ဤစကားများသည် ဘာသာဘုရားတရားဝါဒကို ပုတ်ခတ်ပြစ်မှားသော စကားများဖြစ်က ထိုစကားများကို ကျွန်ုပ်ဆို၏။ ဤစကားများသည် ပြစ်မှုကျူးလွန်ခြင်းဖြစ်က ကျွန်ုပ် ကျူးလွန်၏။ ကျွန်ုပ်ကိုယ်တိုင် သင်တို့၏ သက်သေဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကိုယ်တိုင် သင်တို့ကို အံတုပုန်ကန်၏။

ဤသို့ ကြောက်ဖွယ်လိလိ ရဲရဲတောက် စွပ်စွဲချက်စကားများကို ပြော ဆိုပြီးနောက် တစ်ကိုယ်လုံး တုန်လှုပ်ကာ မာရီယမ်နီသည် သူ၏ ဦးခေါင်းကို အက်စကာ၏ ကျယ်ပြန့်သော ရင်အုပ်ကြီးပေါ်သို့ မှီ၍ ထားလိုက်လေ၏။

အလွန်တင်းမာခက်ထန်၍ ဣန္ဒြေကြီးလှသော မာတီးယပ်ကိုယ်တိုင် ပင် စိတ်အတော်ထိခိုက်၍ သွားလေသည်။ သူသည် ရဲရင့်မြင့်မြတ်သော အမျိုး သားအမျိုးသမီးကလေးများအပေါ်တွင် မေတ္တာထားသူဖြစ်သည့်အတိုင်း၊ အ ကယ်၍ မိန်းကလေးအား ချမ်းသာပေးနိုင်က ပေးလို၏။ သို့နှင့်သူသည် တောင်း ပန်လိုသော မျက်လုံးများဖြင့် သူ၏ ကောင်စီလူကြီးများအား လှမ်း၍ ကြည့် လိုက်လေသည်။

သို့သော် ဂစ်ချာလာ ရှာ့သား 'ဂျွန်'က ချက်ခြင်းပင်ထ၍ အဖြေပေး လိုက်၏။

"ကျွန်ုပ်ရဲ့ ရဲဘော်များဖြစ်ကြသော ပညာရှိလူကြီးမင်းများသည် မိန်း ကလေးကိုယ်တိုင် ပြောဆိုသည့် နှုတ်ထွက်စကားများကို ကြားရပြီဖြစ်ပါသည်။ သို့ဖြစ်၍ ဤဆန်ဟယ်ဒရင် လွှတ်တော်တရားနည်းလမ်းမှန်ကန်သည့်အတိုင်း ဆောင်ရွက်ရန် ကျွန်ုပ်တိုက်တွန်းပါသည်"

၇၀–မျှသော ကောင်စီလူကြီးများသည် တစ်ယောက်မျက်နှာကို တစ် ယောက်ကြည့်ကာ ဦးခေါင်းကို ခါယမ်းလျက်ရှိကြ၏။ သူတို့၏မျက်နှာ လွန် စွာ တင်းမာလျက် အနည်းငယ်မျှလွတ်ငြိမ်းချမ်းသာခွင့်ပေးမည့်အရိပ်လက္ခဏာ မရှိချေ။

ထိုအခါ ပစ်သတ်ရန် အထိမ်းအမှတ်ကို ပြလိုက်၏။ သို့သော်... ထိုခဏ၌ မာရီယမ်နီသည် တစ်စုံတစ်ခုသော အသံကိုကြားရသဖြင့် နားထောင် သည့်ဟန်ဖြင့် အက်စကာ၏ ရင်ဘတ်ကို မှီ၍ထားသော သူ၏ဦးခေါင်းကလေး ကို ဆတ်ခနဲ ထောင်လိုက်၏။ သူ၏မျက်လုံးများမှာလည်း အောင်မြင်ခြင်း၊ နှစ်သိမ့်ခြင်းအရောင်တို့ဖြင့် သန်းကာ ဝင်းလက်၍ သွားလေသည်။

"အချစ်. . .ကျွန်ုပ်တို့ကို ကယ်ဆယ်သူပေါ်ပြီ. . .ဒါပေမဲ့ အချစ်ကို တော့ ကျွန်ုပ်ဆုံးရှုံးရမှာပါပဲ အချစ်ရယ်. . ."

မာရီယမ်နီမှာ ထူးထူးကဲကဲ ဖွဲလမ်းနှစ်သက်နေသော မေတ္တာစိတ် ၏တန်ခိုးဖြင့် ယခင်ကထက်ပင် နားပါးလျက်ရှိရာ မြို့ရိုးများအပြင်မှ ဆောင် ချီတက်လာသည့် တိုက်စစ်ခရာသံကို အခြားသူများ မကြားရမီ ကြားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၄ ]

ကျောက်ခဲများ ကိုင်ထားသည့် သူများသည် ဆက်လက်၍သည်း မခံနိုင်တော့ဘဲ အကျဉ်းသားနှစ်ယောက်တို့အား ကျောက်ခဲများဖြင့် ပစ်ကြတော့၏။ အက်စကာသည် မာရီယမ်နီအား သူ၏ကိုယ်ကြီးဖြင့် ကာကွယ်ထား၏။ ကာလချပ်မှာမူ ဖျော့တော့သော မျက်နှာဖြင့် တစ်စုံတစ်ရာ တိမ်းရှောင်ရန်းဖယ်ခြင်းမရှိဘဲ မတုန်မလှုပ်ရှိနေရာ ခဲများသည် ချက်ကောင်းကို ထိမှန်လျက်မြေပေါ်သို့ လဲကျပြီးနောက် အသက်ပျောက်၍သွားလေသည်။

သို့သော်. . .သူ့အား လဲကျစေသော ကျောက်ခဲကို ပစ်လိုက်သူသည် လက်ကိုမှ မရုပ်နိုင်သေးမီ ရောမဘက်မှ မြားတစ်စင်းသည် ထိုသူ၏အသည်းရှိရာသို့ တည့်တည့်ကြီး ထိမှန်ကာ မြေပေါ်သို့ လဲကျသွားလေ၏။

ထိုမြားကား ရောမတို့ဘက် စစ်ဘက်မှ ပထမလွှတ်လိုက်သော ရှေ့တော်ပြေး မြားတစ်စင်းပင် ဖြစ်လေသည်။ ထိုခဏ၌ အပြင်မြို့ရိုးဆီမှ ရုတ်ရုတ်သဲသဲ ဆူညံသံများ၊ အောင်မြင်သူများ၏ ဟစ်အော်သံများ၊ အပိုင်းခံရသူတို့၏ ကြောက်မက်ဖွယ်ရာ အလန့်တကြား ပြေးလွှားသံများသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ဆူညံ၍ သွားလေ၏။

မကြာမီ လူအုပ်ကြီးသည် မြို့၏အတွင်းသို့ ယိမ်းယိုင်၍လာလေရာ မြို့သူမြို့သားများသည် ခိုကိုးရာရရန် ဘုရားရှိခိုးကျောင်းအတွင်းသို့ ကစဥ့်ကလျား အော်ဟစ်ပြေးလွှားကာ ဒရောသောပါးပြေးဝင်ကြကုန်၏။ လူသတ်သမားများကား သူတို့ကိစ္စကို ပြီးစီးအောင် မဆောင်ရွက်နိုင်တော့ချေ။ တရားသူကြီးများ၊ လူသတ်သမားများသည် မိမိတို့ ရရာလက်နက်များကို အတင်းဆွဲယူကိုင်ဆောင်ကာ ရောမစစ်တပ်ကို ခုခံတိုက်ခိုက်ရန် အတင်းပြေးလွှားသွားကြကုန်၏။ သို့သော်. . .သူတို့ကား နောက်ကျခဲ့ချေပြီ။ ရဟူဒီတို့၏ လက်ရွေးစင်ခံတပ်တို့သည် နောက်ဆုံးတွင် ဘုရားရှိခိုးကျောင်းဆီသို့ ရောက်လာလေတော့၏။ ထိုတပ်မှာ 'အလီဇာ'ခေါင်းဆောင်လျက်ရှိရာ၊ အလီဇာသည် ရောမ



www.burmeseclassic.com

www.burmeseclassic.com


စစ်သားများအား ခုခံရင်း နောက်သို့ ဆုတ်လာရာတွင် ကာလချပ်အလောင်းအနီးသို့ ရောက်လာသဖြင့် အလောင်းကို ရွံရှာမုန်းတီးသော မျက်လုံးများဖြင့် တစ်ချက်ကြည့်လိုက်သေး၏။ သို့သော် ထိုနေရာ၌ တာရှည်စွာ ရပ်တည်မနေနိုင်ဘဲ ဆုတ်၍ သွားရပြန်လေသည်။

တိုက်သံ ခိုက်သံ ဆူသံ ညံသံ ဟစ်အော်ပြေးလွှားသံများအကြားမှ သူ၏မိတ်ဆွေဟောင်းများဖြစ်ခဲ့သည့် ဂလက်ဒီယေတာများသည် ကိုယ်ပျောက်တပ်သားများအဖြစ်ဖြင့် ရောမစစ်တပ်များကို ခေါင်းဆောင်၍လာကြောင်း သိရသဖြင့် အက်စကာသည် ဝမ်းမြောက်မိသေး၏။ ရှေ့ဆုံးမှ ရဲရဲဝံ့ဝံ့စွန့်စားတိုက်ခိုက်သူများအနက် နှစ်ယောက်မှာ အခြားသူများထက် ထူးထူးချွန်ချွန် စွန့်စားတိုက်ခိုက်လျက်ရှိလေသည်။ ထိုသူနှစ်ယောက်သည် ရန်သူနှင့်တစ်ယောက်ချင်းဖြစ်စေ၊ ယှဉ်ပြိုင်တိုက်ခိုက်လျက်ရှိရာ၊ ကိုယ်၏ စွမ်းဆောင်နိုင်မှုထက် စိတ်အားထက်သန်မှုပေါ်တွင် အခြေပြုကာ တိုက်ခိုက်လျက်ရှိရကား ရန်သူတို့၏ ဓားချက်လှံချက်များကို မိမိတို့ ဒိုင်းများဖြင့် ခုခံကာကွယ်ရုံမျှမက ရန်သူတို့ကိုလည်း တုံးခနဲတုံးခနဲ လဲကျစေ၏။

သူတို့နှစ်ယောက်အနက် တစ်ယောက်မှာ ဂလက်ဒီယေတာ လက်ဟောင်းကြီး ဟာပီးနပ်ဖြစ်၍ အခြားတစ်ယောက်မှာ ရုပ်ရည်သွင်ပြင်ကို မည်သူမျှ ရုတ်တရက်မဖမ်းနိုင်သော သာမန်ရဲဘော်တစ်ဦးဖြစ်လေသည်။ တီးတပ်မင်းသား ကိုယ်တိုင်ကပင် တဖိတ်ဖိတ်တောက်ပလျက်ရှိသော သံကိုယ်ချပ်အင်္ကျီကို ဝတ်ကာ၊ ဖြူဖွေးသော လက်ဖြင့် ရန်သူတို့အား ဤမျှလောက် စွပ်စွပ်ရှပ်ရှပ်တိုက်ခိုက်နေသူမှာ မည်သူမည်ဝါဖြစ်ကြောင်းနှင့် အမတ်ကြီးများအား စုံစမ်းမေးမြန်းလျက်ရှိလေသည်။

ဟာပီးနပ်ကမူ ထိုရဲရင့်သော စစ်သားပျိုကလေးမှာ မည်သူမည်ဝါဖြစ်ကြောင်းသိသဖြင့် အခြားသူများ မမြင်စေရန် သံခမောက်အောက်ကပင် ပြုံးရယ်မိသေး၏။ ထိုသူကား အခြားသူမဟုတ် အချစ်ဇောဝင်၍နေသော ဓားသိုင်းအတတ်ကို ကောင်းစွာနိုင်နင်းပြီးဖြစ်သည့် ရောမမြို့သူ အပျိုဖြူ ဗလေရီယာပင် ဖြစ်လေသည်။ သူတို့နှစ်ယောက်သည် ဘုရားရှိခိုးကျောင်းဝင်းအတွင်းသို့ ရှေ့ဆုံးမှ ခေါင်းဆောင်တိုက်ခိုက်ဝင်လာကြလေသည်။ ဗလေရီယာသည် တိုင်တစ်ခု၏ ခြေရင်း၌ ကြိုးများမပြေသေးဘဲ အတင်းရုန်းဖယ်ကန်ကျောက်လျက်ရှိသော လူတစ်ယောက်၏ ပုံသဏ္ဌာန်ကို ခပ်ဝေးဝေးမှပင် မြင်ရသဖြင့် ထိုသဏ္ဌာန်ရှိရာသို့ ပြေးလာလေ၏။ သို့သော် လမ်းမှ လူတစ်ယောက်ခံနေသဖြင့် ဗလေရီယာသည် ထိုသူအား မိမိ၏ဓားဖြင့် တအားထိုးလိုက်၏။ သူကား အခြားသူမဟုတ် ရဟူဒီစစ်တပ်မှ ခေါင်းဆောင် အလီဇာပင် ဖြစ်သော


www.burmeseclassic.com

www.burmeseclassic.com

သည်။ သို့သော် အလီဇာသည် ဗလေရီယာ၏ ဓားချက်ကို သူ၏လှံတိုဖြင့် ဖယ်ရှားတိမ်းရှောင်လိုက်ပြီးနောက် ထိုလှံတိုနှင့်ပင် ဗလေရီယာ၏ နံဘေးကို တအားစိုက်ခဲ့ပြီးလျှင် နောက်မှ အခြားစစ်သားများ ဖိနှိပ်လာသဖြင့် တိမ်းရှောင်သွားလေသည်။

အလီဇာ၏ ပြင်းထန်လှသော လှံချက်သည် သံကိုယ်ချပ်အင်္ကျီ၏ အဆက်ပေါ်သို့ တည့်တည့်ကြီးကျရောက်သဖြင့် လှံသွားသည် ဗလေရီယာ၏ နံကြားသို့ စူးဝင်၍ သွားလေ၏။ ဗလေရီယာသည် လှံသွားကို နံကြားမှ ဆွဲထုတ်ရင်း လှံရိုးကိုပင် ထက်ပိုင်းချိုးလိုက်ပြီးလျှင် ကွင်းကို ဖြတ်ကာ အက်စကာအား တုပ်နှောင်ထားသည့် နေရာသို့ပင် အရောက်ပြေးသွားနိုင်သေး၏။

လျှောင်ပြောင်ရယ်မောခြင်းဖြင့် ရယ်မောလျက်ရှိရာမှ ဗလေရီယာသည် တောင့်တခြင်း၊ မှတ်မိခြင်း၊ မွတ်သိပ်ခြင်းတို့နှင့် ပြည့်လျှမ်းသော မျက်နှာဖြင့် အက်စကာအား တုပ်နှောင်ထားသည့် ကြိုးများကို အပိုင်းပိုင်းဖြတ်ချလေ၏။ တစ်ဖန်လက်ထဲမှာ ဓားနှင့်ဒိုင်းကို ပစ်ချလိုက်ပြီးလျှင် အက်စကာ၏ လက်ကို သူ၏လက်ကလေးနှစ်ဖက်ဖြင့် ယုယစွာ ဆုပ်လိုက်ပြီးနောက် သူ၏ ရင်ခွင်ထဲသို့ ထည့်ထားလိုက်လေ၏။ ထိုနောက် ကျောက်ပေါ်သို့ လဲကျသွားရှာလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

[ ၃၅ ]

ရဟူဒီမကလေး မာရီယမ်နီသည် ဒဏ်ရာဖြင့် လဲကျလျက်ရှိသော ဗလေရီယာ၏ ကိုယ်ကလေးကို ယုယစွာ ပွေ့ချီပိုက်ထွေးလိုက်ပြီးလျှင် သံခမောက်ကို ဖြည်းညင်းစွာချွတ်၍ နဖူးမှ ဆံစကလေးများကို လက်ဖြင့် အသာအယာသပ်၍ပေး၏။ နဖူးမှ ချွေးများကိုလည်း သုတ်၍ပေးရှာ၏။ မနာလိုမုန်းတီးခြင်းသို့ ကျေးဇူးသိတတ်ခြင်းက အောင်မြင်၍သွားခဲ့၏။ ဗလေရီယာကား မာရီယမ်နီအပေါ်တွင်ထားရှိသော ကတိကို သူ၏ အသက်ဖြင့် လဲ၍ ပေးဆပ်သွားရှာလေပြီ။

အသက်ငွေ့ငွေ့သာ ကျန်ရှိသော ဗလေရီယာသည် မာရီယမ်နီ၏ မျက်နှာကို ခပ်ပြုံးပြုံးကလေးကြည့်၍နေရှာ၏။ သို့သော် အလီဇာ၏လက်ချက်ဖြစ်သော လှံသွားကို ဗလေရီယာ၏ နံကြားမှ နှုတ်မည်ပြုရာ၊ ဗလေရီယာသည် မာရီယမ်နီ၏ လက်ကိုဖယ်ရှားလျက်. . .

"နေပါဦး မာရီယမ်နီ ခဏကလေးနေပါဦး၊ လှံသွားဟာ သွေးကြောကို ပိတ်ဆို့နေလို့ လှံသွားကို နှုတ်လိုက်ရင် တစ်ခါတည်း ကျွန်ုပ်သေရပါလိမ့်မယ်၊ ခဏကလေးဖြစ်ဖြစ် အက်စကာရဲ့ မျက်နှာကို ဝအောင်ကြည့်ဖို့ အသက်ရှင်နေပါရစေဦး. . .ကိုင်း. . .ကိုင်း. . .သင်တို့ နှစ်ယောက်စလုံးက ကျွန်ုပ်ကို ထုကြစမ်းပါ။ အဲ. . .ဟုတ်ပြီ၊ သင်တို့ကို ပြောစရာရှိသေးတယ်၊ အချိန်က နည်းတယ်နော်. . ."

သို့နှင့် အက်စကာသည် ဗလေရီယာအား ပွေ့ယူချီမကာ သူ၏ရင်အုံပေါ်သို့ ဦးခေါင်းကိုမှီကာ အက်စကာ၏မျက်နှာကို နှစ်သိမ့်ကျေနပ်သော မျက်လုံးများဖြင့် ရွှန်းရွှန်းစားစားကြည့်၍နေ၏။ ဗလေရီယာ၏မျက်နှာမှာ တဖြည်းဖြည်းကျဆင်းလျက်၊ အသံသည်လည်း ပြောရင်း ပြောရင်း တိမ်၍သွားခဲ့လေပြီ။

ဗလေရီယာသည် ကြိတ်မနိုင်ခဲမရရှိလှသော မျက်နှာဖြင့် အံကြိတ်အားခဲလျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်အောင်ပြီ. . .ကျွန်ုပ်အောင်ပြီ အသက်နဲ့လဲရပေမဲ့ ကျွန်ုပ်အောင်ပြီ။ နောက်ဘာလိုသေးလဲ၊ အောင်မြင်မှုဆိုတာ ပေါ့ပေါ့နဲ့ရတာမဟုတ်ဘူး အက်စကာ၊ သင့်အသက်ကို ကယ်မယ်လို့ ကျွန်ုပ်သစ္စာပြုခဲ့တာ အခုကျွန်ုပ်သစ္စာအောင်မြင်ပြီ။ သင့်ကို ကျွန်ုပ်အသက်ပေးပြီး ကျွန်ုပ်သွေးနဲ့ ဝယ်လို့ရခဲ့ပြီ. . .ရတော့ သင်ကိုချစ်တဲ့ ဟောဒီသူရသတ္တိနဲ့ ပြည့်စုံတဲ့ မိန်းကလေးလက်ထဲကို ကျွန်ုပ်ပေးခဲ့မယ်နော်. . .ဩော်. . .သင့်ကို သူချစ်တယ်ဆိုပေမဲ့ တကယ်ဆိုတော့ ကျွန်ုပ်အချစ်နဲ့စာလိုက်ရင် တစ်ဝက်မလိုက်နိုင်သေးပါဘူး အက်စကာ. . .အချစ်. . .အချစ် ကျွန်ုပ်ကိုယ်ကို သင့်နှလုံးသားနဲ့ နီးသည်ထက်နီးအောင် တင်းတင်းကြပ်ကြပ်ကြီးပွေ့လိုက်စမ်းပါ"

ဗလေရီယာသည် အက်စကာ၏ လည်ပင်းကို ဖက်ကာ မျက်နှာချင်းနီးသည်ထက် နီးစေရန် ဆွဲယူလျက်ရှိသဖြင့် အက်စကာသည် တဖြည်းဖြည်းငုံ့၍လာရ၏။ အက်စကာ၏ လက်တစ်ဖက်ကိုလည်း သူ့နံကြားတွင် စိုက်လျက်ပင်ရှိသော လှံဖျားဆီသို့ တွန်းမို့လျက်ရှိလေသည်။

(လေသံမျှသာ ကျန်ရှိသော အသံကလေး) "ဒီဝေဒနာကို သည်းထက်တိုးပြီးမခံနိုင်တော့ဘူး အချစ်ရယ်. . .ဒါပေမဲ့ အချစ်ရဲ့ ရင်ခွင်ထဲမှာ အချစ်ရဲ့လက်နဲ့ သေရရင်ကျေနပ်ပါပြီ. . .ကိုင်း. . .ကိုင်း. . ."

BURMESE CLASSIC

ထိုနောက် ဗလေရီယာသည် လှံရိုးကို ဆုပ်ထားသော အက်စကာ၏ လက်ပေါ်မှ ဆုပ်၍ကိုင်ကာ လှံသွားကို နံရိုးများကြားမှ ဖြည်းညင်းစွာ ဆွဲယူလိုက်လေ၏။ ထိုအခါ သွေးများသည် ဒဏ်ရာမှ ရေပန်းကဲ့သို့ ပန်းထွက်လာပြီး ဗလေရီယာသည် ချစ်သူ၏ ရင်ခွက်ထက်တွင် ပျော့ခွေ၍ သွားရှာလေ၏။ သို့နှင့် နုနယ်ပြေပြစ်လှသော ခန္ဓာကိုယ် အစိတ်အပိုင်းကလေးများသည် တဆတ်ဆတ်တုန်လျက်လည်းကောင်း၊ နုပျိုသော မျက်နှာပေါ်တွင် ပြုံးရောင်ကလေးများ သန်းလျက်လည်းကောင်း၊ သူချစ်သော သူ၏မျက်နှာကို နောက်ဆုံးကြည့်ခြင်းအားဖြင့် ရွှန်းရွှန်းစားစားကြည့်လျက်လည်းကောင်း၊ အက်စကာ၏ လက်ကို သူ၏နီထွေးသော နှုတ်ခမ်းကလေးဖြင့် ဖိနှိပ်နမ်းရှုပ်လျက်လည်းကောင်း၊ ယခင်က အချောအလှအရာတွင် ထင်ရှားခဲ့၍ မြင့်မြတ်သော အမျိုးအနွယ်မှ ဆင်းသက်ခဲ့သည့် မိန်းမချောဗလေရီယာ၏ ဝိညာဉ်သည် အက်စကာ၏ ရင်ခွင်ထက်တွင် လွင့်စင်ပျောက်ကွယ်၍သွားတော့သတည်း။

ဟာစ်ပီးယပ်သည် သူ၏လူများကို နောက်ဆုံးခုခံလျက်ရှိသော ရန်သူများအား တိုက်ခိုက်ရန် ချီတက်သွားစဉ် မျက်ရည် စက်လက်နှင့်ရှိသော အက်စကာနှင့် 'မာရီယမ်နီ'တို့ကို တွေ့ရလေသည်။ ဟာစ်ပီးယပ်သည် သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com


ယောက်အား ချက်ချင်းမှတ်မိသဖြင့်. . .

"ကိုင်း. . .သင်တို့ကိုယ်ကို ၁၀ နံပါတ် စစ်တပ်ကို အပ်လိုက်. . . ဒီစစ်တပ်ကို အုပ်ချုပ်တဲ့ ဗိုလ်ချုပ် လီစီးနီးယပ်ကိုလည်း သင်တို့ဟာ ထွန်းခဲ့ရဲ့ သံ့ပန်းဖြစ်ကြောင်း ပြောပြပေတော့. . .ဒီဟာတစ်ခုပဲ သင်တို့ ချမ်းသာရာရမယ့် နည်းလမ်းရှိတယ်။ ကိုင်း. . .သွားကြ မြန်မြန်သွားကြ. . ."

ထိုနောက် ဟာစ်ပီးယပ်က "ဒီအသေကောင်တွေကို လဒစာတွေအဖို့ ထားခဲ့ပေတော့. . ."ဟု အက်စကာအား လှည့်၍ပြောလိုက်ရာ၊ ပြော၍ စကား မဆုံးမီ သူမှီ၍ရပ်နေသော ဒိုင်းကြီးသည် ကျောက်ခဲများပေါ်သို့ ကျသွားလေ၏။ ဟာစ်ပီးယပ်သည် ဒိုင်းကိုင်၍ ကောက်ယူလိုက်စဉ်. . .ဗလေရီယာ၏ မျက်နှာကို ကျောက်တုံးများကြားထဲတွင် တွေ့မြင်ရလေ၏။ ထိုအခါမှ သတ္တိနှင့် ဓားကိုသာ အားကိုးပြီးလျှင် စည်းကမ်းဟူ၍ မရှိလှသော ဟာစ်ပီးယပ်သည် ဗလေရီယာ၏ ရှေးဖြစ်ဟောင်းများကို ပြန်ပြောင်းအောက်မေ့မိ၏။

တွေးရမှန်း ဆွေးရမှန်း၊ လွမ်းရမှန်းမသိသော အသတ်အပုတ်သမား လူကြမ်းကြီးတစ်ယောက်ပင် ဖြစ်လင့်ကစား ဟာစ်ပီးယပ်သည် ဗလေရီယာ၏ အလောင်းပေါ် ငုံ့ကာ ပူနွေးလျက်ပင်ရှိသေးသော ဗလေရီယာ၏ နဖူးပြင်ထက် လေးကို သူ၏နှုတ်ခမ်းများဖြင့် နမ်းရှုပ်လိုက်မိ၏။

ထိုနောက် 'ဟာစ်ပီးယပ်'သည် ဗလေရီယာ၏ အညိုရောင်ပွင့်လျက် ရှိသော သွေးများဖြင့် စွန်းပေနေသည့် ဆံခွေကလေးတစ်ခွေကို သူ၏ဓားဖြင့် ဖြည်းညင်းစွာ ဖြတ်ယူလိုက်ပြီးလျှင် သူ၏ကိုယ်ကျပ်အင်္ကျီတို ရှေ့မှသွင်းပြီး နောက် သူ့အသည်းနှင့်နီးကပ်စွာ ထည့်၍ထားလိုက်၏။

ဟာစ်ပီးယပ်သည် အက်စကာအား နှုတ်ဆက်ခဲ့ပြီးနောက် ထူထပ်စွာ တိုက်ခိုက်လျက်ရှိသော စစ်ပွဲအလယ်သို့ ဝင်၍သွားလေ၏။ ထိုအခါ၌ကား ရဟူဒီများသည် ဘုရားရှိခိုးကျောင်းကို သူတို့အသက်နှင့်လဲကာ နောက်ဆုံး ခုခံလျက်ရှိနေသော အချိန်ဖြစ်လေသည်။ ဤသို့ ဂျေရုဆလမ် ဘုရားရှိခိုး ကျောင်းကို သိမ်းယူမီးရှို့လျက်ရှိသည့် နောက်ဆုံးတိုက်ပွဲ၌ပင် 'ဝလေစီအပ်' နှင့် 'အလီဇာ'တို့ ကျဆုံး၍ ဟာစ်ပီးယပ်သည်လည်း သူတို့သွားသော လမ်းသို့ မကြာမီ လိုက်ရရှာလေသည်။

'ဟာပီးနပ်'သည် တိုက်ပွဲအောင်မြင်၍ ပြန်လာသောအခါ တွင်းမြင့် တစ်နေရာ၌ အက်စကာနှင့် မာရီယမ်နီသည် ဗလေရီယာ၏ အလောင်းအနီး တွင် ငိုယိုလျက်ရှိသည်ကို တွေ့ရလေ၏။ ဟာပီးနပ်မှာ မျက်နှာတစ်ခုလုံးတွင် ခုတ်ရာရှရာများဖြင့် သွေးချင်းချင်းနီလျက်ရှိနေပြီးလျှင်၊ သူ၏ ဒိုင်းသည်လည်း အလားတူရှိပေ၏။


www.burmeseclassic.com

www.burmeseclassic.com


'လူရိုးကြီးဟာပီးနပ်'၏ မေတ္တာကား အက်စကာအပေါ်တွင် ပျက်ပြယ်ခြင်းမရှိချေ။ ရိုးသားဖြောင့်မှန်သော ချစ်ခြင်းမေတ္တာဆိုသည် လူမျိုးမရွေး၊ နေရာမရွေး၊ အခါမရွေး ချစ်ခင်တတ်လေသည်။

"ကိုင်း . . . အက်စကာ အခုမှဖြင့်အားမငယ်နဲ့တော့။ ကျွန်ုပ်တို့ရဲ့ ကိုယ်ပျောက်စစ်တပ်ကို အုပ်ချုပ်နေတဲ့ ဗိုလ်ချုပ်ဟာ တခြားသူမဟုတ်ဘူး၊ သင့်အပေါ်မှာ အင်မတန်ကြင်နာစိတ်ရှိတဲ့ သင်ရဲ့ ပထမသခင် လီစီးနီးယပ်ပဲ။ သူ့ဆီကို ကျွန်ုပ်သွားမယ်. . .ကျွန်ုပ်နောက်ကိုသာ လိုက်ခဲ့ပါလော့"

"ကောင်းပါပြီ. . .မိတ်ဆွေရဲ့ သဘောအတိုင်းပဲ. . ."

သို့နှင့် အက်စကာသည် 'ဟာပီးနပ်'နောက်မှ လိုက်ပါသွားရလေရာ၊ ရဟူဒီမကလေး မာရီယမ်နီသည်လည်း မိမိချစ်သူအက်စကာ၏ ခါးကိုဖက်ကာ ပြုံးရွှင်စွာ လိုက်ပါသွားလေတော့သတည်း။ ။

ဒဂုန်ရွှေမျှား

www.burmeseclassic.com